www.burmeseclassic.com



www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

# ဆူးရစ်ပင်လယ်ပန်းပင်လယ်

## ကြယ်စင်မှူးဝေ


စာမူခွင့်ပြုချက်အမှတ် - [ ၅၀၀၁၄၉၀၆၀၁ ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၀၂၄၆၀၆၀၂ ]

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၆ ခုနှစ်။

ထုတ်ဝေသူ

ဦးချစ်ညွန့်

ဇင်ရတနာစာပေ

၂၀၅/က၊ (၄)လမ်း၊ အင်းစိန်။

အတွင်းပုံနှိပ်သူ

ဦးမောင်မောင်လွင် (ကဝိရတနာပုံနှိပ်တိုက်)

၂၀၄၊ လမ်း (၃၀)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ

ဦးမြင့်ဝေ (ကံသာပုံနှိပ်တိုက်)

၁၉၂၊ ၃၁ လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး

ရွှေစကားစာပေ

B-48၊ ပိတောက်ဝါ (၄)လမ်း၊ FMI City


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမှာ

ဘက်ကရောင်းမရှိဘူး...

နိုင်လူကြီးကိုယ်တိုင်

ပြိုင်ကွင်းထဲ ဝင်ရောက်ပြိုင်ဆိုင်တဲ့ပွဲ...

နှလုံးသားများ စူးရှလဲပြိုနေ...



# အပိုင်း(၁)

## အခန်း( ၁ )

သို့

ညီမလေး မမေနှင်းဆီ

ညီမလေးလို့ပဲ ခေါ်မယ်နော်။ ကိုယ့်ကိုတော့ ကိုကိုကြီးလို့ မခေါ်ပါနဲ့။ ကိုကိုလို့ခေါ်ရင် တော်ပါပြီ။

"ဟောတော့ ဘယ်လိုကြီးလဲ မနှင်းဆီရေ ရှားရှားပါးပါး ရောက်လာတဲ့ မိတ်ဆက်စာကလေးကလည်း စိတ်ဝင်စားစရာကောင်းလိုက်တာ...ဒီလူစိတ်မှန့်ရဲ့လားမသိ"

"ဟဲ့ ဒီမှာလည်း သူ့ဓာတ်ပုံထွက်ကျလာပါလား။ ဟယ်တော် ယှူချောကြီးတော့ မင်းသားလျှောက်လို့ရတဲ့ရုပ် မနှင်းဆီရေ ရှင်တော့ မွတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ကလည်းလေ ဆက်သာဖတ်စမ်းပါ"

"အမယ်···အမယ် ··ငါတို့ထက်တောင် သူကပိုစိတ်ဝင်စားနေပါလား။ ဒါပေါ့လေ ကာယကံရှင်ကြီးကိုး"

နေ့လည် ထမင်းစားပြီးချိန်အတွင်း စာပို့သမားလာပို့သွားသည့် စာတစ်စောင်အား မေနှင်းဆီတို့ သူငယ်ချင်းတစ်သိုက် စုပြုံခေါင်းချင်းဆိုင်ပြီး ဖတ်ကြည့်နေကြခြင်းဖြစ်သည်။ ဆူညံသော ကျောင်းသားလေးများ၏ အသံဗလံများ သူမတို့နားထဲသို့ မဝင်ရောက်နိုင်အောင်အထိ ထိုစာကလေးက ဆွဲဆောင်အားကောင်းလှပေသည်။ မေနှင်းဆီတို့ စာကို ဆက်ဖတ်ကြပြန်၏။

ဒီလထုတ် မဟေသီ မဂ္ဂဇင်းထဲမှာ ညီမလေးရဲ့ဓာတ်ပုံနဲ့ ညီမလေးကဗျာတွေ့ရပါတယ်။ တကယ်တော့ ကိုယ့်အရွယ်ဟာ မိတ်ဆက်စာလျှောက်ရေးပို့ရမယ့် အရွယ်မဟုတ်ပါဘူး။ ဒီစာနဲ့အတူ ကိုယ့်အတ္ထုပ္ပတ္တိအကျဉ်း၊ ကိုယ်ရေးရာဇဝင်လည်း ပူးတွဲပို့ပေးလိုက်ပါတယ်···

ကိုယ်ဟာ ညီမလေးရဲ့ ပရိသတ်တစ်ယောက်ပါ။ ခေတ်ပေါ်ကဗျာတွေကို စမ်းတဝါးဝါး ဖတ်ရှုခံစား၊ လမ်းမှား···အဲလေ နဝေတိမ်တောင် ဖြစ်နေရာမှ ညီမလေးရဲ့ ကဗျာတွေကျတော့ ကိုယ်ဘွားခနဲ ခံစားလို့ရသွားတယ်။ ကိုယ်နဲ့ညီမလေးဟာ အိုင်ကျူချင်းတူတယ်ထင်တယ်။

အဲဒါနဲ့ပဲ ကိုယ်အပူတပြင်း စုံစမ်းလှုပ်ရှားလိုက်တော့ ညီမလေးရဲ့လိပ်စာ ရသွားတယ်။

"ချစ်ပြုံးနှင်းဆီ" ဆိုတဲ့ကလောင်နာမည်လေးကိုလည်း ကြိုက်တယ်။ မေနှင်းဆီဆိုတဲ့ နာမည်အရင်းကိုလည်း နှစ်သက်တယ်။

"အဟမ်း···အဟွတ်"

သုံးယောက်သား ခေါင်းသုံးလုံးပူးပြီး စာကိုဖတ်နေကြရာမှ သွယ်မျိုးလွင်၏ အရယ်သီးပြီး ချောင်းဆိုးသံက ထွက်ပေါ်လာပြန်သဖြင့် မေနှင်းဆီနှင့် သက်ထက်စိုးက ပြိုင်တူ ဂုံတောင်နှင့် တွတ်ထည့်ပစ်လိုက်ကြသည်။ သုံးယောက်သား စာဆက်ဖတ်နေကြပြန်၏။

ညီမလေး ရေးသားထုတ်ဝေပြီးသွားတဲ့ ဝတ္ထုငါးအုပ်ကိုလည်း ကိုယ်ရှာဖွေဖတ်ရှု ဝယ်ယူစုဆောင်းထားပြီး သွားပါပြီ။

ကိုယ့်စကားတွေလည်း တောင်ရောက်၊ မြောက်ရောက်နဲ့မို့ ညီမလေး စိတ်ရှုပ်သွားမှာလည်း စိုးပါတယ်။

ကိုယ်လေ ချစ်စရာ ထိထိရှရှ ကဗျာလေးတွေကို ရေးဖွဲ့တတ်တဲ့ ညီမလေးကို ခင်ချင်တယ်။ မိတ်ဆွေ ဖြစ်ချင်တယ်။ ကိုယ့်ရဲ့ ညီမလေးတစ်ယောက်လို ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး ရှိချင်တယ်။ ကဗျာဆရာမလေးနဲ့ ခင်မင်ခွင့်သိပ်ပြီး ရချင်ပါတယ်။ အဲဒါ ကိုယ့်ရဲ့ အကြီးမားဆုံးဆန္ဒပဲ။

ညီမလေးဟာ မာနမကြီးဘူးဆိုတာ ကိုယ်သေသေချာချာသိပါတယ်။ ကိုယ့်ရဲ့ ပရိသတ်တစ်ယောက်လည်း လေးစားခင်မင်လိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အရမ်းစိတ်အားထက်သန်နေတာမို့ ညီမလေးလည်း နည်းနည်းဖြစ်ဖြစ် ပြန်လည်ခင်မင်လိမ့်မယ်လို့ မျှော်လင့်နေမိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ညီမလေးအောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်အဖြစ် ရာသက်ပန် ရပ်တည်နိုင်ပါစေ။

လေးစားစွာဖြင့်

မင်းအံ့

ခေတ္တ - ဂျပန်

စာကလေးဆုံးသွားတော့ မေနှင်းဆီတို့ သုံးယောက်သား အတူတူ ရှင် သည့်အကြည့်များဖြင့် ပြုံးစိစိဖြစ်နေမိကြသည်။ ဒါမိတ်ဆက်စာလား၊ ရာဇသံလား၊ ဝေဖန်အကြံပြုစာ မဟုတ်တာတော့ သေချာသည်။ သက်ထက်စိုးက နောက်ထပ်စာရွက်ကလေးတစ်ရွက်ကို ဆွဲယူအော်ဖတ်နေပြန်သည်။

"ကိုယ်ရေးရာဇဝင်ကလည်း ရှယ်ပဲ။ နိုင်ငံခြားသင်္ဘောအရာရှိဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ကြီးပေါ့။ စိတ်ကူးမလွဲနဲ့ နှင်းဆီ။ နှင်အခု လုပ်နေတဲ့ စာရေးဆရာ၊ ကဗျာဆရာအလုပ်က မသေချာဘူး။ ခုဆိုနင့်မှာ အကြွေးတွေ လည်ပင်းနိက်နေတာပဲ။ ဆင်းရဲတွင်းကလွတ်အောင် သင်္ဘောသားသာ ယူပစ်လိုက်ပါဟာ"

သက်ထက်စိုး၏အပြောကြောင့် မေနှင်းဆီ မျက်ကြောရှုံ့ထားမိသည်။ သူ့စကားကို မနှစ်သက်။

"ဟုတ်တယ် မေနှင်းဆီ ကြည့်စမ်း ရုပ်ကလည်း ချောသလားမမေးနဲ့။ အရာရှိဝတ်စုံနဲ့ ဘင်္ဘောဦးမှာ ရပ်နေတဲ့ပုံလေး။ ငါဖြင့်ညကျ





ရင် အိပ်မက်ထဲတောင် ထည့်မက်မိနေမလားဘဲ"

သွယ်မျိုးလွင်က မျက်စိတစ်ဖက်မှိတ်ပြရင်း ပြောတော့ သူမ သည်းမခံနိုင်တော့။

"မိန်းမ ပိုလိုက်တာ အဲဒါ ဘယ်သူ့ပုံတည့်ပေးလိုက်မှန်းမှ မသိတာ။ ရှင်ကြိုက်ရင် ရှင်ယူလိုက်ပါလား"

"အလိုတော် သူကရှင့်လို ကဗျာရူး။ စာရူးကိုမှ လိုချင်တာပါ။ ဘာပဲဖြစ်ဖြစ် သူကကိုယ့်ပရိသတ်မဟုတ်လား ရှင်လေးစားသင့်တယ်"

"အေးလေ ကိုယ်ကနာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက်လို မိတ်ဆက်စာတွေ တစ်ပြုံတစ်ခေါင်းကြီး လာနေတာလည်းမဟုတ်။ အခုမှ ဒီစာနဲ့မှ မိတ်ဆက်စာ ဘယ်နှစ်စောင် ရှိသေးလို့လဲ ဘဝင်မြင့်မနေနဲ့"

"သုံးစောင် ပထမတစ်စောင်က ဗန်းမော်မြို့က ဖူးလှသာဦးရယ်၊ နောက် "သံစစ်"ဆိုတဲ့ ကဗျာဆရာမလေးရယ် အခု သူ ကိုမင်းအံ့ပေါ့ ဘဝင်ကတော့ ဘယ်တုံးက မြင့်ဖူးလို့လဲ"

မေနှင်းဆီက လက်သုံးချောင်းထောင်ရင်း ပြောပြတော့ သက်ထက်စိုးနှင့် သွယ်မျိုးလွင်က လှောင်ပြောင်ရယ်မောလေ၏။

"တကယ့်နိုင်ငံကျော်ကြီးပဲနော် ကဗျာရေးသက်၊ စာရေးသက် (၅)နှစ်မှာမှ မိတ်ဆက်စာက သုံးစောင်ထဲ"

သွယ်မျိုးလွင်၏စကားကို မေနှင်းဆီ မခံမရပ်နိုင်ဖြစ်မိသည်။

"အမယ် တို့က လိပ်စာပေးမထားလို့ပါနော်။ လိပ်စာက လ



www.burmeseclassic.com

www.burmeseclassic.com



ထားသလိုဖြစ်နေတော့ ရေးချင်တဲ့သူတွေ မရေးရတာ ဖြစ်ပါလိမ့်မယ်"

"ထားပါတော့ . . ထားပါတော့ ငါတို့အရှုံးပေးပါတယ်။ ဒါပေမယ့် ဒီတစ်ယောက်ကိစ္စကိုတော့ ရှင်သေသေချာချာ စဉ်းစားသင့်တယ်။ သူ့ရဲ့ ခင်မင်မှုကို လေးစားသင့်တယ်။ ဘာပဲဖြစ်ဖြစ် မိတ်ဆွေဆိုတာ ရှိကောင်းတာပါပဲ။ နောက် ရှင်ကနံနံအအဆိုတော့ အကူအညီရတာပေါ့။ ဥပမာ ရန်ကုန်သွားတဲ့အခါ ဘာညာ"

"တော်စမ်းပါ မသွယ်ရယ် ငါစိတ်မဝင်စားပါဘူး။ ငါက မအူမလည် နံနံအအနဲ့မို့ လောကကြီးထဲက ဘယ်သူတစ်မိမ်းယောကျ်ားကိုမှ မခင်ချင်ဘူး။ အခု ကိုမင်းအံ့ဆိုတဲ့ သူကိုပိုတောင် ကြောက်သေးတယ်။ ဘယ်လောက် အဆိပ်ပြင်းလိုက်မလဲ။ ရုပ်ကလည်းချော၊ ရာထူးကလည်းရှိ မခင်ချင်ပါဘူး။ ဟာ ယောကျ်ားဆိုရင် ငါ့ခဲအုံတွေနဲ့တင် နောင်ကြဉ် လှုပါပြီ"

"ဒါတော့ ရှင်အစွန်းရောက်တာပဲ ယောကျ်ားတိုင်းတော့ ဘယ်လူဆိုးဟုတ်နိုင်မလဲ။ အခု ငါတို့တိုက်တွန်းနေတာလည်း ယောကျ်ားယူဖို့၊ အိမ်ထောင်ပြုဖို့ နားချနေတာမဟုတ်ဘူးနော်။ ခင်ရုံလေးပြန်ခင်ဖို့၊ ကိုယ့်ပရိသတ်ကို လေးစားဖို့။ ဒါပဲပြောတာပါ"

ထက်ထက်စိုးကပြောတော့ သွယ်မျိုးလွှင်ကလည်း ထောက်ခံ၏။ သူမတို့ထိုင်နေသည့် ဆရာများနား နေခန်းရှိ စားပွဲလေးပေါ်မှ ဂျင်းသုတ်ပန်းကန်လေးခမျာ စားမည့်သူမရှိ ဖြစ်နေရလေသည်။ မေနှင်းဆီ သက်ပြင်းချရင်း ခေါင်းကိုဖြည်းညင်းစွာ ခါရမ်းပြမိသည်။





"ဘာပဲဖြစ်ဖြစ် ငါတော့ကြောက်တယ်။ တဖြည်းဖြည်း ပြောင်းလဲသွားတတ်တဲ့ လောကကြီးမှာ ဘာကိုမှ အရဲမကိုးတာ အကောင်းဆုံးပါ။ ငါ့ရဲ့ ပန်းတိုင်က ယောကျ်ားလုပ်စာထိုင်စားဖို့၊ ယောကျ်ားကောင်းကောင်း ယူဖို့မဟုတ်ဘူး။ ကိုယ်တိုင် အနုပညာမှာ မွေ့လျော်ရင်း ဘဝကိုရင်ဆိုင်ဖြတ်သန်းချင်တယ်။ ကောင်းကင်က ကြယ်ပွင့်သေးသေးလေးတွေလိုပေါ့ဟာ . . . လမိုက်တဲ့ညတွေမှာ တစ်မိုးလုံးပြည့်နေတဲ့ ကြယ်လေးတွေကို ရှင်တို့တွေဖူးတယ်မဟုတ်လား။ မထူးဆန်းပါဘူး။ ဒါပေမယ့် အများထဲက တစ်ယောက်ပင်ဖြစ်စေ အများကြီးထဲက ကြယ်လေးတစ်ပွင့် ဖြစ်ရစေ လောကကြီးထဲမှာ မှုန်မှုန်လေး လင်းလက်ချင်တယ်"

မေနှင်းဆီ၏ စိတ်ကူးကို ကြားရသောအခါ သူမ၏ သူငယ်ချင်းနှစ်ယောက်မှာ သက်ပြင်းပြိုင်တူ ချရလေ၏။ သို့သော် သူတို့ ဇွဲမလျှော့။

"ငါတို့ သူ့ကိုသနားတယ်ဟာ သူ့ခမျာ ရှင့်ဆီကစာကို မျှော်နေမှာပဲ။ ရိုးရိုးလေး ပြန်စာရေးလိုက်မယ်နော် ရှင်မရေးရင်နေ ငါသနာအရ နည်းနည်းတော့ ချဲ့လိုက်မယ်"

"ဟာ . . . မသွယ် . . . မလုပ်နဲ့ . . . မလုပ်နဲ့"

"လုပ်မယ် . . . လုပ်မယ် . . . လာ မထက် . . . ငါတို့နှစ်ယောက် သူ့ကွယ်ရာမှာ ပြန်စာသွားဘယ်။ ဦးမယ်"

ကိုမင်းအံ့ထံမှ စာကိုတစ်လျှက် သက်ထက်စိုးနှင့် သွယ်မျိုးလွှင်တို့ ကိုယ်အခန်းကိုယ် ပြန်ပြေးကြတော့ မေနှင်းဆီ လှမ်းအော်ရပြန်သည်။

"ဟေ့ ရှင်တို့နော် အိတ်မပိတ်ခင် ကာယကံရှင်ကိုတော့ပြကြည်း"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ . . . စိတ်ချ ဒါတော့ဖြစ်ရစေမယ်"

မကြာခင် ကျောင်းအုပ်ဆရာကြီး ရုံးခန်းမှခေါင်းလောင်းသံ ကြားလိုက်ရသဖြင့် သူမတို့အချိန်ဇယားအတိုင်း အတန်းဝင်ကြရလေသည်။





ကိုမင်းအံ့ . . .

ရေးလိုက်တဲ့စာကိုရပါတယ်။

ကျွန်မလို မထင်မရှားကဗျာ၊ ဝတ္ထုရေးသူတစ်ယောက်ထံ ခမ်းခမ်းနားနားတွေ ရေးလိုက်တော့ ကျွန်မကို လှောင်သလားလို့တောင် ခံစားရပါတယ်။

တကယ်ပါ ကျွန်မထံ အခုထိ မိတ်ဆက်/ဝေဖန်အကြံပြုစာ ဆိုလို့ သုံးစောင်ပဲရရှိဖူးပါတယ်။

ကျွန်မကို ခင်မင်ချင်တယ် ဆိုတဲ့အတွက် ကျွန်မလည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ "မိတ်ဆွေ"ဆိုတာကမ္ဘာပေါ်မှာ ကျက်သရေအရှိဆုံး စကားလုံးလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ ဘော်မဝင်တဲ့ကဗျာ၊ စာတွေကို ဖတ်ရှုတယ်ဆိုတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

ကျန်းမာပါစေ

မေနှင်းဆီ (ချစ်ပြုံးနှင်းဆီ)

ပြန်စာလေးမှာ လက်မှတ်ထိုးရင်း မေနှင်းဆီ သက်ပြင်းချမိသဖြင့် သူငယ်ချင်းနှစ်ယောက် ရေးသားစီကုံးထားသည့်စာက ယခုပင်ချစ်သူများ ဖြစ်ကြတော့မည်ထိ ရင်းနှီးကျွမ်းဝင် ထားသဖြင့် ပယ်ဖျက်ပြီး သူမကိုယ်တိုင် ပြန်စာရေးနေရခြင်း ဖြစ်သည်။ သူငယ်ချင်းများ၏ ဆန္ဒအရပေါ့။

ပြန်စာကလေးကို မမြင်သောမျက်လုံးများဖြင့် ငေးကြည့်ရင်း သူမရင်မှာနာကျင်နေမိပြန်၏။

လောကကြီးရဲ့ ဇာတ်လမ်း၊ ဇာတ်ထုတ်တွေဟာ အပျော်ဖတ်ဝတ္ထုတစ်ပုဒ်လို အခက်ကြည့်ရုံနဲ့ အဆုံးတိသိဖို့မလွယ်ပါ။

ကိုယ်ထိုင်နေရာ စားပွဲအိုလေးမှ အိမ်ကလေးထဲသို့ သူမလှမ်းကြည့်လိုက်တော့ ဇာတ်ရုံထဲမှ ခြင်ထောင်လေးတွေနှယ် ခြင်ထောင်လေးများက အိမ်ပေါ်မှာ စီရရီ။ အဖေနှင့်အမေက ခြင်ထောင်တစ်လုံး၊ မမအကြီးနှင့် သမီးသုံးယောက်က ခြင်ထောင်တစ်လုံး၊ မမအငယ်နှင့် ကလေးနှစ်ယောက်က ခြင်ထောင်တစ်လုံး၊ မောင်လေးနှင့်မေနှင်းဆီက ခြင်ထောင်တစ်လုံးစီ။ အိမ်ပေါ်မှာ အားလုံးခြင်ထောင် ငါးလုံးပေါ့။ ဖွဲ့ထားသည့်





အခန်းလေးတွေမှာ စတိုခန်းလို အဝတ်သေတ္တာများ၊ အိမ်ထောင်ပစ္စည်းများထားရှိပြီး အခန်းပြင်မှာသာ စုပြုံတိုးဝှေ့အိပ်ကြသဖြင့် သူမတို့အိမ်ကလေးမှာ ရှုတ်ရှုတ်ခတ်အောင် ပြည့်ကျပ်လျှက်။

အိမ်မှာ စုစုပေါင်း လူဆယ့်တစ်ယောက်ပေါ့။

ငါဟာ တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမတစ်ယောက် အိမ်သားတွေရဲ့ ငိုညည်းသံတွေကို ကျောခိုင်းပြီး ငါလုပ်ချင်ရာကို ဇွတ်လုပ်ခဲ့တယ်...

ငွေတစ်သိန်းခွဲဆိုတာ ရှိတဲ့သူအတွက် မုန့်ဖိုးမျှသာ ဖြစ်ပေမယ့် တောကျောင်းဆရာမတစ်ယောက် ဖြစ်တဲ့ငါ့အတွက်တော့ ဝန်လေးလှတယ်...

ပေါင်နှံချေးငှားပြီး ပေးလိုက်ရတဲ့ ဒီပိုက်ဆံက အတိုးတွေ တလူလူ အညွှန့်တက်လို့...

အိုလေ မတွေးတာပဲ ကောင်းပါတယ်...

မနက်ကျရင် ငါတို့ဘာနဲ့ ထမင်းချိုင့် ထည့်ရမလဲ။ အိမ်မှာ ငါးပိရည်နဲ့ ထမင်းစားလို့ ဖြစ်ပေမယ့် ကျောင်းမှာကျတော့ လူမြင်ကောင်းအောင် ထည့်ရမှာပေါ့။

မနေ့ကဝယ်လာခဲ့တဲ့ ဘဲဥလေးတစ်လုံးနဲ့ ခရမ်းချဉ်သီး၊ ကြက်သွန်ဆီသတ်ပြီး ဘဲဥငံပြာရည်ချက် ချက်မယ်...အင်း...ကလေးတွေကစပ်လို့စားနိုင်ပါ့မလား။ ဘဲဥတစ်လုံးနဲ့ ရသေ့ရှစ်သောင်းလောင်းလို့ စားလို့ရအောင်ဆိုလျှင်ဖြင့် ငံပြာရည်ချက်မှတစ်ပါး အခြားမမြင်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲမှာထိုင်ပြီး မေနှင်းဆီ စာမရေးနိုင်ခဲ့တာ ကြာပြီကော။

အနုပညာသည်တစ်ယောက်ဟာ ရင်ထဲမှ နှလုံးသားက အဓိကလား။ ဝမ်းဗိုက်က အဓိကလား။ ဝမ်းဗိုက်မပြည့်တော့ စာမရေးနိုင်ဘူးပေါ့။

သူရော ဘယ်လိုနေမလဲ။

တစ်ခါ မိတ်ဆက်စာလေးများ အပြန်အလှန်ရေးရင်း ခင်မင်တွယ်တာခဲ့မိသည့် ချစ်သူထံ မေနှင်းဆီ စိတ်ရောက်သွားမိပြန်သည်။

ထုတ်ဝေပြီးသွားခဲ့သည့် စာအုပ်လေးငါးအုပ်ကို စားပွဲအိုလေးပေါ်မှာ တန်းစီဖြန့်ချထားခဲ့သည်မို့ သူမရေးသားခဲ့သည့် စာအုပ်လေးများက မျက်နှာဖုံးရောင်စုံဖြင့် မေနှင်းဆီကို ပြုံးရယ်ပြနေသယောင်။

အငိုလွယ်ရင် အရှိုက်ခက်သတဲ့။

ငွေကြောင့်စာရေး၊ ကဗျာရေးတာ မဟုတ်ခဲ့ပေမယ့် သူမဟာ ဝမရှိဘဲ ဝိလုပ်ခဲ့မိကာယ် . . .

ဘေကျောင်းဆရာမတစ်ယောက်ဟာ စာရေးသူမဖြစ်ထိုက်ဘူး ထင်ပါရဲ့ . . . သူမဆင်းရဲခြင်းဒဏ်ကို မခံနိုင်တော့ဘူးလား။ နေစမ်းပါဦး . . . မေနှင်းဆီက ဗန်ဂိုးတို့ ဂေါဂင်တို့လို ဆင်းရဲမွဲတေ၊ ဝေ်ဖူး ပြတ်ဖူးခဲ့လို့လား။ ဟင့်အင်း သူမဟာ ထမင်းနဲ့ငါးပိရည်တော့ အနည်းဆုံး စားနေရတာပါပဲ။ မြန်မာပြည်ရဲ့ အောက်ဆုံးလူနေမှုအဆင့်ပေါ့။

ဝတ္ထုစာအုပ်လေးများကို သူမတန်းစီပူးထောင်မိပြန်သည်။





ဒါဟာပဲ ငါ့ရဲ့ရင်နှစ်သည်းချာလေးတွေပေါ့။ ဒါ . . . ငါမက်ခဲ့တဲ့ အိမ်မက်တစ်ချို့မဟုတ်လား။

စာအုပ်အနောင့်ကလေးတွေမှာ တန်းစီနေသည့် စာပေတိုက်တံဆိပ်ကလေးများကို မေနှင်းဆီ ငေးကြည့်မိသည်။ နီနီရဲရဲတံဆိပ်ကလေးများ။ နေလုံးကြီးနဲ့ ပန်းပင်လယ်ကြီး။ "ပန်းပင်လယ်"ဆိုသည့် စာပေတိုက်ဟာ ချစ်သူပိုင်ဆိုင်တာပေါ့။ သူရော ဆင်းရဲကြပ်တည်းမှုတွေနှင့် ရင်ဆိုင်နေရသလား။ ချစ်သူအဆင်ပြေပါစေလို့ မေနှင်းဆီ ဆုတောင်းမိပါသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

သည်ကနေ့ လစာထုတ်ရက်မို့ မေနှင်းဆီ မြို့ကိုသွားရမည်။ သူမတစ်ယောက်ထဲသာ ရွာခံဆရာမဖြစ်ပြီး ကျန်သူငယ်ချင်းများက မြို့မှကျောင်းလာတက်ကြခြင်း ဖြစ်သည်။ တောရွာလေလေ့ထုံးစံအတိုင်း လစာထုတ်ရက်များမှာ ကျောင်းပိတ်ထားစမြဲ။ လစာကနေ့လည် (၁)နာရီ၊ (၂)နာရီလောက်မှ ထုတ်ပေမယ့် မေနှင်းဆီအမြဲ စောစောသွားမိသည်။

စာတိုက်ကိုသွားရမည်။ ချစ်သူထံမှ စာကလေးတစ်စောင်လောက်တော့ စာတိုက်မှာရှိကိုရှိရမည်။ နောက် ရေးသားပေးပို့ထားသည့်စာ၊ ကဗျာလေးများ ပါဝင်သည့် မင်္ဂလာစာအုပ်လေး တစ်အုပ်တစ်လေဒါပဲမဟုတ်လား သူမဘဝမှာ ပျော်ရွှင်မှုဆိုလို့ ဒါပဲမဟုတ်လား။ ကိုယ့်ကဗျာလေးတွေပါသည့် မင်္ဂလာစာအုပ်လေးများကို တွေ့ရလျှင် ပျော်





သည်။ ကိုယ့်ဝတ္ထုတိုလေးတွေပါသည့် မင်္ဂလာစာအုပ်လေးများကို တွေ့ရလျှင် ပျော်သည်။

စာတိုက်ဟာ မေနှင်းဆီရဲ့ ပိန်းပိတ်မည်းမှောင်နေတဲ့ ကန္တာရကိုအလင်းပေး ထွန်းညှိတတ်တဲ့ မီးပြတိုက်ကလေးပါပဲ။ လစာထုတ်ရက်များကို သူမမျှော်လင့်တတ်တာ စာတိုက်ကို မပျက်မကွက်ဝင်ဖို့နှင့် စောင့်ကြို့နေတတ်သည့် မင်္ဂလာစာအုပ်လေးများကို မြင်တွေ့ဖို့ဖြစ်သည်။ အင်း ချစ်သူစာကတော့ သိပ်မသေချာပါ။ သူက သူမထံ တစ်လတစ်ကြိမ်ပင် စာမှန်မှန် ထည့်တတ်သည်မဟုတ်။

သနပ်ခါးလိမ်းဖို့ ကျောက်ပြင်ရှေ့မှာ ခေတ္တထိုင်နေခိုက်မို့ နာကျင်ကြေကွဲနေသည့် ငိုလုလုရုပ်တစ်ခုကို မေနှင်းဆီ ထိတ်လန့်စွာ တွေ့နေရသည်။

မျက်ခုံး၊ မျက်လုံး ခပ်ထင်းထင်းနှင့် နှုတ်ခမ်းထူထူလေး တစ်စုံ။ ဒါပါပဲ။ မေနှင်းဆီ···ချစ်ပြုံးနှင်းဆီဆိုတာ ရုပ်ရှင်မင်းသမီးတစ်ယောက်လို၊ မယ်စကြာဝဠာတစ်ယောက်လို ပြိုင်စံရှားအောင် ချောမောမနေခဲ့။ ရွက်ကြမ်းရေကျိုသာသာ။ သင့်တင့်လျှောက်ပတ်သော ကိုယ်လုံးပြည့်ပြည့်လေးနှင့် အဆင်ပြေရုံသာသာ ရုပ်ပိုင်ရှင်။ သူငယ်ချင်းများကတော့ ပြောပါရဲ့။

"နင်ကလှပါတယ်။ မပြင်မဆင်ဘဲ အရှိန်းအတိုင်းနေလို့"တဲ့ ဘာလုပ်မလဲကွယ်။ အသက် (၂၄)နှစ်အရွယ် မေနှင်းဆီဟာ ဘာကြောင့်များအဆမတန် ကြေကွဲနေမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူမအရွယ်ဟာ ပန်းတိုင်ကိုမျှော်လင့်ပြီး မျက်ဝန်းတွေ တဖျပ်ဖျပ်လင်းလက်နေရမှာ မဟုတ်လား။ သို့သော် သူမဘဝက နာကျင်မှုတွေကိုပဲ ပေးခဲ့သည်။

ချစ်သူစိမ်းကားလို့ ဘဝပျက်၊ ဘဝကိုအရှုံးပေးသွားတတ်ကြသည့် ခပ်ညံ့ညံ့မိန်းမငယ်လေးများထဲမှာ မေနှင်းဆီ ဘယ်တော့မှ မပါဝင်စေရ။ အဲလို ကြီးကြီးကျယ်ကျယ်တွေ ဆုံးဖြတ်ချက် ချပေမယ့် သူ့ရဲ့ စိမ်းကားပြတ်တောက်မှုဟာ သူမအပေါ် မုန်တိုင်းအဖျားခတ်သလို ဒဏ်သင့်နေရစမြဲ။

ပရိမီနှာ ခပ်ပါးပါး အောက်ခံလိမ်းပြီး၊ သနပ်ခါးရေကြဲပွတ်လိုက်ပြီးသည့်အခါ မေနှင်းဆီ၏ ပြင်ဆင်ခြယ်သမှု ပြီးဆုံးသွားခဲ့သည်။ အရာအားလုံးသည် အရိုင်းအတိုင်း။ တင်ပါးအထိ ရှည်သည့်ဆံနွယ်များကိုတော့ ခပ်မြင့်မြင့် စီးနှောင်ထားခဲ့သည်။ နောက်ထုံးစံအတိုင်း လုံချည်နက်ပြာနှင့် ဂျင်းလက်တိုအပြာ။ သတ်မှတ်ထားသည့် ယူနီဖောင်းမဟုတ်ပေမယ့် မေနှင်းဆီမှာ ဝတ်စုံများများမရှိ။ အားလုံးပေါင်းမှ သုံးစုံ။

ပါတိတ်ပန်းရောင်နှင့် ပါတိတ်အဝါ ဝတ်စုံလေးများက ခရီးသွားမှ၊ အလှူမင်္ဂလာဆောင်ကျမှ ဝတ်သည်။ သူမနှင့်တော့ လိုက်ဖက်သည် ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ဒီခေတ်ကြီးထဲမှာ သူမရဲ့ဝတ်စုံများဟာ ဘိုးတော်ဘုရားလက်ထက်က ဒီဇိုင်းတွေပေါ့။ ကိုယ်လုံးပေါ် နှုတ်ခမ်းနီမလေးများရဲ့အလယ်မှာ သူမဟာသက်မဲ့ ကျောက်ဆစ်ရုပ်တစ်ရုပ်ဟု မေနှင်းဆီထင်မိသည်။





ချစ်သူ ဝိညာဉ်နှုတ်ထားလို့ အသက်မဲ့သွားရတဲ့ ကောင်မလေးတစ်ယောက်ဟာ မေနှင်းဆီတဲ့လား . . .

ကြေကွဲဆွေးရှသည့် နလုံးသားတစ်စုံနှင့်ပင် ကြေကွဲဆွေးရှသည့်ကဗျာလေးများ၊ ဝတ္ထုများကို သူမရေးဖွဲ့နေမိပြန်သည်။

သူမဟာ တတောက်တောက် ယိုစီးကွဲအက်နေတဲ့ ကိုယ့်နလုံးသွေးနှင့် စာ၊ကဗျာများကို ရေးဖွဲ့နေသူပင်။

သူမ မိုက်မဲတာပေါ့နော်။

သို့သော် ဒါဟာပဲ သူမရဲ့ဘဝဖြစ်သည်။

ဇီဝစိုး ငှက်ကလေးများကို ကိုယ့်ရင်မှာ နလုံးသွေးများနဲ့ ကိုယ့်အသိုက်၊ ကိုယ့်ဘဝကို သူမတည်ဆောက်နေမိခဲ့သည်။ ဒါဟာပဲ သူမရွေးချယ်ခဲ့သည့် ဘဝဖြစ်သည်။ သူမမက်ခဲ့သည့် အိမ်မက်ဖြစ်သည်။

"သမီးရေ မြို့ထဲသွားရင် အဖေ့အတွက် "ထွန်းရွှေဝါ" တစ်ဘူးလောက်ဝယ်ခဲ့ပါ"

ခြံကလေးထဲမှာ ချွေးတရွှဲရွှဲဖြင့် သံပုရာပင်များ ရှင်းလင်းနေသည့် အဖေ့ထံမှ အမှာစကား ကြားလိုက်ရသည်။ သည်စဉ်အိမ်ရှေ့ ကံ့ကော်ပင်ရိပ်မှာ စုပြုံကစားနေကြသည့် တူ၊ တူမ ဗုစုခရုလေးများ မေနှင်းဆီထံ ချိတက်ပြေးလွှားလာကြလေသည်။

"အန်တီလေး မီးမီးဖို့ မော်ဒယ်အရုပ်ကလေးလေ မီးမီးမှာတာ သုံးခါရှိပြီနော်။ တစ်ခါမှလည်း ဝယ်မပေးဘူး။ လစာထုတ်ရင် ဝယ်ပေးမယ် ဝယ်ပေးမယ်နဲ့ အလကား အန်တီက မီးကိုပါးစပ်ချစ်ပဲချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



"သားဖို့က သေနတ်ကလေး။ အပေါ်စား ကော်သေနတ်မဟုတ်ဘူးနော်။ ဟိုတစ်နေ့က အန်တီလေးကို နမူနာပြတယ်လေ ငနိုင်တောင် ကျောင်းကိုယူလာဆော့လို့ အန်တီလေးကို လက်ကုတ်ပြလိုက်သေးတယ်လေ"

"အန်တီလေး မုန့်···မုန့် အများကြီးဝယ်ခဲ့"

တူ၊ တူမတွေ၏ ချစ်စရာ မျက်နှာလေးများကို မြင်လိုက်၊ ကြားလိုက်ရတော့ မေနှင်းဆီ လက်ရှိဘဝကို ပြန်လည်သတိရသွားသည်။ ဒါလေးတွေဟာလည်း သူမဘဝကို ကိုင်လှုပ်နေတဲ့ ကြိုးကလေးများဖြစ်သည်။ ကလေးများက သူ့ထက်ငါဦး ဝိုင်းဖက်၊ ကိုင်လှုပ်နေကြသဖြင့် သူမ အော်ထုတ်ရပြန်သည်။

"နေကြစမ်းပါဦး···ဖယ်ကြစမ်းပါဦး ဒီမှာအန်တီလေး အလုပြင်ထားတာတွေ ပျက်ကုန်ပြီ"

"ဘယ်မှာ အလှပြင်ထားလို့လဲ အန်တီလေး ကြည့်လိုက်ရင် တစ်ခါလာလည်း ဒီပုံ၊ ဒီပုံပဲ"

"အေးလေ ကိုယ်ကျပ်အင်္ကျီလေး၊ လုံချည်စကတ်လေး ဘာလေး ဝတ်ပါတဲ့လား။ သားသူငယ်ချင်းတွေကတောင် ပြောတယ် မင်းအန်တီက မိုက်ချင်ရဲ့နဲ့ မမိုက်ဘူးဖြစ်နေတယ်တဲ့ ပြင်လိုက်ရင်လှမယ်တဲ့"

"ကဲ···ကဲ တော်ကြစမ်းပါ အလှပြင်ပစ္စည်းတွေဝယ်ဖို့ နေနေသာသာ ထမင်းနဲ့ငါးပိရည်စားဖို့တောင် ဒီမှာမနည်းရုန်းကန်နေရတာ"

"ဒါဆို မီးမီးမှာတဲ့ မော်ဒန်ရုပ်ကလေး ဝယ်မပေးဘူးပေါ့ အလကား အန်တီလေးက ကပ်စေးကိုနဲ့တယ်။ စာအုပ်တွေပေါက်ရင် ဝယ်ပေးမယ်ဆိုပြီး ဝယ်လည်းမပေးဘူး"

"ဟဲ့ မီးမီးရဲ့ အန်တီလေးစာအုပ်တွေက ပေါက်မှမပေါက်သေးတာထွက်ရုံထွက်သေးတာ၊ နှင့်အဘိုးအဖေကလည်း စာမူခပေးဖို့ နေနေသာသာ အန်တီလေးကတောင် နောက်ထပ်မပေးရရင် ကံကောင်း"

မေနှင်းဆီ စကားကြောင့် ကလေးများရှုံ့မဲ့နေကြစဉ် မီးဖိုးထဲမှ မမလေးထွက်လာပြီး မာန်မဲလိုက်သည်။

"ကလေးတွေ သိပ်ရှုပ်တာပဲ သွား···သွား···သွားကစားကြ မဟုတ်ရင် ငါစပါးလုံးကောက်နိုင်းမှာနော်။ ဘယ့်နှယ်လဲ ဆန်ရွေးကြမလား"

ကလေးများ အားလုံးအိမ်ပေါ်မှ ပြေးဆင်းသွားကြသဖြင့် မေနှင်းဆီပြုံးနေမိပါ၏။ မမလေးက သူမဖက်သို့လှည့်သည်။

"ညီမလေး ငါ့လက်စွပ်က ခြောက်လပြည့်တော့မယ် မရွေးနိုင်တောင် အတိုးလေးတော့ လဲထားမှနဲ့တူတယ် ငါကိုလင်မယားလည်း ဒီလက်စွပ်ကိစ္စနဲ့ တကျက်ကျက်ပဲ ငါလည်းပြောရတာ အားနာပါတယ် ဟာ ငါကကိုယ့်မှာ အလုပ်မရှိဘဲ လင်လုပ်စာစားနေရသူဆိုတော့ ကိုယ့်ညီမလေးကို ဒါလေးလောက်တောင် မပံ့ပိုးနိုင်တာလည်း ဘဝကယ်ဝမ်းနည်းမိတယ်"

ပြောရင်းငိုသံပါလာသည်မို့ မေနှင်းဆီ မမလေးကို နှစ်သိမ့်ရပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မမလေးရယ် ဝမ်းမနည်းပါနဲ့ ညီမလေး နားလည်ပါတယ်။ လဲပေးမယ်နော် အဲဒီကိစ္စ ကို ညီမ်ခေါင်းထဲ ထည့်ထားပါတယ်"

ငါ့ညီမ မလဲ ဒုက္ခနော် အိမ်တာဝန်ကတစ်ဖက်၊ စာအုပ်ထုတ်တဲ့ကိစ္စကတစ်ဖက်။ ညီမလေးရဲ့သူက ဘာမှမတတ်နိုင်ဘူးလား အဆင်မပြေသေးဘူးလား။ စာမူခမပေးတောင် အရင်းလေးတော့ ပြန်ပေးသင့်ပါတယ်။ ဒါတောင် နှင့်မှာအတိုးတွေ အများကြီး ကျန်သေးတယ်နော်"

မမလေး၏စကားကြောင့် မေနင်းဆီ သက်ပြင်းတိတ်တခိုး ချမိသည်။ ဒီလတော့ သတင်းထူးလေး ဘာလေးကြားတန်ကောင်းပါရဲ့။

"သူလည်း အဆင်မပြေသေးလို့ နေမှာပေါ့ မမလေးရယ်။ စာအုပ် ထုတ်ဝေရေးအလုပ်ဆိုတာ လွယ်တာမဟုတ်ဘူး။ သူကလည်း စာပေတိုက်အသစ်၊ ညီမလေးကလည်း စာရေးသူအသစ်ဆိုတော့ မနည်းထိုးဖောက်နေရတာ။ ငါးအုပ်ထိရှိပြီဆိုတော့လည်း အခြေအနေတော့ ကောင်းမယ်ထင်ပါတယ် မမရယ်။ သူဟိုလက စာထဲမှာတော့ ငါးအုပ်ပြီးရင်အကျိုးအကြောင်း သိရမယ်ပြောတာပဲ"

"အေးဟယ် ဘာပဲဖြစ်ဖြစ် အရင်းလေး ပြန်ရရင် တော်ပါပြီ။ အမေ့ဆွဲကြိုးလေး ပေါင်ထားရတာလည်း နှစ်ခါလည်တော့မယ်နော် ဒေါ်ခင်စိန်းက သူများဆိုင်တွေလို လအကန့်အသတ်မထားလို့သာ တော်သေးတယ်။ ဒါပေမယ့် တစ်နှစ်တစ်ခါတော့ အတိုးရှင်းထားမှကောင်းမယ် ထင်တယ်"

"အင်းပါ ညီမသိပါတယ် ကဲသွားမယ်"





ထီးလေးကို ဆွဲယူ၊ ဖွင့်ဆောင်းပြီး မေနင်းဆီ အိမ်မှထွက်လိုက်သည်။

မိုးရာသီဆိုတော့ စက်ဘီးယူလို့မကောင်း။ တစ်နိုင်ငံလုံးမှာ လမ်းပန်းဆက်သွယ်ရေးတွေ ချောမွေ့အဆင်ပြေနေသော်လည်း မေနင်းဆီတို့ရွာကလေးနှင့် မြို့ကိုသွားရာလမ်းကတော့ မချောမွေ့သေး။ မြေလမ်းကလေးက တစ်မိုးတွင်းလုံး စက်ဘီးစီးလို့မကောင်း။ ရွှံ့ဗွက်တွေရှိနေစမြဲ။ ကျောက်ခင်းလမ်းကိုရောက်မှ ဆိုက်ကားစီးလျှင်လည်း ဖြစ်သည်။ သို့သော် တစ်လမှတစ်သောင်းပင် ပြည့်အောင်မရသော တောကျောင်းဆရာမလေးဟာ ဆိုက်ကားခ နှစ်ရာ၊ သုံးရာကြီးကို မတတ်နိုင်ပါ။

ကပ်စေးနဲ့တယ် ပြောလည်းပြောပေါ့နော်။ 'ဆိုက်ကားခသုံးရာ အစား တူမလေး၊ တူလေးတွေအတွက် မုန့်ဝယ်သွားလိုက်မှာပေါ့။ မော်ဒယ် အရုပ်ကလေး ဝယ်သွားလိုက်မှာပေါ့။ သေနတ်ကလေး ဝယ်သွားလိုက်မှာပေါ့နော်။

နှစ်မိုင်လောက်ရှည်သည့် ဝေးမည့်ရွာနှင့်မြို့ကိုသွားရာလမ်းမှာ ကဗျာဆရာမလေး မေနင်းဆီတစ်ယောက် လမ်းကိုဖြည်းဆေးစွာ လျှောက်ရင်း ချစ်သူနှင့် စတင်တွေ့ဆုံခဲ့ဖူးသည့် အကြောင်းအရာများကို တရေးရေး ပြန်လည်မြင်ယောင်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း ( ၁ )

သူမဂ္ဂဇင်းတိုက်သို့ စမ်းတဝါးဝါးဖြင့်၊ မေး စမ်းသွားရတာ မေနှင်းဆီ အလွန်စိတ်လှုပ်ရှားနေမိသည်။ ရင်ခုန်တာမဟုတ် တကာယ့်ကို ရင်တုန်လှုပါသည်။

အမေကျန်းမာစဉ်က ကြက်သားအုပ်မကြီးနှယ် သူမသွားလေရာ အရိပ်ပမာ တကောက်ကောက်လိုက်ပါ စောင့်ရှောက်ခဲ့သော်လည်း ယခုတော့ အမေမကျန်းမာသဖြင့် အရာရာမှာ ကိုယ့်အားကိုယ်ကိုးခဲ့ရပါ၏။

သူများတကာတွေ နိုင်ငံရပ်ခြားမှာ ကမ္ဘာလှည့်နေကြသော်ငြား တောသူမလေး မေနှင်းဆီမှာတော့ မြို့တော်မဟာရန်ကုန်သို့ တစ်ယောက်ထဲသွားရသည်ကပင် မဟာစွန့်စားခန်းကြီးတစ်ခုဖြစ်နေသည်။





အမေ တစ်ဝမ်းကွဲရှိရာ ဝေဘာဂီအိမ်မှာသွားတည်းပြီး ယခုမနက် မြို့ထဲသို့ ထွက်ခဲ့ခြင်းဖြစ်သည်။

ကိုယ်က စာအုပ်သမားမို့ စာအုပ်များများထည့်လို့ရသည့် စလင်းဘက် အဖြူခပ်ကြီးကြီးကို ပုခုံးမှာလွယ်ရင်း ပါတိတ်ဝမ်းဆက် အဝါလေးကို ဝတ်ဆင်ထားမိသည်။ သူမ၏ စလင်းဘက်ထဲမှာ သူများ မိန်းကလေးတွေလို မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီဘူး၊ မှန်၊ ဘီးမပါ၊ သူပေးထားခဲ့ဘူးသည့် စာအုပ်လေး တစ်ချို့နှင့် ပိုက်ဆံများထည့်ထားသည့် ဒိုင်ယာရီ စာအုပ်ကလေးပဲပါသည်။ နောက်မပို့ရသေးသည့် ကဗျာလေးများ.

အမေများပေးဆင်လိုက်သည့် ဆွဲကြိုး၊ လက်စွပ်၊ နားကပ်နှင့် လက်ကောက်တို့ကြောင့် သူမ မနေတတ်၊ မထိုင်တတ်ဖြစ်နေရပြန်သည်။ အဖေကတော့ အပြောသား၊ "နင်တို့ညီမ နံနံအအနှင့် ရွှေတွေ အဖြတ်ခံ နေရဦးမယ်···" တဲ့

အစ်မတွေကလည်း အဖေ့ကို ပြန်လှန်ဆင်ခြေတက်ခဲ့သည်၊ အဖေကလည်း ပါးပါးလေးတွေ ဆင်ပေးလိုက်တာများ၊ အဖေ့သမီးကို ဝတ်ပေးထားတာ တစ်ကိုယ်လုံးပေါင်းလို့ တစ်ကျပ်သားပဲရှိတယ်၊ ဒီလောက်မှ ဝတ်မပေးရင်လည်း လူရှိသေ ရှင်ရှိသေဖြစ်မှာ မဟုတ်ဘူး··· ကြည့်စမ်း··· အခု··· အဖေ့သမီး ဝင်းပမသွားဘူးလား"

ပုလနားကပ်လေးနှင့် ပုလဲလက်စွပ်က မေနှင်းဆီနှင့် ဖြူဝင်း လှပနေတာတော့ အမှန်။ ငါးမူးသား ဘတ်ကြိုးသေးသေးလေးကလည်း ပုလဲဆွဲသီးနှင့်မို့ ခန့်ထည်နေသလို··· လက်ကောက်ပြောင်ကွင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကွင်းကလည်း သူမ၏ အသားဖြူဖြူလေးနှင့် ဝင်းပနေပြန်၏။

မြို့ပတ် ရထားပေါ်မှာ ဘူတာစဉ် ပြူးပြဲဖတ်ခဲ့ရပုံကို ပြန်သတိရတော့ မေနှင်းဆီ ပြုံးချင်မိပြန်သည်။ ကိုယ်ဆင်းရမည့် ဘူတာကို တဖွဖွရွတ်ရင်း တောသားမြို့ရောက်ခဲ့ရပုံသည် ရယ်စရာလား၊ ငိုစရာလား။

အကြိတ်တစ်ရာလောက်မေးရင်း၊ စမ်းရင်းနှင့်ပင် မေနှင်းဆီ သူ့မဂ္ဂဇင်းတိုက်သို့ ရောက်သွားခဲ့ပါ၏။ ကဗျာလေးတွေပါ ပါနေသော်ငြား မဂ္ဂဇင်းတိုက်ဆိုတာကို မရောက်ဖူး၊ အယ်ဒီတာဆိုတာကို မမြင်ဖူး၊ မတွေ့ဖူး သေးသဖြင့် နှင်းဆီရင်တွေ တဝုန်းဝုန်း လန့်ခုန်နေမိသည်။

မဂ္ဂဇင်းတိုက်ဆိုတာ ရေမတိုက်ကြီးနှင့် အလုပ်သမားတွေက ပျားအုံတစ်အုံလောက်များပြားနေလိမ့်မည်လို့ သူမထင်ခဲ့တာတော့ မှားသွားခဲ့သည်။ ကျန်သည့် မဂ္ဂဇင်းတိုက်ခန်းတာတွေတော့ စုံအောင် မရောက်ဖူးလို့မသိ။ သူ့ မဂ္ဂဇင်းတိုက်မှာမူ သာမန် အခန်းလေးတစ်ခု မျှသာ။

စားပွဲတွေ၊ ကုလားထိုင်တွေ၊ ကွန်ပျူတာတွေ၊ ပရင်တာတွေ၊ တယ်လီဖုန်းတွေ၊ စာမူ စာခြင်းတွေဖြင့် ပြည့်သိပ်နေသော အခန်းလေးထဲမှာ မေနှင်းဆီသာဆိုလျှင်ဖြင့် အသက်ရှူရ ကျပ်လိုက်မည့်ဖြစ်ခြင်း။

ကိုယ်က ကျေးတောသူပီပီ . . . စိမ်းလန်းသော လယ်ကွင်းအေးမှာ၊ စိမ်းလန်းသော စမ်းချောင်းကလေးနံဘေးမှာ ကြီးပြင်း ခဲ့ရသူမို့ မြို့ပြ၏ အနံ့အသက်များကို မေနှင်းဆီ မွန်းကျပ်လာပါသည်။ နီလိုအိမ်ကလေးတွေကိုလည်း မြင်ရုံနှင့်ပင် သူမရင်မောလာပါ၏။





အထဲမှာတော့ ဘယ်လိုနေမည်မသိ။

စာကလေးများ ဆက်သွယ်ဖူးသော်လည်း လူကိုတစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသေးသဖြင့် မေနှင်းဆီ ကြောက်လန့် စိုးရွံ့ ရင်ခုန် နေမိဆဲ . . . သူမရောက်သွားတာ နေ့လည်ကြီးဖြစ်နေသဖြင့် မဂ္ဂဇင်း တိုက်ထဲမှာ လူတစ်ယောက်မျှမရှိ ဖြစ်နေရပြန်သည်။

အခန်းရှေ့မှာ ဆိုင်းဘုတ် ချိတ်ထားသဖြင့် မှားရန်မရှိသည် လည်း လူမရှိသော အခန်းလေးထဲသို့ မေနှင်းဆီမဝင်ရဲပါ။ အခန်းပေါက်ဝ မှာ ကြောင်အစွာ ရပ်နေမိဆဲ . . . သူမ၏ ရှေ့စာရွက်ထုပ်ကြီးများ နောက်မှ . . . လူတစ်ယောက် လှုပ်ရှားအသက်ဝင်လာခဲ့သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ . . ."

သူမ . . . ခေတ္တကြောင်အသွားမိသည်။ သူ . . . သူဟာ . . သူမနဲ့ စာချင်းရင်းနှီးဆက်သွယ်ခဲ့တဲ့ "သူ" လား . . .

အသားလတ်လတ်၊ မျက်လုံးတောက်တောက်နှင့် ယောကျ်ား ပီသချောမောသော သူ့ရုပ်ရည်က မေနှင်းဆီကို ခေတ္တဆွံ့အ နေစေသည်။

"ဟော့ . . . ပြောလေ . . . ဘယ်သူ့ကို တွေ့ချင်လို့လဲ . . . ဒီတိုက် မဂ္ဂဇင်းနှစ်ခု ကိုင်တယ်။ ဘယ်အယ်ဒီတာကို တွေ့ချင်တာလဲ။ မင်းပုံနဲ့တော့ စာရေးဆရာ၊ ကဗျာဆရာ ဖြစ်ပုံမရဘူး။ စာမူခ လာထုတ်တာလား။ ဘယ်သူက ထုတ်ခိုင်းတာလဲ။ ကိုယ်စားလှယ်လွှဲစာ တော့ ပါရမယ်နော်။ ခေတ်ကြီးက ယုံရတာ မဟုတ်ဘူး။ တစ်ထောင်၊ နှစ်ထောင်နဲ့လည်း လုပ်စားနေကြတာပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝတ်ဆင်ထားသည့် ရှေ့ပါးပါးလေးများကိုမှ အားမနာ၊ သူက ပေါက်ပေါက် ဖောက်သလို ခြစ်ဆန်နေတော့ မေနှင်းဆီ စိတ်ဆိုးလာခဲ့ပါသည်။ ဘယ်ရမလဲ၊ ကိုယ့်မှာလည်း ပါးစပ်နဲ့ပဲနော်။ မေနှင်းဆီမှာ ကြောက်ရွံ့စိတ်တွေ ပျောက်သွားပြီး မိန်းကလေးပီပီ ရန်တွေ့ချင်စိတ် ဝင်လာ၏။

"ရှင့်ပုံကလည်း အယ်ဒီတာပုံမပေါက်ပါဘူးနော်··· လူလစ်တွန်း ဝင်မွှေနေတဲ့ ကြွက်စုတ်ပုံပဲ ပေါက်တယ်။ ကျွန်မ ဘာသာဘယ်သူနဲ့ပဲ တွေ့ချင်တွေ့ချင် ရှင့်အကြောင်း မပါဘူး။ ကျွန်မဘာသာ··· ကျွန်မ တွေ့ချင်တဲ့သူကို စောင့်မယ်။ ရှင့်ကို အရေးလုပ်ပြီး စကားပြောမနေဘူး···"

ကျောက်ဆစ်ရုပ်လေး အသက်ဝင်သွားသလို ပါးလေး တဖောင်းဖောင်းနှင့် ကောင်မလေးအသွင်ကြောင့် တိုသူ့ပုံစံက ပြုံးယောင်သန်းသွား၏။ မေနှင်းဆီ သူ့ကို မျက်စောင်း တစ်ချက်ပစ်ထိုးလိုက်၏။ အလကား··· သူ့ကိုယ်သူ မြို့သားဆိုပြီး ကြီးကျယ်လို့။ တောသားလည်း လူပါပဲနော် အလျှော့မပေးနိုင်ပါဘူး။ နောက်··· မဂ္ဂဇင်းတိုက်ထဲကို လူတွေ ပြန်လာတော့မှ မေးမှာပေါ့။"

"ရုပ်ကတော့ နတ်သီးကောင်း လျှာပါးပဲ။ ဒါပြင့်လည်း အဲဒီ အပြင်က ကုလားထိုင်တွေမှာ တစ်နေ့လုံး ထိုင်စောင့် ကျန်ခဲ့ပေတော့။ တိုက်ထဲတော့ အဝင်မခံနိုင်ဘူး။ ခုခေတ်က သူခိုးသူဓားပြ ထူပါတယ်နဲ့။ ရုပ်ချောချောလေးတွေကလည်း ယုံရတာမဟုတ်ဘူး"

သည်စဉ် တိုက်ထဲသို့ ကောင်မလေးနှစ်ယောက် ဝင်လာခဲ့သည်။





ကိုယ်လုံးပေါ် အဝတ်အစားလေးများဖြင့် ကောင်မလေးများသည် ကုန်တိုက်ရှေ့မှ ဖယောင်းရုပ်ထုလေးများနှယ်။ ဆန်းတော့ မဆန်းပါ။ ဒီ မဟာရန်ကုန်က ကောင်မလေးများသည် အားလုံးနီးပါး ဖယောင်းရုပ်ထု လေးများလိုပဲ မဟုတ်ပါလား။ မေနှင်းဆီတို့ နယ်မှ လူတွေလို အဝတ်အစား ပွပွယောင်းယောင်းတွေ မဝတ်ကြ။

လှတပတ ကောင်မလေးများကို မြင်တော့ သူ့မျက်နှာက ပြုံးသွားလေ၏။ မေနှင်းဆီ မျက်စောင်းတစ်ချက် ထိုးမိပြန်သည်။ "အလကား လူကြီး" ရင်ထဲမှ ရေရွတ်မိခြင်း ဖြစ်သည်။

"အာစရိရေ သွားတော့ရပြီ အာစရိ အလှည့်ရောက်ပြီ"

ထိုသူက ထမင်းဗူး တစ်ခုကို ဆွဲယူရင်း အပြင်ထွက်ဖို့ ဟန်ပြင်၏။ "အေး ငါလည်း ထမင်းဆာလှပြီ။ ၁၂ နာရီကျော်ပြီပဲ နင်တို့ အဲဒီကောင်းမလေးကို ညှော်ခံ၊ မေးစိမ်းထားလိုက်ကြဦး ငါနဲ့တော့ မပြန်ပါဘူး···"

သူ ရေးကြီးသုတ်ပြာဆင်းသွားတော့မှ ကောင်မလေး နှစ်ယောက်က မေနှင်းဆီကို ဖော်ရွေစွာ ပြုံးပြကြသည်။

"အမက ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ စာမူခ ထုတ်မလို့လား ကျွန်မတို့ ဘာလုပ်ပေးရပါ့မလဲရှင်"

"ကျွန်မ အယ်ဒီတာ ဦးမုတ်သုန်နဲ့ တွေ့ချင်လို့ပါရှင်"

"ရှင် ဘယ်သူ"

"ဦးမုတ်သုန်လေ သူမရှိဘူးလား။ ခရီးသွားနေလို့လား"

မေနှင်းဆီ ရင်ပူဟပ်စွာ ပြာပြာသလဲ မေးမြန်းလိုက်တော့ ကောင်မလေးနှစ်ယောက်မှာ တခစ်ခစ်ရယ်မောနေကြ၏။ ပြီးမှ···



www.burmeseclassic.com

www.burmeseclassic.com



"စောစောက အမနဲ့ ရန်ဖြစ်ထွက်သွားတာ ဦးမုတ်သုန်လေ ဟော ဟိုမှာ အဆင်းလှေကားဝမှာ လူတစ်ယောက်နဲ့ ရပ်ပြီး စကားပြေ နေတုန်းပဲ လိုက်··· လိုက်··· မီအောင်လိုက်··· သူက ဒီလိုပဲ ခပ်နှောက်နှောက်ရယ်"

ကောင်မလေးများ ရယ်မောနေကြစဉ် မေနှင်းဆီ နှလုံးသွေးများ ခေတ္တရပ်တံ့သွားလေ၏။

စောစောက ကိုလူချောဟာ မုတ်သုန်တဲ့။ သူမနှင့် စာချင်း ဆက်သွယ်ရင်း ရင်းနှီးခဲ့သူဟာ သူတဲ့၊ မယုံနိုင်စရာ။ သူမက အရုပ်ဆိုးဆိုး မဲမဲသဲသဲကြီးလို့သာ မျှော်လင့်ထားခဲ့တာ ဖြစ်သည်။

ဒီလောက်ချောနေရင် သူ ဘဝင်မြင့်တတ်မှာပေါ့

ဒီလောက်ချောရင် သူဟာ လူပွေကြီးဖြစ်မှာပေါ့။ သို့သော် သူမ ဒီရန်ကုန်ကိုလာတာ သူနဲ့တွေ့ရအောင်ပဲ မဟုတ်ပါလား။ သူ့ဆီမှာ အကူအညီတောင်းရအောင်ပဲ မဟုတ်ပါလား။

သက်ပြင်းကို ထပ်ခါထပ်ခါ ချနေမိစဉ် ကောင်မလေးများက ဆက်လက်အားပေး တိုက်တွန်းပြန်ပါ၏။

"လိုက်သွားလေ အစ်မ သူက သဘောကောင်းပါတယ်။ အမကို ခင်လို့နောက်သွားတာ နေမှာပါ။ သူ့ရာဇဝင်မှာ ဘယ်သူနဲ့မှ ရန်ဖြစ်လေ့ မရှိပါဘူး။ ကျွန်မတို့ လိုက်ပို့ပေးရမလား။ သူက တစ်ခါသွားရင် အကန့်အသတ်မရှိ ကြာတတ်တာ တော်ကြာ အမ အကြာကြီး ထိုင်စောင့် နေရလိမ့်မယ်"

မေနှင်းဆီမနေသာတော့ပါ ကောင်မလေးများဖက်သို့ မချိုပြုံးလေး တစ်ချက် ပြုံးပြခဲ့ပြီး၊ သူ့နောက်သို့ လေးတွဲသော ခြေလှမ်းဖြင့်





လိုက်ရလေတော့၏။ ဒုက္ခပဲ ငါဘယ်လိုလုပ်ရပါ့။ သူတော့ ဘဝင်မြင့် တော့မှာပါပဲ။

လူတစ်ယောက်နှင့် စကားပြောနေရာမှ နှစ်ယောက်အတူ သူတို့ ဆင်းသွားကြပြန်သည်။ မေနှင်းဆီမှာ ရပ်ရှင်ထဲမှ လူသတ်သမားလို သူတို့ နောက်သို့ ခပ်လှမ်းလှမ်းမှ နောက်ယောက်ခံ လိုက်နေရလေ၏။

ဒုက္ခပဲ စောစောစီးစီး အရက်ဆိုင်တွေထဲသာ ဝင်သွားရင်ဖြင့် ငါ့တော့ဒုက္ခပဲ။ ဆက်လိုက်ရအခက်၊ မလိုက်ရအခက်နဲ့။ စောစောက သူတို့ ဆွေးနွေးနေကြတာ အရက်သောက်ဖို့ပဲ ဖြစ်မှာပေါ့။ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာတွေဟာ ကြွက်တွင်းတွေတဲ့။ သူမ ကြားဖူးနားဝ ရှိပါသည်။

အတန်ကြာသွားမိသည်အထိ သူတို့ ဘယ်ဆိုင်ထဲသို့မှ မဝင်ကြ။ ထိုစဉ် နှစ်ယောက်သား လူခွဲသွားကြပြန်သည်။ ပြီးနောက် သူက ထိုသူကို လက်ပြရင်း နေရာမှာပင် ရပ်တံ့နေလေ၏။

လိပ်ကလေးတစ်ကောင်ပမာ တရွေ့ရွေ့ တွားသွားရင်း သူ့အနားသို့ မေနှင်းဆီကပ်သွားသောအခါ သူက ဆတ်ခနဲ လှည့်ကြည့် မိသည်။

"ဘာလဲ ရန်ဖြစ်ရတာ မဝသေးလို့လား"

သူ့အသွင်က ပြုံးပြုံးကြီးနဲ့မို့ မေနှင်းဆီ အားတက်ရသည်။ ပါတောင် သူမ၏ စကားတွေက အဖိတ်ဖိတ် အစင်စင်။

"ကျွန် ကျွန်မက မေနှင်းဆီပါ"

သူက အားရပါးရဖြင့် သူမ၏ ဦးခေါင်းကို ဖျတ်ခနဲ ပိတ်ရိုက် လိုက်ရင်း မေနှင်းဆီ၏ ညာလက်ကလေးကို ဆွဲကိုင်လှုပ်ရမ်း ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်က အားပါးတရ၊

“ထင်သားပဲ မင်းကို သက်သက်စနေတာ လာသွားစို့

ပိုင်စိုးသော သူ့အမူအယာမှာ မှင်သက်မိရင်း မေနင်းဆီ သူ့နောက်သို့ လိုက်ပါသွားမိသည်မှာ မော်ဆရာကြီးနောက်မှ သရဲမလေးသဖွယ်။

ဤအရာသည်ပင် သူ့မဘဝ၏စတင်ကျခုံးခန်း ဖြစ်တော့သည်။





သူ့မဂ္ဂဇင်းတိုက်နှင့်မဝေးလှသည့် စားသောက်ဆိုင်လေးတစ်ခုထဲမှာ သူနှင့်မေနင်းဆီတို့ မျက်နှာချင်းဆိုင်ထိုင်နေမိကြသည်။ သူက မေနင်းဆီကို ကြောင်ကြီးက ကြွက်ကလေးအား ကြည့်နည်းမျိုးဖြင့် တစိမ့်စိမ့်ကြည့်နေသော်ငြား သူမမှာ သူ့ကိုတုံ့ပြိုင်မကြည့်ဝံ့ပါ။ တရှိန်ရှိန်လောင်သော အရှက်များဖြင့် မုန်သုန်၏ရှေ့မှာ မျက်လွှာချနေမိခဲ့သည်။ နှလုံးသားလေးခမျာ ပရမ်းပတာ။ အို…တကယ်တော့ စာအဆက်အသွယ်အရ သူနှင့်သူမဟာ မိတ်ဆွေသူငယ်ချင်းသာသာ။ အရွယ်တော့ မတူဘူးပေါ့လေ။ သူဟာ ကျွန်မထက် ၁၀ နှစ်လောက်ကြီးနေနိုင်တာပေါ့။ သည်အတွက် သူက ပိုမိုရဲတင်းနေတာဖြစ်မည်။

အတန်ကြာသော် သူက စတင်စကားပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားရအောင်။ ကိုယ့်ထမင်းဗူးကို နှစ်ယောက်အတူစားကြမယ်။ ချွေတာရေး လုပ်တာ မဟုတ်ဘူးနော်။ ကိုယ်တို့ နှစ်ယောက် စတင် တွေ့ဆုံခြင်း အထိမ်းအမှတ်အတွက်. . ."

တစ်ယောက်စာ ထမင်းဗူးလေးကို နှစ်ယောက်အတူစားမယ် ဆိုလို့ မေနှင်းဆီ ခေါင်းခါပြမိသည်။ သူ့ဗူးလေးကဖြင့် သေးသေးလေးရယ်။ မြို့ကြီးသားတွေဟာ အစာအိမ်သေးသေးလေးသော။ သူမတို့၏ ထမင်းဘူး ဆိုလျှင် စတီးနှစ်ဆင့်ချိုင့်ဖြစ်သည်။ ထမင်းအပြည့်တစ်ချိုင့်နှင့် ဟင်းနည်း နည်းပေါ့။ နောက်ပြီး သူနှင့်အတူ ထမင်းစားဖို့ နေနေသာသာ သူ့ရှေ့မှာ ထိုင်နေရတာတောင် မေနှင်းဆီ ရှက်ရွံ့လုပြီ ဖြစ်သည်။

"ကျွန် . . . ကျွန်မ မဆာပါဘူးရှင် သုံးဆောင်ပါ . . ."

အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည့် မေနှင်းဆီကို မုတ်သုန်က မျက်ခုံးပင့်ပြီး ပြုံးကြည့်လေ၏။

"စာထဲမှာတော့ ရေးတတ်လိုက်တာ ညွန့်လို့၊ ကွန့်လို့ အခုကျ စကားတောင် မနည်းပြောနေရတယ်။ ဘာလဲ ကိုယ်က မင်းထင် သလောက် မချောလို့လား မင်းက ကိုယ့်ကို ခွေးတို့၊ လူမင်းတို့လောက် ထင်ထားလို့လား . . ."

သူ့စကားကြောင့် သူမ၏ရင်ထဲမှာ ပျက်ရည်သီးသွားခဲ့သည်။ သူက ရယ်စရာ၊ မောစရာအဖြစ် မေနှင်းဆီ ရဲတင်းလာအောင် စနောက်နေတာ ဖြစ်နိုင်သော်ငြား သူမ အနေရကျပ်လာသည်။ တစ်ကမ္ဘာလုံးက ကောင်မလေးတွ ခေတ်မီ၊ ခေတ်ရှေ့ပြေးနေနိုင်သော်လည်း





မေနှင်းဆီ ကြီးပြင်းရသည့် ဘဝဖြစ်စဉ်က ဟိုးရှေးရှေးတုန်းကဆိုသလို ဖြစ်သည် မဟုတ်ပါလော။

မွေးရပ်ဇာတိမြို့ကလေးမှာပဲ ဆယ်တန်းအောင်ခဲ့တယ်။ ထို့နောက် ပုသိမ်ပညာရေး ကောလိပ်မှာ တစ်နှစ်တက်။ တောမှာပဲ မူလတန်းဆရာမလေးလုပ်၊ နောက် အဝေးသင်နှင့်ဘွဲ့ရ၊ အရေးထဲ သူမက ခေတ်ကြီးကို ဆားမှထိုင်ကြည့်ပြီး ကိုယ့်အတွေးနှင့်ကိုယ် ခံစား နေတိုင်တတ်သူလည်းဖြစ်သည်။ သူမ၏ နှလုံးသားက အဲဒီလို။

ခေတ်အကြောင်းကိုတော့ သိတာပေါ့နော် သူမက ကိုယ်တိုင် ဇာတ်စင်ပေါ်တက်ပြီး မကသော်ငြား ဇာတ်စင်အောက်မှ သေသေချာချာ ထိုင်ကြည့်နေသူပဲလေ။

"ထမင်းကတော့ မစားလို့မဖြစ်ဘူး။ ဒါ သမိုင်းပေး တာဝန်ပဲ ဘာလဲ ကိုယ့်ကိုရှုံ့လို့လား။"

သူ ဒီလောက်ပြောနေတော့ ခေါင်းကို တွင်တွင်ခါရင်း မေနှင်းဆီ အားတင်းရပါ၏။

"စား . . . စားပါ့မယ်ရှင် သူ့အရင် စားလေ နောက်ပြီး ဘာမှ ဝယ်မစားရင် ဒီဆိုင်ကို အားနာစရာ"

မေနှင်းဆီ၏ စကားကြောင့် မုတ်သုန်ပြုံးနေပြန်သည်။

"တော်တော် ရိုးတဲ့၊ အားနာတတ်တဲ့ သူငယ်မပဲ ဘာမှ အားနာစရာ မလိုပါဘူးကွယ်၊ ဒါ ကိုယ်တို့ အားပေးနေကျဆိုင်ပါ။ ကဲ စားပြီးနော် ဒီနေ့ ဟင်းကောင်းပါတယ်ကွ အမေက သူ့အမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေလို့ ကြက်သားဟင်းနဲ့ ထည့်ပေးလိုက်တယ်"

စားပွဲသေးသေးလေးမှာ ထမင်းဗူးလေးကို အလယ်မှာထားပြီး ဇွန်းလေးတစ်ချောင်းထဲနှင့် သူတစ်လှည့် ကိုယ်တစ်လှည့် စားကြရသတဲ့။ ဒါ အိပ်မက်လား။ ပုံပြင်လား။ မေနှင်းဆီသည် ပုံပြင်ထဲမှ မိန်းကလေး တစ်ယောက် ဖြစ်သဖြင့် လက်တွေ့ဘဝနှင့် အံချော်လှပါသည်။ တုန်ယင်နေသော လက်များကြောင့် တစ်ခါတော့ ထမင်းစေ့တွေ ဖိတ်စင်သွားခဲ့၏။ ရှက်ရွံ့အားနာစွာ သူ့ကို မော့ကြည့်လိုက်သည့် မေနှင်းဆီ၏ မျက်ဝန်းမှာ မျက်ရည်ရိပ်တွေညှို့မှောင်ပြည့်သိပ်လျှက်၊ မှတ်သုန်ထဲမှ သက်ပြင်း တစ်ချက်ခုန်သံကြားလိုက်ရသည်။

"ကဲ"ကဲ ဒုက္ခတွေများ မနေပါနဲ့တော့ စတီစားလည်း ဆေးဖက် ဝင်သွားပါပြီ။ ကိုယ် လွှက်ရည်နဲ့ မုန့်မှာပေးမယ် ဒီလောက်တော့ ဖြစ်တယ် မဟုတ်လား"

မေနှင်းဆီ ခေါင်းညိတ်ပြမှ သူက ကိုယ့်ထမင်းကိုယ် ကုန်အောင် စား၏။ မကြာမီ သူကိုယ်တိုင် လွှက်ရည်နှင့် မုန့်သွား သယ်ပေးသဖြင့် သူမ သောက်ရပြန်သည်။ မေနှင်းဆီ စားသောက်နေစဉ်သူက စကားစမြည် ပြောလေ၏။

"မင်း ဒီ ရန်ကုန်ကို ဘယ်နှစ်ခေါက်ရောက်ဖူးသလဲ"

"တစ်ခေါက် ငယ်ငယ်တုန်းက ရှစ်နှစ်သမီးတုန်းက"

မေနှင်းဆီ၏ စကားကြောင့် မှတ်သုန် ကိုယ့်နဖူးကိုယ် ရိုက်၏။

"သေလိုက်တော့"





"ရှင်"

"နေပါစေ ကိုယ်ပဲသေပါ့မယ် ကဲ အခုရော အသက်ဘယ် လောက်လဲ . . . "

ကိုယ့် ကိုယ်ရေးရာဇဝင်ကို သူ့ထံပို့ဖူးပါလျှက် အသက်မသိဘူး ဆိုတော့ မေနှင်းဆီ စိတ်မကောင်းဖြစ်မိသည်။ သို့သော် ဒါ သူမ တတ်နိုင်သည့်ကိစ္စမဟုတ်ပါ။

"နှစ်ဆယ့်တစ်"

"ကိုယ့်ထက်ဆယ်နှစ်ငယ်တယ် . . . "

သူပြောသမျှ မေနှင်းဆီ နားထောင်နေမိသည်။ သူမပြော ပေမယ့်လည်း သူ့နာင်တာဖျူးတစ်ခုမှနေပြီး မေနှင်းဆီ သူ့အကြောင်း အကုန်သိပါသည်။ သူ့မိဘအမည်၊ သူ့မွေးရာဇာတိ၊ သူ့မွေးနေ့သက္ကရာဇ် နောက် သူ့ရာဇဝင် သူ ပြောလိုက်သမျှပေါ့လေ။

"ကဲ . . . ရန်ကုန်ရောက်တုန်း ဘယ်တွေလိုက်ပို့ပေးရမလဲ ရှင်ရှင်ရဲ့ ဈေး၊ ပာက်ပီးဆေါ၊ နောက် တိရစ္ဆာန်ရုံ . . . "

"ဟင့်အင်း . . . ရွှေတိဂုံ . . . "

မေနှင်းဆီ စကားကြောင့် မှတ်သုန်ရယ်ပြန်သည်။ ရယ်မော သောအခါ သူ့စတိုင်က ခပ်လှလှ။ သူမ ငေးမောနေရမြဲ။

"ဘုရားသွားတာ မနက်အစောစောမှ ကောင်းတာကြီးဒေါ်ရဲ့ ရပ်ရှင်ကြည့်မလား၊ ကုန်ကြမ်းတွေရတာပေါ့ မြို့ပြရဲ့ နေရာဒေသတွေကို ရောက်ဖူး၊ မြင်ဖူးအောင်ပေါ့ ဝါသနာပါရင်အတွဲတွေကိုလည်း ငေးရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့" ဟိုတယ် မိုတယ်တွေခေါ်သွားဖို့တော့ ကိုယ့်မှာလည်းဝိုက်ဆံမရှိဘူး။ မင်းနဲ့လည်းမအပ်စပ်ဘူး . . ."

သူပြောသောအခါ မေနှင်းဆီ ငေးနေမိမြဲ။ ရုပ်ရှင်ရုံကို မရောက်ဖူးတာနဲ့တော့ ဘဝမှာ ထိနိုက်နစ်နာမယ်မထင်ပါ။ သူမက သူမ၏ဇာတ်လိုက်များကိုလည်း ဘယ်တော့မှ ရုပ်ရှင်မကြည့်နိုင်းပါဘူး။

"ကျွန်မ . . . ရွှေတိဂုံဘုရားပဲသွားချင်တယ် . . ."

"မနက်မှ . . ."

"ဟင်းအင်း . . . မနက်ပြန်ဆိုပြန်မှာ ကျွန်မကြီးတင်လက်မှတ် ယူထားပြီးပြီ . . ."

"ဟင်း . . ." မေနှင်းဆီ၏စကားကြောင့် မှတ်သုန်မျက်နှာပျက် သွားဖော်ရသဖြင့် သူမ အနည်းငယ်ကျေနပ်ရသည်။ တော်သေးတာပေါ့ နော် . . ."

"နေပါဦးလား . . . ကလေးရယ် . . ."

"ကျွန်မ ကလေးမဟုတ်ပါဘူး အသက်လည်းနှစ်ဆယ်ကျော်ပြီ ပြီးတော့ ဆရာမ . . ."

"ဆောရီး ဒါပေမယ့်ကွာ ခုမှ တစ်ခါပဲရောက်ဖူးတဲ့ မဟာရန်ကုန် ကို ၂ရက်၊ ၃ ရက်လောက်တော့ လည်ပတ်သင့်ပါတယ် ပြီးတော့ စာထဲကလိုပဲ ကိုယ့်ကို ကိုကိုကြီးလို့ခေါ်လေ . . ."

ပွင့်လင်းသော မှတ်သုန်စကားကြောင့် သူမ သွေးပျက်မတတ် ထိတ်လန့်သွား၏။ ဘယ်လိုလူကြီးလဲ။ တကတ လူကသွေး မေနှင်းဆီ





သူ့ ညှိအား စက်ကွင်းမှ ရုန်းထွက်ဖို့ကြိုးစားလိုက်သည်။

"ကျွန်မ ပြန်တော့မယ် သူမှာ အလုပ်တွေနဲ့မဟုတ်လား။ ဘယ်မှမသွားနဲ့တော့ ရပါတယ် ရွှေတိဂုံဘုရားလည်း အိမ်ကျမှ ပုံတော်ထဲ မှာဖူးတော့မယ် . . ."

စလင်းဘက် အဖြူလေးကို ကောက်လွယ်ရင်း မေနှင်းဆီ ထရပ်မိသည်။ လက်မှနာရီသေးသေးလေးကိုကြည့်တော့ နေ့လည်တစ်နာ ရီ။ မွန်းလွဲနေက ကျွတ်ကျွတ်ဆူအောင်ပူပြင်းလှပါ၏။ နွေရာသီပဲနော်။ ထို့အတူ သူမ ရင်ထဲမှာလည်း နာကျင်ဆွေးမြည့်နေပါ၏။

ကြည့်စမ်း သူ့ကို မိုင်ပေါင်းရာချီအဝေးမှလာတွေ့ရတာ ဒီလို အီရော၊ ဒီရော . . . ပေါ့ပေါ့ပါးပါး စကားတွေပြောဖို့တဲ့လား။ အလို ဒါဖြင့် သူမက ဘယ်လိုစကားတွေ ပြောစေချင်လို့တဲ့လဲ။ အတွေးနှင့်ပင် မေနှင်းဆီ ရှက်သွားမိပြန်သည်။ တကယ်က သူမနှင့်သူဟာ စာထဲမှာတော့ ပွယ်ဖွယ်ရာရာ၊ ချစ်သူတွေတော့ မဟုတ်သေးတာသေချာသည်။

ဒီနေ့ကျမှ။ မေနှင်းဆီ ဘာဖြစ်နေတာလဲ။ အလိုလိုကြေကွဲနေ သည့်ရင်ဘတ်ကိုပိရင်း သူမ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လိုက်သည်။ သူတော့ မေနှင်းဆီကို နားမလည်နိုင်ဖြစ်တော့မှာပဲ။ စိတ်မနံ့တဲ့ကောင်မ လေးရယ်လို့ ထင်သွားတော့မှာပဲ။ အဲဒါပဲကောင်းပါတယ်လေ။ သူမ ပြေဖြစ်က ကိုယ့်ကိုယ်လည်းနားမလည်နိုင်တော့ပါ။

"ဟော့ နေဦးလေ ခဏ ခဏ . . ."

ကျသင့်ငွေကို ကပျာကယာရှင်းပြီး မှတ်သုန် သူမနောက်



www.burmeseclassic.com

www.burmeseclassic.com



သို့လိုက်လာခဲ့တော့ မေနင်းဆီ ဆိုင်နှင့်အတော်ပင်လှမ်းနေပေပြီ။ သို့သော် သူမ ဘယ်ကိုသွားရမှန်းမသိပါ။ ဝေဘာဂီ ဆိုတာ မြို့ပတ်ရထားနှင့်မှ ရောက်မည်မဟုတ်လား။ အလာလမ်းကိုလည်း မေနင်းဆီ မမှတ်မိတော့ပါ။ နေရာတိုင်းမှာ တိုက်ကြီးများဖြင့် ပြည့်နှက်နေသဖြင့် ထင်ရှားသည့်အမှတ်အသားရှာလို့မရ။

မကြာမီ သူမကို မှတ်သုန်မီလာလေ၏။ သူက မေနင်းဆီ၏ လက်မောင်းတစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲထားလိုက်သည်။

"လူကဖြင့်လက်တောက်လောက်ရယ် စိတ်ကောက်ဖို့ပဲ မိန်းမတွေများ အလိုလိုနေရင်း ကို ကောက်နေတော့တာပဲ ဗာသီက အပူပြင်းလို့ဖြစ်ရမယ်. . ."

သူက ဆွဲကိုင်ထားသောလက်မောင်းကို အသေဆုပ်ရင်းမှ ဘာတွေအော်နေမှန်းမသိသည့် ကားစီးတစ်စီးပေါ်သို့ အတူတက်လိုက်ကြသည်။ မေနင်းဆီ သူ့ကို ဘာမှစောဒကတက်မနေမိတော့။ ရင်ထဲမှာ သူသည် မေနင်းဆီ၏နတ်ဒေဝတာ ဖြစ်သည်မို့၊ တကယ်ပါပဲ သူခေါ်လျှင် နတ်ပြည်ပဲဖြစ်ရမှာပေါ့။ သူမ အဲဒီလို ထင်မိခြင်းသည် မိုက်မဲခြင်းပဲဖြစ်ရမည်။

"ဆင်း. . ."

ကားပေါ်မှာ ကျပ်ညပ်ချွေးပြန်၊ သူ့ဖေးမမှုမှာအလဲလဲ အပြိုပြိုဖြစ်နေရာမှ ဆင်းကြရပြန်သည်။ သူမ မော့ငေး၊ ခေါင်းကို ချာလပတ်လည်မိတော့ ရွှေတောင်ကြီးနှယ် ရွှေရောင်ဝင်းပနေသည့် ဆံတော်ရှင်မြတ်ကို





ဖူးတွေ့လိုက်ရ၏။

"ဟယ်. . ." ရွှင်းလန်းအားရသွားသည့် မေနင်းဆီအသွင်ကြောင့် သူက ခပ်မိုက်မိုက် စိုက်ကြည့်ပြီး လက်မောင်းကိုလာဆုပ်၏။

"ဘုရားသွားမှာလေ လူကိုမကိုင်နဲ့. . ."

"တောသူမ ဘုရားပေါ်မှာ ခါးဖက်လျှောက်နေကြတဲ့သူတွေတစ်ပုံကြီး။ ကိုယ်က မင်းပျောက်သွားမှာစိုးလို့ကိုင်တာ သိပ်ကြီးကျယ်မနေနဲ့. . ."

"ဒါဆိုလည်း လက်ဖျားပဲကိုင်ပေါ့. . ."

"ဘယ်မှမကိုင်ဘူး ပျောက်ကျန်ခဲ့မှ မငိုနဲ့. . ."

တကယ်ပင် သူက ရှေ့မှ တလွှားလွှားထွက်သွားတော့ မေနင်းဆီ ကြည်နူးရပြန်၏။ သူလည်း စိတ်ကောက်တက်သားပဲနော်။ ဒါပေမယ့် သူတကယ်ကောက်မှာ မဟုတ်ပါဘူး။ အားကိုးစိတ်ကြောင့် မေနင်းဆီ မကြောက်၊ တစ်ယောက်ထဲပဲအေးအေးဆေးဆေး လျှောက်သွားနေလိုက် သည်မှာလည်း သူနှင့်ဆန့်ကျင်ဘက်သို့ပြန်သည်။ တကယ့်ကိုပဲ အေးအေးဆေးဆေး ဘုရားကို တစ်ပတ်ပတ်၊ ဘုရားကို ကြာမြင့်စွာ ပူဇော်ရှိခိုးနေလိုက်သည်။

ကြာလွန်းမက ကြာနေတော့လည်း မှတ်သုန်၊ သူမအနားသို့ ရောက်လာရတာပဲ မဟုတ်လား. . .

"တော်လောက်ပြီ သီလရှင်ဝတ်ချင်လည်း နောက်မှ[illegible]ဝတ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုပြန်ပို့ရဦးမယ် နေစမ်းပါဦး တကယ်ပဲ မင်း မနက်ဖြန်ပြန်မလို့လား"

"ပြန်မှာပေါ့ . . . တကယ်ပြန်မှာ . . ."

"ကိုယ်တော့ ရိုက်ပစ်ချင်လာပြီ ဒါဆို ဘာလုပ်ရအောင် လာတာလဲပြော"

"သူကိုတွေ့ . . . အယ် . . . သူဆီ ကဗျာတွေ ပို့မလို့ပေါ့။"

လွတ်ခန် ထွက်သွားသည့် စကားကြောင့် သူမ မျာများသွားသော်လည်း၊ မှတ်သုန်များ မသိကျိုးကျွံဖြင့်ပင် ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။

"ကဗျာပို့တာပဲ . . . စာတိုက်က ပို့လည်းရသားပဲ . . ."

မေနှင်းဆီ ရှင်းချက်မထုတ်မိတော့ပါ သူဦးဆောင်ရာနောက်သို့ သာ တိတ်ဆိတ်စွာ လိုက်နေမိခဲ့သည်။ မကြာမီ သူမတို့ ဘူတာတစ်ခုသို့ ရောက်သွားခဲ့ကြသည်။

"ကဲ ဘယ်ဖက်ကို စီးရမှာလဲ ပြော"

"အိုး ဒါကတော့ လက်မှတ်ရောင်းတဲ့ လူကြီးကို မေးလိုက်မှာပေါ့"

"တော်တော်ကြီးကို လည်ပတ်နံ့စပ်၊ မှတ်သားလောက်ပါပေတယ်"

ဘာပဲပြောပြော ရထားပေါ်အထိ သူလိုက်ပို့ပေးခဲ့ပါသည်။





"ဟဲ့လို ဦးမှတ်သုန်လား ကျွန်မ မပြန်ရသေးဘူး အဲဒါ"

"ဟင် . . . တကယ်"

တယ်လီဖုန်းထဲမှ ရှင်လန်းမြူးတူးသွားသည့် သူ့အသံကြောင့် မေနှင်းဆီ စိတ်ညစ်ခဲ့ရသမျှ ပျောက်သွားခဲ့သည်။ မနက်က ကားမမီခဲ့။ သူမ အဖြစ်က သူတစ်ပါးပို့မှ ရောက်ရသည့်အဖြစ်လေ။

"ဟုတ်တယ် ကျွန်မ လက်မှတ်ဆုတ်ထားတဲ့ ကားကထွက်သွားပြီ ပိုက်ဆံလည်း ပြန်မပေးဘူး။ ကျွန်မမှ လမ်းစရိတ်တောင် မရှိတော့ဘူး အဲဒါ"

တစ်ဖက်ဖုန်းခွက်ထဲမှ ရယ်သံသဲ့သဲ့ကြောင့် မေနှင်းဆီ စိတ်ဆိုးနေမိသည်။ ဝေဘာဂီလည်း သူမ မပြန်တတ်တော့။ အလာတုန်းက သူငယ်ချင်းမ တစ်ယောက်နှင့် လူကြုံလိုက်ခဲ့ပြီး သူက မြို့ပတ်ရထားပေါ်သို့ တင်ပေးခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ကိုယ်လာခဲ့မယ် ထိုင်စောင့် ငိုမနေဘူး မဟုတ်လား ဇာတ်ထဲကလို သိကြားမင်းကြီး လာကယ်တော့မယ် ဟုတ်ပြီလား"

"အဲ နေဦး သူလာမှာ ဘယ်လောက်ကြာမှာလဲ ကျွန်မ ကြောက်တယ်"

ဖုန်းခွက်ထဲမှ ရယ်သံကြားလိုက်ရပြန်သည်။ သူမ အလွန်စိတ်ညစ်လို့ ငိုချင်နေချိန်မှာ သူကတော့ ပျော်ပျော် အူရွှင်နေပုံရလေသည်။

"တစ်နာရီအတွင်း ရောက်အောင်လာမယ်ကွာ အခု ၉ နာရီ။ နောက် ၁၀ နာရီ ကျော်ကျော်လောက်မှာ ရောက်လာမယ် ဒါပဲနော်"

မှတ်သုန်ဖုန်းချမည်ပြင်တော့ မေနှင်းဆီ အားငယ်သွားပြန်သည်။ ကြည့်စမ်း လူတွေက သူမကို ကွက်ကြည့် ကွက်ကြည့်နှင့်၊ ဘုရားရေ ရွှေတွေလုမလို့လား။

"နေ နေပါဦးရှင် အဲဒါ ကျွန်မ ဘာဆက်လုပ်ရမလဲဟင် ဖုန်းနဲ့ပဲ လှမ်းပြီး ညွှန်ကြားပါတော့"

"ကိုယ်လာခဲ့မယ် မင်းမှာ ပိုက်ဆံမရှိတော့ဘူးဆို ခဏလေးကွာ အဲဒီကစောင့်"

"ဟဲလို"

တစ်ဖက်က ဖုန်းချသွားတာ သေချာသပြင့် မေနှင်းဆီ လမ်းဘေး ဖုန်းရုံလေးထဲမှ ထွက်ခဲ့ရသည်။ အိတ်အမြူလေးကို တင်းတင်း





ဆုပ်ရင်း ကျောပိုးအိတ်တစ်ဖက် စာအုပ်ထုပ်တစ်ဖက်နှင့် မေနှင်းဆီခေါ် ချစ်ပြုံးနှင်းဆီမှာ သူ့ကို စောင့်နေရုံမှ တစ်ပါး . . .

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီး"

ပူပြင်းသော ဆူးရစ်ကန္တာရမှာ သူမ တစ်ယောက်ထဲ မောပန်းနွမ်းညှိုးနေခဲ့ရစဉ် သူ့ကို ကားတစ်စီးပေါ်မှ ဘွားခနဲ ခုန်ဆင်းလာတာ မြင်လိုက်ရတော့ မေနှင်းဆီ အလွန်ဝမ်းသာ သွားခဲ့သည်။ စာထဲမှ အခေါ်အဝေါ်သည် မည်ကဲ့သို့ အပြင်နှင့် ဆက်စပ်သွားလေသည် မသိတော့။

ရုပ်ရှင်ထဲမှ မင်းသားတစ်ယောက်လို သူက လက်ကားမ်းကြို ဆိုတော့ လိမ်ကျစ်၊ လိမ်ကျစ်ဖြင့် သူမ အနားသို့ ရောက်သွားခဲ့သည်။ လက်ချင်းတော့ မတွဲဖြစ်ခဲ့ပါ။ မေနှင်းဆီ ရှက်နေမိသည်။ သူ့ကိုဈေး ပိုက်ဆံမရှိတာရော။

"ညီမလေး . . . မခင်နှင်းဆီ"

"အရေးထဲဗျာ ကဲ ပိုက်ဆံချေး မုန့်လည်းဝယ်ကျွေး"





"ဟောဗျာ မုန့်ဖိုးတောင်မရှိတော့ဘူးလား ပိုက်ဆံအိတ် အနိုက်ခံရလို့လား"

"ဟင့်အင်း အစကတည်းက လမ်းစရိတ်နဲ့တင်လာ" သူက တအင်နောက်နေသည်လားရယ်လို့ ပြူးပြဲကြည့်နေတော့လည်း မေနှင်းဆီမှာ မျက်စိသူငယ်၊ နားသူငယ်။

"တကယ်"

"အင်းပေါ့"

"အမလေး ခေါ်ချစ်ပြုံးနှင်းဆီရယ် ဒါနဲ့များ ဘယ်လို ဦးနောက်နဲ့ စာတွေ၊ ကဗျာတွေရေးလို့ ရနေပါလိမ့်"

"အို ဒါကတော့ ဒါကတော့"

သူမ စကားရှေ့ဆက်လို့မရ မှတ်သုန်အရှုံးပေးလိုက်ပါသည်။

"လာ ဟိုရှေ့က ဆိုင်ထဲဝင်မယ် ရှေ့ရေးတွေ ဆွေးနွေးကြမယ်"

"ရှင်"

"အတွေးမချော်နဲ့လေ မင်းပြန်ဖို့ ကိစ္စပြောတာပါ"

မချိုမချဉ်ရုပ်ဖြင့် ထွက်ခွာသွားသည့် မုတ်သုန်နောက်သို့ မေနှင်းဆီ လိုက်ရသည်ပါပဲ။ ဆိုင်ကလေးထဲမှာ စားစရာ အစုံရသဖြင့် သူမက မုန့်ဟင်းခါးစားသည်။ သူကတော့ လက်ဖက်ရည်ချိုချို။

"မင်းတို့မြို့က ကားတွေက ဘယ်အချိန်တွေထွက်လဲ"

"မနက် ၆-နာရီ"

"နောက်ကော"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လည် ၂-နာရီ"

"ဟင် ဒါဆို မြို့ကို ဘယ်အချိန်ပြန်ရောက်မလဲ"

"နေ့ခင်းကားက ည-၉နာရီလောက်မှာ ရောက်တယ်"

"ဒါဆို ဘယ်ဖြစ်မလဲ ပေဘာဂီ ပြန့်မလား"

သူ့စကားကြောင့် မေနှင်းဆီ စဉ်းစားငေးမောနေရပြန်၏။ ပေဘာဂီ ပြန်လိုက်တော့ မနက်ဖြန်လည်း ကားဆီမှာမဟုတ်။ နှုတ်ဝေက်ပြီး ပြန်ဝင်ရမှာလည်း သူမရှက်သည်။

"ပြောလေ ကိုကိုကြီး ဘာလုပ်ပေးရမလဲ ပြော တစ်ခါတည်း ခေါ်ထားလိုက်ရမလား"

သူ့စကားကြောင့် တွန့်ခနဲဖြစ်၊ မျက်စောင်းတစ်ချက်ထိုးရင်း မေနှင်းဆီ သတ္တိကောင်းနေမိပြန်သည်။

"မြို့ပဲ ပြန်မယ်။ ညနေကားနဲ့ ပြန်မယ်။ မြို့ထဲက သူငယ်ချင်း အိမ်မှာ အိပ်မယ်"

"ကိုကိုကြီး စိတ်မချဘူး လိုက်ပို့မယ်"

"အမယ် ဘယ်ဖြစ်မလဲ"

"ဒါတော့လည်းသားပဲ ဘာလဲ သူငယ်ချင်းက ယောကျ်ား နိုးလာတယ် ထင်မှာ စိုးလို့လား။ မင်းတို့ မြို့မှာ တည်းခိုခန်းရှိရင် ပြီးတာပဲ"

"ဟင့်အင်း ကိုကိုကြီး မလိုက်နဲ့ ကားပေါ်မှာ ဘာမှမဖြစ်ဘူး။ ကားပေါ်ထိတင်ပေး အင်းလေ ကားသားပေးပစ်ခဲ့ ရပြီ ရပြီ"





မေနှင်းဆီ ဆုံးဖြတ်ချက်ချတော့ သူက မနှာခဲ့ချေ။

"ကိုကိုကြီးကို ဘာမှာ အားမနာနဲ့ ဒီနေ့ရော မနက်ဖြန်ပါ အလုပ်ပိတ်တယ် လိုက်ပို့မယ် မေမေ့ဆီ ဖုန်းပြန်ဆက်လိုက်ဦးမယ် ကိုယ့်ဆီလာတာပဲကွာ ပစ်စလက်ခတ် မလုပ်ရက်ပါဘူး။ ပြီးတော့ မင်းပုံစံကလည်း ကဗျာဆရာမကြီးသာ ဆိုတယ် ခုမှဥက ထွက်ခါစ ပုံစံနဲ့ နေစမ်းပါဦး ကဗျာတွေကရော မင်းရေးတာမှ ဟုတ်ရဲ့လား၊ ရှိုးများလား ကိုယ့်ရှေ့မှာ တစ်ပုဒ်လောက်ချက်ချင်း ရေးပြစမ်းကွာ"

သူမကို နားရွက်လိမ်လိုက်၊ ကုပ်ဖျစ်လိုက်လုပ်ရင်း သူက စနောက်နေတော့ မေနှင်းဆီ စိတ်ဆိုးရပြန်သည်။ သူ့ကိုယ်သူတော့ ဆရာကြီးပေါ့လေ၊ နှစ်ယောက်အတူ ဖုန်းရုံလေးဖက်သို့ လျှောက်ခဲ့ကြစဉ် မှတ်သုန်က သူမ၏ စာအုပ်ထုပ်နှင့် ကျောပိုးအိတ်ကို သယ်ပေးခဲ့သည်။

မှတ်သုန်သူ့ မေမေဆီ သတင်းပို့ပေးပြီးနောက် မေနှင်းဆီတို့ လက်မှတ်သွားဖြတ်ကြ၏။ တကယ်ပါပင် သူက နှစ်ယောက်စာ ယူလေသည်။ မေနှင်းဆီ ဘာမှမတတ်နိုင်တော့ပါ။ မြို့ပြင်နေပူ ကျဲကျဲ ကားဂိတ်ကြီးမှာ တစ်ယောက်ထဲ အူကြောင်ကြောင် စောင့်နေရမည့် ဘေးမှ ကင်းလွတ်ရသည်ပေါ့။

ယခုတော့ ဂန္ဓာရ ကားဂိတ်ကြီးကလည်း သာယာလှပသည့် နတ်ဥယျာဉ်သဖွယ်။

ကားစောင့်နေရသည့် ၄-နာရီအတွင်း သူမတို့ ဘာစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ခဲ့ကြပါလိမ့်။ အရာရာသည် အိပ်မက်သဖွယ် ဦးတာငါ။

သို့သော် ဝတ္ထုတွေ နလုံးသားနှင့် ရင်းနှီးထုဆစ် ဖန်ဆင်းတတ်ဖို့ မေနှင်းဆီ၏ နလုံးသားလေး ဖျတ်ခနဲ ပွင့်ပွင့်ကြီး ရင့်ခဲ့သည် ကတော့ အမှန်။





ကြည့်စမ်း ရန်ကုန်နဲ့ သူမမြို့ကို သွားတဲ့လမ်း ကလေးဟာ ပုံပြင်ထဲက လမ်းကလေးလား။ ပန်းပေါင်းစုံဝေဆာ ဖူးပွင့်ပြီး ရွှေရောင်တံလျှပ်တွေ တဖျပ်ဖျပ်ဖြင့် အိပ်မက်ထဲက နိဗ္ဗာန်ဘုံနှယ် မေနှင်းဆီ ထင်မိသည်။

နေဝင်ဆည်းဆာ ပျောင်ရိုဝိုးတဝါးမှာ ကားမီးရောင်ထိုးပြီး မောင်းတော့လောကက လင်းချင်းသွားခဲ့သည်။ ညမီးရောင် အောက်မှ အမှောင်ကမ္ဘာကြီးက တဖျပ်ဖျပ်လင်းလက်ကျန်ခဲ့သည်။ လောကဟာ ခဏ္ဍလင်းပြီး မှောင်ကျန်ခဲ့တာကိုတော့ မေနှင်းဆီ မေ့လျော့နေမိသည်။

ကားကမြို့ကိုဝင်တော့မယ်။ သူမတို့ခွဲရတော့မှာပေါ့။ အိုလေ ခွဲရမှာက ဟိုတစ်နေ့ထဲကပါ ကံကြမ္မာကြီးက လောကွတ်ချော် အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စားသန်ပြီး ဒီကနေ့အထိ တွေ့ဆုံခွင့်ပေးခဲ့တာပါ။ ခွဲရတော့မည်ဟူသော အသိကြောင့် မေနှင်းဆီရင်ထဲ ပူလောင်ဖျာပါဆိုက်ကာ နာကျင်လာခဲ့ရသည်။ အဲဒါ ဘာဖြစ်တာယဲ့ မေနှင်းဆီရယ် ညည်းတို့ဟာ ချစ်သူတွေလည်း မဟုတ်ဘဲနဲ့ကွယ် မည်သို့ပင်ဖြစ်စေ ရင်ထဲမှာနာလာအောင် ကားနံရံကို ခေါင်းတိုးကာ သူမငြိမ်သက်နေခဲ့မိသည်။ သူပြောသည့်စာပေလောကအကြောင်းနှင့် စာအကြောင်း ပေအကြောင်းတွေလည်း မကြားတစ်ချက် ကြားတစ်ချက်။

အတန်ကြာတော့ မေနှင်းဆီကို သူသတိထားလာမိခဲ့သည်။

"ဟိတ် ကောင်မလေး အိပ်ပျော်နေတာလား အိပ်ငိုက်နေတာလား ဒီမှာ တကယ့်ကြီးကြီးကျယ်ကျယ်တွေ ပြောနေတာကွ ဟမ်းမလေး သူကတော့ သူချော့သိပ်နေတယ် မှတ်သလားမသိ"

သူ့ထုံးစံအတိုင်း သူမ၏ ပါးဖောင်းဖောင်းလေးကို မှတ်သုန်လုမ်းဖျစ်တော့ မေနှင်းဆီ၏ မျက်ရည်များကို စမ်းသပ်မိသွားခဲ့သည်။

"ဟင် မင်းငိုနေတယ် ဟုတ်လား ကိုယ်ပြောပြတဲ့ ဂေါ်ဂင်တို့ ဗန်ဂိုးတို့လို သိတ်ပြီးသနားသွားတယ် ထင်တယ် ဟုတ်လား . . . ဒီလိုပါကွာ အနုပညာသမားဆိုတာ တကယ့်စိတ်ရှုပေါက်သူ တွေပါပဲ ဘဝကို ဆင်းရဲစုတ်ပြတ်ခံပြီး ကိုယ်လုပ်ချင်တာကို ပေါက်ပေါက်ရောက်ရောက် လုပ်သွားတတ်ကြတယ် ကဲတိတ်ပါကွာ မငိုပါနဲ့ ဒီတစ်ခါမင်းကိုချစ်စရာ ကဗျာလေးတွေ ရွတ်ပြမယ်သိလား ကားနံရံကြီးက အေးစက်စက်နဲ့ကွာ လာကိုကိုကြီးနဲ့ နေရာချင်းလဲပြီးမှ ကိုကိုကြီးကိုမှီ"





သူကမသိကျိုးကျွံပြုလျှက် အကြင်နာတွေ ပေးနေတော့ မေနှင်းဆီ၏ နှလုံးသားလေးမှာ မုန်တိုင်းမိသည့် ငှက်ကလေးနှယ်။ သို့သော် သူမရအောင် တင်းပါသည်။ စကားမဆိုနိုင်တော့အောင် အဖြစ်တွေ ဆိုးလာခဲ့ပြီမို့ ခေါင်းကိုတွင်တွင်ရမ်းရင်း ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့်အုပ်ထား၊ ငြိမ်သက်နေမိသည်။

ကျွန်မဘာတွေ ဖြစ်နေသလဲ ကိုယ့်ကိုယ်ကိုလည်း မုန်းတာကြည့်စမ်း ဒါနဲ့များ ကဗျာဆရာမကြီး "ချစ်ပြုံးနှင်းဆီ"တဲ့ နေစမ်းပါဦး သူမမှာ ဘယ်တုန်းက နှလုံးသားရှိခဲ့ဖူးလဲ သစ်တစ်ပင်ရဲ့ ပင်စည်ကြီးလို နိုင်မတ်တောင့်တင်းခဲ့သည့် မေနှင်းဆီ၏ နှလုံးသားသည် ယခုတော့ အမြစ်ကစပြီး လဲတော့မှာလားကွယ် . . .

သစ်သီးတစ်လုံးလို သစ်သီးထဲမှ ပိုးကြောင့် သူမပျက်စီးရတော့မည်။ ဘယ်သူ့ပယောဂမှမပါဘဲ ကိုယ့်ပယောဂနှင့်ကိုယ် သူမဆုံးရှုံးရတော့မည်။ ဒါဟာပဲ လူတွေပြောပြောနေကြတဲ့ အချစ်တဲ့လားကွယ် . . .

"မေနှင်းဆီ"

သူ့အသံက ဝေးရှလွင့်နေသလို သူမခေါင်းသာခါပြနိုင်တော့သည်။ ထိုင်ခုံဆိုဖာလေးများက ကျဉ်းပေမယ့် အသားချင်းမထိအောင် သူနေပေးခဲ့ပေမယ့် ယခုတော့ သူကကားနံရံမှာ ပြားနေအောင် ကပ်နေသည့် မေနှင်းဆီကို မရမက ခွာယူနေခဲ့သည်။

"ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



မေနှင်းဆီမှာ ခေါင်းသာခါတတ်တော့သည့် အရုပ်ကလေးနှယ် အငိုကြွာလာပြီမို့ ရှိုက်သံတိုးတိုးလေးက ရင်နာစရာ့ယ် လွင့်ပျံ့လာပြန်သည်။ သူမကိုယ်လုံးလေးကို သူပွေ့ဖက်လာတော့ မေနှင်းဆီ မငြိုက်ပါ။ တားဆီးဖို့ အသံအင်အားတွေမရှိတော့၊ တစ်ကိုယ်လုံးပျော့ခွေနွမ်းကျနေသည့်ကြားမှ ရှန်းထလက်အုပ်ကလေး ချိုလိုက်သည်။ သူမရင်ထဲမှာ အသံမဲ့စကားလုံးများစွာ . . .

ကျေးဇူးပြုပြီး ကျွန်မကို ဒီအတိုင်းပဲ ထားလိုက်ပါနော် ကျွန်မ အချစ်တွေ မလိုချင်ပါဘူး။ ကျွန်မ ပယောဂကြောင့် ဖြစ်ပေါ်လာတဲ့ အချစ်တွေကို ကျွန်မ မလိုချင်ပါ။ နှလုံးသားမှ သူ့အငှဲလို စီးဆင်းနေမိသည့် အချစ်ရေအလျဉ်ကို ကျွန်မကိုယ်နည်းကိုယ်ဟန်နဲ့ ကာစားလိုက်ပါ့မယ်။ ကန္တာရထဲက သစ်ပင်လေးတွေလို ဆူးရစ်ခြံနွယ်လေးတွေလို ခေါင်းပါးစွာ ကျွန်မအသက်ရှင်သန်နေလိုက်ပါရစေ . . .

တစ်ယောက်နှင့်တစ်ယောက် တစ်ကမ္ဘာစီဝေးရင်းပင် ကားကမြို့ထဲသို့ ဝင်လာခဲ့သည်။

မြို့ကလေးမှာ လျှပ်စစ်မီးလေး ကံအားလျော်စွာ လင်းနေခဲ့သဖြင့် သူ့ကို သူမတို့မြို့၏တည်းခိုခန်းသို့ လိုက်ပို့ပေးခဲ့တော့ သူကလည်း မေနှင်းဆီတည်းမည့် သူငယ်ချင်းအိမ်သို့ ပြန်ပို့ပေးခဲ့ပြန်သည်။ ဆိုက်ကားတွေ မရှိတော့ပါ။

သူငယ်ချင်း အိမ်ပေါက်ဝမှာ သူမ သူ့ကိုနှုတ်ဆက်လိုက်သည်။





"ကျွန်မ သွားပြီနော် အရာအားလုံးအတွက် ကိုကိုကြီးကို ကျေးဇူးတင်ပါတယ်"

ညာလက်ကလေးချင်း ဆွဲကိုင်ဆုပ်ထားမိကြသည်မှာ အတန်ကြာ။ သူလည်း ယခုတော့ စကားမဆိုနိုင်။ သည်လက်များဟာ ကမ္ဘာတိုင်မြဲမြဲနေတော့မှာလားကွယ် . . .

ခြံရှေ့အမှောင်ရိပ်ကလေးမှာ သူကသူမ နဖူးကို ငုံ့မွှေးခဲ့သည်၊ အမှောင်ရိပ်မှာ သူမတို့ နှစ်ယောက်ထဲသာ။

"သွားတော့နော် မနက်ကျရင် လိုက်မပို့နဲ့တော့ အိပ်ယာထဲကနေပြီး ကိုယ့်ကားထွက်သွားတဲ့ အသံကိုနားထောင်နေလိုက်ပါ ညကျရင် ကိုယ်ကဗျာတစ်ပုဒ်ရေးမယ်"

ချာခနဲ လှည့်ထွက်သွားသည့် သူ့ကျောပြင်ကို အကြာကြီးငေးရင်း သူမမှာ မျက်ရည်လည်ရွဲ . . .

လောကကြီးရယ် ကျွန်မတို့ ဘာဖြစ်နေကြတာလဲကွယ် အတန်ကြာသည်အထိ မိမိကိုယ်ကို ဆောက်တည်ရာရစေပြီးမှ မေနှင်းဆီ သူငယ်ချင်း၏ အိမ်ထဲသို့ဝင်လိုက်သည်။

သူမရှိတော့သည့် လောကသည် ယခုတော့ ခြောက်သွေ့လွန်းသည့် ကန္တာရနှယ်သာ။



www.burmeseclassic.com

www.burmeseclassic.com



သူလိုလျှင်ပြုံး
သူမုန်းလျှင်ကြေ
သေဆိုသေ
ရှင်ဆိုရှင်
ကျွန်မ ရင်ထဲမှာ သူမှသူ · · ·

တစ်ခါတလေတော့လည်း ရင်ထဲမှာရှိသည့် ကဗျာတိုလေးများကိုရေးဖွဲ့မိသည်ပေါ့။ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ရန်မဟုတ်ပါ။ ကဗျာဟူသည် ရင်ထဲမှအပူမီးလျှံများကို မှုတ်ထုတ်ရာ မီးခိုးခေါင်းတိုင်ကလေးလည်းဖြစ်သည်။





သူ့ကိုတိတ်တခိုး စွဲလန်းချစ်မိသွားသည့်အဖြစ်ကြောင့် ငိုးဆွေးလွမ်းသိ တမ်းနှိုင်းခံစားရင်း မိမိ၏ခံစားချက်များကို မေနင်းဆီ လုံးချင်းဝတ္ထုလေးများအဖြစ် အသွင်ပြောင်းရေးချပစ်ခဲ့မိသည်။

သူ့ကို ချစ်မိသည့် နှလုံးသားလေးမှ အချစ်ရေအလျဉ်တွေက ရေတံခွန်နှယ် အဆက်မပြတ်စီးဆင်းမိလေသမျှ နှလုံးသွေးလျှံကို မင်လုပ်ပြီး မေနင်းဆီ ရေးဖွဲ့ခဲ့သည့် အချစ်ဝတ္ထုများသည် ပေါ့တန်သည့် အပေါစားဝတ္ထုလေးတွေတော့ မဖြစ်စေရ · · ·

ကိုယ်တိုင်က ကျောင်းဆရာမပီပီ စူးရှသော အမြင်၊ ဖြူစင်သော စေတနာ တို့ကိုအပါ အချိုးကျကျ ပေါင်းစပ်ပါဝင်ပေးလိုက်ခဲ့ပါမည်သို့ပင်ဖြစ်စေ ဘဝမှာ ကြွေမြေမပျက်အောင် မေနင်းဆီနေလို့ ရသွားခဲ့ပါသည်။

သူ့ကိုချစ်သည့် အချစ်များကို ကာယကံရှင်သူလည်းမသိ (နည်းနည်းလေးမှတစ်ပါး)၊ ဘေးပတ်ဝန်းကျင်လည်း မသိစေဘဲ စာရွက်ကလေးများပေါ်မှာ ရင်ဖွင့်တတ်သည့် အတတ်ပညာဟာ ဝတ္ထုရေးခြင်းပေပဲပေါ့။

မှတ်သုန်နှင့် ခွဲခွာခဲ့ရတာ (၆)လပြည့်ခဲ့ပြီ။ ဘာဖြစ်လို့တော့ မသိ၊ ယခုအခါ သူရော မေနင်းဆီပါ တစ်ယောက်နှင့်တစ်ယောက် စာမရေးဖြစ်ခဲ့ကြ၊ စာအဆက်အသွယ် ပြတ်နေခဲ့ကြသည်။ သူကတော့ ဘယ်လိုနှလုံးသားနှင့် စိမ်းကားပြတ်တောက်လှသည်။ ပညာကြောင့်သူ့

www.burmeseclassic.com

ကန္တာရဆူးရစ်ပင်လေးနှယ် လောကကြီးထဲ ဆက်လက်အသက်ရှင်သန်နိုင်ခြင်းဖြစ်သည်။

သူဟာ ကွယ်ရင်မေ့၊ တွေ့မှသောအောင် လွမ်းပြတတ်သူလား၊ သူမနှင့်သူဟာ ချစ်သူတွေမဖြစ်သေးတာတော့ သေချာပါသည်၊

ခွဲခွာခဲ့ရသည့် (၆)လအတွင်း မေနှင်းဆီ ဝတ္ထု(၆)အုပ်ရေးလို့ပြီးသွားခဲ့သည်။ နွေကျောင်းပိတ်ရက်တွေလည်း ရောက်ရှိလာပြီမို့ သူ့ထံစာအုပ်သွားပြရင်း ဘာဆက်လုပ်ရမလဲ . . . မေးကြည့်ဖို့ သူမစိတ်ကူးထားသည်။





"မေနှင်းဆီက ဘယ်ဆိုးမလဲ ဝတ္ထုတွေလည်း ရေးတတ်သားပဲ"

လွန်ခဲ့သည့် (၆)လတုန်းကနင့် မတူဘဲ စိမ်းကားသွားသည့် မှတ်သုန်ကိုငေးပြီး မေနှင်းဆီ ကြေကွဲနာကျင်နေမိသည်။ ဘာဖြစ်လို့လဲ သူမ (၆)လလုံးလုံး စာတစ်စောင်မှ မရေးလို့လား၊ ဒီလိုလည်း မဟုတ်တန်ရာ သူလည်း ဒီ(၆)လအတွင်း စာရေးသည်မဟုတ်။

"ဟုတ်ကဲ့ ကျွန်မ စမ်းရေးကြည့်တာပါ"

တစ်ခါက ထိုင်ခဲ့ဖူးသည့် စားသောက်ဆိုင်ကလေးထဲမှာ နှစ်ယောက်အတူထိုင်ရင်း တစ်ခါက ထမင်းဖူးလေးကို အတူစားခဲ့ဖူးတာ မေနှင်းဆီ သတိရနေမိသည်။

သူ . . . ဘာဖြစ်သွားတာလဲကွယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ရိုက်စပီးယားရဲ့ ပြဇာတ်တစ်ခုထဲကလို မျက်လုံးထဲ ဆေးခပ်ခံသွားရလို့ ချစ်ပြုံးနှင်းဆီအပေါ် စိမ်းကားသွားခဲ့တာလား . . . အသေအချာ ပြန်စဉ်းစားကြည့်တော့လည်း သူမတို့သည် ဘယ်တုန်းကမှ ချစ်သူတွေမဖြစ်ခဲ့ဖူးကြ။

နေလို့ရအောင်နေ၊ သေလို့ရအောင် သေရမှာပေါ့နော်။ အိမ်ကျမှ စာရွက်ကလေးတွေထဲမှာ ခံစားနေရသမျှ ချရေးရတော့မည်။ ယခုတော့ သူမ မချိုပြုံးလေး ပြုံးဖြစ်နေရသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ ဒီဝတ္ထုတွေထုတ်ကြည့်ချင်သလား"

"ဟုတ်ကဲ့"

"ကောင်းပြီလေ ကိုယ်စပ်ဟပ်ပေးကြည့်မယ် ထားပစ်ခဲ့ပေါ့ ဟုတ်ပြီလား"

သူကနေရာမှထပြီး ကျသင့်ငွေရှင်းမည်ပြင်တော့ မေနှင်းဆီကအရင် လုရှင်းပေးလိုက်သည်။ သည်တော့လည်း သူမျက်ခုံးပင့်ပြီး ကြည့်နေခဲ့သည်သာ။

"လမ်းစရိုက်ကျန်သေးရဲ့လား"

"ဟုတ် . . . ဒီတစ်ခါတော့ လောက်အောင်ပါခဲ့ပါတယ်"

သူမတို့နှစ်ယောက်သား လေးတွဲ့သော ခြေလှမ်းများဖြင့် ဆိုင်ထဲမှထွက်ခဲ့ကြပြန်သည်။ မွန်းတည့်နေက မေနှင်းဆီ၏ ရင်ကိုတရှိန်ရှိန်လောင်ဟပ်စေလျှက်။ သူမနားထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ . . .





ကြည့်စမ်း ပွဲကစတောင် မစရသေးဘူး ပြီးဆုံးသွားချေပါပြီကော သူမဘေးမှာ တွေတွေငေးငေးနှင့် ဖလက်ပိုက်လျှောက်နေသည့်မှတ်သုန်သို့ မေနှင်းဆီ တိတ်တခိုးကြည့်နေမိပြန်သည်။ သူ့စိတ်နဲ့လူနဲ့ကပ်မှကပ်ရဲ့လားကွယ် . . .

"ဘာလုပ်ချင်သေးလဲ"

"ရှင်"

"ဘယ်နေရာတွေ သွားချင်သေးလဲ ကိုယ်လိုက်ပို့ပေးမလို့ပါ"

ဒီလိုပြောဖော်ရတော့လည်း သူမမျက်ရည်စို့အောင် ကြည်နူးရပြန်သည်။

"ကျွန်မ အားနာပါတယ် ကိုကိုကြီးက အားတာမှမဟုတ်တာ"

"ရပါတယ် ဒီတစ်နေ့တော့ မင်းအတွက် သုံးလိုက်မယ်လေ ကဲဘုရားသွားမလား"

"ဟုတ်ကဲ့ နောက် စာအုပ်လေးဘာလေး ဝယ်ချင်တယ်"

"ကောင်းပြီ စာအုပ်ဆိုင် အရင်ဝင်ပြီးမှ ဘုရားလိုက်ပို့မယ် ကိုစန်းဦးဆိုင်မှာ စာအုပ်စုံတယ်"

"Book for all လား"

သူက ခေါင်းညိတ်ပြပြီး မေနှင်းဆီနှင့်အတူ လမ်းလျှောက်သွားလိုက် မည်သို့ပင်ဖြစ်စေ သူ့အရင်လို မဟုတ်တော့သည်အတွက် သူမခံစားနေရမိသည်။ စကားနည်းသွားတာ အလွန်တည်တံ့သွားစေတော့ ဘယ်အရာကများ သူ့ကိုဟုန်းခနဲ ကြီးရင့်လောင်မြိုက် သွားခဲ့စေသလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွယ် လောကခံရဲ့ ရိုက်ပုတ်ချက်တွေကြောင့်လား ငွေရေးကြေးရေး အလွန်ကျပ်တည်းလို့လား သူ့အကြောင်းလည်း သူမဘာတစ်ခုမှ ရေရေရာရာမသိ။ မဂ္ဂဇင်းတွေထဲမှာ သူ့အင်တာဗျူးတွေ၊ ဘာတွေပါလာတော့လည်း စာအကြောင်း၊ ပေအကြောင်းနှင့် စာပေအမြင်များသာ။

သူ့မှာ ဖုန်းနံပါတ်ပင်မရှိ။ တစ်ဆင့်ဖုန်းနှင့် အလုပ်တိုက်ဖုန်းကိုသာ သူသုံးနေရသည် မဟုတ်ပါလား။ နောက် သူ့မှာ မေမေရှိသည်။ ဟိုတစ်ခေါက်တုန်းကတော့ သူသည်ရှင်လန်းနုပျိုသည်။ တက်ကြွလန်းဆန်းသည်။ ငွေရေးကြေးရေးလည်း ပြေလည်ပုံရသည်။

စာအုပ်ဆိုင်ထဲမှာ သူမက တိတ်ဆိတ်စွာစာအုပ်ရွေးနေတော့လည်း သူကဆိုင်ရှင် ကိုစန်းဦးနှင့် စကားပြောပြီး ကျန်နေခဲ့သည်။ သူမ်ဘယ်လောက်ပဲကြာကြာ သူကစိတ်ရှည် တော့မည့်ပုံ။ နောက်တော့ သူလည်း စာအုပ်ကလေးများကို လိုက်လံကြည့်ရှုနေတော့သည်။

စာရေးဆရာပေါင်းများစွာ၏ စာအုပ်ပေါင်းများစွာကို စာရေးဆရာအလိုက် စုစည်းထားရှိသည့်မို့ မေနှင်းဆီ အလွန်သဘောကျ နေမိခဲ့၏။ ဆရာမြသန်းတင်၏ စာအုပ်အစုအဝေးနားမှ သူမမခွာနိုင်ဖြစ်နေရပြန်သည်။ ဘာလိုလို့နှင့် သူမလည်း ဆရာ့ခရေစီ ဖြစ်နေပါရော့လား။ သူမမှာ ဆရာမြသန်းတင်၏ စာအုပ်များ အတော်များများပင် စုမိနေပြီဖြစ်သည်။

လမ်းစရိတ်အပြင် ငွေကသုံးထောင်လောက်သာ သုံးနိုင်မည်မို့ ကိုယ်ဝယ်မည့်စာအုပ်ကလေးများကို ဈေးနှုန်းလှန်ကြည့်ရတာလည်း





အမောတကော။ စာအုပ်ကလေးများကို ကိုင်ကြည့်လိုက်၊ ချထားလိုက်နှင့်။ သူမကြိုက်နှစ်သက်နေတာက သုံးအုပ်တောင်။

ဆရာမြသန်းတင်ရဲ့ "တောင်သမန်ရွှေအင်းက လေညင်းခေတ်တော့"နှင့် နောက်ဂေါ်ဂင်၏ အတ္ထုပ္ပတ္တိစာအုပ်ကလေး။ မော်ရုံတောမှာမောလှပြီ။ နောက်ဆရာကြီး ဒဂုန်ရွှေမျှား၏ "အိဂျစ်ဘုရင် မာယာရှင်" ကလီယိုပါထရာ အကြောင်းပေါ့။ ထိုစာအုပ်ကလေး သုံးအုပ်ကို လက်ရွေးစင်ရွေးထုတ်လိုက်ပြီး သူမငိုင်နေမိပြန်သည်။ သူမသုံးနိုင်တာက ငွေသုံးထောင်ထဲရယ်။ တောင်သမန် ဒုတိယတွဲက (၁၇၀၀)။ ဂေါ်ဂင်က (၁၂၀၀)။ ကလီယိုပါထရာက (၁၀၀၀)။ စုစုပေါင်းလေးထောင်ဖြစ်နေသည်။ ဘယ်စာအုပ်ကလေးကို ချန်ခဲ့ရမလဲ။ တောင်သမန်ကတော့ ချိုင်းကြားထဲသို့ ပိုင်ပိုင်နိုင်နိုင် ညှပ်လိုက်ပြီးဖြစ်၏။ ဂေါ်ဂင်နှင့် ကလီယိုပါထရာ နှစ်အုပ်ကို နမျှောတသစွာ ချီတုံချတုံ ဝေခွဲငိုင်တွေနေတာကြာတော့ အနားသို့ မုတ်သုန်ရောက်ရှိလာခဲ့သည်။

"ယူလိုက်လေ ပေးဒီသုံးအုပ်လား"

သူက မေနှင်းဆီထံမှ စာအုပ်များကို လှမ်းယူပြီး ငွေရှင်းကောင်တာသို့ ခတ်မတ်မတ် လျှောက်သွားတော့ သူမချွေးပြန်သွားလေသည်။ ဒုက္ခပဲ သုံးအုပ်လုံးသာ ဝယ်လိုက်ရင်တော့ အပြန်လမ်းစရိတ်ရှိတော့မှာမဟုတ်။ ပိုက်ဆံမရှိတာ ပြောထွက်ဖို့ရာကျတော့လည်း သူ့အသွင်က အရင်လိုမဟုတ်သဖြင့် မေနှင်းဆီ မပြောရဲတော့ပါ။

စာအုပ်များနှင့် ကျွေပတ်တည်ဆောက်ထားသည့် လမ်းကလေး



www.burmeseclassic.com

မှ သူ့ထံမှီအောင်ပြေးသွားတော့ ဘောက်ချာက ရေးတောင်နေပါပြီ။ စိတ်ညစ်ညစ်နှင့်ပင် သူမငွေရှင်းပေးလိုက်ရတော့၏။ နှစ်သက်သည့် စာအုပ်ကလေးများရပေမယ့် မေနှင်းဆီ မပျော်တော့ပါ။ မနက်ဖြန် ဘယ်လိုလုပ်ပြီး အိမ်ပြန်ရပါ့မလဲ။ လမ်းစရိတ်က မပြည့်စုံတော့ချေ။

ရွှေတိဂုံဘုရားသို့ သွားတော့လည်း မေနှင်းဆီ မပျော်ရွှင်တော့။ ဘုရားရှင်ထံမှာ ရှိခိုးပူဇော်ရင်း ဆုတောင်းရပါချေ၏။

“တပည့်တော် လမ်းသွားရင်း ငွေလေးတစ်ထောင်လောက် ကောက်ရပါစေဘုရား”

အပြန်လမ်းတလျှောက် ခေါင်းငိုက်ဆိုက်နှင့်ပင် မြို့ပတ်ဘူတာ လေးတစ်ခုသို့ မေနှင်းဆီရောက်ရှိသွားခဲ့၏။ ဘူတာထိုင်ခုံလေးတစ်ခုမှာ သူမခြေကုန်လက်ပန်းပင် ထိုင်ချလိုက်သည်။ သူမ သူ့ကို မော့ကြည့် နှုတ်ဆက်ခဲ့သည်။

“ကိုကိုကြီး သွားတော့လေ။ လေးနာရီကျော်ပြီ။ တာဝန်ချိန် ပြီးဆုံးသွားပါပြီ . . . အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်”

မုတ်သုန် သူမကို ကြာမြင့်စွာ ငုံ့ကြည့်နေပြန်တော့ မေနှင်းဆီ နာကျင်ရပြန်သည်။ ကိုကိုကြီးရယ် ကျွန်မကို မကျီစားချင်ပါနဲ့တော့နော်။ မုန်းရင်လည်း အပြီးတိုင် မုန်းမေ့လိုက်ပါတော့။ ပစ်ထားရင်လည်း အပြီးပဲ ပစ်ထားလိုက်ပါတော့ . . .

“လမ်းစရိတ်ကျန်သေးရဲ့လား”

သူမ၏ စလင်းဘက်အဖြူလေးကို ပိုင်စိုးစွာဆွဲယူပြီး သူက





မွှေနှောက်ရှာဖွေနေပြန်သည်။ အိတ်ထဲမှ ငွေစက္ကူလေးများကို သူ့စိတ် ရှည်လက်ရှည် ရေတွက်ကြည့်နေစဉ် မေနှင်းဆီ ငေးကြည့်နေရပါ၏။ ရှက်တော့ပါဘူးနော် သူ့ကြောင့် “ချစ်ပြုံးနှင်းဆီ”ဆိုတဲ့ သစ်ပင်ကလေး ပွင့်ဖူးကြီးရင့်လာခဲ့ရတာပါ။

သူ့ကို တစိမ့်စိမ့် ကြည့်ငေးရင်း သူမမျက်ဝန်းတွေ စိုရွှန်းအရည် ပျော်ကျလာတာကိုတော့ မေနှင်းဆီ မတားဆီးနိုင်ခဲ့ပါ။

“ကိုယ် ဝေဘာဂီအထိ လိုက်ပို့ဦးမယ်”

“ဟင့်အင်း ကိုကိုကြီး အပြန်နောက်ကျနေလိမ့်မယ်”

သူမ၏အသံများက ဆို့နစ်တိမ်မြုပ်လျှက်။ သူကြားမှ ကြားရ လေရဲ့လားတောင်မသိ။

သို့သော် သူမ၏စာအုပ်ထည့်သည့် စလင်းဘက်အဖြူလေး ကိုယူရင်း မြို့ပတ်ရထားပေါ်ထိ သူလိုက်ပါလာခဲ့သည်။ လူကျပ်လှသည့် မြို့ပတ်ရထားတွဲထဲမှာ သူမနှင့်သူ ယှဉ်တွဲထိစပ်လျှက်။ လောကကြီးက သာတောင့်သာယာဖြင့် ကျီစယ်နေပြန်သည်။

သူမတို့နှစ်ဦးစလုံး စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။ မေနှင်းဆီ ရင်ထဲမှာတော့ နှလုံးသားတို့ နာကျင်ဆွေးမြည့်နေကြသည်။ မနက်ဖြန် တစ်ခါထပ်မံ ခွဲကြရဦးမည်။

မဆေးချာတဲ့ မနက်ဖြန်တွေကို ရင်ဆိုင်ဖို့ ခွန်အားတွေ ပေးထည့် ပေးပါဦး။ ကိုကိုကြီးရယ် . . .

နေ့အစ္စခါမှ ပေါ်လာတဲ့ ဥသြငှက်ကလေးတွေလိုပဲ ကျွန်မလည်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လုံး ပုန်းရှောင်ဝေးကွာနေရဦးမယ် တစ်သက်လုံး · · · တစ်သက်လုံးအထိ · · ·

"ချစ်ပြုံးနှင်းဆီ"

"ရှင့်"

ရောက်ခါနီး တစ်ဘူတာအလိုမှာ ကျောက်ဆစ်ရုပ်ကြီး အသက်ဝင်လာသလို သူကမေနှင်းဆီ၏လက်ကို ကိုင်ဆုပ်ဖျစ်ညှစ်လျက် · · ·

"ကိုကိုကြီးကို ခွင့်လွှတ်ပါနော်"

"ဟုတ် · · · ဟုတ်ကဲ့"

ဘာတွေမှန်းမသိပေမယ့် သူစိတ်ချမ်းသာလျှင် ပြီးတာပဲမဟုတ်လား။ ဝေဘာဂီရောက်သည်အထိ သူကမေနှင်းဆီ၏ လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ဘဝမှာဆက်လက်ရှင်သန်ဖို့ သူမရေရာရပြန်သည်။

သူမှန်းလျှင် ကြွေမည့်ပန်းကလေးက သူကမ်းတော့လည်း လန်းဆန်းမွှေးရင့် ရပြန်သည်ပါပင်။

(သူမ၏စလင်းဘက်ထဲမှာ သူ့ငွေနှစ်ထောင် ထည့်ပေးခဲ့ပါသည်)

* * *





နောက်ထပ် (၆)လခန့်ကြာသောအခါ စာအုပ်ကိစ္စအတွက် မုတ်သုန်မှာသဖြင့် မေနှင်းဆီ သွားရပြန်သည်။ သူမမှာ ရေးပြီးသား နောက်ထပ်(၅)အုပ် ပါသွားခဲ့သည်။ ဘယ်လိုအခြေအနေပင် ဖြစ်စေ မေနှင်းဆီကလည်း နှလုံးသားခံစားမှုအားတွေကြောင့် စာအုပ်တွေတွင်တွင် ရေးလို့ရနေခဲ့သည်မှာ အံ့သြစရာပင်။

သည်တစ်ခါတော့ ဝေဘာဂီ ဘူတာရုံလေးထဲမှာ သူမတို့ စာအုပ်ကိစ္စ ဆွေးနွေးဖြစ်ကြသည်။ မေနှင်းဆီ ဖုန်းဆက်သဖြင့် မုတ်သုန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဘူတာရုံလေး၏ တစ်ခုသော ကျောက်ခုံတန်းလေးမှာ သူမတို့ အရေးကြီးသောစကားများ ပြောဖြစ်ကြပါ၏။

"စာအုပ်တွေက အလားအလာကောင်းပါတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူရှာလို့မရ ဖြစ်နေတယ်။ ကိုယ်နှစ်နေရာလောက် ဖတ်ဖို့ပေး ကြည့်ပြီးပြီ အသစ်ဆိုတော့ မတင်ချင်ကြဘူးနဲ့တူပါတယ်"

မှတ်သုန်၏စကားကြောင့် သူမတွေဝေငေးမောနေမိ၏။ သူ့အသံများက အဝေးကမ္ဘာမှ လာသည့်နှယ်။ သူ့စိမ်းကားပေမယ့် သူမခံနိုင်ရည်မရှိသေး။ နေစမ်းပါဦး သူမက ဘာအပြစ်တွေ ကျူးလွန်မိခဲ့လို့ သူ့ပြစ်ဒဏ်ကို မချိတရိ ခံနေရတာတဲ့လဲ။ တစ်ခါက ရင်းနှီးကျွမ်းဝင်မှုမျိုးကိုမေနှင်းဆီ တမ်းတနေမိပြန်သည်။

"ကြားလား မေနှင်းဆီ ဘယ်လိုလုပ်ချင်သလဲ။ ကိုယ့်ဘာသာ ထုတ်ကြည့်ချင်သလား"

သူမ စကားမပြန်နိုင်။ ချစ်ပြုံးနှင်းဆီ ကိုယ့်အခြေအနေတွေကို ပြန်လည် စဉ်းစားကြည့်လိုက်၏။ သူမက ငွေဘယ်လောက်များ တတ်နိုင်မှာတဲ့လဲ၊ လစာသက်သက်ပဲရှိသည့် တောကျောင်းဆရာမ လစာကတော့ မပြောပလောက်၊ တစ်လ တစ်လ ကုန်စုံဆိုင်ကြွေး၊ အထည်ကြွေးနှင့်ပင် ပြတ်သည်။ အထည်ကြွေးဆိုလို့ သူမကိုအဝတ်အစား လော်လီသူရယ်လို့ မမှတ်ကြပါနှင့်။ အိမ်မှာ လူ(၆)ယောက်လောက်ရှိပြီး မဝတ်မဖြစ်သည့် ဖိနပ်ထီးနှင့် ချည်ကြမ်းပုဆိုးလေးများ တိုလီနတ်စလေးများ၊ နောက်ဆောင်းရာသီကျတော့ စောင်လေး၊ ဘာလေး၊ ဒါတွေနှင့်ပင် အထည်ဆိုင်ကြွေးက ဆယ့်နှစ်ရာသီ တင်ရှိနေခြင်းဖြစ်သည်။

မေနှင်းဆီ စဉ်းစားချိန်ကြာသွားတော့ သူကစကားဆက်၏။

"ကိုယ်လည်း စာပေတိုက်လေး၊ ဘာလေး ထူထောင်ကြည့်ဖို့





စိတ်ကူးမိတာတော့ ရှိတယ်။ ဒီလိုလေ ခမ်းခမ်းနားနားတော့ မလုပ်နိုင်သေးဘူးပေါ့။ ထုတ်ဝေရေးလေးဘာလေး လုပ်ကြည့်ချင်နေတာ ခုတော့ မေနှင်းဆီ ကိစ္စပေါ်လာတာနဲ့ စလုပ်ကြည့်ရမလို ဖြစ်နေတယ်"

သူ့စကားကြောင့် သူမအားတက် သွားမိသယောင်ယောင်။ ဘာပဲဖြစ်ဖြစ် ကိုယ့်နှလုံးသွေးနှင့် မင်တို့ရေးသားသည့် စာအုပ်ကလေးများကို စာဖတ်သူလက်သို့ ရောက်ရှိသွားစေချင်တာ၊ စာအုပ်အဖြစ်မြင်ချင်မိတာတော့အမှန်။

"ဒါဆို ကျွန်မစာအုပ်တွေ ကိုကိုကြီး ထုတ်မယ်ပေါ့ ဟုတ်လား"

"မင်းပြောသလောက်တော့ မလွယ်ဘူးလေ။ ကိုယ့်အခြေအနေကတစ်ယောက်ထဲလည်း မချိနိုင်သေးဘူး။ စာအုပ်တစ်အုပ်ရင်းဖို့အတွက်လိုတဲ့ငွေထဲမှာ မင်းရော ဘယ်လောက်ပါနိုင်မလဲ"

"ကျွန်မ"

မေနှင်းဆီ၏ စကားလုံးများ ပါးစပ်ထဲမှာပင် နင်သွားကြသည်။ ဘယ်လောက်တတ်နိုင်မလဲ . . .ဘယ်လောက်တတ်နိုင်မလဲ အိုကြီးအိုမ မိဘနှစ်ပါးကို အပူမကပ်ချင်တာတော့ အမှန်။ သို့သော် စာအုပ်ကလေး၊ ဘာလေး ထွက်လာရင်တော့ မိဘများကိုလည်း သူမကောင်းကောင်း ပြုစုပေးနိုင်မည်ထင်သည်။ အမေတို့နှင့်တိုင်ပင်ကြည့်ရလျှင်ကောင်းမည်။

"ကိုယ်ကလည်း မေနှင်းဆီ ဆီမတောင်းချင်ပါဘူး။ ဒါပေမယ့် အခြေအနေက အဲဒီလိုဖြစ်နေတယ်။ တစ်သိန်းလောက် ရှာပေးနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျန်တဲ့အရင်းအနှီး ကိုယ်ရှာထည့်သွားလို့ ဖြစ်မယ်ထင်ပါတယ်"

တွေဝေငေးမော ်နရာမှ မေနှင်းဆီ ခေါင်းကိုလေးတွဲ့စွာ ခေါင်းညိတ်ပြမိခဲ့သည်။ နောက်ထပ်သူပြောသည့် စကားတွေကိုလည်း မကြားတစ်ချက် ကြားတစ်ချက်။

"စာအုပ်ထွက်တာနဲ့ မေနှင်းဆီရဲ့ငွေကို ကိုယ်ပြန်ပေးနိုင်မှာပါ"

သည်တစ်ခါတော့ သူမတွေးတွေးဆဆ ဝင်ပြောဖြစ်ခဲ့သည်၊

"နောက်စာအုပ်တွေ ဆက်ထုတ်မှာမို့ ကိုကိုကြီးမှာ အရင်းအနှီး မရှိဖြစ်သွားမှာပေါ့ ဆက်သုံးထားမှဖြစ်မှာပေါ့"

ပေါ့ပေါ့လေး စကားပြောတတ်သည့် မုတ်သုန်မှာ မေနှင်းဆီ ထောက်ပြမှုကြောင့် ငြိမ်သက်သွားရ၏။

"ဘာပဲဖြစ်ဖြစ်လေ ဒီကိစ္စကို မေနှင်းဆီလည်း ကြိုးစား ကိုယ်လည်းကြိုးစားမယ်။ ကိုယ်ကတော့ စာပေတိုက်အသစ်အတွက် နာမည်တွေ၊ ဘာတွေတောင် စဉ်းစားထားပြီ"

"စာအုပ်တိုက်ဟုတ်လား ကိုကိုကြီးမှာ တိုက်ရှိလို့လား"

သူမ၏အသိနှံနှ မေးခွန်းကြောင့် မုတ်သုန်ကျွဲမြီးတိုသွားမတတ်။

"တိုက်တော့ ဘယ်ရှိမလဲ တိုက်ခန်းတောင် ငှားနေရတာ။ ဘာလဲ မေနှင်းဆီက လှောင်တာလား"

"မဟုတ်ပါဘူး ကျွန်မ တကယ်မသိလို့ပါ ကိုကိုကြီးရဲ့ စာပေတိုက်နာမည်လည်း ပြောပါဦး"





"ပန်းပင်လယ်"

မေနှင်းဆီရင်ထဲမှာ ပန်းရနံ့တွေ ယခုပင်မွှေးပျံ့လှိုင်းချင်းသွားသယောင်ယောင်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



မေနင်းဆီရဲ့ အိမ်မှာ သည်ကိစ္စက ပေါ်ပြူလာဖြစ်နေသည်။ တစ်အိမ်လုံး တက်ကြွစွာ ပါဝင်လှုပ်ရှား စဉ်းစားပေးကြသည်။

ငွေတစ်သိန်းဆိုတာ ပိုက်ဆံရှိသူတွေအတွက် ဘာမှမဟုတ် နိုင်သော်လည်း မေနင်းဆီတို့ အဆင့်နှင့်တော့ အလှမ်းကွာလွန်းလှသည်။

နောက်ဆုံး သူမစုထားသည့် ငွေလေးက နှစ်သောင်းရှိုးစု၊ ဈေးမှချေးတာက နှစ်သောင်း၊ အမေ့ဆွဲကြိုးလေးပေါင်တာက ငါးသောင်း။ ပိုက်ဆံတစ်သိန်းက တစ်အိမ်လုံးစုတာတောင် မပြည့်သေး။ နောက်ဆုံး တော့ အိမ်ကိုအလည်ရောက်နေသည့် မမလေး၏ လက်စွပ်ကို ခေတ္တငှား ပြီးပေါင်ပေးလိုက်တော့သည်။





အလွန်ဆုံး ၄ - ၅ - ၆ လကြာရင်တော့ ဒီပိုက်ဆံတွေ ပြန်ရမှာပဲ မဟုတ်လား။

ငွေသွားပို့ရင်း သူမတို့စီမံကိန်းကြီး ယခုပင်အကောင်အထည် ပေါ်တော့မယောင် မေနင်းဆီ ပျော်ရွှင်နေမိခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထုတ်ဝေရေးကိစ္စကိုတော့ မလွယ်ကူထင်သည်။ နောက်ထပ်တစ်နှစ်ခန့်ကြာမှ မေနှင်းဆီ၏ ပထမဦးဆုံး စာအုပ်လေး ထွက်လာခဲ့သည်။ စာအုပ်လေးကိုကြည့်ပြီး တစ်အိမ်လုံးပျော်ရွှင်နေမှုက ခံစားနေရသည့် ဆင်းရဲဒုက္ခအပေါင်းကို တခဏလွှတ်မြောက်စေသည်။

ဒီနှစ်လယ်ရှုံးသည်။ အမေက ကျန်းမာရေးမကောင်း။ ခြံထဲက ရသည့်ငွေလေးနှင့် မေနှင်းဆီ၏ လစာမှာ အိမ်သားများအား ပရိုတင်းဓာတ်မပေးနိုင်။ ထမင်းနှင့်ငါးပိရည်သည်သာ ဒီအိမ်သားတွေရဲ့ အာဟာရ။

အရောင်လှသည့် စာအုပ်လေးကိုကြည့်ပြီး အနာဂတ်အတွက် စိတ်ကူးယဉ်ကြသည်။

"သမီးရေ ညည်းစာမူခရရင် ရွာကသိမ်ဆောက်တဲ့အထဲမှာ





အဖေဘာသိခန်း လှူချင်တယ်။ သားစဉ်မြေးဆက်လည်း ကုသိုလ်ပီတိဖြစ်ရတာပေါ့၊ ကမ္ဘည်းတွေဘာတွေ ထိုးမှာမဟုတ်လား"

"အမေကတော့ သားတွေကို ပဋ္ဌင်းခံပေးချင်တယ်။ အကြီးအကျယ်မဟုတ်ပါဘူး။ ပကာသနတွေ ဘာလုပ်မလဲကွယ် နည်းနည်းပါးပါးပေါ့"

"မီးမီးကိုတော့ ဈေးထဲခေါ်သွားပြီး မုန့်တွေဝယ်ကျွေး. . .မီးမီးကြိုက်တဲ့မုန့်တွေ လျှောက်နိုက်စားရင် အန်တီလေးက ပိုက်ဆံအိတ်ကြီးတစ်တောင်လောက်နဲ့ နောက်ကခပ်တည်တည် လိုက်ရှင်းနော်"

"သမီးကိုတော့ အင်္ကျီလှလှလေးတွေဝယ်ပေး၊ နှုတ်ခမ်းနီလည်းဝယ်ပေး။ သူငယ်တန်းမှာ သမီးအလှဆုံးဖြစ်သွားအောင်"

သူ့အဆင်ပြေပါစေ. . .

သူ့ရဲ့ပန်းပင်လယ်လေး မွှေးပျံ့သင်းထုံနိုင်ပါစေ. . .



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၈)

မြူသို့ဝင်သည့် လမ်းကလေးမှာ ထီးဆောင်းရင်း မိုးရေများကို သူမအံ့တုနေမိပြန်သည်။ တစ်နာရီလောက် ခပ်သွက်သွက် လျှောက်ရသည့်လမ်းတွေမှာ မေနှင်းဆီ၏ ခြေဖဝါးများနှင့် ငယ်စဉ်ကတည်းက အသားကျပြီးဖြစ်သည်။

အပြာရောင်နှစ်သက်သည့် ကောင်မလေးအတွက် ပြာလွှင်သော မိုးကောင်းကင်ကြီးက မိုးရေစက်တွေ ရွာချပေးနေတာပေါ့ . . . ရင်ထဲထိအေးအောင် ရွာချပေးလိုက်စမ်းပါမိုးရယ် . . .

မရွာဘဲ မမည်းလိုက်ပါနဲ့နော်
အုံ့လည်းမအုံ့ ပြာလည်းမပြာ
ရင်ထဲမှာတော့ နွေရာသီ





ချစ်သူ ဝိညာဉ်နှုတ်ထားလို့ အသက်မဲ့သွားရတဲ့ ကောင်မလေး တစ်ယောက်ဟာ မေနှင်းဆီတဲ့လား . . .

ပထမစာအုပ်က ကိုးသောင်းလောက် ရှုံးသွားသတဲ့။ ဂရိ သူဌေးကြီး အိုနာစစ်ကတော့ သင်္ဘောအစင်းတစ်ရာမှောက်တယ်ဆိုလည်း တုန်လှုပ်မှာမဟုတ်။ သူမမှာဖြင့် ထိုအရှုံးသတင်းသည် နှလန်မထူစေနိုင်လောက်အောင်။ အိမ်သားများကိုလည်း ထိုသတင်း မပေးခဲ့။ လက်ရှိဆင်းရဲမွဲတေမှုကို မေ့လျော့ပြီး လင်းလက်လှပလာမည့် အနာဂတ်ကို မျှော်တွေး စိတ်ချမ်းသာနေသူများအား ထိုသတင်းဆိုးကို သူမ မပေးရက်။

မေနှင်းဆီ တစ်ယောက်ထဲပဲ တိတ်တဆိတ် ရင်ထဲမှာငိုကြွေးနေလိုက်ပါမည်။ သို့သော် ဒီသတင်းအတွက် သူမဆောက်တည်ရာမရ။

ဒါဖြင့် သူမရဲ့ အရင်းလေး ကုန်သွားပြီပေါ့။

ဒါဖြင့် တင်ရှိနေသည့် အကြွေးတွေ ဘယ်လိုဆပ်မလဲ။ အရင်းတွေ အတိုးတွေ . . .

အနာဂတ်က ဝေးပျလွန်းသည်။ သူမကမ္ဘာမှာ အမှောင်နှင့်မည်းမည်း . . .

ကျွန်မရဲ့ မီးပြတိုက်လေးရယ် ကျွန်မရင်ထဲကို အလင်းတွေ ပေးစွမ်းပါဦး . . . ကျွန်မ မတတ်နိုင်တော့ဘူး။

မုတ်သုန်က နောက်ထပ်ငါးသောင်းလောက် ရာခိုင်းပြန်သဖြင့် မေနှင်းဆီ သူငယ်ချင်းထံမှ ချေးပြီးပေးထားခဲ့ရပြန်သည်။ ဒီတစ်ခါတော့ မရှုံးပါစေနဲ့တော့ကွယ်။ ချစ်ပြုံးနှင်းဆီဆိုတာ ဒီလောက်တောင်ညံ့သတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ ခွက်ခွက်လန်အောင် ရှုံးရသည့်အဖြစ်က သူမရင်ကို တစစ်စစ် ကိုက်ဝါးဖဲ့ခြွေနေပြန်သည်။

နောက်ထပ် ငါးအုပ်ရေးပြီးသွားပြီဆိုတော့ သူ့ထံမှာ ချမ်းပြုံးနှင်းဆီရဲ့ စာအုပ်ပေါင်း (၁၆)အုပ်တိတိပေါ့။ လူမှာ…စိတ်မှာ…ကိုယ်ခန္ဓာမှာ…နှလုံးသားမှာ…ဗျာပါဒတွေ သောကတွေ ဖိစီးလွှမ်းသဖြင့် မေနှင်းဆီ လောလောဆည့် စာမရေးနိုင်တော့၊ သူမ၏အနုပညာစမ်းချောင်းကလေးသည် အဝေးသို့ ပြယ်လွင့်သွားခဲ့ပေပြီ။

မြို့ထဲသို့ရောက်လျှင် မေနှင်းဆီ စာတိုက်သို့ အရင်ဝင်ခဲ့သည်။ ဒီလထုတ်မဂ္ဂဇင်းလေး တစ်စောင်က သူမကို အမောပြေဆီးကြိုနေ၏။ စာအုပ်လေးကို ရင်မှာဖိရင်း မေနှင်းဆီ မိုးရေထဲသို့ ပြန်ထွက်ခဲ့စဉ် စာတိုက်ထဲမှ လှမ်းခေါ်သံ ကြားလိုက်ရသည်။

“အမရေ ဒီမှာစာတစ်စောင် မိတ်ဆက်စာတွေ ဘာတွေလား တော့မသိဘူး စာအိတ်ကတော့ ရှယ်ပဲ”

“ဪ”

ချစ်သူဆီက စာကလေးလား။ သူမ လှပ်ခနဲရင်ခုန်ရင်း စာအိတ်ကိုဆွဲယူကြည့်လိုက်တော့ သူ့လက်ရေးမဟုတ်။

“အဟမ်း”

သူမရင်ထဲမှ ရယ်မောမိသည်။ ချစ်သူတဲ့၊ ဒါတရားရဲ့လား။ နှမ်းပူးလေးငုံ တစ်ကိုယ်လုံးကိုလည်း သူဖက်ပူးခဲ့ပါတယ်၊ ဤမျှနှင့်တော့ ချစ်သူလို့ ကမ္ပည်းမတင်ထိုက်ပါ။ ချစ်တယ် မပြောခဲ့ပူသူအား သူမက





အဘယ်ကြောင့် ဤမျှဖွဲ့လန်းမိခဲ့ပါလိမ့်။

နှလုံးသားကို ဦးစားပေးသည့် အနုပညာသမားပီပီ၊ သူမ အရိုင်းဆန်လွှန်းခဲ့သည်။

စာအိတ်ကို ကြည့်လိုက်ရုံနှင့် မင်းအံ့ထံမှစာဖြစ်ကြောင်း မေနှင်းဆီသိပါသည်။ သူမ၏ပြန်စာကို သူရရှိပြီးသွားပြီ ထင်ပါသည်။

စာတိုက်အောက်မှ လက်ဖက်ရည်ဆိုင်လေးထဲမှာ လက်ဖက်ရည် ပူပူတစ်ခွက်မှာသောက်ရင်း မေနှင်းဆီ စာကိုဖောက်ဖတ်လိုက်သည်။ သူ့စာလေးက နွေးနွေးရှရှ။

ညီမလေး…

ပထမဦးဆုံး ပြောချင်တာကတော့ ကိုယ်ဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသား တစ်ယောက်ဖြစ်သွားပြီ ဆိုတာပါပဲ။ ညီမလေးရဲ့ ပြန်စာဟာ နိုင်ငံရပ်ခြားက ကိုယ့်အတွက် အဲဒီလောက် ခံစားဝမ်းသာစေရပါတယ်။ ကျေးဇူးတင်ပါတယ် ညီမလေးရယ်…

ကိုယ် မလေးမစား ရေးမိခဲ့တယ်ဆိုရင် ခွင့်လွှတ်ပါ။ ရိုးသားနိမ့်ချတတ်တဲ့ ညီမလေးကို ကိုယ်အရမ်းခင်မင် လေးစားသွားမိပါတယ်။

မကြာခင် ကိုယ်ပြန်လာရတော့မယ် လက်ဆောင်တွေ တပွေ့တပိုက်နဲ့ မင်းဆီလာတဲ့အခါ ခေါင်းခါခါ လည်ခါခါနဲ့တော့ မရက်စက်လိုက်ပါနဲ့နော်…

မင်းတို့မြို့မှာ တည်းခိုခန်းရှိရင်ရပါပြီ။ ဒါမှမဟုတ် မင်းအိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တံစက်မြိတ်အောက်မှာ နှင်းရည်သောက်ရင်း လရောင်သောက်ရင်း ကိုယ်အိပ်စက်ပါ့မယ် . . .

စာအုပ်တွေလည်း ဝယ်လာခဲ့မယ်နော် . . .

ကဗျာဆရာမလေးရဲ့ အနှစ်သက်ဆုံးလက်ဆောင်ဟာ စာအုပ်တွေဖြစ်မယ်မှန်း ကိုယ်ကြိုတင်သိပြီးသားပါ။

ကိုယ်ရဲ့ခင်မင်မှုကို အလေးအနက်ထားပါလို့ ထက်ဆင့်တောင်းပန်ပါရစေ . . .

ညီမလေးချစ်ပြုံးနှင်းဆီ အမြန်ဆုံးဖူးပွင့်
ဝေဆာနိုင်ပါစေ . . .
မင်းအံ့

"ဟိုက်"

စာလေးကိုဖတ်ရင်း မေနှင်းဆီ ရင်ပူသွားရသည်။ သူက ဒီထိလိုက်လာမယ်ဆိုတာကို။ "မလာနဲ့ . . . မလာနဲ့ . . ." လို့ ရင်ထဲမှ အကျယ်ကြီး အော်ပြီးတားဆီးနေမိတာ မင်းအံ့ကတော့ သိမည်မထင်။

ရှုတ်ရှုတ်ရက်ရက် ရယ်လို့မထင်မိပေမယ့် မေနှင်းဆီ စိတ်အိုက်တာအမှန်။ ကိုယ့်ဝေဒနာနှင့်ကိုယ် ရင်ပူဟပ်နေရဆဲ ဆီမီးခွက်က ထတောက်နေရသေးသည်။ ပြီး သူမမှာ ညှော်သည်လာလို့ ညှော်ခံကျွေးမွေးရန်လည်း မပြည့်စုံပါ။ ညှော်သည်ကို ညှော်ဝတ်တောင် မပြုနိုင်။





အင်းလေ သူလည်း ချက်ချင်းရောက်မလာသေးပါဘူး။ သူငယ်ချင်းတွေနှင့် တိုင်ပင်ရဦးမည်။

စာကလေးကို စလင်းဘက်ထဲသို့ ထိုးထည့်ပြီး လက်ဖက်ရည်ဆိုင်မှ သူမထွက်ခဲ့သည်။ သူငယ်ချင်းတွေနှင့် ဆုံရဦးမည်။ လစာထုတ်ရင်း စကားပြောကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်ဆီမတောင်းချင်သေးပါဘူးဟာ နင်သိတဲ့အတိုင်း ငါ့မောင်လေးက "ဆေး"ဝင်တော့ ငွေကအရမ်းကုန်တယ် မဟုတ်လား ဗသုကာသွားချင်း အဖေလိုက်ပို့တဲ့စရိတ်ရော ကျောင်းအပ်တာ အဆောင် အပ်တာ နောက်ကျောင်းနဲ့ အဆောင်ဝေးတော့ စက်ဘီးလေးဝယ်ပေးခဲ့ရ တာတွေ ဘာတွေနဲ့ တော်တော်ကုန်သွားခဲ့တယ်။ အတိုးလေးဖြစ်ဖြစ် ဒီလဖြစ်အောင် ရှင်းပေးပါနော်။ နင်သိတဲ့အတိုင်း နင့်ကိုငါအလွတ်တိုး (၅)ကျပ်နဲ့ပေးထားတာပါ။ နောက် တစ်လ၊ နှစ်လကြာရင်တော့ အရင်းပါ ပြန်ပေးမှဖြစ်မယ်။ တို့မှာလည်း ငွေကုန်ကြေးကျတွေကများတော့"

ပညာရေးမှူးရုံးထဲမှာ မေနှင်းဆီ ခွေ့းပြန်နေမိသည်။ ဟုတ်တာ ပေါ့ . . . ငွေငါးသောင်း လှည့်ပေးထားရှာသည့် သူငယ်ချင်းမကို စိတ်





မကောင်းစွာ ငေးကြည့်ရင်း သူမသွယ်မျိုးလွင်နှင့် သက်ထက်စိုးကို စောင့်နေရ၏။ မေနှင်းဆီ၏ ဦးနှောက်တစ်ခုလုံးကတော့ ဖျစ်ဖျစ်မြည် နေပြီဖြစ်သည်။

"ငါ့ကို တစ်ဆယ်တိုး၊ ဆယ့်ငါးကျပ်တိုး လာပေးပြီး ငွေချေးတဲ့ လူတွေရှိတယ်။ နင့်ဆီက မတောင်းရက်ပေမယ့် ခုအခါက ကမ္ဘာမီး လောင်နေပြီမဟုတ်လား။ သိပ်တော့စိတ်မညစ်ပါနဲ့ နှင်းဆီရယ်။ နို့ နင့်စာအုပ်တွေ ထွက်တာကရော ပိုက်ဆံတစ်ပြားမှ မရသေးဘူးလား နင့်ထုတ်ဝေသူကရော ဟန်မှဟန်ရဲ့လားဟယ်"

ခင်ငြိမ်းဦး၏ စကားကြောင့် မေနှင်းဆီ စိတ်မကောင်းဖြစ်ရ သည်။ သူကမေနှင်းဆီကို မယုံတာလား၊ မှတ်သုန်ကို မယုံတာလား မသိ။

"သူလည်း အဆင်မပြေသေးလို့ နေမှာပေါ့ဟာ သူကလည်း အခုမှ ငါ့အတွက်နဲ့ပတ်သက်ပြီး စာပေတိုက်အသစ် ထူထောင်ရတာကိုး။ ငါးအုပ်ရှိပြီဆိုတော့ ငွေလေးဘာလေး နည်းနည်းပါးပါး သူပေးနိုင်မယ် ထင်ပါတယ်"

"အေးပါ ဒါဆိုလည်းပြီးရောပေါ့။ တော်ကြာ နင့်အတွက် နင့်အတွက်နဲ့ သူ့အတွက်သူ လုပ်စားသွားတာမျိုးဖြစ်မှာ စိုးလို့ပါ နင်က တောထဲမှာ နေတာမဟုတ်လား။ နင့်စာအုပ်အခြေအနေလည်း နင်ဘာမှ သိတာမဟုတ်ဘူး။ သူပြောသမျှနဲ့ ပြီးနေရတဲ့ဘဝ"

ခင်ငြိမ်းဦး စကားအပေါ် သူမ မခံချင်ဖြစ်သွားရ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူကကိုယ့်ကို ငွေချေးထားသူ အရင်းနှီးဆုံး သူငယ်ချင်း တစ်ယောက်လည်းမဟုတ်ပါလား။

"ဒါကတော့ဟာ သူများတွေဆို အသစ်ဆိုရင် ငါးအုပ်ထိတောင် အလကားပေးကြရသတဲ့ သူကတော့ ငါ့အတွက် လုပ်ပေးနေရရှာတာပါ"

"ဒါဆိုလည်း ပြီးရောပေါ့။ ငါကနင့်အတွက် စိုးရိမ်လို့ ပြောတာပါ။ ငါချေးထဲ ခဏသွားလိုက်ဦးမယ် မောင်လေးဆီ ခုလငွေမတင်ရသေးဘူး။ ငါ့လက်စွပ် ခဏသွားပေါင်လိုက်ဦးမယ်"

စိတ်ဆိုးသွားပုံရသည့် ခင်ငြိမ်းဦးအား စိတ်မကောင်းစွာ ကြည့်နေရုံမှတစ်ပါး မေနှင်းဆီ မတတ်နိုင်သေး။ လောလောဆယ် သူ့အတိုးတောင် ဘယ်လိုကြံရမှန်းမသိ။ လစာကို မျှော်လင့်လို့လည်းမဖြစ်။ လစဉ်ချေးကြွေးနှင့်ပင် လစာကပြတ်နေပြီဖြစ်သည်။ တစ်လ (၂၅၀၀)။ ဆယ်လပြည့်ပြီဆိုတော့ နှစ်သောင်းငါးထောင်။ ဘုရားရေ။

သူမမှာ ကိုကိုကြီးထံ စာကောက်ရေးရပါချေ၏။

ကိုကိုကြီး . . .

စာအုပ်ထုတ်ဝေရေးက အဆင်ပြေရဲ့လား . . .

ငွေရေးကြေးရေးတွေ မပြောချင်ပေမယ့် ကျွန်မလည်း အရပ်ကျပ်တည်းနေပါတယ်။ အားနာပေမယ့် ကျွန်မကို ငွေနည်းနည်းတော့ ပြန်ပေးပါဦးနော် . . .

ဆယ်ရက်လောက်ကြာရင် ကျွန်မရန်ကုန်ဆင်းလာခဲ့ပါရစေ။ အနည်းဆုံး ငါးသောင်းလောက်ဖြစ်ဖြစ် ရှာထားပေးပါ ကျွန်မစာအုပ်တွေ





ရော အခြေအနေ သိချင်ပါတယ် မရှုံးပါစေနဲ့လို့ ဆုတောင်းနေရတာပဲ။

ကျွန်မကို စိတ်မဆိုးပါနဲ့ . . .

မေနှင်းဆီ

ဟိုး အရင်တုန်းကလို သံယောဇဉ်တွေ မပါဝင်စေရဘဲ ကင်းပြတ်စွာ ရေးသားထားရသည့် စာကလေးကို ကြေကွဲစွာကြည့်ရင်း မေနှင်းဆီ စာအိတ်ပိတ်နေစဉ်က သူငယ်ချင်းများ၏အသံကို ကြားလိုက်ရသည်။

"ဟေ့ ဘာတွေ ခိုးကြောင်ခိုးဝှက် လုပ်နေတာလဲ . . . မိပြီ . . . မိပြီ . . . ဘာလဲ . . . ကိုမင်းအံ့ဆီ ရေးမလို့လား"

"ငါတို့ကိုပြောတော့ စိတ်မဝင်စားဘူးလေး ဘာလေးနဲ့ ခုတော့ ရေးထားတဲ့စာတောင် ပြဖော်မရတော့ဘူး"

မေနှင်းဆီ၏ဘေးမှာ ဝင်ထိုင်ကြရင်း သူတို့အပြစ်တင်တော့ သူမ မချိပြုံးပဲ ပြုံးပြရပါသည်။

"အထင်မလွဲကြပါနဲ့ဟာ ကိုကိုကြီးဆီ ငါပိုက်ဆံလိုတဲ့အကြောင်း။ ပိုက်ဆံလာယူမယ့်အကြောင်း ကြိုတင်စာရေးလိုက်တာပါ။ အကြောင်းမကြားဘဲသွားရင် သူ့ခမျာ ငွေကအဆင်သင့် ရှိချင်မှရှိမှာပေါ့"

"နင့်ကိုကိုကြီးကလည်း စာအုပ်ထွက်တာဖြင့် ငါးအုပ်ရှိပြီ၊ ဘာမှ ပေးဖော်မရသေးဘူး။ ကျေနော့ သူချည်းစားပစ်နေတယ်ထင်တယ်။ သူ့အိမ်နင်ရောက်ဖူးလား. သူ့မှာမိန်းမတွေ ဘာတွေရှိလား ကျေနော့သားစာ မယားစာချည်းဖြစ်ကုန်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သွယ်မျိုးလွင်၏ စကားကြောင့် မေနှင်းဆီ ထိတ်ခနဲမျက်ပြူးဆံပြာဖြစ်သွားရပါချေ၏။ သူ့ ၁စ်ခါမှ ထင်မထားခဲ့သည့် မေးခွန်းပါလား. . .

"သူ့အကြောင်း ငါကြားဖူးတာတော့ သူ့မှာမိန်းမရှိခဲ့ဖူးတယ်။ ကလေးနှစ်ယောက်ရှိတယ်။ သူတို့ဘာကြောင့် ကွဲတယ်တော့ မသိဘူးပေါ့ဟာ အခုသူက သူ့မေမေနဲ့ သူ့မိသားစုနဲ့ပဲ ပြန်နေတယ်"

သက်ထက်စိုး၏အသံက အခြားကမ္ဘာမှလာသည့်နှယ် မေနှင်းဆီ ပူထူကြေကွဲနေရသည်။ သူမဒါတွေ ဘာမှလည်းမသိရ။ သူ့အင်တာဗျူးများသည် စာပေနှင့်ပတ်သက်သည့် အင်တာဗျူးများသာ။ သူ့အကြောင်း၊ ကိုယ့်အကြောင်းလည်း တစ်ခါမျှ ဆွေးဆွေးနွေးနွေး မမေးဖြစ်၊ မရေးဖြစ်ကြသည်မို့ ဒီသတင်းက မေနှင်းဆီကို ရင်နှင့်စေပါသည်။

"ဩော် ငါ. . .ဒါတွေ ဘာမှမသိဘူး။ ကလေးလေးတွေ သနားပါတယ် ကလေးတွေက ဘာလေးတွေလဲ ဘယ်အရွယ်တွေရှိပြီလဲ"

"ဒါတော့ နင့်ဘာသာနင် တွေ့မှမေးပေတော့ နင့်ကိုကိုကြီးက နင့်ကိုခပ်စိမ်းစိမ်း ဆက်ဆံတာ ဒီအကြောင်းတွေကြောင့် ဖြစ်မှာပေါ့"

"တွေ့စကတော့ သူအရမ်းဝမ်းသာသွားလို့ လွတ်ထွက်သွားတာနေမှာ. . .နင့်ကို ဒီအထိတောင်လိုက်ပို့သေးတယ် မဟုတ်လား။ နောက်မှ ကိုယ့်အကြောင်း ကိုယ်သတိရပြီး ဘရိတ်အုပ်လိုက်တာဖြစ်မယ်။ သူ့





အကြောင်းခေါင်းထဲ မထည့်ပါနဲ့ဟာ နင်စဉ်းစားချင်ရင် ကိုမင်းအံ့အကြောင်းပဲစဉ်းစား"

မေနှင်းဆီ မပျော်နိုင်တော့ပါ။ သို့သော် သူငယ်ချင်းများအား အိတ်ထဲမှ စာကိုထုတ်ပေးလိုက်ပါ၏။ သူမကတော့ ကိုယ့်အတွေးနှင့်ကိုယ် အဆွေးကြီးဆွေးနေမိသည်။ သူမနှင့် ကိုကိုကြီး၏ အဖြစ်အပျက်များက မျက်ဝန်းထဲမှာ တရေးရေး လောင်ကျွမ်းလျှက်။

ဘာဖြစ်လို့ မချစ်နိုင်ဘဲ ပြုစားခဲ့သလဲကွယ် ကိုကိုကြီး ရက်စက်တယ်. . .

ရင်ကိုခွဲ နှလုံးသားကို နှုတ်ယူဘွာခတ်ပြီး ကျွန်မနှလုံးသားကို ပြန်ထည့်ပေးခဲ့တယ်. . .

သူခွဲခဲ့သည့် ရင်တစ်ပြင်လုံး ချုပ်ရိုးတွေ ပြည့်ရှလျှက်။ ခွဲစိတ်ဓားတစ်ချောင်းနှင့် သူမွှေမွှ ဆွဲလှန်ခဲ့သည့် သူမ၏နှလုံးသားခမျာ ယခုတိုင် မွမွဆွတ်ကျင် သွေးစိမ့်ယိုစီးလျှက်. . .

ဒါတွေ ကိုကိုကြီး သိရဲ့လားဟင်. . .

သို့သော် သူမ ကိုယ့်မျက်ရည် ကိုယ်ချုပ်ထိန်းလိုက်ပါသည်။ သူ့မှာ ကလေးလေး နှစ်ယောက်နဲ့တဲ့ သူ့မှာမိန်းမရှိခဲ့ဖူးသတဲ့။

ဖျတ်ခနဲ လွတ်ထွက်သွားတဲ့စိတ်ကို ပြန်လည်ချုပ်ထိန်းနိုင်တာ သူတော်စင်ပေါ့. . .

ပုထုဇဉ်စိတ်ကတော့ အမှားကို တွေ့ရှိတတ်ကြမည်။ အမှားကိုရပ်တံ့ထားနိုင်တာ သူတော်စင်စိတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုကိုကြီးကို အပြစ်မမြင်နိုင်ပါ။ အပြစ်မမြင်ရက်ပါ။ သို့သော် အပြစ်မမြင်နိုင်တာက တခြားသူမ ရင်ကွဲတာက တခြားပဲဖြစ်သည်။

ရင်ထဲမှာ အုံ့မှိုင်းဆွေးလျစိတ်ကို အနိုင်နိုင်ချုပ်ထိန်းရင်း မိုးရာသီထဲ သူမမျှောပါလွင့်ဝဲနေခိုက် သူငယ်ချင်းနှစ်ယောက်၏ ဝမ်းသာလှိုက်လှဲသံများကို မေနှင်းဆီကြားလိုက်ရသည်။

"မိန်းမ ရင်တော့ ကော်တာပဲ ဟိုကလိုက်လာချင်တဲ့အထိ ရှင့်ကိုစွဲလန်းနေတာနော် ကေန္တတော့သူလည်း စာရှူး၊ ပေရှူးပဲ ဖြစ်ရမယ်"

"စိတ်ကူးမလွဲနဲ့ နှင့်ကိုကိုကြီးကဖြင့် နှင့်ကိုအရေးတောင်လုပ်တာမဟုတ်ဘူး။ သူ့မိန်းမ၊ သူ့ကလေးတွေပဲ သူ့ခေါင်းထဲရှိလို့ ခုလိုနင့်ကိုအရေးမလုပ်ကာပေါ့"

"ဒီလိုလုပ်ဟာ ကိုမင်းအံ့လိုက်လာရင် ငါတို့ကိုလည်း အကြောင်းကြားငါတို့လည်း ကိုယ်တတ်နိုင်သမျှ ကူပြီးညှိခံပေးမှာပေါ့။ ကျွေးရေးမွေးရေးလေး ဥပမာဟာ နင့်မှာ ပိုက်ဆံမရှိလည်း ငါတို့ခဏချေးမယ် ထမင်းဆိုင်မှာ လိုက်ဝယ်ကျွေးလိုက်ပေါ့။ တို့တောမြို့ရဲ့ ထမင်းတစ်ပွဲက ဘယ်လောက်ရှိတာမှတ်လို့"

တက်ကြွနေကြသည့် သူငယ်ချင်းများကို အသက်မဝင်သည့် အကြည့်ဖြင့်ကြည့်ရင်း မေနှင်းဆီမှာ ငေးမောနေရုံပဲ တတ်နိုင်သည်။

ချစ်သူ ဝိညာဉ်နှုတ်ထားလို့ အသက်မဲ့သွားတဲ့ကျောက်ဆစ်ရုပ်





ကလေးကို အသက်မသွင်းချင်ပါနဲ့တော့ ကိုမင်းအံ့ရယ်. . .

ကျွန်မအိမ်တံစက်မြိတ်အောက်မှာ နှင်းရည်သောက်၊ လရောင်သောက်ချင်ပေမယ့် ရင်ကွဲနေတဲ့ မိန်းမပျိုရဲ့ မျက်ရည်များပဲ ရှင်သောက်သုံးရလိမ့်မယ် . . .



www.burmeseclassic.com

www.burmeseclassic.com



| | (အရင်း) | | (ရောင်းရငွေ) | | |
|---|---|---|---|---|---|
| (၁) | ၁၇၂၉၂၃ | အုပ် ၁၀၀၀ | ၃၀၉x၂၅၀-၇၇၂၅၀ | ၉၅၆၇၃ | ရှုံး |
| (၂) | ၁၅၉၇၂၈ | အုပ် ၆၀၀ | ၃၂၇x၃၅၀-၁၁၄၄၅၀ | ၄၅၂၇၈ | ရှုံး |
| (၃) | ၁၅၀၃၄၅ | အုပ် ၈၀၀ | ၃၆၂x၃၅၀-၁၂၆၇၀၀ | ၂၃၆၄၈ | ရှုံး |
| (၄) | ၃၀၀၈၆၇ | အုပ် ၁၀၀၀ | ၅၅၃x၄၅၀-၂၄၈၈၅၀ | ၅၂၀၁၇ | ရှုံး |
| (၅) | ၂၈၄၅၀၇ | အုပ် ၁၀၀၀ | - | ၂၈၄၅၀၇ | ရှုံး |
| | | | ကြော်ငြာ | ၁၁၄၃၀၈ | |
| | | | နောက်ထက်ရှုံးတင်၅x၂၀၀၀၀ | ၁၀၀၀၀၀ | |
| | | | စုစုပေါင်းရှုံးငွေ | ၇၁၅၄၃၁ | |





သူရှင်းပြထားသည့် စရင်းစာရွက်လေးကို ဖတ်ရင်း မေနှင်းဆီ၏ လက်တွေ့တဆတ်ဆတ်တုန်ယင်လာခဲ့သည်···အရှုံးကြေးက မချိမဆန့်။ သူမနှင့် ဘယ်လိုမှမနီးစပ် ဒီစာရွက်ကို ဘာသဘောနှင့်ပြတာလဲ သူမ ထံအကြွေးတောင်းမလို့လား···ရင်ထဲမှာပူနေမိသောကြောင့် ကြေကွဲစိတ်မှာ ခေါင်းမပြူသာ···

ချစ်ပြုံးနှင်းဆီဆိုတာ ဒီလောက်တောင်ညံ့သတဲ့လား···

၅အုပ် အထိလည်း ရှုံးစုန်းပဲလား ဟုတ်ရောဟုတ်ရဲ့လား။ သူမစကားမပြောနိုင်။ နေရာမှာတင် ထိုင်ရက်အသက်ပျောက်သွားလျှင်ကောင်းမှာပဲ···

သူ့တိုက်ခန်း ကြမ်းပြင်၊ ဖယောင်းပုဆိုး ပေါ်မှာ သူမက ကျုံ့ကျုံ့ ထိုင်လျှက်။ သူ့အမေနှင့် သူညီမလေး ၂ယောက်ကတော့ ဖိုက်ဘာကုလားထိုင်လေးများမှာ ထိုင်နေကြသည်။ တကယ်က မေနှင်းဆီ ဆင်းထိုင်နေမိခြင်းဖြစ်သည်။ မှတ်သုန်၏အိမ်မှာ အယ်ဒီတာ၊ စာရေးဆရာ၏အိမ်ပီပီ စာအုပ်များက တောင်လိုပုံလျှက်။ သူမမှာ စာဂျပိုးပီပီ စာအုပ်များကို မွှေနှောက်၊ ဖတ်ရှုနေခိုက် သူက စာရင်းရှင်းပြလာခြင်းဖြစ်သည်။

"အစကတည်းက ကိုယ်ရှင်းပြမလို့ပါ ဒါပေမယ့် မင်းစိတ်ဓာတ်ကျသွားမှာစိုးတယ်လေ ဘာပဲဖြစ်ဖြစ် အခု မင်းပြောတဲ့ငွေကို ကိုယ်ရှာပေးလိုက်ပါ့မယ် မင်းကတော့ ထင်မယ် မင်းစာအုပ်တွေနဲ့စားသောက်ကြီးပွားနေတယ်လို့ထင်မယ် တကယ်က မင်းဆီလည်းကိုယ်စာရေး ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ပါ ကိုယ့်သူငယ်ချင်းတွေဆီက ငွေ ၅သိန်းခွဲပြီး မင်းစာအုပ်တွေ အဆက်မပြတ်ထုတ်နိုင်ဖို့ကြိုးစားခဲ့ရတယ် ကိုယ်စေတနာကို နားလည်စေချင်တယ်···"

မေနှင်းဆီ စကားပြန်မပြောနိုင်။ စောဒကမတက်နိုင်။ ပြန်လည်မဆွေးနွေးနိုင်ခဲ့။ သူမ တစ်ကိုယ်လုံး နလုံးသွေးများဆူပွက်နေကြ···

သူမမှာ အကြွေးတွေလည်းပင်းနိုက်နေတယ်···

လောလောဆည် သူငယ်ချင်းရဲ့ အတိုးကိုပေးရမယ်···

မမလေးရဲ့လက်စွပ်ပြန်မပေးနိုင်ရင်လည်း သူတို့လင်မယားကွဲတော့မယ်···

"ဒီ ဒီပိုက်ဆံတွေ ကျွန်မ ပေး···ပေးရမှာလား···"

မေနှင်းဆီ ဦးနှောက်ပူအောင် စဉ်းစားကြည့်မိပြန်သည်။ သူမတို့ဘယ်လိုလုပ်ငန်းစမိခဲ့ကြပါလိမ့် သူမတစ်ခါမှ အရှုံးဆိုတာကိုလည်းထည့်မတွက်မိ သူမ ညံ့ပါသည်။ အရှုံးဆိုတာ ထည့်တွက်မိလျှင် မေနှင်းဆီဒီလိုစာအုပ်ထုတ်ချင်စိတ် ပေါ်ပေါက်ခဲ့မှာမဟုတ် ယခုလို ဒုက္ခရောက်မည်မဟုတ်···

နေစမ်းပါဦး သူမ ဘယ်လိုကတိတွေပေးခဲ့မိသလဲ···ရှုံးသမျှဒဏ် ကျွန်မခံပါ့မယ်လို့များ ပြောခဲ့မိပါသလား···

"ကိုယ်လည်း စာပေတိုက်တစ်ခု ထူထောင်ကြည့်ချင်တယ်မင်းစာအုပ်တွေထုတ်မယ် ကိုယ်တစ်ယောက်ထဲ မနိုင်လို့မင်းလည်းတတ်နိုင်သလောက်တော့ထည့်···"





ဟုတ်သလား ဒီလိုပဲသူပြောခဲ့သည်မဟုတ်ပါလား သူကတောင်ပထမအုပ်ထွက်သည်နှင့် အရင်းပြန်ပေးမည်ဟုပြောခဲ့ပါရဲ့···အေးလေသူလည်းမသိနားမလည်လို့ နားမလည်သေးလို့ ပြောခဲ့တာဖြစ်မှာပေါ့

"မပေးရပါဘူး ဒါပေမယ့် အဲဒီအရှုံးကြွေးတွေကျေအောင်၁၀အုပ်လောက်ထိရင်းရမယ်···"

"ရှင်···"မေနှင်းဆီနားထဲမှာ လက်ပစ်ဗုံးတွေအလုံးတစ်ရာလောက် ကပ်ပြီးပေါက်ကွဲကုန်ကြသလား···သူမတစ်ယောက်ထဲ အနုမြူဗုံးအကြဲခံလိုက်ရသည်ဟု မေနှင်းဆီခံစားလိုက်ရသည်။ လူက နေရာမှမလှုပ်သော်လည်း သူမ တစ်ကိုယ်လုံး ဇောချွေးတွေပြန်လာခဲ့သည်။

အကြွေးတွေ အတိုးတွေ ပြဿနာတွေ သူမ ဘယ်လိုရှင်းရမလဲသူမ ဘယ်လိုလုပ်ပါ့မလဲ···

သူမရဲ့ နောက်မှာ အားကိုးတကြီးမျက်ဝန်းလေးတွေ ဆာလောင်တော်မျှော်နေသည့်မျက်ဝန်းတွေ ကိုယ့်မိသားစုကို သူမ မြင်ယောင်နေမိ၏။ မေနှင်းဆီ ခေါင်းတွေမူးနောက်လာခဲ့သလို နေရာမှာပင်အသက်ပျောက်သွားချင်စိတ်က တားမရ ဆီးမရ သူ့စာရင်းကရောမှန်လို့လား···

သည်စဉ် မုတ်သုန်၏ မေမေက နေရာမှထပြီး သူ့အခန်းထဲသို့ဝင်သွားခဲ့သည်။ သူ့ညီမလေး ၂ယောက်ကလည်း သူမကိုလှမ်းပြီးစကားတွေဝင်ပြောကြပါ၏။ သို့သော် မေနှင်းဆီ ဘာမှမကြားတော့ဘာမှနားမလည်နိုင်တော့ပါ သူမ အလိမ်အညာခံရပြီပေါ့···



www.burmeseclassic.com

www.burmeseclassic.com



၁၀ အုပ် ၁၀ အုပ် ၁၀အုပ်အထိ ရင်းရမတဲ့ ၁၀ အုပ်အထိ ပိုက်ဆံမရဘူးတဲ့။ အလကားပေးရမတဲ့။

ကိုယ်ကငွေမက်လို့ စာရေးခဲ့တာမဟုတ်ပေမယ့် စာအုပ်ထုတ်ဖို့ ငွေတစ်သိန်းခွဲ ချေးငှားပေါင်နှံပြီးပေးခဲ့မိသည် မဟုတ်ပါလား။ တစ်အုပ်စာ အရင်းလေ. . .

ပြီး စားစရာမရှိသော်လည်း လျော်စရာရှိရမည်။ ကိုယ်တော်သည် က အကြောင်းမဟုတ်။ သူများအကြွေးတွေက မပေးလို့မဖြစ်။ မဆပ်လို့မဖြစ်။ ချစ်သူရယ် ၁၀ အုပ်လိုချင်ရင်လည်း အစကတည်းက စာအုပ် ၁၀ အုပ်ပဲယူလိုက်ပါလားကွယ် ခုတော့ မလိမ့်တပတ်နဲ့. . .

သူငယ်ချင်းတွေဆီကဲ ငွေချေးလို့ရမယ်ဆိုရင်လည်း အစက တည်းကချေးလိုက်ပါလား။ ဆင်းရဲသူမဆီက ဘာလို့ယူခဲ့ရသလဲ ယခုတော့ သူမမှာ ဒုက္ခပင်လယ်ဝေခဲ့ပြီ. . .

ဘာစကားတစ်ခွန်းမျှမပြောနိုင်တော့ဘဲ နေရာမှငုတ်တုတ် အသက်ပျောက်မတတ် ဖြစ်နေရတာလည်း မေနှင်းဆီရက်ပါသည်။ သို့သော် သူမ မတတ်နိုင်တော့။ သူမ အသံမထွက်နိုင်တော့။ သူမ ဒီလောက် တောင် ရုပ်ပျက်ရ၊ ညှိုးဖျော့ရသတဲ့လား။

"အခြေအနေကတော့ ကောင်းပါတယ် တဖြည်းဖြည်းစောင် ရေတက်လာတယ် နောက် တစ်အုပ်၊ နှစ်အုပ်လောက်ဆိုရင် ကောင်းသွားမှာပါ အခု ဖြစ်နေတဲ့ စာပေလောကအခြေအနေက ဒီလိုပဲ စာအုပ်အ ရောင်းအဝယ်တွေအေးတယ် စာအုပ်တွေအထွက်ကျဲတယ် စိတ်ဓာတ်မကျ





ပါနဲ့ ဒီလိုပဲ လုပ်သွားရမှာပဲ အရှုံးနဲ့တော့ ဘယ်ရပ်ထားနိုင်မလဲ ဒီလောက် ထိ ရှုံးလာ၊ ရင်းလာပြီးမှတော့ ရှေ့ဆက်ရမှာပဲ ခုဆို မေနှင်းဆီ ချစ်ပြုံးနှင်းဆီဆိုတာ စာဖတ်သူတွေသိလာပြီ စာအုပ်အငှားဆိုင်တွေသိလာ ပြီ အဝယ်လည်းလိုက်လာပါတယ်. . ."

စိတ်ဓာတ်က အဆုံးထိကျသွားပြီမို့ သူ့စကားတွေ သူမ၏ နားထဲမှာ လျှံကျသွားခဲ့သည်။ လောလောဆည် သူမလုပ်ချင်တာ ဟိုး အောက်က လမ်းမကြီးပေါ်ပြေးဆင်းပြီး လျှောက်ပြေးလိုက်ချင်စိတ်ပဲ ဖြစ်သည်။ သူ့တစ်ပါးအိမ်မှာ အော်ငိုပစ်ဖို့ရာလည်း နေရာမရှိ။

မေနှင်းဆီ စာတွေဆက်ရေးပါ ခုဆို နောက်ထပ်မရေးတာ ဘယ် လောက်ကြာပြီလဲ ကိုယ့်ဆီမှာရှိသမျှကတော့ ကွန်ပျူတာစီပြီးနေပြီ ရုံးတင်တာနဲ့ဘာနဲ့ဆိုတော့ အဆက်မပြတ်ဆက်ထွက်ဖို့အတွက် ခုကတည်းက ဆက်ရေးနေမှဖြစ်မှာပေါ့ ကဲဆက်ရေးမလား မရေးဘူးလား နောက်ထပ်ရေးရော ရေးဦးမှာလား ရပ်ထားမှာလားပြော ဘာစကား တွေပြောချင်သေးလဲ မေနှင်းဆီ ကြည့်ရတာ ဘာစကားမှလည်းမပြောဘူး မျက်လုံးကြီးအပြူးသားနဲ့ ကဲ ပြောလေ ဘယ်တော့မှ စာဆက်မရေးတော့ ဘူးလား. . ."

လောလောဆည် သေပစ်ချင်လိုက်စိတ်ပေါက်နေသည့် သူမအား သူက အလိုက်မသိ တတွတ်တွတ်မေးနေလျှင် မေနှင်းဆီ ငိုချင်စိတ်တို့ တားမရ ဆီးမရ။ သူမ အသံထွက်လို့မဖြစ် အသံနှင့်အတူ မျက်ရည်များ ပါသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏နှလုံးသားလေး ပျက်စီးသွားခဲ့ပြီ...

ထိုအတူ သူ့အပေါ် အထင်ကြီးစိတ်၊ ကိုးကွယ်စိတ်၊ မြတ်နိုးစိတ်၊ ပဲ့ကြည်ဖိတ်များလည်း ဖျက်ခနဲပြိုကွဲသွားလေ၏ သူ့ကိုမယုံတော့။

ကိုယ်မြတ်နိုးသည့်၊ ကိုယ်တည်ဆောက်ခဲ့သည့်၊ ကိုယ်မျှော်မှန်းခဲ့သည့် အနာဂါတ်ဗိမ္မာန်လေး တစ်စစီပြိုကွဲ မှုန့်မှုန့်ညက်ညက်ကြေသွားပြီး ထိုအက်ကွဲအပြဲ အပျက်အစီး အစုအပုံကြားမှာတော့ မိန်းမပျိုတစ်ယောက် ဒေါသဟစ်ငိုယို ရင်ကွဲနေလေ၏...

ချစ်ပြုံးနှင်းဆီ ချစ်ပြုံးနှင်းဆီ ချစ်ပြုံးနှင်းဆီ တဲ့..တော်တော်အရူးထတဲ့ သူငယ်မပဲ...

ကိုယ့်ဘာသာ ကဗျာဆရာမလေးလုပ်နေခဲ့ပါလား...

ကိုယ့်ဘာသာ ကလေးတွေကိုစာသင်ရင်း သန့်စင်သည့် တောကျောင်း ဆရာမလေးလုပ်နေခဲ့ပါလား...

မြို့ပြန်သွားရင် ပြဿနာတွေကို ဘယ်လိုရှင်းမလဲ...အခိုးဆုံးကတော့ သူမ၏နှလုံးသားလေး မှုန့်မှုန့်ညက်ညက်ကြေသွားခြင်းပင်ဖြစ်သည်။

သူမ ဘာဆက်လုပ်ရမလဲ သူမ၏အနုပညာသစ်ပင်လေး အဆိပ်ရည်လောင်းခံလိုက်ရပြီ။

သူမ၏အနုပညာစမ်းချောင်းလေးသည် တစ်စက်မှမကျန်အောင် ခမ်းခြောက်လောင်မြိုက်သွားခဲ့ပေပြီ။

"ပြောလေ ဆက်ရေးမှာလား မရေးဘူးလား..."





"ရေး ရေးပါ့မယ်..."

မော်ဆရာကြီးက ကြိမ်စကြာနှင့်ဝင်တော့ သရဲမလေးက ခေါင်းညိတ်ရတာပေါ့။ သို့သော် သူမ၏အသံက တိုးရှအက်ကွဲလျှက်။ သူကတော့ သတိထားမိမည်မထင်။

"ကျွန်မ ကျွန်မ ပိုက်ဆံ..."

"ကောင်းပြီလေ မင်း အရင်းကို ဒီ ၁၀ အုပ်အတွင်းမှာ ကိုယ် အဆင်ပြေသလို ကြည့်တင်ပေးသွားမယ်...နောက်ထပ်စာအုပ် ၅အုပ်လည်း အမြန်ဆုံးရေးတင်ပေးဦးလေ မင်းစာအုပ်ပေးတာနဲ့ တစ်အုပ် သောင်းနှုန်းနဲ့ ၅အုပ်စာ ကိုယ်ရှာဖွေပေးလိုက်မယ်..."

"ကျွန်မရဲ့ ကျန်တဲ့စာအုပ်တွေရော..."

ယခုတော့ သူမ အသံထွက်နိုင်ပြီ၊ စိတ်နည်းနည်းတင်းနိုင်ပြီဖြစ်သည်။ အဆိပ်သင့် စကားလုံးတို့ကတော့ ခပ်ဆွဲဆွဲ။

"ကိုယ့်ဆီမှာ ဘယ်နှစ်အုပ်ကျန်သေးလို့လဲ..."

"၁၆အုပ်လေ ၁၀အုပ်နှုတ်လိုက်ရင် ၆အုပ်ကျန်သေးတယ်"

"အဲဒါလည်း တစ်အုပ် သုံးသောင်းယူပေါ့..."

"ဪ..."

ဟုတ်တာပေါ့ သူမက လာဘ်လာဘကင်းသည့် တောကျောင်းဆရာမလေးမဟုတ်ပါလား။ ငွေမမြင်ဘူးသူ မဟုတ်လား...သုံးသောင်းဆိုကာ များလှပြီလို့ သူက ထင်မှာ၊ တွက်မှာပေါ့

သူမမှာ အသိအကျွမ်းမရှိ...



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ဘက်ကရောင်းမရှိ . . .

သူမမှာ မိတ်ဆွေများမရှိ . . .

စာပေလောကမှာ သူမတစ်ယောက်ထဲ သူမ၏စာအုပ်မျ

အခြေအနေလည်း မေနှင်းဆီမသိပါ . . .

ကြားဖူးနားဝတွေတော့ရှိပါသည်။

စာတစ်အုပ်လျှင် တစ်သိန်း တဲ့။ နှစ်သိန်း တဲ့။ သုံး သိ

တဲ့။ အဲဒါ ဘက်ဆဲလားတွေနေမှာပေါ့ . . . မေနှင်းဆီရယ် နှင်စာရေ

ငွေအတွက်လား . . .

သူမ ရင်ထဲမှာ ငိုလိုက်၊ ရယ်လိုက် . . .

ကဗျာလေး တစ်စက ရင်ထဲမှာ ဖျပ်ခနဲကပ်ခိုပြန်၏ . .

ကျွန်မမှာ ဘက်ကရောင်း မရှိဘူး . . .

ဒိုင်လူကြီး ကိုယ်တိုင် . . .

ပြိုင်ကွင်းထဲ ဝင်ရောက်ပြိုင်ဆိုင်နေတဲ့ပွဲ

နလုံးသားများ စူးရှလဲပြိုနေ . . .

အဟက် ဟုတ်တာပေါ့ သူမမှာ မှတ်သုန်တစ်ယော

နတ်ဒေဝတာ သူပဲ ဥယျာဉ်မှူး သူပဲ ပန်းပျိုးသူ သူပဲ ဒိုင်လူကြီ

ယခုတော့ ထိုဒိုင်လူကြီးက ကစားကွင်းထဲမှာ ခပ်တည်တည်

ဝင်ရောက်ယှဉ်ပြိုင် ကစားနေလေတော့ ရာ

ရင်ထဲမှာ ပူဆွေးသောကရောက်ရလွန်းသဖြင့် မေနှ

မြို့ပြညကို ပြတင်းမှ လှမ်းမော့ကြည့်မိသည် . . .





လရောင်ငုတ်လိုက်တာ မာကျူရီ မီးလုံးတွေနှင့်ချွဲပျစ်ပျစ်

ပြညသည် မေနှင်းဆီကို လှောင်ပြောင်ခြောက်လှန့် နေပြန်၏။

ချစ်သူ့အိမ် တံစက်မြိတ်မှာ လရောင်ငတ်ရင်း နှင်းရည်ငတ်ရင်း

ထိပ်သင့်ခဲ့သည့် သူမရဲ့ညသည် ပူလောင်ခြောက်သွေ့လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ရနံ့တွေနယ်ကြိုင်လှိုင်မွှေးပျံ့သည့် ကျွဲတော်ပင်ရင်းမှ အမေ့ အလောင်းစင်လေးပြင်ထားခဲ့သည်။

အမေ့ရှေ့မှာတော့ မေနှင်းဆီတို့ မောင်နှမများ . . .

ချစ်သူထံမှယူလာသည့်ငွေလေးက ယခုတော့ အမေ့အတွက် အရေးပေါ်ဖြစ်သွားခဲ့သည်။

"အမေသေတာ ပိုက်ဆံမရှိလို့သေရတာ ပိုက်ဆံမရှိလို့ တ... ရှုတ်ဆိုရင်း သတိသမ္ပဇဉ်တွေပျောက်နေသည်။ အငယ်ဆုံးမောင်လေး... မေနှင်းဆီ နှိုးကြည့်နေမိသည်။ သူမရင်ထဲမှာ မလုံမလဲစိတ်နှင့်ကြေကွဲ... က ထွေးလုံးရစ်ပတ်လျှက်။





ဟုတ်သလား မောင်လေးပြောတာ ဟုတ်သလား . . .

သူမတို့ ကုတော့ ကုခဲ့သည်ပါပဲ နှလုံးမကောင်း၊ အဆုတ်မကောင်းသည့် တရှောင်ရှောင် အမေ့အား ဟသ်ာတ၊ ပုသိမ် ဆေးခန်းများအထိတော့ ကုပေးနေခဲ့ကြသည် မဟုတ်ပါလား။ အိမ်ထောင်ရှင်သားသမီးများကလည်း အမေ့ဆေးဖိုးကို ဝိုင်းဝန်းပေးကြပါသည်။

မေနှင်းဆီ ကြေကွဲမိပါ၏။

အမေ့ဆွဲကြိုးလေးကို သူမ ယူပေါင်ထားမိသည်။ လယ်ရောင်း ကုဖို့ကျတော့လည်း လွယ်လွယ်နှင့်ရောင်းမထွက် နိုင်းနွားတွေရောင်းဖို့ကျတော့လည်း သူမတို့မရောင်းရက်ကြ။ ဒီလိုနဲ့ပဲ အမေ သေဆုံးခဲ့ရသလား

ခေတ်မီဆေးဝါးတွေဖြင့် နည်းပညာတွေတိုးတက်နေသော်လည်း ဆေးဖိုးတွေ သိန်းချီအကုန်မခံနိုင်ကြသည့် လယ်သမား၊ နွင်းပြားတွေအတွက်တော့ ခေတ်ကြီးငါးခေတ်သည် တသမတ်တည်း။ ဒုံရင်း ဒုံရင်းပါပဲ။ ဟီးနေသည့် ဆေးရုံကြီးများသည် သူတို့အတွက်မဟုတ် . . . အလွန်တော်သည့် ဆရာဝန်ကြီးများသည် သူတို့နှင့်မဆိုင်။

ဂဏ္ဍု ၁၆အုပ်တိတိ ရေးသားပြီးစီးသွားသော်လည်း သူမ၏စာမူခကို တစ်ပြားတစ်ချပ် စားမသွားရှာသည့် ကျေးဇူးရှင်မိခင်ကြီးအား အသည်းအူပြောင်းပြန်လှန်သည့် ကြည့်ဖြင့်ကြည့်ရင်း မေနှင်းဆီ စာရေးချင်စိတ်တွေမရှိတော့။ သူမ၏ ကဗျာရေးချင်စိတ်များသည် အမေနှင့်အတူသေဆုံးသွားလေပြီ လားပင်မသိတော့။

သူမ စိတ်ကူးယဉ်မနေချင်တော့ပါ . . .



www.burmeseclassic.com

www.burmeseclassic.com



အနုပညာဆိုတာ ငါ့အတွက် အဆိပ်ပဲ…

လောကကို အရှိန်း ‘တိုင်းပဲရင်ဆိုင်မယ်…

ကျန်ရစ်ခဲ့သည့် အဖေ့ကိုတော့ မျှော်တလင့်လင့်…ဇာတ်မျောကြီးမှာ ဒုက္ခမရောက်ချင်တော့ပါ…

သူမ ဈေးရောင်းမည်…

ကိုယ့်ခြံထဲကထွက်သည့် သစ်သီးဝလံများကို ကိုယ်တိုင်ရောင်းမည်။ ရွာထဲက သစ်သီးဝလံများကိုလည်း ဖောက်သည်ယူရောင်းမည်။

ကျောင်းတက်ရင်း၊ ဈေးရောင်းရင်းဖြင့် အဖေနှင့်မိသားစုကို ပြုစုလုပ်ကျွေးမည်။

ကဲ ဘာဖြစ်သေးလဲ…

အမေကတော့ မေနှင်းဆီဘာပဲလုပ်လုပ် ပြုံးကြည့်နေလိမ့်မည် ထင်ပါသည်။





“ကံ့ကော်ပန်းလှလှလေးတွေ ရမယ်နော် တစ်စည်းမှ နှစ်ဆယ်”

နွေကျောင်းပိတ်ရက်အစမှာ ကံ့ကော်ပန်းလေးတွေ ပွင့်သည်။ မောင်လေးက တက်ခူးပေးပြီး မေနှင်းဆီကရောင်းသည်။ ငါးပွင့်စီစည်းထားသည့် ပန်းစည်းလေးများသည် ပန်းဗန်းကလေးထဲမှာ အပြည့်အမောက်။

သို့သော် ရာသီပေါ်ပန်းကလေးကို လူကြိုက်များသလို ချစ်ပြုံးနှင်းဆီကိုလည်း လူကြိုက်များသည် ထင်ပါသည်။ သနပ်ခါးပါးကွက်ကြားလေးနှင့် ခပ်နွမ်းနွမ်း စာရေးဆရာမလေးသည် သူတို့မြို့၏ လက်တို့ပြစရာ။

ပန်းဗန်းလေးကို လက်ဝါးပေါ်တင်ရင်း ဈေးထဲမှာ သူမရွေ့သက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းနေခိုက် သူမ၏ရှေ့မှာ လူတစ်ယောက် ရပ်လာခဲ့သည်။ စတိုင်ဘောင်းဘီပွပွ သမင်ရောင်နှင့် အင်္ကျီအဖြူလက်ရှည်တို့အပြင် ရှူးတွေဘာတွေဖြင့် သန့်ရှင်းသပ်ရပ်သော ထိုသူကို မေနှင်းဆီ ရှပ်ခနဲကြည့်ရင်း . . .

"ပန်းယူမလို့လား . . . တစ်စည်းမှ နှစ်ဆယ်ပါရှင်"

ထိုသူက သူမ၏ဗန်းထဲမှာ ကျန်ရှိနေသေးသည့် ပန်းစည်းကလေးများကို အကုန်ရေတွက်ပြီး လက်တစ်ဖက်ဖြင့် စုကိုင်လိုက်သောအခါ ပန်းများက သူ့အသရေကြောင့် ပိုမိုလှပသွားလေ၏။

"စုစုပေါင်း ကိုးစည်း တစ်ရာ့ရှစ်ဆယ်ကျပါတယ်ရှင်"

သူက တစ်ထောင်တန် တစ်ရွက်ကိုထုတ်ပေးသောအခါ မေနှင်းဆီ သူ့ကို မော်ကြည့်မိပြန်သည်။ ဒီရုပ်ကို သူမမြင်ဖူးသလိုလို။

"ချစ်ပြုံးနှင်းဆီ"

"ရှင်"

"ကိုယ် မင်းအုံ့ပါ"

ဘာကြောင့်မသိ။ သူမချက်ချင်းပင် ငိုရှိုက်မိသွားခဲ့သည်။





ဈေးပေါက်ဝမှာ ရပ်ထားသည့် သူ့ကား ဆင်စွယ်ရောင်လေးရှေ့မှာ သူမတို့ အချေအတင် ဖြစ်နေရသည်။

"ဟင့်အင်း ကျွန်မမှာ စက်ဘီးပါတယ် ကျွန်မစက်ဘီးနဲ့ပဲ ပြန်မယ် . . . ကိုမင်းအုံ့ . . . နောက်ကလိုက်ခဲ့ပါ။ ဒါမှမဟုတ် တည်းခိုခန်းမှာ တည်းချင်တည်း"

ပြောပြီး မေနှင်းဆီရှေ့မှ ပြေးမတတ် လျှောက်သွားနေမိသည်။ သူမတို့မြို့က နယ်မြို့လေးဖြစ်သည့်အပြင် သူမကလည်း တောသူမလေးတစ်ယောက်သာ ဖြစ်သဖြင့် လူတွေကြည့်နေတာ အလွန်ရှက်ရသည်။

"နှင်းဆီ"

သူက အရေးတကြီး လှမ်းခေါ်သော်လည်း သူမလှည့်မကြည့်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဇာက်လမ်းပမာလုပ်ပြီး ပြောကြမှာလည်း မေနှင်းဆီကြောက်ပါသည်။

ကိုယ်အပ်ထားသည့် စာအုပ်ဆိုင်လေးမှ မိန်းမစီးစက်ဘီး အဟောင်းလေးကို သူမခပ်သွက်သွက် ဆွဲယူလိုက်ပြီး ပန်းဗန်းလေးကို လက်ကိုင်မှာ ကြိုးဖြင့်ချိတ်၏။ သူမ အိမ်အတွက် ဈေးမဝယ်ရသေး။ သို့သော် သူကအတူလိုက်ပါနေတော့ တစ်ဈေးလုံးက ဝိုင်းကြည့်နေတာ သူမဒဏ်မခံနိုင်ပါ။

"အိုလေ အိမ်ကျမှ ရွာကဆိုင်မှာ ဘဲဥလေး၊ ခေါက်ဆွဲလေး ဝယ်ပြီး ကျော်ပေးလိုက်မယ်"

ကိုယ့်တရားကိုယ်စီရင်ပြီး မေနှင်းဆီ စက်ဘီးလေးဖြင့် နှင်းပြေးပါလေ၏။ သို့သော် မကြာခင် ကားလေးက သူမ၏လမ်းကိုကျော်တက် ပိတ်ဆို့ခဲ့သည်။ သူကကားပေါ်မှဆင်းပြီး မေနှင်းဆီ၏ စက်ဘီးလေးကို ဆွဲယူထားလိုက်သည်။

"ဘယ်လို ကဗျာဆရာမလဲကွာ ကိုယ့်ဆီလာတဲ့ ကိုယ်ပရိသတ်ကိုများ တည်းခိုခန်းမှာတည်းတဲ့ ရက်စက်တယ်လား···ကားပေါ်တက် အတူသွားကြမယ်···ဒီစက်ဘီးလေး တစ်နေရာရာမှာ အပ်ပစ်ခဲ့။ ပြီးမှ တစ်ယောက်ယောက်ပြန်ယူခိုင်းပေါ့"

"အလုပ်ပိုလို့ရှင် ကျွန်မဘာသာစက်ဘီးနဲ့သွားတာ ဘာဖြစ်သလဲ မပိုနဲ့နော်"

"ကိုယ် လမ်းမသိလို့ ပြောနေတာပေါ့ကွ"





"ကျွန်မ နောက်ကလိုက်ခဲ့ပေါ့ ကျွန်မရှေ့ကနင်းနေတာပဲ"

"ကျွတ် မင်းစက်ဘီးလေးက လိပ်တစ်ကောင်လောက်ရှိတာပဲ ကားက ဘယ်စိတ်ရှည်မလဲ လာပါကွာနော်"

"ဟင့်အင်း စိတ်မရှည်လည်း အဲဒီမှာကျန်ခဲ့ ကျွန်မကတော့ ကိုယ့်စက်ဘီးနဲ့ကိုယ် ပြန်မှာပဲ"

ခေါင်းမာလှသည့် ချစ်ပြုံးနှင်းဆီကို ဆလံသရင်း မင်းအံ့မှာ ဘီးလိမ့်ရုံလေး မောင်းနှင်ရုံမှတစ်ပါး···။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆက်စာများကို အိမ်မှာ ပေးဖတ်ထားခဲ့သည်မို့ မင်းအံ့ကိုတစ်အိမ်လုံးက သိကြပါသည်။ သိတယ်မဟုတ်လား။ ချစ်ပြုံးနှင်းဆီဆိုတာ မိတ်ဆက်စာတွေ ပလူပျံနေသည်မဟုတ်။ အားလုံးပေါင်းမှ သုံးယောက်တည်းသာရှိပါသည်။

သူကလက်ဆောင်ပစ္စည်းများကို အဖေ့ရှေ့မှာချပြီး မွန်ရည်စွာ ကျွန်တော့နေတော့ မေနှင်းဆီ ရက်ရှံ့အံ့ဩရသည်။ အသွင်အပြင်က ခေတ်ရှေ့ပြေးပေမယ့် သူဟာမြန်မာအမျိုးသားကောင်း တစ်ဦးပါပဲ။ အဖေကလည်း အားတုံ့အားနာဖြင့် ရှီးရှီးကြီးပင် ပြောခဲ့သည်။

"အားနာစရာကွာ ဘာဖြစ်လို့ ဝယ်လာရတာလဲ ကြည့်စမ်း သစ်သီးတွေ မုန့်တွေ ဒါအပိုစာတွေပါကွယ်။ ငါတို့လို လူတန်းစားတွေ





အတွက်ကျတော့ ထမင်းနဲ့ ငါးပိရှိရင် အာဟာရဖြစ်တာပဲ အပိုပိုက်ဆံတွေကုန်လို့ နမျောစရာ"

"မဟုတ်ပါဘူး ဦးလေးရယ် ဒါအပန်းမကြီးပါဘူး။ လူကြီးသူမတွေကို ကန်တော့တယ်ဆိုတာ မြန်မာ့လူနေမှုစနစ်ပါ⋯မင်္ဂလာတစ်ပါးပါ"

"အေးလေ ဒါပေမယ့် အားနာတယ်ကွာ"

အဖေကအားနာစကားတွေ အထပ်ထပ်ဆိုနေတော့ သူအနေရကျုံ့နေသည့်အတွက် မေနှင်းဆီ သူ့ကို အားနာရပြန်သည်။ ခက်တော့တာပါပဲ⋯

သစ်သားလေးပင် အိမ်ကလေးမှာ ကလေးတွေကလည်း အိမ်နှင့်အပြည့်။ ခါတိုင်းက ခြံထဲမှာ မျောက်ကလေးတွေလို ဆော့ကစားနေကြသော်ငြား ယခုတော့ မြို့ကြီးသား သူ့ကိုဝိုင်းကြည့်နေကြပါ၏။

"ကဲကဲ သားသားတို့ မီးမီးတို့သွားကြတာ အန်တီလေး စိတ်ညစ်နေတယ်သိလား"

သူက ကလေးများကို ချိုချဉ်တစ်ထုပ် ဖောက်ပြီး လက်ဆုပ်စီဝေပေးနေစဉ် မေနှင်းဆီ မီးဖိုထဲသို့ ဝင်လာခဲ့သည်။ အိမ်မှာ မမကြီးရော မမလေးရောမရှိ။ ကျောင်းပိတ်ရက်မို့ ကလေးအငယ်တွေပိုက်ပြီး သူတို့ယောကျ်ားများရှိရာသို့ ပြန်နေကြသည်။ အိမ်မှာ (၈)နှစ်အရွယ် တူမ (၂)ယောက်နှင့် (၆)နှစ်အရွယ် တူမလေးသာရှိသည်။ တူလေးကတော့ ဘေးအိမ်မှ လာဆော့ကစားနေခြင်း ဖြစ်သည်။

"ညှော်သည်လာတာနဲ့တော့ စိတ်မညစ်ပါနဲ့ကွယ် ညှော်သည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နိုင်ငံရပ်ခြားကနေ စိတ်မောလူမောနဲ့ လာခဲ့ရရှာတာပါ။ အမေ့အိမ်တောင် တစ်ရက်ပဲဝင်ပြီး နှုတ်ဆက်ခဲ့ရုံလေးရှိတယ်။ ကဲ ကိုယ်လည်း ကူမှာပေါ့ . . . ချက်ကြစို့ . . . အမယ် သဘော်သားပေမယ့် အထင်မသေးနဲ့ဗျ။ ထမင်း၊ ဟင်းကောင်းကောင်းချက်တတ်တယ်"

ဘာဟင်းမှ ချက်စရာမရှိသည်မို့ မေနှင်းဆီ စိတ်ညစ်နေမိစဉ် မင်းအံ့မီးဖိုထဲသို့ ဝင်လာခဲ့သည်။ အိမ်ကလေးနှစ်လုံးနှယ် ယှဉ်ဆောက်ထားသည့် မီးဖိုခန်းလေးသည် သီးသန့် အိမ်ကလေးတစ်လုံးသဖွယ်။ ဒီမီးဖိုထဲမှာပဲ ထမင်းလည်း စားကြခြင်းဖြစ်သည်။

မျက်ခုံးရှုံ့ပြီး သူမမင်းအံ့ကိုကြည့်တော့ သူ့လက်ထဲမှာ ကြွတ်ကြွတ်အိတ်ကြီးတစ်လုံးနှင့် . . .

"ဘာတွေလဲ"

"ကိုယ်ဈေးဝယ်လာတာလေ"

"ဟောတော့ ဘယ်ကနေ ဝယ်လာတာလဲ ရန်ကုန်ကလား"

"အတွေးကလည်း ချော်လိုက်တာကွာ ဘယ်ရန်ကုန်ကနေ ဝယ်မလဲ . . ကိုယ့်ကားဈေးရှေ့ကနေ အဖြတ်မှာ သတိရလို့ ဆင်းဝယ်တာ။ မင်းတို့မြို့မှာ အစစအရာရာ ဈေးပေါတယ်နော်။ ကိုယ်တော့ တစ်ဈေးလုံးတောင် ဝယ်ပစ်လိုက်ချင်းတယ်။ ညွှေ့သည်ကြီးက ကိုယ်အထုပ်နဲ့ ကိုယ်လာတာပါနော် စိတ်မညစ်ပါနဲ့ အလိုက်သိတတ်ပါတယ်။ ကဲဖယ် ကိုယ်ချက်မယ် နှင်းဆီက တစ်မနက်လုံး ပန်းရောင်းနေရတာ တကယ်ကွာ ဘယ်လိုကဗျာဆရာမ၊ စာရေးဆရာမ ပါလိမ့်နော်"





သူမ၏ရှေ့ရှိ ဖင်ထိုင်ခုံလေးပေါ်မှာ ဝင်ထိုင်ရင်း သူကမေနှင်းဆီကို ရွှန်းရွှန်းစားစားကြည့်စဉ် သူမမျက်ရည်ဝဲလုလု။ လူဆိုတာ ကိုယ့်ဘဝနဲ့ ကိုယ်ပဲရှင်။ လူ့ဘဝဆိုတာလည်း အပျော်ဖော်ဝတ္ထုတစ်ပုဒ် မဟုတ်ပါဘူး။ ဒီလိုပဲ ရှန်းကန်ရမှာပေါ့။ ဒါဟာပဲ ချစ်ပြုံးနှင်းဆီရဲ့ ဘဝပေါ့ရှင်။

"ဘာလဲ ရှင်ကကျွန်မကို စတန့်ထွင်နေတယ် ကုန်ကြမ်းရှာနေတယ်လို့များ ထင်နေသလား ဒါဘဝရှင့် ကျွန်မတို့က အခြေခံလူတန်းစား အနိမ့်ဆုံး လူတန်းစားတွေ။ လယ်သမား၊ ခြံသမားဆိုတာ မြန်မာပြည်ထဲက အနိမ့်ဆုံး လူတန်းစားပါ။ ကျွန်မ ကိုယ့်စားဝတ်နေရေးအတွက် ဈေးရောင်းနေတာ အခုလည်း ဧည့်သည်လာလို့ စိတ်ညစ်တာမဟုတ်ဘူး။ ဧည့်သည်ကို ချက်ကျွေးစရာမရှိလို့ စိတ်ညစ်နေတာ အခု ရှင်ကဈေးဝယ်လာခဲ့တော့ ကျွန်မစိတ်မညစ်တော့ဘူးပေါ့။ ကျွန်မတို့တောင် ကပ်စားလို့ရဦးမယ့်ဥစ္စာ"

မေနှင်းဆီ၏ ရီးသားပွင့်လင်းသည့် ပြောင့်ချက်ကို ကြားရပြန်သော် မင်းအံ့စိတ်မကောင်း ဖြစ်ရသည်။ ကြွတ်ကြွတ်အိတ်ထဲမှ သူဝယ်လာခဲ့သည့် ပစ္စည်းပစ္စယများကိုလည်း စားပွဲခုံပုပုလေးပေါ်သို့ တစ်ခုချင်း ဆွဲထုတ်တင်လိုက်၏။

"ကြက်ကလည်း လတ်ဆတ်နေတာပဲ ငါးဘတ်ကလည်း တစ်ပိဿာမှ ခုနစ်ရာတဲ့။ အရမ်းဈေးချိုတာပဲနော်"

စားပွဲခုံလေးပေါ်မှာ ယခုတော့ ဈေးဆိုင်ဖွင့်ထားသည့်နှယ်။ ရှစ်ဆယ်သားလောက်ရှိသည့် ကြက်ကတစ်ကောင်။ တစ်ပိဿာလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိမည့် ငါးဘတ်ကြီးကတစ်ကောင်။ ပုစွန်ဆိတ်ကြီးများကလည်း ကြွတ်ကြွတ်အိတ်အသေးတစ်လုံး၊ ငါးဆယ်သားလောက်ရှိမှာပေါ့။ သခွားသီးနုနုများနှင့် ဘူးညွန့်သန့်သန့်ကြီးများက သုံးစည်းတောင် . . .

"အလှူအိမ်ကျနေတာပဲ ကျွန်မတို့အိမ်မှာ လူတွေ အယောက်အစိတ်လောက်ရှိတယ် လို့များထင်သလား မသိဘူး"

သူမရေရွတ်နေဆဲ သူကနောက်ဆုံးအဖြစ် ငါးဆယ်သားခန့်ရှိမည့် ငါးကြင်းတစ်ကောင်ကို ဆွဲထုတ်လိုက်ပြန်ပါသည်။

"ဘာဖြစ်လဲကွာ ဒီလောက်ဈေးချိုနေတာကြီး ကိုယ်လည်းဝယ်ချင်တော့တာပေါ့။ တစ်နပ်နဲ့မကုန်လည်း နှစ်နပ်စားပေါ့နော်။ ကဲပါ ဒေါ်ချစ်ပြုံးနှင်းဆီရယ် ကိုယ့်ကို အပြစ်မရှိ အပြစ်ရှာမနေပါနဲ့။ ကြောက်ပါတယ် အရှုံးပေးပါတယ်နော် သနားစရာညည်သည်လေးပါ ခင်ဗျာကဲ နှင်းဆီကထမင်းချက် ကိုယ်ကြက်ကိုင်မယ် . . . ငါးကိုင်မယ် . . . ခုတ်မယ် ထစ်မယ် . . . လက်ရှောင်"

ရှင်းသန့်နေသည့် သူ့စတိုင်ဖြင့် သားငါးခုတ်ရန် ဓားဆွဲယူတော့ မေနှင်းဆီ မျက်စောင်းထိုးမိသည်။ ကြည့်ရတာ အချိုးမပြေ။ အိုဒါပေမယ့် သူမစိတ်ထဲမှာ သူ့ကိုအဘယ်ကြောင့် ရင်းနှီးနေမိမှန်းကိုမသိ။

"အပိုတွေ တကယ်ကူလုပ်မယ်ဆိုရင်လည်း ရှင့်အဝတ်တွေ သွားလဲချေဦး ဒါလေယာဉ်ကွင်းမဟုတ်ဘူး . . . မီးဖိုချောင်ရှင့် မီးဖိုချောင် ရှင့်အဝတ်တွေ ပေကျံစွန်းယင်းကုန်လိမ့်မယ်"

"ဟုတ်သားပဲ ဒါဖြင့်လည်း ခဏနော်"





ကားထဲမှ အဝတ်အိတ်ကိုသွားယူပြီး မငဲ့အဲ့အဝတ်လဲနေသည်မှာ သူ့အိမ်သူ့ယာသဖွယ်ဖြစ်သည်။ ချည်ချောပုဆိုးတိုတိုနှင့် တီရှပ်ပေါ့ပေါ့ပါးပါး ဝတ်ဆင်ပြီး သူမီးဖိုထဲသို့ ပြန်ဝင်ခဲ့ပြန်သည်။ ဒီအချိန်မှာ မေနှင်းဆီ ထမင်းချက်နေပြီဖြစ်၏။ တရှိန်ရှိန် တောက်လောင်နေသော ထင်းမီးဖိုလေးနှစ်ဖိုမှာ တစ်ဖိုက ထမင်းချက်ပြီး တစ်ဖိုက ငါးပိရေကြိုလိုက်သည်။

"ရှင်နေပါ လုပ်ချင်ရင်လည်း အဲဒီမှာ ဟင်းရွက်လေးဘာလေးထွင်၊ ဂေါ်ဖီလှီးပေါ့ . . . ကျွန်မကြက်ကိုင်မယ် . . . ငါးခုတ်မယ်"

သူမက သူ့ကိုညှာသော်လည်း သူကမနာခံချေ။

"မဟုတ်တာ ဒါလေးများ ဘာလဲ ကိုယ့်ကိုမလုပ်တတ်ဘူးထင်လို့လား"

သူကတကယ့်ပင် ရေကပြင်မှာ စဥ့်တီတုံးဖြင့် ကြက်ကိုင်၊ ငါးကိုင်ပါလေ၏။ သူ့လုပ်ပုံ၊ ကိုင်ပုံကိုကြည့်ပြီး မေနှင်းဆီ အံ့ဩရသည်။

"ရှင်တကယ် လုပ်တတ်တယ်နော်"

"ဘာလဲ မင်းက ကိုယ်ကို အထင်သေးသလား။ သဘော်မလိုက်ခင်က ဆင်မလိုက်မှာ ဝက်သားခုတ်နေကျ"

ခပ်တည်တည် သူ့ရုပ်နှင့် မချိုမချဥ် အပြုံးလေးကြောင့် မေနှင်းဆီ ရယ်မောမိပါ၏။ သူမရင်မှာ အနည်းငယ် ပေါ့ပါးသွားသယောင်။ လိုမရယ်မောခဲ့ရတာ ကြာပြီနော်။ ချစ်သူရယ် ရှင်ဟာ ကျွန်မအနားမှာ ရှိမယ်ဆိုရင် ကျွန်မအမြဲပျော်မှာပဲ သူမမှတ်သုန်ကို သတိရမိသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာတစစ်စစ်နာကျင်လျှက် . . .သူလုပ်ရက်ခဲ့တယ်နော် အေးလေ သူ့မှာ သားနဲ့မယားနဲ့ မိသားစုနဲ့ပဲ ငါကသူ့အတွက် အမှိုက်ပါ။ အပိုပစ္စည်းတစ်ခုပါ . . .သူ့မိသားစုအတွက်ပဲ သူလုပ်စားသွားမှာပေါ့ . . .ဒါ . . . ဓမ္မတာပဲ . . .

"ဘာဖြစ်တာလဲ ရယ်နေရင်း ဆွေးသွားတာ ဘာသဘောလဲ ပျော်ပျော်နေစမ်းပါ နှင်းဆီရယ် . . .မင်းအမြဲတမ်း ပျော်နေအောင် ကိုယ် ဘယ်လိုလုပ်ပေးရမလဲ မင်းထမ်းပိုးနေရတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ကိုယ်သယ်ပေးမယ်လေ ကိုယ့်အတွက်တော့ ဒါဟာဘာမှ အပန်းကြီးမှာ မဟုတ် . . ."

သူ့အပြောများကို မေနှင်းဆီ အူကြောင်ကြောင် အကြည့်ဖြင့် ပင် တုံ့ပြန်ခဲ့သည်။

"ကျွန်မက ဝန်တင်မြင်းကလေး ဝစ်ကောင်ပါ။ ဇက်ပေါ့ရင် မနေတတ်ဘူး။ ဘယ်အရာကိုမှလည်း ဝန်ထုပ်ဝန်ပိုးလို့ မသတ်မှတ်ပါဘူး လေ"

ဆွေးဆွေးဝေးဝေး သူမ၏အပြောကို မင်းအံ့ကို ကြင်နာစွာ နားထောင်ခဲ့သည်။

သည်စဉ် မီးဖိုထဲသို့ အဖေနှင့် ကလေးများဝင်လာခဲ့ကြ၏။

"အန်တီလေးရေ . . .မီးမီး ထမင်းဆာပြီ . . .ဘာကူလုပ်ပေး မလဲ"

"ထမင်းတောင် မကျက်သေးဘူး မီးမီးက ဧရတ်သီးထော





နှစ်အိုးစာထောင်းနော်။ အငယ်မက ဟင်းရွက်ထွင်။ အလတ်မက ကင်ပွန်း ချဉ်ရွက်သွားခူး။ ကိုမင်းအံ့ အဖေနဲ့သွားပြီး စကားစမြည်ပြောချည်ပါ ကျွန်မတို့ရပါပြီ"

မီးဖိုထဲမှာ သူမတို့အဖွဲ့တွေ လျှင်မြန်စွာ ချက်ပြုတ်နေခိုက် အဖေနှင့် သူကအဖွဲ့ကျသွားသည်။ ရယ်လို့မောလို့။ ရေနွေးကြမ်းတစ်အိုး နှင့် အမြည်းက သူဝယ်လာသည့် မုန့်များပေါ့။

နှစ်နာရီမျှကြာလျှင် အားလုံးချက်ပြုတ်ပြီးစီးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားတော့ ကလေးကတစ်ပိုင်း၊ လူကြီးများကတစ်ပိုင်းဖြစ်သည်။ ကလေး ၄ယောက်မှာ ကလေးများပီပီ ပျော်ရွှင်စွာ ဟစ်အော်ခုန်ပေါက်တော့မတတ်⋯

"ပျော်တယ်ဟေ့ အန်တီလေးတော့ စာအုပ်ပေါက်ပြီထင်တယ် ကြည့်စမ်း ဟင်းတွေကို စုံနေတာပဲ"

"အေးလေ ကြက်သားဟင်းရော၊ ငါးဟင်းရော၊ ပုစွန်နဲ့ဂေါ်ဖီကြော်ကတစ်မျိုး၊ ငါးပိဆီကြော်၊ ချဉ်ရည်ဟင်း ဟားငါတော့ ဘယ်လိုလုပ်စားရမှန်းတောင် မသိတော့ဘူး"

"မီးမီးတော့ ထမင်းနည်းနည်း ဟင်းများများ စားပစ်လိုက်မယ်။





ပျော်လိုက်တာကွာ အန်တီလေး ဒီငါးပိကျက်ခွက်ကြီးလားယူ မီးမီး မကြည့်ချင်ဘူး"

ကလေးဆိုတာ တွေ့ကြုံခံစားနေရသည့်အတိုင်း ပြောတတ်သူများဖြစ်သည်။ ဟန်ဆောင်တတ်သူများ မဟုတ်ကြ။ ထို့အတူ မေနှင်းဆီဆိုတာလည်း ဟန်ဆောင်တတ်သူ မဟုတ်သည့်အတွက် ကလေးများကိုမဟန့်တားပါ။ သူတို့ပြောနေတာ အမှန်တွေပဲ မဟုတ်ပါလား။ သူဝို့အမေတွေသာရှိလျှင် ကလေးများကို ခေါင်းပူအောင် တခေါက်ခေါက်ခေါက်ကြပေလိမ့်မည်။

"စားကြကွာ အဲဒီမှာ အန်တီလေး ထည့်ပေးတာတွေနဲ့လောက်အောင်စား။ အန်တီလေး အများကြီးထည့်ပေးထားတာနော်။ ရန်လည်း မဖြစ်ကြနဲ့။ စား⋯ ကောင်းကောင်းစားကြ ပြီးတော့ ဒီနေ့ဟင်းတွေက အန်တီလေး ဝယ်ကျွေးနိုင်တာ မဟုတ်ဘူး။ ဟောဒီ ညည့်သည်ဦးဦး ဝယ်ကျွေးတာ ဦးဦးအတွက် ဆုလေးဘာလေး တောင်းပေးလိုက်ကြဦး"

မင်းအံ့မှာ မေနှင်းဆီနှင့် ကလေးများကိုကြည့်ပြီး ရင်ထဲဆို့နင့်လာရသည်။ သူ့ရင်ထဲမှာ ခံစားချက်များဖြင့် လင်းချည်မှောင်ချည်။ ချစ်ပြုံးနှင်းဆီရယ်⋯

"ကျေးဇူးတင်ပါတယ်ဦးဦး"

"ဦးဦး မိန်းမချောချောလေးရပါစေ၊ အများကြီး⋯ အများကြီးချမ်းသာပါစေ"

"ဦးဦးက သူဌေးပဲဟ အခုလည်း ကားနဲ့လာတာကြီးကို ဦးဦး



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာပါစေ အသက်ရှည်ပါစေလို့ပဲ မီးမီးဆုတောင်းပါတယ်"

တစ်ယောက်တစ်ပေါက် အသံလေးများကို သူကစိတ်ရှည်စွာ နားထောင်ခဲ့သည်။

"ကဲ စားကြ မီးမီးတို့ စားကြတော့ကွာ။ အန်တီလေးတို့လည်း စားတော့မယ်"

တကယ်က မေနှင်းဆီ သူနှင့်အတူ ထမင်းဝင်မစားချင်ပါ။ မစားရဲပါ။ စပါးသွားကြိတ်နေရတုန်း။

"စားကွာ သူငယ် ဘာမှအားနာစရာမရှိဘူး။ မင်းပိုက်ဆံနဲ့ မင်းဝယ်လာတာ မဟုတ်လား"

"ဒွိ"

အဖေ့စကားက မှန်လွန်းသဖြင့် မေနှင်းဆီ ကြိတ်ရယ်မိခဲ့သည်။ စားစေချင်လို့ ပြောပေမယ့် စကားကခွကျလိုက်ပါဘိလေ···သူကတော့ ပြုံးပြုံးကြီးနှင့် အဖေ ရိုးသားခွကျတာလည်း သူကလူလည်ကြီးဖိဖိ ချက်ချင်း သိသွား၊ သဘောပေါက်သွားပြီဖြစ်သည်။

ထို့နောက် သူကပင် ဟင်းများကို အဖေတလှည့်၊ မေနှင်းဆီ တလှည့် ထည့်သိုပေးနေခဲ့ပြန်သည်။

"စားအဖေ စားနှင်းဆီ ကိုယ်တော့ စားပြီ"

မင်းအံ့က အဖေ့ကို အဖေဟုပင် အမှတ်တမဲ့ ခေါ်လိုက်မှုကြောင့်ပင် မေနှင်းဆီ တွန့်ခနဲဖြစ်ရ၏။ ဘုရားရေ···အဖေ စိတ်ဆိုးသွားလျှင်တော့ ဒုက္ခပါပဲ။ သူမထမင်းစားရတာ မျိုလို့မကျ။ စိတ်ထဲမှာ





ကျဉ်းကျပ်နေမိသည်။ သူမြန်မြန် ပြန်မှပါပဲ ခက်တာက ကလေးများက အစ နှစ်လိုသွားကြခြင်းပင် ဖြစ်သည်။

"စားလေ ချက်ရပြုတ်ရတာ မောသွားလို့နဲ့တူတယ်။ ကိုယ့်မေမေဆိုလည်း အဲဒီလိုပဲ ညစာကျ နှင်းဆီမချက်နဲ့ ကိုယ်ချက်မယ်"

သူကဲ့ သူမ၏ထမင်းပန်းကန်ထဲသို့ ငါးတစ်ဖတ် ခပ်ထည့်ပေးရင်း ရွှန်းရွှန်းစားစား ပြောခဲ့၏။ မင်းအံ့ကြည့်ရတာ ကိုယ့်အိမ်မှာ ကိုယ်နေသည့်နှယ် ပေါ့ပေါ့ပါးပါး။

သူ့ရှေ့ပန်းကန်ပြားတစ်ချပ်ပေါ်မှာ သူကိုယ်တိုင် စိတ်ရှည်လက်ရှည်ကင်ထားသည့် ငါးကင်ကိုလည်း သံပုရာရည်ညှစ်ဆမ်းနေပါချေ၏။

"ဦးလေးရဲ့ ကျွန်တော်တို့တွေ ပင်လယ်ထဲမှာနေရတဲ့အခါ စားလို့သောက်လို့မကောင်းရင် စားဖိုးမှုနဲ့ပေါင်းပြီး ဒီလိုပဲ ငါးကိုကင်စားကြတယ် အခုဒီရေချိုငါးလို ဘယ်အရသာရှိမလဲ"

ပြောပြီး အဖေနှင့်မေနှင်းဆီကို ငါးကင်မှ အသားများဖဲ့ထည့်ပေးပြန်သည်။ ကလေးများကိုလည်း လှော်ဖဲ့ထည့်ပေး၏။ သူ့မှာယခုထိ ထမင်းကောင်းကောင်း မစားရသေး။ တစ်ဝိုင်းလုံးမှာ သူ့အလုပ်ရှုပ်နေဆုံးဖြစ်သည်။

မကြာမီ အဖေရော ကလေးများပါ တစ်ယောက်ပြီးတစ်ယောက် ထမင်းဝသွားကြပါလေ၏။ မေနှင်းဆီနှင့် သူမှာသာယခုထိ ယောင်တောင်ပေါင်တောင် ရှိနေကြဆဲ···

"နှင်းဆီ ကိုယ့်ကိုထားပြီး ထမင်းဝမသွားနဲ့ဦးနော်။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကျေးပါဦး စကားလေးဘာလေးလည်း ပြောကြရအောင် အဖေတို့ ထမင်းစားတာလည်း အရမ်းမြန်တာပဲ တကယ်ဆို ထမင်းစားတယ်ဆိုတာ အနားယူခြင်းတစ်မျိုးပေါ့။ အေးအေးဆေးဆေး သက်တောင့်သက်သာ စားရမှာ အရေးကြီးတဲ့စကားတွေဘာတွေလည်း ဒီထမင်းဝိုင်းမှာပဲ ပြောကြရတာ နိုင်ငံတော် အကြီးအကဲတွေလိုပေါ့ အခုတော့ အဖေထမင်းစားတာကလည်း သေပြေးရှင်ပြေးကြီး စုစုပေါင်းမှ ငါးမိနစ်တောင် မကြာဘူး"

တကယ်ပင် သူကအဲဖေ့ကို အဖေလို့ခေါ်ပြီး ဝေဖန်ပြနေတော့ မေနှင်းဆီ မခံချင်ဖြစ်ရသည်။ မြို့ကြီးသားရယ် စီးပိုးလိုက်တာနော် သူမ ခပ်စပ်စပ် ပြန်ပြောပစ်လိုက်သည်။

"ဒါတော့ ကျွန်မတို့က တောသူတောင်သားတွေပဲရှင် အချိန်မဖြုန်းတတ်ဘူး...ပြီးတော့ ကျွန်မတို့ဘဝတွေက သမားရိုးကျ ဘဝတွေပဲ...သံတမန်ကြီးတွေလို ကုန်သည်တွေလို နိုင်ငံရေး စီးပွားရေး ဘာအရေးတကြီးစကားတွေမှ ပြောစရာမရှိဘူး။ ကျွန်မတို့အသက်ရှင်နေကြရတာကိုက တစ်နေ့ထမင်းနှစ်နပ် စားရဖို့ပဲဖြစ်တယ်။ ထမင်းစားရင်းနဲ့ ဘဝကိုဖြတ်ကျော်ကြတယ်။ ထမင်းစားဖို့ အလုပ်လုပ်ကြရတယ်။ ထမင်းစားရင်နဲ့ပဲ သေဆုံးသွားကြရမှာပဲ တစ်ခုတော့ ရှိတာပေါ့။ ကျွန်မတို့မှာ လောဘတွေ လှိုင်းကြီးတံပိုးကြီး မရှိဘူး။ မဟုတ်တဲ့ အလုပ်တွေ မလုပ်ဘူး။ လယ်စိုက်၊ သစ်သီးခူး၊ ဈေးရောင်း၊ ကျောင်းတက် ဒီလို သမာရိုးကျအလုပ်တွေလုပ်ရင်း ကျွဲကျွဲရေပါ လောကကို အကျိုးပြုသွားကြတာပဲ..."





"ဒါထက် နေစမ်းပါဦး ရှင်ကအဖေ့ကို ဘာဖြစ်လို့ အဖေလို့ ခပ်တည်တည် လိုက်ခေါ်နေတာလဲ...လျောင်တာလား။ ကျွန်မတို့ဆီမှာတော့အဖေဆိုတာ ကိုယ့်အဖေ၊ ကိုယ့်ယောက္ခမကိုမှ ခေါ်တာရှင့်။ နားလည်း မလည်ဘဲနဲ့ အရမ်းတွေ စွတ်ပြောနေတာပဲ"

မေနှင်းဆီ၏ နှုတ်သီးကောင်းလျှာပါး စကားတွေကို မင်းအံ့က ခပ်ပြုံးပြုံးပင် နားထောင်လေသည်။ သူမှာတော့ အေးအေးဆေးဆေးပင်။ ထမင်းစားတောင် မပျက်။

"စိတ်ကိုအေးအေး ထားစမ်းပါ နှင်းဆီရယ်။ ဒါတွေအားလုံး ကိုယ်နားလည်ပါတယ်။ ကဲစား မင်းကထမင်းစားဖို့ အသက်ရှင်သလို ကိုယ်လည်း အသက်ရှင်ဖို့ ထမင်းစားရမှာပါပဲ မတူသလိုလို ရှိပေမယ့် အားလုံးအတူတူပါပဲကွာ။ ကျောင်းအစ်မရယ်...လောဘ၊ ဒေါသ၊ သောကဆိုတာကတော့ ပုထုဇဉ်လူသားပီပီ ရှိသင့်သမျှတော့ ရှိကြရတာပဲပေါ့။ ဒေါ်ချစ်ပြုံးနှင်းဆီလိုတော့ လောကအပေါ် ခပ်ရိုးရိုးကြီး မမြင်နိုင်ဘူးလေ။ ကဲ စားကြစို့နော်။ ဒီထမင်းတစ်ဝိုင်းလုံးမှာ ကိုယ်တော့ ဒီပုစွန်ဆီပြန်လေးကို အကြိုက်ဆုံးပဲ ကြည့်စမ်း ဒေါ်ဖောင်းလို့ နှုတ်ခမ်းရဲရဲလေးစွနေတာနဲ့ မတူဘူးလား။ ပုစွန်လေးတွေ ကွေးနေ၊ ရဲနေပုံကလေး"

မေနှင်းဆီ သူ့ကို စကားတုဖက် ပြောချင်စိတ်မရှိတော့ သူက ညှိသည်ပဲ။ နေပစေတော့။ သူထည့်ပေးတာတွေ များလွန်းသည့်အခါ သူ့ပန်းကန်ထဲ တစ်ချို့ပြန်ထည့်ပေးရင်းနှင့်ပင် သူမတို့ ထမင်းစားနေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ငယ်ငယ်လေးကတည်းက စိတ်ကူးပေါ့နော်။ ကိုယ်က စာကဗျာတွေကို အရမ်းနှစ်သက်တော့ စာရေးဆရာ၊ ကဗျာဆရာတွေကို လေးစားတယ်၊ အထင်ကြီးတယ်၊ မြတ်နိုးတယ်ပေါ့။ အထူးသဖြင့် ကိုယ်က ယောကျ်ားလေးဆိုတော့ စိတ်ကူးယဉ်တယ်ပဲဆိုဆို ကဗျာဆရာမလေး တစ်ယောက်နဲ့ လောကကို အံတုချင်တယ်၊ ဘဝကို အတူရင်ဆိုင် ဖြတ်သန်းချင်တယ်"

"ဒါဆို ရှင်ကဗျာဆရာမလေးတိုင်းကို လိုက်ပြီး မိတ်ဆက်ခဲ့မှာပေါ့ ဟုတ်လား အရိုက်ခံရမယ့်ကိန်းပဲ"

"အဲဒီလောက်လည်း အပေါ်စားမဆန်ဘူးလေ ကဗျာတိုင်းက ကိုယ့်ရင်ကို မထိရှစေသလို ကဗျာဆရာမလေးတိုင်းကိုလည်း ကိုယ်စိတ်မဝင်စားပါဘူး။ အရှုးမှုမဟုတ်တာကွယ် ကိုယ့်ရင်ထဲမှာ ငုပ်နေတဲ့ စိတ်ကလေးက မင်းနဲ့ကျမှ ပေါ်လာခဲ့တာပါ"

ဒါ လူပျိုစကားပြောတာလား ခုတွေ့ ခုပြော ခုလိုရင်းနီး နေပုံကြီးကို မေနှင်းဆီမကြိုက်။ ကြည့်စမ်း သူ့ပုံစံကြီးက သူမနှင့်သူ ဟာ ယခုမှတွေ့ရတာမဟုတ်ဘဲ ဟိုး သံသရာအဆက်ဆက်ကတွေ့ကြုံ ရင်းနှီးလာခဲ့သည်နှယ်။

မေနှင်းဆီ ထမင်းစားခြင်းအမှုကို လတ်စသတ်လိုက်သည်။ သူ့အနားမှာ မနေချင်တော့။ ထို့အတူ သူနှင့်လည်း စကားတွေ အချေအတင် ပြောမနေလိုတော့ပါ။ ကုန်သွားသည့် ထမင်းပန်းကန်ကိုကိုင်ပြီး





မေနှင်းဆီထရပ်တော့ သူက သူမလက်ကို ဆွဲထားခဲ့သည်။ ရဲရဲ တင်းတင်း . . .

"နှင်းဆီ ကိုယ်ရုတ်ရုတ် ရုတ်ရုတ် မဖြစ်ချင်ဘူးနော်။ ပြဿနာ တစ်ခုကို ရင်မဆိုင်ဘဲ အဲဒီလို ရှောင်မပြေးပါနဲ့ ပြန်ထိုင် . . . ကိုယ်ကို စောင့်နေပါ . . . ဒါပဲ . . ."

သိုင်းဝတ္ထုတွေထဲက သိုင်းဆရာကြီးနှယ် သိုက်သမိုင်းဝတ္ထု တွေထဲက သိုက်ဆရာကြီးနှယ် သူကပိုင်ပိုင်နိုင်နိုင် နိုင်ပြနေပြန်သည်။ မေနှင်းဆီ စိတ်လျှော့ရပါ၏။ နေရာမှာပင် ပြန်ထိုင်ရသည်။ သူက ညှိသည်ပဲနော် . . .

"ဗိုလ်ကျတဲ့သူဆို အရမ်းမုန်းတာပဲ"

မကြားတကြား ရေရွတ်ရင်း မေနှင်းဆီ နှုတ်ခမ်းစူ၊ မျက်မှောင် ကျုံ့ထားတော့ သူကခပ်ပြုံးပြုံးပင် စကားတွေ ဆက်ပြောလေ၏။

"တကယ်ပြောတာပါ။ ကိုယ်နှင်းဆီကို မဂ္ဂဇင်းထဲမှာ ဓာတ်ပုံ မြင်ရကတည်းက ရင်ခုန်တယ် . . . နောက် . . . ကံ့ကော်ပန်းလေးတွေ ရှောင်းနေရတာ မြင်လိုက်ရတော့ ကိုယ့်အသည်းတွေ အူတွေ ပြောင်း ဆန်ပြောင်းပြန်လှန်သွားခဲ့ရတယ်။ ကိုယ် နှင်းဆီကို အရမ်းကြွေတယ် မင်းကို ကိုယ်သိပ်ချစ်မိသွားပါပြီ"

"ဟောတော့"

မှန်တိုင်းတိုက်သည့်နှယ် သူ့ရိုက်ချက်က မြန်လွန်းတော့



www.burmeseclassic.com

www.burmeseclassic.com



မေနင်းဆီမှာ ရှောင်တိမ်းချိန်ပင် မရတော့ချေ။

သူမလုပ်မိသည်က ထမင်းဝိုင်းမှ ဆတ်ခနဲ ထပြေးမိခြင်းသာဖြစ်သည်။



BURMESE CLASSIC .com



တစ်ဖက်ရွာမှ ဘုရားပွဲ၊ ဇလာဇတ်ပွဲရှိသဖြင့် မေနင်းဆီတို့အနီးတစ်ဝိုက် ရွာများက သွားကြသည်။ ခါတိုင်းဆိုလျှင် သွားဖို့စိတ်ကူးချင်မှ ကူးမှာပေမယ့် မင်းအံ့သွားချင်သဖြင့် သူမတို့တစ်ပြုံလုံးလည်းလိုက်ရချေတော့မည်။

လရောင်ဆမ်းသည့် ရွာလမ်းကိုဖြတ်တော့ သူ့အသံကဆွေးဆွေးလျလျ။

"ကိုယ်တော့ တကယ့်လောကနိဗ္ဗာန်ကို ရောက်နေရသလိုပဲ နင်းဆီရယ် လရောင်နဲ့ရွာကလေးရယ် တကယ်ပါပဲ အချစ်ရယ် ကိုယ်အိမ်မပြန်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေနင်းဆီ၏တူ၊ တူမလေးယောက်က ကလေးများပီပီ ရေ့ခပ်လှမ်းလှမ်းမှ ပြေးလွှားသွားလျက်။ သူတို့က ဆိုင်းသံတခြိမ့်ခြိမ့်ဆီသို့ ရောက်ချင်လှပြီ ဖြစ်သည်။

နှစ်ယောက်အတူ ယှဉ်တွဲသွားနေကြရာမှ သူက သူမ၏လက်ကို လာဆုပ်ရင်း လေးလေးနက်နက် ရင်ဖွင့်နေပြန်သည်။ ဘုရားရေ သူဟာ ဘယ်လိုလူကြီးလဲ လူကိုရည်းစားရယ်လို့ ဘယ်တုန်းကတည်းက သတ်မှတ်တံဆိပ်ကပ်ပစ်လိုက်တာလဲ မေနင်းဆီသူ့ဖီး(လ်)များကို ဖြတ်တောက်ပစ်ရသည်။

"လရောင်ဟာ လူကိုရူးသွပ်စေတယ်···စိတ်ကူးယဉ်စေတယ် ကိုမင်းအုံ့မှားနေပြီ။ ကျွန်မတို့ဟာ သာမန်မိတ်ဆွေတွေပါ ချစ်သူတွေ မဟုတ်ကြသေးပါဘူး။ ဒီအရွယ်ကြီးရောက်တော့ ကိုမင်းအုံ့မှာ ချစ်သူတွေ၊ ဇနီးမယားတွေလည်း ရှိချင်ရှိမှာပါ။ ခရီးသွားဟန်လွှဲနဲ့ တောပန်းတစ်ပွင့် ကိုခြေလက်မဆော့ချင်ပါနဲ့နော် ကျွန်မရင့်ကို လေးစားပါတယ်"

"နှင်းဆီ"

သူမက ပေါ့ပေါ့ပြောလိုက်မိသမျှ မင်းအုံ့၏ ထိတ်လန့်နာကျင်သည့်အသံကြားလိုက်ရမှ မေနင်းဆီ လန့်ဖျပ်သွားခဲ့သည်။

"နှင်းဆီ"

သူမကို ရင်ဆိုင်စီးမိုးကြည့်ရင်း တုန်လှုပ်ကြေကွဲနေပုံက ဒဏ်ရာရသည့် ခြသေ့်တစ်ကောင်နယ် သူ့အသွင်က တုန်လှုပ်ယိမ်းယိုင်နေသဖြင့် မေနင်းဆီ ထိတ်လန့်ရသည်။ သူလဲပြိုသွားတော့မည်မို့ သူမ





ဆုပ်ကိုင်ဖေးမထားခဲ့ရသည်။

"ကိုယ်"

သူ့အသံများက ဆွံ့အစူးရှလျက်···

"ခဏနားလိုက်ပါဦးရှင် ကျွန်မတောင်းပန်ပါတယ်"

တံတားတစ်ခုကို ဖြတ်ကျော်စဉ်မို့ ခါးသောက်ရှိမည့် တံတားလက်ရမ်းမှာ သူ့ကို မှီနားစေရသည်။ သူ့မှာအတန်ကြာသည်အထိ ရင်ဘတ်ကြီးတစ်ခုလုံး နိမ့်ချည်မြင့်ချည်။ တကယ်ပါပဲ ဒီလိုမျိုးကြီး သူမတစ်ခါမှ မမြင်ဖူးပါ။ မဖြစ်ဖူးပါ။ သူဘယ်လောက်တောင် ခံစားသွားခဲ့ရပါသလဲ။

မကြာမီ သူဆောက်တည်ရာ ရသွားခဲ့သည်။

"နှင်းဆီ ကိုယ်ကမင်းကို နှလုံးသားနဲ့ ချစ်မိခဲ့လေသမျှ မင်းက စော်ကားရက်စက်တယ်။ ကိုယ့်အချစ်တွေကို အထင်သေးတယ်။ ကိုယ့်မှာ ဇနီးရှိရင် ချစ်သူရှိရင် နှင်းဆီထံဘယ်လာမလဲ ကိုယ်ဟာ ပေါ်သွမ်းသူ တစ်ယောက်မဟုတ်မှန်း မြင်ရုံနဲ့မသိဘူးလား နှင်းဆီရယ်"

သူခံစားနေရမှန်း သိပေမယ့် သူမအလျှော့မပေးနိုင်။

"ဒါတော့ ဘယ်သိမလဲရှင် ကျွန်မက ခပ်ညံ့ညံ့ပဲဟာ သူပြောတိုင်းလည်း မယုံနိုင်ပါဘူး ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲပြော မင်းမှာချစ်သူရှိသလား"

ချစ်သူ···ဒီစကားအပေါ် မေနင်းဆီ စဉ်းစားမိတော့ ရင်ထဲမှာ မျက်ရည်သိုးသွားခဲ့သည်။ ဇော်ကိုကြီးကြောင့် သူမရဲ့နှလုံးသားတွေ မွှန်မွှန်ကြေခဲ့ရပြီ မဟုတ်ပါလား။ ယခုပင် ရင်တစ်ပြင်လုံး နာကျင်လာခဲ့ပြီ

www.burmeseclassic.com

www.burmeseclassic.com



မို့ သူမတိတ်တခိုး ရှိုက်ငင်မိလိုက်သည်။

"သွားမယ် ကလေးတွေ အဝေးကြီး ရောက်သွားပြီ"

တံတားရိပ်မှာ သူမလျှင်မြန်စွာ ပျောက်သွားပစ်လိုက်၏။



BURMESE CLASSIC .com



မောင့်ရွှေကိုယ် နံ့သာခဲနှင့်
လူပုံမှာ တူစုံနဲ့ရတယ်
မေ့တာတ်နိုင်ပဲ . . .

ပွဲခင်းအလယ်မှာ ဖျာတစ်ချပ်ဝယ်ပြီးထိုင်ရင်း မေနှင်းဆီတို့ ပွဲကြည့်ဖြစ်ကြသည်။ ကလေးများမှာ မုန့်တွေစားရင်း၊ ရှေ့တိုးရင်းဖြင့် သူများဖျာတွေပေါ် ရောက်ကုန်လေသမျှ သူမတို့မှာ ငေါင်းစင်းစင်း ကျန်ခဲ့ရလေသလို။

ရှေ့ကဇာတ်စင်ကြီးက ဘာတွေကပြနေသလဲ . . . ဘာတွေဆိုငိုနေသလဲ မေနှင်းဆီတို့ ဘာမှမသိရ။ သူမအနားမှာ သူကတိုးတိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်နေလို့ဖြစ်သည်။ ဒုက္ခပါပဲ သူမကိုယ့်ဒုက္ခကိုယ်ရှာပြီး၊ ကိုယ့်သေတွင်းကိုယ်တူးမိနေရသလား မသိတော့ပါ။

"နှင်းဆီမှာ ချစ်သူမရှိတာ ကိုယ်သိပါတယ် မရက်စက်ချင်ပါနဲ့ နှင်းဆီရယ် နှင်းဆီကို မောင်သိပ်ချစ်တယ်။ ဖြစ်နိုင်ရင် ခုတစ်ခါတည်းပဲ လက်ထပ်ပြီးခေါ်သွားချင်တယ်။ အဖေ့ဆီမှာ တစ်ခါတည်း တောင်းမယ်လေနော်"

"အောင်မယ် လူကိုများ အပေါစားကျလို့"

သူပြောလေသမျှ သူမနားမှာ မချိ။ ရန်လုပ်စရာချည်းပဲ ဖြစ်လို့နေသည်။

"အပေါစား မမှတ်ပါဘူးအချစ်ရယ် ဒါ ထုံးတမ်းစဉ်လာနဲ့ အညီပါ နှင်းဆီ မဟောသဓာဇာတ်တော်ကြီးကို ဖတ်ဖူးတယ်မဟုတ်လား အမရာဒေဝီဆိုလာပြီး တစ်ခါတည်း ရည်းစားစကားပြော၊ တစ်ခါတည်း တောင်းပြီး တစ်ခါတည်း လက်ထပ်ခေါ်သွားခဲ့တာလေး တစ်ခုတော့ ရှိတယ်။ မောင်တို့က သူတို့လို လက်သီးဆုပ်မပြ၊ လက်ဝါးဖြန့်မပြကြရသေးဘူး။ ကဲ နှင်းဆီက လက်သီးဆုပ်ပြ ကိုယ်ကလက်ဝါးဖြန့်ပြမယ်"

တကယ်ပင် သူကသူမ၏ လက်ကိုဆွဲယူပြီး လက်ချင်းထပ်ဆုပ်နယ်နေတော့ မေနှင်းဆီ စိတ်ဆိုးရပြန်သည်။

"ကျွန်မတော့ ဒုက္ခပါပဲ ဘာတွေ ဖြစ်ကုန်မှန်းလည်း မသိပါဘူး။ ဘယ်လို အပျော့ဆွဲကြီး ပါလိမ့်နော်။ ခွာချလို့လည်းမရဘူး





တောက်တဲ့ကြီးလိုပဲ"

မေနှင်းဆီ စိတ်ညစ်ညူးနေသမျှ သူကတော့ အူမြူးနေလေ၏။

"ဒီလောက် လူချောလူလှကိုများ တောက်တဲ့ တဲ့။ နှင်းဆီပဲ ရှာရှာဖွေဖွေ နှိုင်းရက်တယ် ပျော်တာပေါ့ဗျာ အခုအသက်သုံးဆယ့်နှစ်အထိ ဒီလောက်တစ်ခါမျှ မပျော်ဘူးသေးဘူး။ ရှစ်နှစ်လုံးလုံး သင်္ဘောလိုက်ပြီး စီးပွားရှာခဲ့ရသမျှ အခုမှပဲ အဓိပ္ပာယ်ရှိရတော့မယ်။ နှင်းဆီနဲ့ လက်ထပ်ပြီးရင်တော့ ကိုယ်ဘယ်မှ မသွားတော့ဘူး။ မြန်မာပြည်ထဲမှာပဲ စီးပွားတစ်ခုခုလုပ်ရင်း မိန်းမအနားမှာ ကပ်နေတော့မယ်···မင်းပြောတဲ့ တောက်တဲ့လေးပေါ့"

"အာ···ခက်တော့တာပဲ ဒီလူကြီး"

မေနှင်းဆီမှာ သူ့စကားကြောင့် မျက်နှာတစ်ခုလုံး နှင်းဆီပန်းရောင် ဖြစ်နေရတော့သည်။ သူကဇာတ်ပွဲဆီမကြည့်ဘဲ မေနှင်းဆီကိုသာကြည့်နေသဖြင့် ပိုမိုအနေကျပ်ရသည်။ သို့သော် တစ်လောကလုံးမှာ နှစ်ယောက်ထဲရှိနေသလို အားလုံး၏ အာရုံကဇာတ်စင်မှာ ဖြစ်နေသဖြင့် တော်သေးသည်။ မေနှင်းဆီ သက်ပြင်းချရပါ၏။ သည်စဉ် သူက ကလေးများအတွက် ယူလာသည့် စောင်တစ်ထည်ကို ဖြန့်ခြုံနေပြန်သည်။ ဆရာမင်းသုဝဏ်၏ ကဗျာလေးကိုလည်း ရွတ်ပြနေသေးသည်။

"နည်းနည်းတော့ အေးလာပြီ လာ ကိုယ့်စောင်ခြုံထဲဝင်"

"ကိုမင်းအံ့ မကဲနဲ့ဗျာ ကျွန်မတို့ဘာမှလည်း မဆွေးနွေးရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒီလောက်ကဲလာရင် ကျွန်မပြန်တော့မယ်"

မေနှင်းဆီ စိတ်ဆိုးနေသောအခါ သူမှာ မျက်စိသူငယ် နား သူငယ်နှင့် . . .

"ဘာတွေ ဆွေးနွေးရဦးမှာလဲ ကိုယ်နှင်းဆီကို သိပ်ချစ်တယ် လေ။ ကိုယ့်ဖက်က အားလုံးအဆင်သင့်ပဲ။ အပြစ်မရှာချင်ပါနဲ့ အချစ် ရယ်။ ကိုယ်မင်းကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူး၊ မဝေးချင်ဘူး"

"ဒါ ကိုမင်းအံ့အပိုင်းပဲ ကျွန်မအပိုင်းက ပြောစရာတွေ အများ ကြီးရှိသေးတယ်။ ဆွေးနွေးစရာတွေ အများကြီးရှိသေးတယ်"

"ပြောလေ အခုပဲ ပြောကြတာပေါ့။ ခုလောက် လွတ်လပ်မှုမျိုး နောက်ကြုံချင်မှ ကြုံရမှာကဲပြော"

မင်းအံ့ပြောဆိုတော့ သူ့ကိုပြောဖို့ မေနှင်းဆီ အချက်အလက် တွေစီစဉ်ရသည်။ တော်ရုံနှင့်တော့ သူ့ကိုအနိုင်ရမှာမဟုတ်။

"တစ်အချက် . . . ကျွန်မက လှမှမလှဘဲ ကိုမင်းအံ့ တစ်သက် လုံး စိတ်ဝင်စားသွားနိုင်လောက်စရာ ရုပ်ရည်မရှိဘူး။ ကျွန်မတို့ ရုပ်ရှင် ကြည့်သလိုပေါ့။ မင်းသား၊ မင်းသမီးမချောရင် ကြည့်ရတာ စိတ်ပျက် တယ်။ ကျွန်မရုပ်က မင်းသမီးရုပ်မဟုတ်ဘူး"

မေနှင်းဆီ တင်ပြသည့်အချက်ကို သူကရှင်လန်းတက်ကြွစွာ ပြန်ဖြေပါလေ၏။

"မှားတယ် နှင်းဆီကို မလှဘူးလို့ ဘယ်သူပြောသလဲ။ မျက်ခုံး မျက်လုံးထင်းထင်း လက်လက်ကလေးနဲ့ နှုတ်ခမ်းထူထူလေးက ဘယ်





လောက်ဆွဲဆောင်မှု ကောင်းလိုက်သလဲ ချစ်စရာမျက်နှာကျလေးမှာ မင်းဟာ "ချစ်ပြုံးနှင်းဆီ" ဖြစ်နေတဲ့အတွက် မောင့်အတွက်တော့ တစ် သက်လုံးမက်မပြေပဲ"

"ဟို . . . ကိုယ်လုံးကိုယ်ပေါက်"

"သွားစမ်းပါ ကိုယ်နှာဗူးမဟုတ်ဘူး။ အယ်စတုံကြီးတွေဆို ရှုံတောင်ရှုံဦးမယ်။ တော်ပြီပေါ့ ပြေပြေလေး ယဉ်ယဉ်လေး ဘာပဲဝတ် ဝတ် လှမယ့်ရုပ်ကလေး"

လောလောဆည် ဘာဆက်ပြောရမှန်းမသိသဖြင့် သူမငြိမ် သက်နေတော့ မင်းအံ့က သူမ၏နားရွက်ကို ဖွဖွလိမ်ဆွဲ၏။

"သူတို့က ပညာတတ်တွေ မဟုတ်လို့နေမှာပေါ့"

"အမယ် သူတို့လည်း ဘွဲ့ရ ကျောင်းဆရာတွေပါနော်။ ကျွန်မ တော့ အိမ်ထောင်ရေးဆိုတာကြီးကို အရမ်းစိတ်ပျက်တယ်။ ထမင်းချက်ရ၊ ကလေးတွေကြည့်ရ မိုသီဗတ်သီနဲ့ ဒီကြားထဲ ယောက်ျားနဲ့ တကျက် ကျက်ရန်ဖြစ်ရ . . . ဟင်း အိမ်ထောင်ပြုတာ ဘာမှမကောင်းဘူး"

ဒေါကလေး ဖောင်းနေသည့် မေနှင်းဆီကိုကြည့်ပြီး မင်းအံ့ ကြည်နူးနေရသည်။ ချစ်ပြုံးနှင်းဆီရယ် ကလေးလေးလိုပါပဲလားကွယ်။

"ဒါ စီးပွားရေး မပြေလည်လို့ ရန်ဖြစ်တာပေါ့ကွ . . . မှတ်ထား အိမ်ထောင်ရေးမှာ အချစ်အပြင် ငွေကြေးဥစ္စာဓနကလည်း အရေးပါ သေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြပေမယ့် စားစရာ မရှိတဲ့ ဘဝဆိုရင် ဘယ်လိုလုပ် စိတ်ချမ်းသာပါ့မလဲ။ ပူမနေနဲ့ မောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငွေကလေး ကြေးကလေးလည်း ရှိပါတယ်"

"သူတို့ကလေးတွေကလည်း အရမ်းဆိုးတာပဲ နောက်ပြီး"

မေနှင်းဆီ ဆီလိုအပေါက်ရှာ၊ ဟင်းချိုဆားခပ်နေပြန်တော့ မင်းအံ့သက်ပြင်းချသည်။ ကိုယ့်ကိုနည်းနည်းလေးမှ အားမနာဘူးလား အချွန်ရယ်။

"နှင်းဆီ ကလေးမွေးရမှာ ကြောက်နေတာ မဟုတ်လား။ ကိုယ့်အစ်မတွေ ကလေးမွေးတာ ကြည့်ကြည့်ပြီး ကြောက်နေတာပါ။ ဒါ လောကနိယာမပဲ နှင်းဆီရယ် ယောက်ျားဖောင်စီး၊ မိန်းမမီးနေဆိုတဲ့ စကားက ဟိုးရှေးရှေးတုန်းက စကားပါ။ အခုခေတ်မှာ မီးဖွားရတာ အန္တရာယ်မရှိပါဘူး။ ခေတ်မီဆေးရုံ၊ ဆေးခန်းတွေကိုပြည့်လို့ပါ ပြီး မင်းကိုဟောင်အများကြီး မမွေးနိုင်းပါဘူး နှစ်ယောက်ထဲ နှစ်ယောက်ဆို တော်ပါပြီ"

ရည်းစားစကား ပြောနေကြတာက ကလေးကိစ္စတွေပါ ပါလာသဖြင့် မေနှင်းဆီ ရှက်ရွံ့စွာ ခေါင်းငြိမ်သက်နေမိခဲ့သည်။ ဒါကိုသူက နားလည်မှု ရသွားပြီရယ်လို့ ယူဆသွားသလားမသိ။ သူမ၏ ကိုယ်လုံးလေးကို သူ့စောင်ခြုံထဲသို့ ဆွဲသွင်းသွားခဲ့သည်။ သူက ဘယ်လိုရှန်းရှန်း လွှတ်မပေးတော့။

"ကိုမင်းအံ့ ကျွန်မ စိတ်ဆိုးလာပြီနော်။ ပြောစရာတွေ ကျန်သေးတယ်ရှင့်"

"ကုန်ပဲ မကုန်နိုင်သေးဘူးလားကွ မထိနဲ့ဆို မထိပါဘူး စောင်





ကလေးတော့ အတူခြုံပါရစေ"

လူလည်ကြီး စောင်အတူခြုံထားရမှတော့ ကိုယ်ချင်းမထိဘဲ နေလို့ရပါ့မလား။ ညဥ့်ကနက်လာပြီမို့ ကိုယ့်ဘေးမှာလည်း စောင်ခြုံကလေးတွေနှင့်။ သားအမိတွေ လင်မယားတွေ ဘုရားရေ ငါတို့ကိုရော လူတွေက ဘယ်လိုထင်ကြမှာပါလိမ့်. . .

"ကျွန်မဝန်ခံစရာ ဖြောင့်ချက်ပေးစရာ ရှိသေးတယ်"

"လောလောဆည် နှင်းဆီရင်ထဲမှာ သူမရှိတော့ရင်ပြီးတာပဲကွာ။ မပြောပါနဲ့ ကိုယ်မကြားပါရစေနဲ့"

"မရဘူး နားထောင်ရမယ်။ ကိုမင်းအံ့က အရမ်းသဝန်တိုပြနေတာလား"

"ကဲ ဒီလောက်တောင်ပြောချင်နေလည်း ပြောကွာ ကိုယ်နားထောင်မယ်"

မေနှင်းဆီ မုတ်သုန်နှင့် သူမ၏ပတ်သက်မှုကို တစ်လုံးမကျန် ပြန်ပြောမိခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ယခုတော့ လရောင်ဆမ်းသည့် ရွာလမ်းကလေးမှာ မင်းအံ့နှင့် မေနှင်းဆီတို့ လမ်းအတူ လျှောက်ဖြစ်နေကြသည်။ အိပ်ချင်မှုးတူး ကလေးငယ်များကို တစ်ယောက် နှစ်ယောက်စီလက်တွဲထားရင်း မပြီးဆုံးသေးသော စကားများကို ပြောဖြစ်နေကြ၏။

"ကိုမင်းအံ့ နှစ်သက်တာ "ချစ်ပြုံးနှင်းဆီ" ဆိုတဲ့ ကဗျာဆရာမလေး၊ စာရေးဆရာမလေးကို မဟုတ်လား။ အခုကျွန်မ စာရေးလို့ ကဗျာရေးလို့ မရတော့ဘူး။ ကျွန်မရဲ့ နှလုံးသားဟာ ပျက်စီးသွားခဲ့ပြီ ကျွန်မရဲ့ အနုပညာသစ်ပင်လေး အဆိပ်သင့်သွားခဲ့ရပြီ။ နောက်ထပ် ကျွန်မ စာရေးချင်မှ ရေးနိုင်တော့မယ်။ ကဗျာရေးလို့ ရချင်မှလည်း ရလိမ့်မယ်။ ကျွန်မရှင့်ကို တကယ်ပြောနေတာပါ။ ဝမ်းနည်းပါတယ်ရှင်။





ကျွန်မ ကိုယ့်ဘဝကိုယ် ခပ်ရိုးရိုးပဲ ရင်ဆိုင်သွားတော့မယ်။ ဒီလိုပဲပေါ့နော်။ လယ်စိုက်ရင်း၊ သစ်သီးခူးရင်း၊ စာသင်ရင်းနဲ့ပဲပေါ့။ ကျွန်မ နေသွားတော့မှာ"

သူမ၏စကားကြောင့် မင်းအံ့ခေါင်းခါပြြင်းဆိုရင်း သက်ပြင်းချခဲ့သည်။

"နှင်းဆီထင်သလို နှင်းဆီရဲ့ နှလုံးသားဟာ ပျက်စီးမသွားလောက်ပါဘူး။ အနုပညာဆိုတာလည်း ဘယ်ကုန်ဆုံးတယ် ရှိမလဲကွယ်။ ဒဏ်ရာအနာတစ်ခုဟာ လုံလောက်တဲ့အချိန် အတိုင်းအတာတစ်ခုမှာ ပျောက်ကင်းသွားတတ်သလို သစ်ပင်လေးတွေ ရွက်သစ်ဝေသလို နှင်းဆီရဲ့ အနုပညာသစ်ပင်လေးဟာလည်း တစ်ချိန်ချိန်မှာ ရွက်သစ်တွေ ပြန်ဝေလာဦးမှာပါ"

"မသေချာတော့ပါဘူး။ ကိုမင်းအံ့ ကျွန်မသာမန်မိန်းမတစ်ဦးလိုပဲ ဘဝမှာ နေသွားပါရစေတော့။ ရှင်က စိတ်ကူးယဉ်တတ်သူပီပီ နောက်ထပ် ကဗျာဆရာမလေးတစ်ယောက်ကိုသာ ရှာဖွေရွေးချယ်လိုက်ပါတော့"

သူမ၏ ကြေကွဲဆွေးမြည့်သည့်အသံကို နားထောင်ရင်း မင်းအံ့ ဖြေရှင်းချက်ထုတ်ရသည်။

"ဒါတော့ နှင်းဆီ ကိုယ့်အပေါ် အထင်မှားတာပဲ။ ကိုယ်ဟာ ချစ်ပြုံးနှင်းဆီဆိုတဲ့ မင်းကိုသာချစ်တာပါ။ ချစ်ခြင်းမေတ္တာတရားမှာ စာပါမားကက်တွေမှာ၊ စတိုးဆိုင်တွေမှာ ဈေးဝယ်တာနဲ့ မတူပါဘူး နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုပစ္စည်းတွေကို ရွေးချယ်ဝယ်ယူတာမျိုး နှလုံးသားကိစ္စမှာ ဘယ်လုပ်လို့ရမလဲ။ ကိုယ်မင်းကိုပဲချစ်တယ် ချစ်ပြုံးနှင်းဆီဆိုတဲ့ အနုပညာငှက်ကလေးဟာ တေးမသီနိုင်ဦးတော့ အဲဒီတေးမသီနိုင်တော့တဲ့ အနုပညာငှက်ကလေးကိုပဲ ကိုယ်ယုယချစ်မြတ်နိုးပါရစေ ဘာပဲဖြစ်ဖြစ် မောင့်ရဲ့ ကြင်နာယုယမှုတွေကြောင့် နှင်းဆီရဲ့ အနုပညာစမ်းချောင်းကလေး တစ်ချိန်ချိန်မှာ ပြန်လည်စီးဆင်း နိုးထလာလိမ့်မယ်လို့လည်း မောင်ထင်မိပါတယ်"

"ကျွန်မတော့ မထင်ဘူးရှင် . . . သူ့ကြောင့် ကျွန်မရဲ့နှလုံးသား တစ်ခုလုံး ပျက်စီးကြေပြုန်းသွားခဲ့ပြီလို့ပဲ ထင်မိပါတယ်"

"ထားပါတော့လေ နှင်းဆီနဲ့မောင် စကားနိုင်လုပြီး မပြောလိုပါဘူး။ ဘာပဲဖြစ်ဖြစ်နော် နှင်းဆီကို မောင်ချစ်တယ်။ ဖြစ်နိုင်ရင် တစ်ခါတည်းတောင် လက်ထပ်ပြီး ခေါ်သွားချင်ပါတယ်"

တဖြည်းဖြည်း လရိပ်ကရင့်လာသလို သူမတို့အိမ်နားသို့လည်း နီးကပ်လာပြီဖြစ်၏။ ညလေအေးက ဖျန်းပက်ကျီစယ်သဖြင့် ယခုအခါ သူမ၏တူမကလေးများ အိပ်ချင်ပြေကာ လန်းဆန်းတက်ကြွလျက် ရှိနေကြပြန်သည်။

"ဟော့ အိမ်ကို ဘယ်သူအရင်ရောက်မလဲဟေ့ အပြေးပြိုင်ကြရအောင်"

ရွာလယ်လမ်းကလေးမှာ ကလေးသံများ စီစီဝေဝေဖြင့် ဆူညံပြေးလွှားသွားကြသောအခါ သူမတို့နှစ်ဦးသာ ကျန်ခဲ့ကြသည်။ သူက





မနှင်းဆီ၏ လက်တစ်ဖက်ကို ညင်သာယုယစွာ ဆုပ်ကိုင်ဆွဲခေါ်ခဲ့သည်။

"မောင့်အချစ်ကို သံသယမဝင်ပါနဲ့တော့ အချစ်ရယ်။ နှင်းဆီရဲ့ဥယျာဉ်မှူးကြီးကိုလည်း မေ့လိုက်ပါတော့။ သူ့ခမျာ သူ့ဒုက္ခနဲ့သူထင်ပါတယ်။ သူ့အပေါ်လည်း မကောင်းထင်မနေပါနဲ့တော့နော်။ နှင်းဆီ စာရေးတာပိုက်ဆံလိုချင်လို့မှ မဟုတ်တာ"

"ဒါပေမယ့် ရင်ကွဲတာပေါ့ရှင် သူဟာ ကျွန်မထင်သလို နတ်ဒေဝတာ တစ်ပါးမဟုတ်ဘဲ နတ်ဆိုးတစ်ယောက် ဖြစ်နေတဲ့အတွက် ကျွန်မ နှလုံးကွဲခဲ့ရပါတယ်"

"နှင်းဆီတို့ကြားမှာ မောင်ဘာစကားမှ ဝင်မပြောတတ်ပါဘူး။ ဒါပေမယ့် လူသားဟာ လူသားလောက်ပဲ မြင့်မြတ်နိုင်မှာပေါ့ကွယ်။ နတ်သားတစ်ပါးလောက် မျှော်လင့်နေတယ်ဆိုရင်တော့ အဲဒါနှင်းဆီအပြစ်ပါပဲ။ သူ့အကြောင်းထားလိုက်ပါတော့လေ နှင်းဆီရဲ့ အခက်အခဲတွေအားလုံးကို မောင်ရှင်းပေးပါ့မယ်"

"အားနာစရာကြီးရှင် ခုတ်ရာတခြား ရှရာတစ်လွဲ"

"ဟုတ်ပါ့ . . . ဟုတ်ပါ့ . . . မောင့်ကို အားနာသင့်တာပေါ့။ မောင်ထင်ထားတာက ချစ်ပြုံးနှင်းဆီဆိုတဲ့ ကောင်မလေးကိုသာ အရယူထားလိုက်နိုင်ရင် တစ်နေ့ရွှေဥတစ်လုံးဥတဲ့ ငန်းမလေးလို တစ်သက်လုံးထိုင်စားနိုင်ပေရော့လို့ ထင်ထားတာ"

"ခုကျတော့ရော"

"ခုကျတော့ မုန်းချက်နဲ့ နမ်းထွက်မကိုက်တဲ့ မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ငွေထုပ်ပိုက်ပြီး ပြဿနာတွေ လိုက်ရှင်းရမယ့်အဖြစ်"

ရယ်သံကလေးစွက်ပြီး မင်းအံ့ပြောသောအခါ ချစ်ပြုံးနှင်းဆီ နှုတ်ခမ်းစူမိ၏။ မှန်တာပြောတာပေမယ့် နာတာပေါ့နော်။ သို့သော် လရောင်အောက်မှာပင် သူက မေနှင်းဆီ၏ နှုတ်ခမ်းထူလေးကို မြင်လေသည်။

"ဒီလောက်ထူတဲ့ စူတဲ့ကောင်မလေးတော့ ဒဏ်ခတ်ရမယ်လာခဲ့"

ခြံရိပ်သို့အဝင် ခြံထောင့်က ကံ့ကော်ပင်ရိပ်မှာ သူမတို့နှစ်ဦး ပူးကပ်သွားတော့ လရောင်က ခေတ္တရှောင်ပုန်း သွားခဲ့သော်လည်း ကံ့ကော်ပန်းရနံ့လေးများမှာ သူမတို့နှစ်ဦးကြားသို့ မရမက အတင်းတိုးဝင်ကြလေ၏။

❋ ❋ ❋





"အကွက်တွေ မထွင်စမ်းပါနဲ့ မောင်ရယ် ဒီလောက် အဖြစ်သည်းလာရင် ကျွန်မမယုံတော့ဘူးသိလား။ ကိုယ်ကသြည်သည်ပဲ ပြန်စရာရှိပြန်ပေါ့။ သူ့မှာတလည်လည်နဲ့ ကမ္ဘာပတ်လာတဲ့ လူကြီးကို ကျွန်မ မယုံတော့ဘူး"

နှစ်ရက်၊ သုံးရက်ကြာသည်အထိ မပြန်သည့်အပြင် မင်းအံ့က ခရီးတစ်ခုခုထွက်ဖို့ ဆွဲဆောင်နေတော့ မေနှင်းဆီ စိတ်တိုရသည်။

"အကွက်မထွင်ပါဘူး နှင်းဆီရယ်…တကယ့်ကို မခွဲနိုင်လို့ပါ တစ်ခါထဲ လက်ထပ်ပါရစေဆိုတော့လည်း နှင်းဆီက လက်မခံဘူး။ ကိုယ့်စေတနာက နှင်းဆီကို ဗဟုသုတလည်းရစေ ရွှမ်းမျှော်ခင်းလှလှလေး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း မြင်စေချင်လို့ ခရီးထွက်စေချင်တာပါ။ ဒဏ်ရာရထားတဲ့ နှင်းဆီရဲ့ နှလုံးသားလေးလည်း ပြန်လည်လန်းဆန်း သွားတာပေါ့ . . . ပြီးတော့ မောင်က နှင်းဆီတစ်ယောက်ထဲကို ခေါ်ထုတ်သွားမှာ မဟုတ်ဘူးနော် . . . တစ်အိမ်လုံး ခေါ်သွားချင်တာ"

"ဘယ်ဖြစ်မလဲ အဖေနဲ့ မောင်လေးက ဘယ်အားမလဲ . . . ကလေးတွေ တစ်ပြုံကြီးနဲ့ကျတော့လည်း သူစိတ်ရှုပ်မှာပေါ့"

"မရှုပ်ပါဘူး။ ကိုယ်က ကလေးချစ်တတ်ပါတယ်။ ကလေးဆိုတာ စားနေရရင် ဆော့နေရရင် ပြီးတာပဲ။ ကိုယ့်အန်တီလေးကို ငှက်ကြီးဝန်ပိုချီသွားတောင် သူတို့သိမှာ မဟုတ်ဘူး"

"ကြည့် လူလည်ကြီး မလိုက်သေးဘူးနော် ကိုယ့်ဘာသာ ပြန်စရာရှိတာသာ ပြန်ပေတော့"

မီးဖိုထဲမှာ ထမင်းချက်ရင်း သူမတို့စကားပြောနေကြခြင်း ဖြစ်သည်။ ဒီကနေ့လည်း သူပဲဈေးသွားခဲ့သည်။ မီးဖိုထဲမှာ စတိုင်ဘောင်းဘီအတိုနှင့် စားဖိုမှူးကြီး လက်စွမ်းပြနေသမျှ သူမက ကူညီသူအဆင့်သာ တာဝန်ယူရသည်။ တကယ်ပါပဲ သူက ထမင်း၊ ဟင်းလည်း ချက်တတ်သည်။ မေနှင်းဆီတို့က သမားရိုးကျ ဟင်းများကိုသာ ချက်တတ်သော်လည်း သူကတော့ အထူးအဆန်း ဟင်းများကို ချက်ပြတတ်လေသည်။

"တကယ်ပြောတာပါ နှင်းဆီ ခရီးထွက်သင့်တာတော့ အမှန်ပဲ အနောက်နိုင်ငံတွေဆိုရင် ခရီးထွက်ခြင်းဟာ ဂုဏ်တစ်မျိုးပဲ လူ့ရဲ့ စိတ်ကို





လန်းဆန်း၊ အပန်းပြေစေတယ်။ စိတ်သစ်၊ လူသစ်ဖြစ်စေတယ်။ ကိုယ့်ကားလေးက လူ ၄-၅-၈ယောက်လောက်တော့ ချောင်ပါတယ်။ နှင်းဆီခေါ်ချင်တဲ့သူတွေပေါ့ တစ်ပြုံလုံးခေါ်တာပဲကွယ်။ အဖေကလည်း ထည့်မှာပါ ပြီး မိသားဖသားပီပီ အဖေ့ကို မောင် နားဖောက်ပြီးပါပြီ"

မင်းအံ့စကားကြောင့် မေနှင်းဆီ လိပ်ပြာလွင့်မတတ် ဖြစ်သွား၏။ တော်တော်ရဲတင်းတဲ့ မြို့ကြီးသားပါလားနော် မေနှင်းဆီမှာ ရှိသမျှ အကြွေးတွေလည်း သူရှင်းပြီးသွားပြီ ဖြစ်သည်။

"တကယ် သူ့အဖေ့ကို မကြောက်ဘူးလား . . . အံ့ရော . . . နားဖောက်တဲ့ကိစ္စဟာ လူကြီးချင်းလုပ်ကြတာ မဟုတ်လား . . . သူ့ဘာသာဖောက်တယ်ဆိုတော့ အဖေ့ကို မလေးစားရာ ရောက်တာပေါ့။ ပြီးတော့ သူ့မှာမေမေလို့ပဲ ပြောသံကြားရတယ်။ ဖေဖေက ဘယ်ရောက်သွားလို့လဲ အဲဒီမေမေရဲ့ သဘောတူ ခွင့်ပြုချက်ကိုလည်း ပြန်မယူဘဲနဲ့ ကိုယ်ထင်ရာ ကိုယ်စွတ်လုပ်နေတာပဲ ကျွန်မအရှက်ကွဲပြီး ကျန်ခဲ့ရရင်တော့ ကျွန်မသေလိမ့်မယ်"

ပြောရင်း မေနှင်းဆီ မျက်ရည်ဝဲတော့ မင်းအံ့စိတ်မကောင်း ဖြစ်ရသည်။ မီးဖိုမှာ မတ်တတ်ရပ်ပြီး ချက်ပြုတ်နေရာမှ သူမအနားသို့ မင်းအံ့ ကပ်လာခဲ့သည်။

"ကိုယ် အဖေ့ကို မလေးစားလို့ မဟုတ်ပါဘူး နှင်းဆီရယ်။ ကိုယ့်ဘဝ အကြောင်းတရားကိုက ကိုယ့်အား ကိုယ်ကိုးရမယ့် အဖြစ်မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူ့အသံနစ်တိမ် ဆွေးလျှသွားသဖြင့် မေနှင်းဆီ ထိတ်လန့်ရပြန်သည်။ ဘာကိုဆိုလိုတာလဲ စူးစမ်းသည့်အကြည့်ဖြင့် သူ့မမော့ကြည့်နေမိသည်။

"နှင်းဆီ အထင်သေးမှာ၊ အားငယ်မှာစိုးလို့ ဒီအကြောင်းတွေ ကိုယ် မပြောခဲ့တာပါ။ ကိုယ့်မှာ မိရင်း၊ ဖရင်းရယ်လို့ လက်ညှိုးထိုးပြစရာ မရှိပါဘူး နှင်းဆီရယ် . . . မွေးကတည်းက မိရယ်၊ ဖရယ်လို့ ကိုယ်တစ်ခါမှ မမြင်ဖူးခဲ့ရပါဘူး"

"အို"

သူ့အသွင်နှင့် သူ့စကားသံ ကြေကြေကွဲကွဲကို နားထောင်ပြီး မေနှင်းဆီရင်ထဲ ဘယ်လိုဖြစ်သွားမိမှန်းပင် မသိတော့။ အစက ပေါ့တိမ်နေမိခဲ့သမျှ ယခုမှ သူ့အပေါ် စူးစူးနစ်နစ် ခံစားသွားမိရ၏။

သူမတုန်ယင်နေသည့် သူ့လက်ကလေးတစ်ဖက်ကို အားပေးသည့်အနေနှင့် ဆုပ်ယူထားမိခဲ့သည်။

"ဟုတ်တယ် ကိုယ့်အခုမေမေက မွေးစားအမေ ပြီးတော့ ကိုယ့်အဖေါ်ပေါ့လေ။ ငယ်ငယ်တုန်းက ကိုယ့်အဖိုးအဖွားတွေ လားရှိုးမှာ တာဝန်ကျတုန်းက ကိုယ့်မေမေဟာ လူတစ်ယောက်နဲ့ လိုက်ပြေးဖူးခဲ့တယ်"

မကောင်းသော ဇာတ်ကြောင်းကို ပြောပြနေရသဖြင့် သူ့အသွင် ကနုကကျင် ကြေကွဲနေပါလေ၏။ မေနှင်းဆီ၏ မျက်ဝန်းများမှာ သူ့ကို သနားနေရမှုကြောင့် အရည်ပျော်တော့မတတ်။





"ထုံးစံအတိုင်း မေမေက သူဌေးသမီး၊ အဖေက သာမန်လူတန်းစားထဲကဆိုတော့ ခွဲပစ်ခဲ့တာပေါ့။ ကိုယ့်ဘဝမှာ အဖေရင်းကိုလည်း မမြင်ဖူးဘူး။ အမေရင်းကိုလည်း မမြင်ဖူးလိုက်ဘူး။ မေမေက ကိုယ့်ကို မီးဖွားရင်း မီးတွင်းထဲမှာပဲ သေဆုံးသွားခဲ့တယ်။ ကိုယ်က အဖိုး၊ အဖွားနဲ့ မွေးစားအမေ(အဒေါ်)လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာပေါ့"

မင်းအံ့ သတိရလို့ ငုံ့ကြည့်သောအခါ မျက်ရည်များဖြင့် သူ့ကို ငေးကြည့်နေသည့် မေနှင်းဆီကို တွေ့ရသည်။ သူ့ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရပြီး သူမ၏ပါးမို့မို့ပေါ်မှ မျက်ရည်များကို ညင်သာစွာ သုတ်ပေးမိခဲ့သည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ နှင်းဆီရယ် . . . ကိုယ့်ဘဝဟာ ရုပ်ဝတ္ထုအနေနဲ့တော့ ပြည့်စုံကုံလုံခဲ့ပါတယ် ဒါပေမယ့် ကိုယ့်နှလုံးသားဟာ အမြဲတမ်း လှုပ်ဟာခဲ့ရတယ်။ အဖိုးနဲ့အဖွားက ကိုယ့်ကို အရမ်းချစ်ပေမယ့်လည်း သူတို့အသက်မရှည်ကြဘူး။ ကိုယ့်မွေးစားအမေကတော့ သူ့မှာလည်း သားနဲ့သမီးနဲ့ပဲလေ။ ဒါပေမယ့် ကိုယ့်အပေါ် သူတို့တာဝန်ကျေကြပါတယ် . . .

ဘာပဲဖြစ်ဖြစ် ကိုယ့်ရင်ထဲမှာ ကိုယ်မိသားစုအစစ်နဲ့ စိုစိုပြေပြေရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး နေချင်ခဲ့မိတာ ကိုယ့်ရဲ့ဘာလျှောက်လုံး စွဲထင်နေခဲ့တဲ့ စိတ္တဇပေါ်ပဲ ပြောပါ . . . ဖြေပါနှင်းဆီ ကိုယ်လိုချင်တဲ့ မိသားစု ဘဝလေးကို နှင်းဆီပေးမယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူပွေ့ယူလိုက်သောအခါ သူ့ရင်ခွင်ထဲမှာ ခေါင်းတိုးပြီး မေနှင်းဆီ ခေါင်းညိတ်၊ ငိုရှိုက်နေမိခဲ့သည်။

သနားလိုက်တာ မောင်ရယ်။ မိန်းမသားဘဝမှာ သနားခြင်းဟာလည်း ချစ်ခြင်းကို မွေးဖွားစေတယ် ထင်ပါရဲ့ကွယ်"

✽ ✽ ✽





မင်းအံ့၏ ဆန္ဒအရ မေနှင်းဆီကလည်း နွေကျောင်းပိတ်ရက်ဖြစ်နေသဖြင့် မောင်လေးနှင့်အတူ သူမတို့သုံးယောက် ခရီးထွက်ဖြစ်ခဲ့ကြသည်။ ခရီးရဲ့ ခေါင်းစဉ်ကတော့ "ဖခင်ပျောက်ရှာပုံတော်"။ သူမတို့ လားရှိုးထိအောင်သွားကြမည်။ မည်သို့ပင်ဖြစ်စေ သူ့ဖေဖေဆိုတာကို ရအောင်ရှာကြည့်ကြမည်။

ကိုယ့်ကားနှင့်သွားရမှာ တာဝန်ကြီးလှသဖြင့် သူမတို့ လေယာဉ်နှင့်ပဲ သွားကြမည်။ မြို့ကလေးမှာ ရန်ကုန်။ ရန်ကုန်မှ မန္တလေး၊ နောက် လားရှိုးပေါ့ သွားကြမည်။

ပထမဦးဆုံး သူ့ကားဖြင့် ရန်ကုန်ထိသွားရမည်ဖြစ်သည်။ မောင်လေးကတော့ ကားနောက်ထဲမှာ ချောင်ချောင်ချိချိ အိပ်လို့ရနေ



www.burmeseclassic.com

www.burmeseclassic.com



လေသလားမသိ။ အိမ်မှစထွက်ကတည်းက အစွမ်းကုန်အှုမြူးနေသည့် မင်းအံ့အား သူမမှာ သနားရမလိုလို၊ အမြင်ကပ်ရတော့မလိုလို။ သူ့မှာ ဇောင်းထဲမှ လွတ်ထွက်သွားသည့် ပြိုင်မြင်းလေးတစ်ကောင်နှယ်···

"မောင်တော့ အရမ်းပျော်တာပဲကွာ···ဒါ အကြို ပျားရည် ဆမ်းခရီးပေါ့နော်"

"အာ ဒီလူကြီး ဘယ်လိုဖြစ်နေတာလဲ ဒီလောက်အှုမြူးရင် ငိုရတတ်တယ် သိလား···ဒါဖအေပျောက် ရှာမယ့်ခရီးပါနော်။ ကိုယ့်အဖေ ကိုယ်တွေ့ရပါစေလို့တော့ ဆုတောင်းမနေဘူး။ မဟုတ်တာ လျှောက်တွေးနေတယ် ဟင်း"

သူမ့်ကြိမ်းမောင်း ပစ်လိုက်တော့ သူ့မှာ မျက်နှာငယ်လေးနှင့်

"မဟုတ်တာ မတွေးပါဘူး နှင်းဆီရယ် အဖေ့ကိုလည်း တွေ့ချင်ပါတယ်။ ဒါပေမယ့် ခွတော့ အကျသားနော်။ အဖေက အမေ့ဗိုက်ထဲမှာ ကိုယ်ပါသွားတာတောင် သိမှသိပါ့မလား"

"ဒါတော့ မောင်က ပြောပြရမှာပေါ့။ အားလျှော့စကားတွေ မပြောစမ်းပါနဲ့ကွာ။ ဟိုကျမှ အခြေအနေ ကြည့်လုပ်ရမှာပေါ့"

"အင်းပါ အခြေအနေအရပေါ့ နှင်းဆီကို ဆရာတင်ပါတယ်ကွာ။ မောင့်ဘေးနားမှာ နှင်းဆီရှိနေမယ်ဆိုရင် ဘယ်အရာကိုမှ မကြောက်တော့ပါဘူး"

"အပြောကတော့ အပြောကောင်းပဲနော်"

"မယုံဘူးလား ယုံအောင် သက်သေပြရဦးမလား"





"မောင်နော် မောင်လေးကို သတိရဦး အဖေက ဆယ့်ရှစ်နှစ်သားကြီးကို ထည့်လိုက်တာ သဘောပေါက်"

"ရွှေယောက်ဖက သဘောကောင်းပါတယ်ကွာ အေးဆေးပါ မဖြစ်သေးပါဘူး။ ယောက်ဖလေးနဲ့ ယုံကြည်မှုတွေ တည်ဆောက်ပြီး နားလည်မှုတွေ ယူဦးမှပါ"

မျက်စိတစ်ဖက်မှိတ်ပြရင်း သူကခပ်တည်တည်ပြောနေတော့ မနှင်းဆီ သူ့ကို ခါးလိမ်ဆွဲပစ်လိုက်ခဲ့သည်။

"လူလည်ကြီး သွား မခေါ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတကိုရောက်စဉ် မေနှင်းဆီတို့ ခရီးတစ်ထောက်နား ဖြစ်ကြသည်။ ယခုတော့ သူဝယ်လာခဲ့သည့် ဝတ်စုံလှလှတွေဖြင့် မေနှင်းဆီလည်း နတ်ရေကန်ထဲ ပစ်ချခံလိုက်ရသည့်နှယ် လှလှပပ။ သူမကိုကြည့်ပြီး မင်းအံ့မှာ ကြည်နူးပီတိဖြစ်လျှက်...

"တွေ့လား မောင်မပြောဘူးလား...နှင်းဆီလှတယ်ဆိုတာ"

"ကျွန်မတော့ လှတယ် မထင်ပါဘူးနော် သူ့ဝတ်စုံတွေကဖြင့် ကိုယ်လုံးပေါ်တာချည်းပဲ"

"ဒီလောက်တော့ရှိမှာပေါ့ နှင်းဆီရဲ့ နှင်းဆီဝတ်နေကျ အဝတ်တွေကဖြင့် ဖိုရိုဖားယားနဲ့ ရှိတဲ့အလှလေးကို ပျောက်နေတာပဲ ဇနီးညီလေးကိုလည်း နည်းနည်းပါးပါး လုပ်ပေးလိုက်ဦးမယ်"





အား/ကာဆိုင်တန်းတွေမှာ သူကမောင်လေး မင်းဝေအတွက် အဝတ်အစား အနည်းငယ် ဝယ်ပေးပြန်သည်။ မောင်လေး အဝတ်ရွေးနေခိုက် မင်းအံ့မှာ သူမအနားကိုကပ်စနေခဲ့၏။

"ယောက်ဖလေးကို လာဘ်ထိုးနေတာသိလား နည်းနည်းပါးပါး လောက် အခွင့်အရေးရလည်း မနည်းဘူးဆိုပြီး"

ရုပ်တည်ကြီးဖြင့် သူနောက်နေတော့ မေနှင်းဆီ သူ့အနားကို မကပ်တော့ချေ။ ဆိုင်တန်းထဲမှာ မနေတော့ဘဲ ရှေ့ဖက်ခပ်လှမ်းလှမ်းရှိ စာအုပ်ဆိုင်သို့ ထွက်သွားလိုက်သည်။

"ဘာလိုချင်လို့ပါလဲ ခင်ဗျာ"

ဆိုင်ရှင်ကောင်လေး၏ အမေကိုပေါ့ပါးစွာ ပြုံးပြရင်း စာအုပ်ကလေးများကို မေနှင်းဆီ လျှောက်ကိုင်ကြည့်မိ၏။ ရန်ကုန်မှစာအုပ်ဆိုင်များလိုတော့ စာအုပ်မစုံ။ ဘာသာရေး စာအုပ်အချို့ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များ၊ ဂျာနယ်များသာရှိသည်။

"အယ်"

ခြောက်အုပ်မြောက်ထွက်သည့် သူမ၏ဝတ္ထုစာအုပ်လေးများကို တွေ့လိုက်ရသဖြင့် မေနှင်းဆီ ပျော်ရွှင်သွားပုံက မဖုံးနိုင်၊ မဖိနိုင်ဖြစ်သည်။

"ချစ်ပြုံးနှင်းဆီ အသစ်ထွက်တယ်နော် ရောင်းရရဲ့လား"

"ဟုတ်ကဲ့ မနေ့ကမှ ရောက်တယ် ရောင်းရပါတယ်။ သူက အသစ်ပေမယ့် မဆိုးပါဘူး ဒီစာအုပ်မှာ နာမည်တော်တော်ထွက်တယ်"

ဆိုင်ပေါ်မှာ ကျန်နေသည့် စာအုပ်ကလေး သုံး[illegible]လုံးကို



www.burmeseclassic.com

www.burmeseclassic.com



သူမ ကောက်ကိုင်လိုက်သည်။ သူမအတွက် စာအုပ်ကို မှတ်သုန်ပို့ပေးမှာပင် မစောင့်နိုင်တော့။

"ကျွန်မယူလိုက်မယ်နော် တစ်အုပ်ဘယ်လောက်လဲ"

"ခြောက်ရာ . . .ဒါပေမယ့် သုံးအုပ်လုံးတော့ မယူပါနဲ့ဗျာ ကျွန်တော့်ဆိုင်မှာ ဝယ်နေကျ ဖောက်သည်ဆိုင်တွေ ရှိသေးတယ်။ သူတို့အတွက် ချန်ထားပါရစေ။ တစ်အုပ်လောက်ပဲ ယူပါ"

သည်စဉ် သူမရှိရာသို့ မင်းအံ့နှင့် မောင်လေး မင်းဝေတို့ ရောက်ရှိလာကြသည်။

"ဘာစာအုပ်တွေ ဝယ်မလို့လဲ ရန်ကုန်ကျမှ ဝယ်လည်းဖြစ်တာကြီးကိုကွာ"

"အမယ် ဒီမှာ ဘာစာအုပ်လဲလို့ ကြည့်ပါဦး"

သူမက မင်းအံ့ရှေ့သို့ စာအုပ်လေးများကို ထိုးပြလိုက်သောအခါ သူ့ရွှင်လန်းသွားပုံကလည်း ဝင်းဝင်းလက်လက်။

"ဒါဆိုယူလိုက်လေ အကုန်ယူလိုက်"

ဆိုင်ရှင်ကောင်လေးမှာ ခေါင်းကိုတွင်တွင် ကုတ်ရင်းညည်းတွားနေလေ၏။

"သူကျမှ ပိုဆိုးနေတော့တယ်။ ကျွန်တော်တစ်အုပ်ပဲ ရောင်းနိုင်မယ်ခင်ဗျ။ အရားဆိုင်တွေကိုပို့ပြီး ဦးစားပေးရမယ်။ သူတို့က ဝယ်နေကျ အစ်မတို့လို တစ်ခါတလေမှ ဝယ်တာမဟုတ်ဘူး"

"ဟုတ်သားပဲ မမကလည်း ကိုယ့်စာအုပ်ကိုယ်များ ဝယ်နေရသေးတယ်။ နောက်ပြီး စာတိုက်ကလည်း ရောက်လာမှာကို ဒါမှမဟုတ် ရန်ကုန်ရောက်မှ ဦးမှတ်သုန်ဆီသွားတောင်းလိုက်လည်း ဖြစ်တာပဲ"

သူမတို့အချေအတင် စကားပြောနေစဉ် ဆိုင်ရှင်ကောင်လေးကမျက်ခုံးတွန့်လျှက် ကြည့်နေပါလေ၏။

"အစ်မက ချစ်ပြုံးနှင်းဆီလား"

သူမ အဖြေပြန်မပေးသော်လည်း မင်းအံ့က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ချစ်ပြုံးနှင်းဆီဆိုတာ သူပဲ . . .ကဲ . . .တစ်အုပ်ပဲဝယ်လိုက်ပါကွာ ရန်ကုန်ရောက်မှ ထပ်ဝယ်ကြဲတာပေါ့"

စာအုပ်တစ်အုပ်ပဲ ဝယ်ခဲ့ရပြီးနောက် သူမတို့ကားဆီ ပြန်ခဲ့ကြသည်။

ကိုယ့်စာအုပ်လေးကို ရင်မှာပိုက်ရင်း ခရီးသွားရတာ ပိုမိုပေါ့ပါးလင်းလက်နေတာလည်း စိတ်ချမ်းသာစရာ ကောင်းလှသည်။







www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီအပြာနုနုနှင့် အပြာလဲ့လဲ့လေးပြေးသော ကိုယ်ကျပ်ရှပ်အဖြူပုံဆန်းဆန်းကြောင့် မေနှင်းဆီ ကိုယ့်ရုပ်ကိုယ် မမှတ်မိချင်တော့။ လူမှာအဝတ် တောင်းမှာအကွပ်တဲ့။ ဘိုးတော်ဘုရားခေတ်က အဝတ်ကိုဝတ်လျှင် ကုန်းဘောင်ခေတ်ရုပ်ပေါက်သော်လည်း ယခုတော့ သူမအသွင်က ခေတ်မီလှပနေပြန်သည်။

တင်ပါးထိရှည်သော ဆံနွယ်များကို ခပ်မြင့်မြင့် စည်းထားလိုက်တော့ မျက်နှာရှင်းရှင်းလေးက လင်းလင်းလက်လက်။ သူမက အရပ်ရှည်သူမို့ ခွာမြင့်ဖိနပ်မစီးချင်ဘဲ ခပ်နိမ့်နိမ့်ဖိနပ်သာ ဝတ်ခဲ့သည်။

"ကဲ မောင်မပြောဘူးလား နှင်းဆီလှပါတယ်လို့ အခုအတိုင်းဆိုကက်ဝေါ်တွေဘာတွေတောင် ဝင်လျှောက်လို့ရတယ်…အိန္ဒြာကျော်ဇင်





လိုလို ထွန်းအိန္ဒြာဗိုလိုလို ဟိုလိုလို ဒီလိုလိုရုပ်နဲ့"

အဖျားရှူးခါ မေနှင်းဆီကိုစရင်း ဆံပင်လေးတွေကို ဖြီးသင်ပေးနေခဲ့ပြန်သည်။

သူ့ကိုပဲ နေရာတကာပါချင်တယ်…အဝတ်လည်း သူပဲရွေးမိတ်ကပ်ကအစ နှုတ်ခမ်းနီအဆုံး ဒီလောက်တောင်သိနေတာ မောင့်ကို နှင်းဆီ မယုံတော့ဘူးသိလား ရည်စားအယောက်တစ်ရာလောက်ပဲ ရဖူးသလား မိန်းမတစ်ဒါဇင်လောက်ပဲ ရဖူးသလား တစ်ခုခုပဲ"

"အမလေးဗျာ အထင်တော်မလွဲလိုက်ပါနဲ့ သန့်သန့်လေးပါ။ နေရာတကာ ပါနေရတာကတော့ မောင့်ချစ်ပြုံးနှင်းဆီက ဒီအတိုင်းသာ လွှတ်ထားလိုက်ရင် တစ်ပတ်လျှိုခံထုံးနဲ့ သနပ်ခါးပါးကွက်ကြားနဲ့ပဲ ထွက်လာမှာကိုးဗျ နည်းနည်းပါးပါးလေး ဆင်ပြင်ကြည့်ချင်သေးတာပေါ့"

"ဒါဖြင့် သူကနှင်းဆီရဲ့ နဂိုနေပုံစံကို မကြိုက်ဘူးပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး ဘယ်လိုပဲနေနေ နှင်းဆီကနှင်းဆီပဲပေါ့။ ဒါပေမယ့် မော်ဒယ်မလေးတွေလို ဒီဇိုင်းအမျိုးမျိုး ဆင်ကြည့်တော့လည်း မောင့်ရင်ကို တစ်မျိုးစီရင်ခုန်စေတာပေါ့"

"ကဲ တော်ပြီ စကားတတ်တဲ့ သူ့ကို အရှုံးပေးပါတယ်နော် ဧည့်ခန်းထဲမှာ မောင်လေး စောင့်နေရတာ အားနာစရာ သွားစို့"

ရန်ကုန်မှာ ခေတ္တဝင်နေခိုက် မေနှင်းဆီတို့ စာအုပ်ကလေးဘာလေးကြည့်ဦးမည်။ အခြားမိန်းကလေးတွေလို အဝတ်အထည် ဝယ်ဖို့ စိတ်မဝင်စားဘဲ စာအုပ်များကိုမှ စိတ်ဝင်စားတတ်သည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မေနင်းဆီ၏ ရူးသွပ်မှုပင်ဖြစ်မည်။

"နင်းဆီ မေမေတို့က အလုပ်များတော့ တွေ့ရင်ပြုံးပြတဲ့ အဆင့်ပဲရှိတယ်။ မောင့်အပေါ် နားလည်မှုတော့ ပေးပါနော်။ ကိုယ့်အိမ်သားတွေ အားလုံးကို အသိပေးပြောပြပြီးပါပြီ"

"သူတို့က ဘာပြောသေးလဲ နင်းဆီအပေါ် သဘောမကျရဲ့လား"

"ကျပါတယ် နောက်ပြီး မောင့်အခြေအနေတွေ အားလုံးလည်း နင်းဆီကိုပြောပြပြီးပြီပဲ။ ဘယ်အရာမဆို ကိုယ့်အားကိုယ်ကိုးရမှာချည်းပါပဲ ဒါပေမယ့် နင်းဆီမပူနဲ့နော်။ မောင့်မှာ အိမ်ထောင်တစ်ခုကို စိတ်ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ ထားနိုင်တဲ့အဆင့် ရှိပါတယ်"

သူကပူပူပင်ပင် ပြောနေတော့ မေနင်းဆီ မှန်ရှေ့မှခွာရင်း မင်းအံ့နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သည်အိမ်မှာ အိပ်ခန်းတွေကတော့အများကြီးဖြစ်သည်။ ယခုမေနင်းဆီအတွက် ပေးထားသောအခန်းမှာ , သူလာပြီး နမ်းဖြုးပေးနေခြင်းပါပေ။

"နင်းဆီက ပူရအောင် ရွှေငွန်းကိုက်ပြီး မွေးလာခဲ့တဲ့သူကိုး။ နင်းဆီတို့တာဝက မြေကြီးပေါ်မှာမွေးပြီး လယ်စိုက်၊ သစ်သီးခူး၊ ပန်းရောင်း"

"အာ・・・တော်ပါတော့ နင်းဆီရယ် မောင်မကြားရက်ဘူး"

မင်းအံ့က မေနင်းဆီ၏ နှုတ်ခမ်းလေးကို သူ့လက်ဖြင့် ရွရွပိတ်လိုက်ပြီး နှစ်ယောက်အတူ ညှော်ခန်းသို့ ထွက်လာခဲ့ကြသည်။ မောင်လေး မင်းဝေမှာလည်း သပ်သပ်ရပ်ရပ် သားသားနားနား ဖြစ်နေပါ၏။ သူလည်း မော်ဒယ်တို့ငုပေါ့။ အရပ်ရှည်ရှည် အသားဖြူဖြူမှာ





မင်းအံ့ဆင်ပြင်ပေးထားသဖြင့် လည်စည်းတွေ ဘာတွေနှင့်။

"ကောင်းတယ်ဟေ့ ငါတို့မောင်နှမတော့ တောသားမြို့ရောက်ပဲ လာသွားကြစို့"

"အစ်ကိုရေ ကြုံတုန်း နိုက်ကလပ်လေး ဘာလေးလည်း ရောက်ဖူးချင်တယ်ဗျာ"

မင်းဝေ၏စကားကြောင့် မေနင်းဆီတို့ ရယ်မောကြရသည်။

"ဟကောင်ရ ခုမှမိုးလင်းစ ရှိသေးတယ်။ သွားချင်လည်း တိုးတိုးတိတ်တိတ် ပူဆာတာမဟုတ်ဘူး။ အစ်မရှေ့ပြောတော့ ပြီးပါလေရော"

"နိုက်ကလပ်က (၂၄)နာရီဖွင့်ထားတာ မဟုတ်ဘူးလား ခုညတော့ လိုက်ပို့ဖြစ်အောင် ပို့စမ်းပါနော် အစ်ကိုနော်"

"မောင်လေးနော် နင်ဘယ်လိုဖြစ်နေလဲ အရှက်ကိုမရှိဘူး"

"အမယ် အေးဗျနော် ကျွန်တော့်အလို မလိုက်လို့ကတော့ မမနေပုံထိုင်ပုံတွေလည်း အိမ်ကျရင် အဖေ့ပြန်တိုင်မှာပဲ"

မင်းဝေစကားကြောင့် မေနင်းဆီမှာ မဆီမဆိုင် အနားမှာရှိသည့် မင်းအံ့ကို တဗုန်းဗုန်း ထုမိသလို သူကလည်း ရှက်ရယ်ရယ်လေ၏။

"မင်းသွားချင်တဲ့ နေရာတွေ မဖြစ်ဖြစ်အောင် ပို့ပေးပါ့မယ်ကွာ အဖေ့ကိုတော့ ပိုပိုသာသာတွေ လျှောက်မပြောလိုက်ပါနဲ့နော်။ အကိုတို့ကချစ်သူတွေပဲကွာ ဒီလောက်တော့ရှိမှာပေါ့ ညီရဲ့ ကဲ・・・ထ・・・သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



နံနက် ရှစ်နာရီကျမှပင် သူမတို့အိမ်မှ ထွက်ဖြစ်ခဲ့ကြသည်။ ထုံးစံအတိုင်း မင်းဝေက နောက်မှထိုင်ရပြီး မေနှင်းဆီတို့နှစ်ယောက်မှာ ကားရှေ့မှာ ထိုင်ဖြစ်ခဲ့ကြသည်။





"အမေ့အိမ်"

ထိုစာအုပ်ဆိုင်ကလေးထဲမှာ မေနှင်းဆီ ဝင်ရောက်မွှေနှောက်နေပြန်တော့ မောင်လေးမင်းဝေမှာ ငြူငြူစူစူ။ မင်းအံ့က သူမနောက်မှ တပြုံးပြုံးနှင့် စိတ်ရှည်၊ လက်ရှည် စာအုပ်ထုပ်တွေ သယ်ပေးနေသလောက် မောင်လေးက စိတ်မရှည် ဖြစ်နေရသည်။

"အလကား ပိုက်ဆံဖြုန်းနေတယ်။ စာအုပ်လေး သေးသေးလေးတွေများ တစ်ထောင်တဲ့။ နှစ်ထောင်တဲ့ အရူးတွေမို့ ပိုက်ဆံမနမျောတာ"

မင်းအံ့မှာ မြည်တွန်တောက်တီးနေသည့် ယောက်ဖလောင်းကိုလည်း တီးတိုးချော့ရ၊ ချစ်သူကျေနပ်အောင်လည်း စာအုပ်တွေ ကူရွေး



www.burmeseclassic.com

www.burmeseclassic.com



ပေးနေရလေသည်။ သူ့အဖြစ်က ဆူးကြားမှ ဗူးနယ်...

"အယ် ဒီမှာ စာအုပ်တွေ့ပြီ ကိုမင်းအံ့"

သူမ၏ ခြောက်အုပ်မြောက် စာအုပ်ကလေးများကို ကောက်ယူလိုက်ပြီး မေနှင်းဆီ ဝမ်းသာနေတော့ မင်းအံ့လည်း ကြည်နူးရပါသည်။

"ယူလိုက်လေ ဘယ်နှစ်အုပ်ယူမလဲ စာတိုက်ကလည်း ပို့တယ် မဟုတ်လား မဝယ်စေချင်လို့ မဟုတ်ဘူးနော် နှင်းဆီကြိုက်သလောက် ယူပါ"

"စာတိုက်ကပို့မှာက နောက်ကျတယ် ပြီးတော့ တစ်ခါတလေ စာအုပ်ထုပ်ပျောက်တတ်တယ် မောင်ရဲ့ သူ့အတွက် တစ်အုပ်ထပ်ဝယ် မယ်နော်။ တစ်အုပ်ဆိုတော်ပါပြီ ကျွန်မဝယ်တာတွေ အရမ်းများနေပြီ လားမသိဘူးနော် ရသေးလား ဟိုလေ ကျွန်မ...ကိုယ့်မှာလည်း ပိုက်ဆံမရှိဘဲနဲ့"

"ဟာကွာ နှင်းဆီကလည်း မောင်စိတ်မကောင်းအောင် အဲလို စကားတွေ မပြောပါနဲ့။ ကိုယ့်ပိုက်ဆံဟာ နှင်းဆီပိုက်ဆံပါပဲ။ ကြိုက် သလောက်ဝယ် ကြိုက်သလောက်သုံး သူများမိန်းကလေးတွေလို အလှ အပ၊ အဝတ်အစား၊ ရွှေငွေရတနာ မပူဆာဘဲ စာအုပ်ပဲပူဆာတဲ့ ကောင် မလေးအတွက် မောင်က စာအုပ်ဆိုင်ကြီး တစ်ဆိုင်လုံးတောင် ဝယ်ပေး လိုက်ချင်ပါတယ်"

မင်းအံ့အပြောကြောင့် မေနှင်းဆီ ပြုံးပြုံးလေးဖြစ်သွားပြီး၊ နောက် ၈ ထပ်စာအုပ်အနည်းငယ် ထပ်ရွေးခဲ့သည်။





"တော်ပါပြီ မောင်ရယ် ကျေးဇူးလည်းအရမ်းတင်တယ် သိလား။ ဟိုတုန်းကဆို စာအုပ်ကများများ၊ ကိုယ်ဝယ်နိုင်တာကတစ်အုပ်၊ နှစ်အုပ်။ အကုန်လုံးထားပစ်ခဲ့ရတာ ချည်းပဲ။ အခုနှင်းဆီ ကိုးအုပ်ကြီးများတောင် ဝယ်ပစ်လိုက်ပြီနော်"

"တော်ပြီလား ချစ်ရဲ့ ဝယ်ဦးလေ"

"တော်ပြီ...တော်ပြီ...အဲဒီ မောင်သာနီးဘာသာပြန်တဲ့ မဟာကဗျာ စာအုပ်လေးတစ်အုပ်တော့ ထပ်ယူဦးမယ်နော် ဒါရှားပါး စာအုပ်မောင်ရဲ့ ကျွန်မတော့ သိပ်ကြိုက်တာပဲ စကားလုံးပြောင်းပြောင်းရှရှနဲ့ ခံစားချက်အတိုင်း သွန်ချထားတဲ့ ကဗျာတွေ မာယာကော့(ဖ)စကီးရဲ့ ဘောင်းဘီဝတ် မိုးတိမ်ဆိုဗီယက် ကဗျာဆရာကြီးလေ အိုး...နှင်းဆီ ဘယ်လောက်တောင် ကြိုက်သလဲဆိုရင် နှင်းဆီသာ အဲဒီအချိန်က ရုရှားမလေး တစ်ယောက်ဖြစ်ခဲ့ရင် သူ့နောက်တကောက်ကောက်လိုက်ပြီး သူ့ကဗျာရွတ်သံတွေ လိုက်နားထောင်နေမှာပဲ"

အားမာန်ပါပါ ပြောနေသည့် ချစ်ပြုံးနှင်းဆီကိုကြည့်ရင်း မင်းအံ့ သဘောကျနေရပြန်သည်။

"တော်သေးတာပေါ့ဗျာ မာယာကော့(ဖ)စကီး သေသွားပေလို့ နောက်နှင်းဆီလည်း ရုရှားမလေး မဖြစ်ခဲ့လို့ပေါ့။ ကဲဝယ်လို့ပြီးရင်လည်း သွားကြစို့ကွာ...ဟိုမှာ ရွှေယောက်ဖလေး နှုတ်ခမ်းစူနေပြီ"

စာအုပ်ကောင်တာမှာ ငွေချေတော့ မင်းအံ့က သူမအစားမေး ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီချစ်ပြုံးနှင်းဆီရဲ့ စာအုပ်က အခြေအနေ ကောင်းရဲ့လား။ ရောင်းရရဲ့လားခင်ဗျ"

"ရောင်းရပါတယ် မဆိုးပါဘူး တစ်အုပ်ထက် တစ်အုပ်အခြေအနေ ကောင်းလာပါတယ်။ ဒီတစ်အုပ်ဆိုရင် ကျွန်တော့်တစ်ဆိုင်နဲ့တင် အုပ်လေးဆယ်လောက် ပြတ်ပါတယ်။ သူလည်းစောင်ရေတစ်ထောင် ကျော်တန်းတော့ ဝင်နေပါပြီ"

"သြော်"

ကိုယ့်စာအုပ်သတင်းကို နားထောင်ပြီး မေနှင်းဆီဝမ်းသာရမှာလား။ ဝမ်းနည်းရမှာလား၊ ရင်နာရမှာလားပင် မသိတော့ပါ။

အဘယ်ကြောင့်ဆိုသော် သူမ၏နှလုံးသားက ကောင်းကောင်း အလုပ်မလုပ်သေးလို့ပဲ ဖြစ်ပါသည်။





ရန်ကုန်လေဆိပ်မှ မနက် ခုနစ်နာရီခွဲထွက်သည့် လေယာဉ်သည် မန္တလေးချမ်းမြသာစည်လေဆိပ်သို့ ကိုးနာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ လေယာဉ်တစ်ခါမှ မစီးဖူးသဖြင့် မေနှင်းဆီ အနည်းငယ် စိုးရိမ်မိခဲ့သော်လည်း သူမနံဘေးမှာ သူမလက်ကိုကိုင်ပြီး တီးတိုးအားပေးနေသည့် မင်းအံ့ကြောင့် မေနှင်းဆီ၏ ကြောက်စိတ်တွေ မကြာမီ လွင့်ပြယ်သွားခဲ့လေသည်။

လေယာဉ်ပေါ်မှ မြန်မာပြည်ရှုခင်းကို မြတ်နိုးစိတ်ဖြင့် ကြည့်ရင်း မေနှင်းဆီ မင်းအံ့ကို ကျေးဇူးတင်နေမိခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူနှင့် ရင်းနှီးချစ်ခင်ခဲ့မိလို့ ယခုလိုခရီးတွေ၊ လေယာဉ်တွေဘာတွေ စီးရတာပေါ့။ သူမအလိုသာဖြင့် မွေးရပ်မြို့မှ ဘယ်ကိုမှလည်း ခရီးမထွက်နိုင်ပါ။ အဘယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် ယခုခေတ်အနေအထားအရ ဘယ်ခရီးကိုပဲသွားသွား ငွေအများကြီး ကုန်လိမ့်မည် မဟုတ်ပါလား။ သူမတို့လို လူနေမှုအဆင့်အတန်းရှိသူများမှာ စားဝတ်နေရေးတောင် အနိုင်နိုင် . . .

"ကြည့်စမ်း နှင်းဆီ ခရီးသွားရတာ စိတ်ပြေလက်ပျောက် မရှိဘူးလားဟင်။ မောင့်လို ကမ္ဘာပတ်ပြီး ခရီးသွားခဲ့ရသူတောင်မှ ခုလို ချစ်ရသူနဲ့ သွားတဲ့ခရီးဟာ ဘယ်အရာနဲ့မှ မနှိုင်းယှဉ်သာအောင် ကြည်နူးရပါတယ်။ မောင့်ရင်ထဲမှာ တစ်ခုပဲ စိတ်ထင့်တယ်။ လားရှိုးရောက်ရင် မောင့်ဖေဖေရဲ့ သတင်းဟာ သတင်းကောင်းဖြစ်ပါစေ စုံစမ်းလို့ရပါစေလို့ပဲ မောင်ဆုတောင်းမိပါတယ်။ ကိုယ့်ဘဝမှာ ဒါဟာဖေဖေပဲလို့ သိခဲ့ရရင် သိခွင့်ရရင် ကျေနပ်ပါပြီ နှင်းဆီရယ်"

"တွေ့အောင် ရှာကြမှာပေါ့မောင်ရယ်။ နောက်လိုအပ်ရင်လည်း ကိုယ့်အဖေကိုယ် ကြည့်ရှုစောင့်ရှောက်ကြတာပေါ့နော်။ တွေ့ပါစေလို့ နှင်းဆီ ဆုတောင်းပေးပါတယ်"

"ဒါတွေ ခဏထားလိုက်ပါဦး နှင်းဆီရယ်။ လေယာဉ်ပေါ်က မြန်မာပြည်ရှုခင်းကို ငုံ့ကြည့်ပါဦး ဧရာဝတီမြစ်ကြီး ရစ်ခွေစီးဆင်းနေတာ ရယ်။ ဘုရားပုထိုး စေတီတွေရယ်။ ဘယ်လောက်လှပလိုက်သလဲဟင် ရိုးမတောင်တန်းကြီးတွေနဲ့ သစ်တောစိမ်းစိမ်းအုပ်အုပ်တွေ ဒီရှုခင်းမျိုး အပေါ်စီးက မြင်ရတာ နှင်းဆီနှစ်သက်ရဲ့လား"

"ရှမ်းပြည်နယ်ရှုခင်းက ဒီထက်သာလိမ့်မယ်ထင်တယ်။ အဲဒီကျမှချီးကျူးဖို့ စကားတွေ ချန်ထားဦး"





မကြာမီ မန္တလေးလေဆိပ်သို့ လေယာဉ် ခေတ္တဆင်းသက်လေသည်။ နာရီဝက်သာသာခန့် ကုန်တင်ကုန်ချ လူတင်လူချပြုလုပ်ပြီး နောက်လားရှိုးသို့ ဆက်လက်ပျံသန်းခဲ့သည်။ လှပယဉ်ကျေးသည့် လေယာဉ်မောင်မယ်များကို ငေးကြည့်ရင်း မေနှင်းဆီရင်ထဲမှာ ဇာတ်လမ်းတွေပေါ်လာသလိုလို။ အိုကျွန်မနှလုံးသားဟာ သူ့ကြောင့်ရစရာမရှိအောင် ပျက်စီးကြေပြုန်းခဲ့ပြီမဟုတ်လား သူမနှလုံးသားထဲမှာ အနုပညာသစ်ပင်လေး ညှိုးနွမ်းသွေ့ခြောက် နေပြီထင်ပါသည်။

"ကိုယ်ဖတ်ဖူးတာလေး တစ်ခုရှိတယ်။ အနုပညာသမားဟာ ပထမ ပါရမီသက်နဲ့ ခရီးဆက်တယ်တဲ့။ နောက် ပါရမီသက်ကုန်တဲ့အခါ ပညာသက်နဲ့ ဆက်ရသတဲ့။ အဓိပ္ပာယ်ကို နှင်းဆီလည်း သိပြီးသားဖြစ်မှာပါ"

"လူ့အမျိုးမျိုးရှိတာပေါ့ မောင်ရယ်။ ကျွန်မကတော့ နှလုံးသားသက်သက်နဲ့ အနုပညာကို ဖန်ဆင်းတတ်သူပါ။ တေးသီ‌ငှက်ကလေးတွေလို အလိုအလျောက်ဖြစ်ပေါ်လာတဲ့ နှလုံးသားနဲ့ သာယာတဲ့ဂီတသံလေးတွေ ကျူးရင့်သလိုမျိုးပေါ့၊ အလိုလိုစီးဆင်းလာတဲ့ နှလုံးသွေးနဲ့မှ ကျွန်မက မင်တို့ ရေးတတ်သူပါ"

"ဘာပဲဖြစ်ဖြစ်လေ အခုလို သာယာတဲ့ခရီးလမ်းတွေ သွားရင်းနဲ့ နှင်းဆီရဲ့ နှလုံးသားလေး ပြန်လည်ကျန်းမာလာပါစေ နှင်းဆီရဲ့အနုပညာသစ်ပင်လေး ပြန်လည်စိမ်းလန်းလာပါစေလို့ မောင်ဆုတောင်းပါတယ်"

သူမတို့နှစ်ဦး စကားတီးတိုးပြောနေကြစဉ် ဘယ်ဘက်ခုံမှ



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးမင်းဝေမှာ မျက်စိမှိတ်လျှက် လိုက်ပါလာခဲ့သည်။ သူက လေယာဉ်မှူးတက်သူလားမသိ။ ရှုဆေးရှုရင်း ငြိမ်သက်လိုက်ပါနေလေသည်။

"ကြည့်စမ်းပါဦး နှင်းဆီရယ် တောတောင်ကြီးတွေ စိမ့်ဂနိုင်တွေ တိမ်တိုက်ကြီးတွေနဲ့ လုံးထွေးရစ်ပတ်နေကြတာ အရမ်းလှတာပဲနော်။ မောင်တော့ ဒီရှုခင်းတွေကို တစ်သက်လုံး အမြတ်ရနေမှာပါပဲ"

"အင်း"

သက်ပြင်းရှည်နှင့် ရောယောင်အင်းချရင်း မေနှင်းဆီ လှပလွန်းသည့် ရှုမျှော်ခင်းမှာ သာယာမိန်းမောနေမိ၏။ အလို သူမရဲ့ နှလုံးသားလေးပြန်လည် အသက်ဝင်ရှင်သန် ထမြောက်လာဦး တော့မည်လား။

တောင်နိုးနှင့်တိမ် ရောယှက်လိမ်နေသည့် တောင်တန်းစိမ်းညို နက်မှောင်ကြီးများ၊ စုံနံ့သာမြိုင်ကြီးများနှင့် တောင်နံရံများသည် လှပဆန်းကြယ်လွန်းပေစွ။ ဘယ်ပန်းချီကျော်မျှ ဆွဲလို့မရသည့် ရှုခင်းအလှပါတကား။

အတန်ကြာသော် စိုက်ခင်းပျိုးခင်းများ၊ အိမ်များ၊ ချောင်းကလေးများကို သူမတို့မြင်ကြရသည်။ လားရှိုးရောက်တော့မည်ထင်သည်။ ယခုထိ နှင်းမြူတွေက ဝေ့တုန်း၊ ဝဲတုန်း။

"လားရှိုးမှာ မောင့်သူငယ်ချင်းတစ်ဦး ရှိတယ်။ ကျောင်းတုန်းက သူငယ်ချင်းပေါ့ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်ပြီး မိဘလုပ်ငန်း ဦးစီးနေခဲ့တယ်။ ကိုယ်ရန်ကုန်က မထွက်ခင်ကတည်းက သူနဲ့အဆက်





အသွယ်လုပ်ထားခဲ့တယ်။ သူလာကြိုလိမ့်မယ်။ သူ့နာမည်က ညီညီအောင်တဲ့"

"လားရှိုးမှာ လူခ်ရှိတယ်ဆိုတော့ ကောင်းတာပေါ့။ မောင့်ဖေဖေကိုရှာလို့လည်း လွယ်သွားတာပေါ့"

မေနှင်းဆီ၏ စကားကြောင့် မင်းအံ့ငေးခနဲ တွေဝေသွားလေ၏။ သူမတို့ခရီးက လွမ်းမောဖွယ်။ လွန်ခဲ့သည့်အနှစ်သုံးဆယ်ကျော်က အဖြစ်အပျက်တစ်ခုကို သိရှိကြဖို့ဆိုတာ ဖြစ်နိုင်ပါဦးမည်လား။ ဘယ်မြို့ ဘယ်ရွာမှာပဲဖြစ်ဖြစ် လူဟောင်းတို့နေရာမှာ လူသစ်တွေဝင်လျှက်။

"မောင့်ဖေဖေ့နာမည်ကရော ဘယ်သူတဲ့လဲဟင်"

"ဦးနေအုပ်တဲ့"

မကြာမီ လားရှိုးလေယာဉ်ကွင်းသို့ လေယာဉ်ဆိုက်ရောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကိုမင်းပြောတဲ့ ကိုမင်းဖေဖေနဲ့ မေမေရဲ့ဇာတ်လမ်းလေးက တကယ့်ကိုလွမ်းမောဖွယ်ပါလား။ ကိုယ်ကြားရတာတောင် စိတ်မကောင်းလိုက်တာ"

ညီညီအောင်၏အသံက တကယ်ပင် မောလျှော့မြည့်နေခဲ့၏။ သူ့အိမ်ဧည့်ခန်းထဲမှာ မေနှင်းဆီတို့ စကားပိုင်းဖွဲ့နေကြခြင်း ဖြစ်သည်။ ညီညီအောင်၊ မင်းအံ့၊ မေနှင်းဆီနှင့် ညီညီအောင် အစ်မကြီး ဒေါ်လီလီအောင်တို့ဖြစ်သည်။ မင်းဝေမှာ အနည်းငယ် နေမကောင်းဖြစ်နေသဖြင့် ဆေးသောက်ပြီး သူ့အတွက်ပေးထားသည့် အခန်းထဲမှာ ဝင်အိပ်နေလေ၏။

"ကိုမင်းအံ့ရဲ့ အမိုး၊ အဖွားတွေက အဲဒီတုန်းက ဘာလုပ်သလဲ၊ ထင်ရှားတဲ့သူတွေဆိုရင် မေးရ၊ စမ်းရ လွယ်ပါတယ်"





"ကျွန်တော့် ဘဘက ဆောက်လုပ်ရေး အင်ဂျင်နီယာပါ။ ဖွားဖွားကတော့ "နီနီမြင့်"ပွဲရုံလုပ်ငန်းလုပ်တယ်တဲ့ ကုန်တင်ကား ၄-၅-ဖြစီးလောက်ပိုင်တဲ့ ဖွားဖွားဟာ တော်တော်လည်း မာနကြီးခဲ့တယ် ထင်ပါရဲ့ဗျာ။ ကျွန်တော့်အဖေက သာမန်ကုန်သည်လေး တစ်ယောက်ပေကိုး"

"ဦးနေအုပ်ဆိုတဲ့နာမည်တော့ ဒီလားရှိုးမှာ မကြားဖူးဘူး။ ကိုမင်းအံ့ရဲ့ အဖေက အသက်ငါးဆယ်ကျော်လောက် ဖြစ်မှာပေါ့။ နာမည်တွေ၊ ဘာတွေများ ပြောင်းထားသလား၊ နောက်မှတ်ပုံလေး ဘာလေး ရောတစ်ခုဟာလေ မပါခဲ့ဘူးလား။ ကျွန်မတို့ရှာရမှာ သဲလွန်စ ပျောက်နေတယ်နော်"

"ဘာပဲဖြစ်ဖြစ် အသက်ငါးဆယ်ကျော် လူကြီးတွေဆီမှာ စုံစမ်းရရင်တော့ ရမလားမသိဘူး။ မမြင်ဖူးတဲ့လူတစ်ယောက်ကို စုံစမ်းရတာလည်း နည်းနည်းတော့ခက်မယ်။ ဒါပေမယ့် စိတ်မပျက်ပါနဲ့ကွာ ကိုယ်တို့ ရှာဖွေကြတာပေါ့ . . . ဒါထက် နေစမ်းပါဦး အဲဒီတုန်းက ဘယ်လမ်း၊ ဘယ်အိမ်မှာ နေခဲ့တယ်ဆိုတာရော ကိုမင်းအဖေဆီက မေးခဲ့ရဲ့လား"

"ကိုယ့်အဖေက အပိုအလုပ်တွေလို့ ထင်တယ်ဗျ။ ဖခင်ဆိုတာ ဖခင်ရဲ့အနှစ်သာရဆိုတာ ကိုယ့်သားသမီးအပေါ် ချစ်ခင်မြတ်နိုးခြင်း၊ တာဝန်ကျေပွန်ခြင်းတဲ့။ ဖေဖေက မေမေအပေါ် ဘာမှဆက်သွယ်စုံစမ်းမေးမြန်းခြင်းမရှိတဲ့အတွက် လိုက်ရှာစရာမလိုဘူးလို့ သူကထင်တယ်ဗျ။ ကိုယ်လာရတာ ကိုယ့်တစ်ယောက်ထဲရဲ့ ဆန္ဒပါ"

"ကျွန်မလည်း အားပေးပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်မှာ အတူထိုင်နေသည့် မေနှင်းဆီ၏ အသံကြားရလျှင် မင်းအံ့အလွန်အားနာသွားရသည်။

"ဆောရီး နှင်းဆီ ကိုယ်ကကိုယ့်အဒေါ် စိတ်မပါခဲ့တာကို ဆိုလိုတာပါ"

"အဒေါ်က ဆန္ဒမရှိတဲ့အတွက် ဘာတစ်ခုမှ ပြောမပြလိုက်ပါဘူး။ ဘဘ အင်ဂျင်နီယာလုပ်တာနဲ့ ဖွားဖွားပွဲရုံလုပ်ခဲ့တာတောင် ဟိုးတုန်းကတည်းက သူတို့ပြောခဲ့တဲ့စကားတွေ မှတ်သားခဲ့ရတာပါ"

"ဒီလောက်လည်း အားမငယ်ပါနဲ့လေ လီလီတို့ ကူညီရှာဖွေပေးပါ့မယ်။ ရောက်တုန်းရောက်ခိုက် နားနားနေနေသာနေပါ။ ဒီလိုဖက်တွေဆိုတာ ရောက်ခဲပါဘိသနဲ့ ကဲ ညဥ့်လည်းနက်ပြီ အိပ်ကြစို့"

ဒေါ်လီလီအောင်က အရင်အိပ်ရာဝင်ဖို့ ပြင်လေ၏။ သူတို့မောင်နှမမှာလည်း မိဘများမရှိကြတော့ပေ။ မောင်နှမနှစ်ယောက်စလုံး အပျိုကြီး၊ လူပျိုကြီးများအဖြစ် နေထိုင်နေကြတာကလည်း အံ့သြစရာ၊ အားကျစရာလားပင်။

"နှင်းဆီ ကိုယ့်အခန်းက နှင်းဆီရဲ့ မျက်နှာချင်းဆိုင်မှာရှိတယ် အရေးကိစ္စရှိရင် ကိုယ့်ကိုနှိုးနော်"

"ဟုတ်ကဲ့ . . . ကဲ ဦးညီညီအောင်လည်း နားဆက်ပါတယ်။ ကောင်းသောညပါရှင်"

လားရှိုးမြို့က စိမ့်အေးနေသော်လည်း မေတ္တာစာတ်တွေ ရစ်ပတ်လွှမ်းခြုံနေမှုကြောင့် နွေးထွေးခဲ့သည့်ပင်။





လူတိုင်းကိုလိုက်ပြီး ဒီပုံပြင်လေး လိုက်ပြောရမှာတော့ အနည်းငယ် အူကြောင်ကြောင် နိုင်သည်ဟု မင်းအံ့ထင်ခဲ့သည်။ သို့သော် မေနှင်းဆီ၏ အကြံပေးချက်အရ ညီညီအောင်တို့အိမ်မှာ မိတ်ဆုံညစာခံပွဲလေးတစ်ခုပြုလုပ်ပြီး တက်ရောက်လာသည့် သူ့မိတ်ဆွေများကို ပြောကြားဖို့ ဆုံးဖြတ်ခဲ့ကြသည်။

သည်ကနေ့ ညနေ ညီညီအောင်တို့အိမ်မှာ ညစာခံပွဲတစ်ခုလုပ်ဖြစ်သည်။ မောင်နှမနှစ်ယောက်လုံး၏ ရင်းနှီးသောမိတ်ဆွေများကို ဖိတ်ထားခဲ့ကြသည်။ အထူးသဖြင့် အသက်ငါးဆယ်ကျော် မိတ်ဆွေများကို စပါယ်ရှယ် ရွေးဖိတ်ထားကြပါလေ၏။ သဲလွန်စများ ရလိုရငြားပေါ့။

ညစာသည်များ ဝင်လာကြသောအခါမှာလည်း မင်းအံ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

မေနှင်းဆီတို့ တစ်ယောက်စီကို အကဲခတ်ကြည့်ကြသည်။ သို့သော် ယခုကြွရောက်လာကြသူများမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းက များနေသည်။

"မောင့်ဖေဖေက အချစ်ကြောင့် အရက်နွံမှာနစ်သွားတဲ့ အရက်သမားကြီးတစ်ယောက်များ ဖြစ်နေရင်ပြီးပါလေရောနော်"

"ဘာတတ်နိုင်မလဲကွာ ကိုယ့်အနေနဲ့ကတော့ ဖေဖေ့ကိုမြင်ဖူးမယ်၊ တစ်ခုခုလုပ်ပေးခွင့်ရမယ်ဆိုရင် သေပျော်ပါပြီ ဒါဖေဖေပဲလို့ မြင်ခွင့်ရရင် သေပျော်ပါပြီ"

"အမယ် မသေရသေးပါဘူးနော် သူသေသွားရင် ကျွန်မက ဘာဆက်လုပ်ရမှာလဲ"

ပန်းနုရောင်အနွေးထည် ဖားဖားလေးနှင့် ပန်းနုရောင်ကောင်မလေး၏ ပန်းရောင်သန်းသည့် မျက်နှာလေးကို ကြည့်ပြီးမင်းအံ့မချိပြုံးပြုံးပြုံလိုက်သည်။ သူမ၏လက်ကလေးတစ်ဖက်ကိုလည်း ဆုပ်ကိုင်ဖျစ်ညှစ်ထားမိပါ၏။ မင်းဝေကတော့ တစ်ဖက်စားပွဲမှာ ရှယ်တူကောင်လေးတစ်ယောက်နှင့် စကားလက်ဆုံကျနေလေသဲ. . .

"အခုလို ခဲရာခဲဆစ် ဖြစ်နေတဲ့အခါ ဖေဖေ့ကိုပိုပြီး မြင်ချင်၊ တွေ့ချင်နေမိတယ်။ သူတို့ဇာတ်လမ်းလေးက ကိုယ့်ရင်ကို ကြေကွဲအောင် ပိုမိုထိုးဆွနေခဲ့တယ်။ ကိုယ်ဖေဖေ့ကို တွေ့ရမှာပါနော် သူဟာ လူဆိုးကြီးပဲဖြစ်ဖြစ် လူကောင်းသူကောင်းပဲဖြစ်ဖြစ် ဖေဖေ့ကို ကိုယ်ချစ်မယ် တွေ့ချင်တယ်"





"တွေ့ရမှာပါ မောင်ရယ် ကျွန်မတို့ သူ့ကိုတွေ့ရအောင်ပဲ လာရကြတာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် မောင့်ဘဝမှာ မေနှင်းဆီရှိနေတာတော့ သတိရလိုက်ပါနော်"

"ကျေးဇူးတင်ပါတယ် အချစ်ရယ် ကိုယ်ဝါကယ် အားလည်းရှိပါတယ်"

တစ်ယောက်ချင်း လိုက်ကြည့်မိနေကြရာမှ တစ်နေရာမှာ သူမတို့ရပ်တံ့မိသွားကြသည်။

နက်ဆိုးတစ်ပါးနှယ် ယာမကာတွေနှင့် ဝင်းပမှူးယစ်နေသည့် လူချောကြီးတစ်ဦးဟာ ဦးနေအုပ်ဆိုတာလား ဖေဖေဟာ လူချောတစ်ယောက်ဖြစ်ချင်လည်း ဖြစ်မှာပေါ့. . .

"ဦးနှာမည်က ဘယ်သူလဲဟင် လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က နီနီမင်းဆိုတဲ့ ကောင်မလေးတစ်ယောက်ကို သိခဲ့ဖူးသလား"

သူ့အနားသို့ကပ်ပြီး အင်တာဗျူးပုံစံနှယ် မေနှင်းဆီမေးလိုက်သောအခါ ထိုလူကြီးက ရယ်မောလေ၏။

"ကိုယ်ကရည်းစားတွေ အယောက်တစ်ရာလောက် ထားခဲ့ဖူးတာပဲ ဘယ်မှတ်မိနိုင်မလဲ မိန်းမဆိုတာလည်း အလကားပါကွာ ရည်းစားဘဝမှာသာ ခြောက်ပစ်ကင်းတဲ့ ဖယောင်းရုပ်ကလေး ဖြစ်ချင်ဖြစ်မယ်။ မိန်းမဘဝလည်းရောက်ရော ပုံဆိုးပန်းဆိုးကြီးတွေနဲ့ လူကိုနိုင်လိုမင်းထက်လုပ်ကြတော့တာပဲဟေ့ ကောင်လေး မင်းမိန်းမမယူနဲ့ သိလား အဲကိုယ့်နာမည်က ဦးဝေထွန်း၊ တဲ့ ဈေးနားမှာနေတယ်။ ပွဲရုံလုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ နှစ်ယောက်ရှိပါသယ်"

မှုးယစ်နေသည့် ထိုလူကြီးအနားမှ သူမတို့ခပ်သွက်သွက် ပြန်ဆုတ်လာကြရသည်။ တော်ပါပြီနော်···

သည်စဉ် ညီညီအောင် သူမတို့နှစ်ယောက်အနားသို့ ကပ်လာခဲ့၏။

"ကိုမင်း လူစုံရင်··· ကိုမင်းရဲ့ အဖေနဲ့အမေအကြောင်းလေး ကျွန်တော်ရပ်ပြီး ပြောပြလိုက်မယ်လေ ဒါမှမဟုတ် ကိုမင်းကိုယ်တိုင် ပြောမလား··· မမကို အပြောနိုင်းရင်လည်းဖြစ်တယ်"

ဒေါ်လီလီအောင်မှာလည်း သူ့ကိုယ်လုံးဝဝလေးနှင့်မလိုက် အလုပ်ရှုတ်နေရှာခဲ့သည်။ မေနှင်းဆီ ပြေးကူလိုသော်လည်း မင်းအံ့က သူမ၏ လက်ကိုမလွှတ်ပါ။

"ကိုညီပဲ ပြောလိုက်ပါတော့ဗျာ··· ကျွန်တော် ဒီနေ့ည ရင်ထဲမှာမကောင်းဘူး တစ်ခါက မေမေ့ဇာတ်လမ်းလေးဟာ ကျွန်တော့် ရင်ထဲမှာ လတ်လတ်ဆတ်ဆတ် ရှင်သန်လှုပ်ရှားနေခဲ့တယ်··· ဒီလားရှိုးမြေမှာပဲ··· ကျွန်တော့် မေမေဟာ အချစ်ကြောင့် ပျော်ရွှင်ကြည်နူးခဲ့ဖူးသလို အချစ်ကြောင့်ပဲ ကြေကွဲဆုံးရှုံးထွက်ပြေးခဲ့ရဖူးတယ် ကျွန်တော်ရော မေမေ့လိုပဲခံစားနေရမလားဗျာ···"

"ဟာ ကိုမင်း ဒါတော့ ခံစားမှုတွေအစွန်းရောက်သွားပြီ"

စိတ်မာတ်တွေ ပျော့ခွေယိုင်လဲအောင်ခံစားနေရသည့် မင်းအံ့ကြောင့် ညီညီအောင် စိတ်ပူသွားသလို မေနှင်းဆီလည်း ထိန့်လန့်





ရပါချေ၏။

"မောင် ဘာတွေပြောနေတာလဲ နှင်းဆီအနားမှာရှိနေတာလည်း သတိရပါဦးနော် နှင်းဆီငိုချင်လာပြီသိလား"

သူမတို့နှစ်ဦး ဖရိုဖရဲဖြစ်နေတော့ ညီညီအောင်က ဖြောင်းဖြချော့မော့ခဲ့သည်။

"ကဲ ကဲ ကိုမင်းရော နှင်းဆီပါ ဒီစားပွဲမှာထိုင်ကြပါဦးနော် အားလုံးအဆင်ပြေအောင် ကိုယ်တို့ဆောင်ရွက်ကြတာပေါ့ နှင်းဆီ ကိုမင်းကို အားပေးလိုက်ပါဦးဗျာ သူ ဒီနေ့ကြေကွဲနေရပုံရတယ် ကျွန်တော် ဟိုဖက်သွားလိုက်ဦးမယ်···"

မေနှင်းဆီက နီးရာကုလားထိုင်တစ်လုံးမှာဝင်ထိုင်လျှင် သူကလည်း သူမနှင့်အနီးဆုံး ကုလားထိုင်မှာဝင်ထိုင်ခဲ့ပါ၏။

"ကိုယ့်ကိုခွင့်လွှတ်ပါနော် ကိုယ် ဒီနေ့ည ဝမ်းနည်းအားငယ်လွန်းလှတယ် ကိုယ် နှင်းဆီကိုချစ်ပါတယ်ကွယ်"

သူ့အသံကဝေးပျတုန်ယင်နေတော့ မေနှင်းဆီခံစားနေရသည်။

"ရပါတယ် ကျွန်မ သူ့ကိုနားလည်မှုတွေပေးနိုင်ပါတယ် ကျွန်မအတွက်နဲ့တော့ သူစိတ်မဆင်းရဲစေရပါဘူး။ ဒါပြဿနာ မဟုတ်ပါဘူးရှင်။ သူ့ဖေဖေကိုတွေ့ဖို့သာ အဓိကပါ ကဲ ခဏနားပါဦးနော် ဦးညီညီအောင်ပြောတာတွေ နားထောင်ကြရအောင်"

ခပ်လှမ်းလှမ်း ပရိသတ်အလယ်မှာ ညီညီအောင်က တစ်ခါက ဇာတ်လမ်းလေးတစ်ပုဒ်အကြောင်း ပြောပြနေပါ၏။ နေအုပ်နှင့် နီနီမင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်သည် လူအများ၏ရင်ထဲသို့ တစိမ့်စိမ့် စီးဝင်ပျံ့နှံ့လျှက်။ မေနင်းဆီ၏ ရင်ထဲမှာလည်း ဆို့နင့်ကြေကွဲ လာခဲ့သည်။ ဒါ ဇာတ်လမ်းလေး တစ်ပုဒ်ပါလား။ လူ့ဘဝမှာ ဇာတ်လမ်းတွေ အများကြီး ပါလား။ လွမ်းမောဖွယ်ဇာတ်လမ်းလေးတစ်ပုဒ်သည် သာယာလွမ်းမောဖွယ် ကောင်းသည့် လားရှိုးမြေမှာ ဖူးပွင့်ဝေဆာခဲ့သလို မေနင်းဆီ၏နှလုံးသား ထဲမှာ ကူးချည်၊ သန်းချည်။

အလို သူမရဲ့ အနုပညာသစ်ပင်လေး၊ ပြန်လည်ရှင်သန်နိုးထခဲ့ပြီး လား။ လတ်ဆတ်သော လေ၊ မြေ၊ ရေထုတို့သည် မေနင်းဆီ၏ အနုပညာ ဗရပွနှင့်ခြောက်သရောင်းနေသော နှလုံးသားလေးကို ပေါင်းသင်းမြေဩဇာ ကြွပြန်လေသည်။

ဒါဖြင့် အနုပညာဆိုတာ ကိုယ်တိုင်တွေကြုံရမှ၊ ကိုယ်တိုင်ခံစားရ မှ မဟုတ်တဲ့ တစ်ပါးသူတို့၏ဇာတ်လမ်းတွေကိုလည်း ခံစားဖွဲ့ဆို ရေးခြယ်ပြ လို့ရတာပေါ့ ဟုတ်သလား အဲဒီလိုလား...

သူမ မျက်ဝန်းမှာမျက်ရည်လည်လျှ၏။ သူမ၏နှလုံးသားလေးက တော့ အချက်ပြမီးကလေးများ ဖွင့်ချည်၊ ပိတ်ချည်။

"နင်းဆီ မငိုပါနဲ့အချစ်ရယ် မောင် မင်းကိုချစ်ပါတယ်"

မေနင်းဆီငိုနေတာမြင်ရသဖြင့် မင်းအံ့၏အာရုံများ သူမအပေါ်သို့စုပြုံကျ လာခဲ့ပြန်သည်။ သူက သူမ၏လက်ကလေးများကို ဆုပ်ညှစ်အားပေး လျှက်။

"နင်းဆီမငိုပါဘူးရှင့် သူ့အလိုလိုမျက်ရည်တွေကျလာတာပါ





နင်းဆီ သဝန်မတိုတတ်ပါဘူး သူ သူ့ဖေဖေကိုတွေ့အောင်ရှာပါ။ ချစ်ပါ မတူညီတဲ့ချစ်ခြင်းတွေကို နင်းဆီတန်းမညှိပါဘူး အခု နင်းဆီခံစားနေရ တယ်သိလား ကျွန်မရဲ့အနုပညာသစ်ပင်ကလေး ပြန်လည်ဝေဆာပွင့်တော့ မယ် ထင်ပါရဲ့ရှင့်"

"ကိုယ် နင်းဆီအတွက် ဂုဏ်ယူမိပါတယ် ဒီလိုပဲဖြစ်ရမှာပေါ့ ကွယ် မောင် ပြောခဲ့ဖူးသားပဲ"

ရေခိုင်းများမှလည်း ညီညီအောင်ကို ထပြီးမေးမြန်းစုံစမ်းကြသ ဖြင့် မင်းအံ့နှင့် မေနင်းဆီတို့ပါ ရေဖုက်သို့ကူးသွားကြသည်။ အပြန်အလှန် မေးခွန်းများက မဲ့မှောင်နေသည့် သူတို့ခရီးအား လမ်းပြကြသည်။

"နီနီမင်းကို ကိုယ်သိတယ် ငယ်ငယ်တုန်းက တော်တော်ပေါပြူ လာဖြစ်ခဲ့တာပဲ ချောလည်းချောတယ် ပိုက်ဆံလည်းရှိတယ်ဆိုတော့လေ ဦးတို့ကျောင်းမှာတော့ သူဟာ ကွင်းပဲ..."

လူကြီးတစ်ဦးကဆိုသည်။ မင်းအံ့မှာတ၊ကြွလျှက်။

"ဒါဖြင့် ဦး ဖေဖေ့ကိုရောသိသလားဟင် သူ့နာမည်က နေအုပ် တဲ့။ သူလည်း လူချောတစ်ဦးပဲဖြစ်မှာပေါ့ ကျောင်းသားတော့မဟုတ်ဘူး သူက အရောင်းအဝယ်သမား"

"နီနီမင်း ယောကျ်ားတစ်ယောက်နဲ့လိုက်ပြေးတာတော့ကြားတယ် ဒီသတင်းက အုတ်အော်သနင်းပဲလေ...ဒါပေမယ့် တစ်လလောက်ကြာ တော့ကွဲလာတယ် နောက်သူ့ကို ရန်ကုန်ပို့လိုက်ပြီး နီနီမင်းတို့ တစ်အိမ်သားလုံး ပြောင်းလိုက်သွားကြတာပဲသိတယ် သူ့ယောကျ်ားတော့



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးလိုက်ဘူး နေစမ်းပါဦး နေအုပ်ဆိုတာကရော ဒီလားရှိုးကပဲလား"

သူကပင်ပြန်လှန်မေးခွန်းထုတ်နေသဖြင့် မင်းအံ့တို့စိတ်ပျက်ရပြန်သည်။ သို့သော် မေမေ့ကိုသိရှိသူမို့ သူတို့အားတက်ရပါသည်။

"မေမေ့မှာ အခင်မင်ဆုံးသူငယ်ချင်းတွေ၊ ဘာတွေမရှိခဲ့ဘူးလား ဦးရယ် သဲလွန်စလေး ဘာလေး ရချင်လို့ပါ"

"သူက သူဌေးသမီးဆိုတော့ ကျောင်းချိန်နီးမှ ကားနဲ့လာတယ် အခင်ဆုံးရယ်လို့ မရှိသလောက်ပဲ အဲ သူနဲ့ကျောင်းနေဖက်ထဲက တစ်ယောက်၊ နှစ်ယောက်လောက်တော့ ဦးမှတ်မိတယ်။ တစ်ယောက်က ဖြူဖြူမြင့်တဲ့၊ လောလောဆည် လားရှိုးဆေးရုံမှာ သူနာပြုဆရာမကြီး လုပ်နေတယ်"

"ကျေးဇူးတင်လိုက်တာ ဦးရယ် နောက်နေ့ကျ ကျွန်တော်တို့ သွားရောက်စုံစမ်းလိုက်ပါ့မယ်"

မည်သို့ပင်ဖြစ်စေ မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာပြီမို့ သူမတို့ဝမ်းသာကြရသည်ပင်။





မင်းဝေက လားရှိုးမြေမှာ တွေ့ရသည့် သူငယ်ချင်းအသစ်ဖြစ်သူ စိုင်းဘုန်းနှင့် သည်နယ်တစ်ဝိုက် ခရီးဆန့်နေသဖြင့် မေနင်းဆီတို့ နှစ်ယောက်ထဲ "ဖခင်ပျောက်ရှာပုံတော်ခရီး" အတွက် လှုပ်ရှားနေကြရသည်။

"ဒေါ်ဖြူဖြူမြင့် ခရီးထွက်နေတာ ခက်တာပဲနော်။ ကိုယ်တို့ ဘယ်လောက်ထိ သူ့ကိုစောင့်နေရမယ်မသိဘူး နှင်းဆီကို အရမ်းအားနာတာပဲကွာ"

မင်းအံ့ညည်းတွားသော် မေနင်းဆီ အားပေးရပြန်သည်။

"အားမနာပါနဲ့ရှင် မောင်လေးလည်း အတူရှိနေတာပဲ အရမ်းကြာရင်တော့ အဖေစိတ်ပူချင်ပူနေမှာပေါ့။ ဒါပေမယ့် သူ့ဖေဖေတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



အထိ ရှာပါ နှင်းဆီတို့ကို အားမနာပါနဲ့"

"ဒီလိုကြားရတာ ဝမ်းသာပါတယ် နှင်းဆီရယ် မောင်တို့ဖေဖေ့ကိုတစ်လလောက်အထိတော့ အချိန်ပေးပြီး ရှာကြမယ်နော်"

"တစ်လ ဘုရားရေ ဒါတော့မဖြစ်ဘူးထင်တယ်။ ဟိုနှင်းဆီတို့က ဒီလိုလေ ကျွန်မ"

မေနှင်းဆီ အပြောရကျပ်နေခဲ့သည်။ လက်မထပ်ရသေးဘဲနှင့် ရာစ်လကြီးများတောင် ခရီးအတူထွက်နေလျှင် အပျိုစင်သိက္ခာ ပွန်းပဲ့လိမ့်မည်။ မောင်လေးပါသည်ဆိုသော်ငြား . . .

"အဲဒီကိစ္စက ထားပါဦးလေ ဒီကြားထဲ သူ့ဖေဖေလည်း တွေ့ချင်တွေ့မှာပေါ့ အရမ်းကြာမယ်ဆိုရင်တော့"

"မောင်ကိုခွဲသွားမယ် ထားသွားမယ်စကားတွေတော့ မပြောနဲ့ နှင်းဆီ အရမ်းကြာနေလို့ မတင့်တယ်ဘူးဆိုရင်လည်း ဒီလားရှိုးမှာပဲ ကိုယ်တို့ လက်ထပ်လိုက်ကြမယ်"

"အယ် ဘယ်ဖြစ်မလဲ အဖေလည်း မသိဘဲနဲ့ ကဲပါမောင်ရယ် စစ်မရောက်ခင် မြှားကုန်တဲ့စကားတွေ မပြောကြပါနဲ့ဦး သူ့ကိုလည်း ကျွန်မ တစ်ယောက်ထဲထားမပစ် ခဲ့ပါဘူးလေ"

လားရှိုးဆေးရုံမှအပြန် မင်းအံ့နှင့် မေနှင်းဆီတို့ လမ်းလျှောက်ပြန်လာကြခြင်းဖြစ်သည်။ သာယာသော မြို့ရှုခင်းနှင့် တောင်ပေါ်သူ တောင်ပေါ်သားတို့အား လမ်းတလျှောက် ငေးကြည့်လေ့လာရင်း မေနှင်းဆီ နှလုံးသားထဲမှ မှတ်သားနေမိပါ၏။ သည်စဉ် သူမတို့အနီးသို့ မြင်းရိုင်း တစ်ကောင် ဒုန်းစိုင်းပြေးချလာလေရာ မေနှင်းဆီတို့နှစ်ယောက်သား လမ်းဘေးသို့ ဆင်းပြေးသော်လည်း မြင်းကတည့်တည့်ကြီး လိုက်လာရန်မှု နေသည်မှာ ရေးဘဝအဆက်ဆက်က ငြိုးသူ့ရန်ဖက်တွေနှယ်။

"မောင်ရေ လုပ်ပါဦး . . . ကယ်ပါဦး"

မင်းအံ့မှာ သူမ၏လက်ကို ခေတ္တဖြုတ်ချပြီး မြင်းကို တုံ့ပြန်ရန် သာစိတ်ကူးရတော့၏။ သည်မြင်းဆိုးသည် လူမြင်တိုင်း ရန်လုပ်တတ်သည့်မြင်းဖြစ်မည်။ လမ်းပေါ်မှာလည်း ရုတ်ရုတ်သဲသဲ။

"နှာနုဖြတ်ရိုက် . . နှာနုဖြတ်ရိုက်ပစ် ဒီမြင်းက ဒီလိုပဲ အသေသာ သတ်ပစ်ဗျာ"

သန်မာထွားကျိုင်းသည့် မြင်းညိုကြီးမှာ လည်ဆံတဖွားဖွားဖြင့် ရန်မူရန် ပြေးလာသောအခါ မင်းအံ့ လျှပ်တပြက်လှုပ်ရှားလိုက်ပါ၏။ ဒုန်းစိုင်းပြေးလာသည့် မြင်းနှင့် မေနှင်းဆီ၏ အကြားသို့ လျှင်မြန်စွာ ဝင်လိုက်ပြီး အသင့်ကောက်ထားသည့် ကျောက်တုံးဖြင့် မြင်း၏နှာနုရိုးကိုဆီးထုလိုက်ခြင်းဖြစ်သည်။

"ပြေးပြီဟေ့ အဲဒီမြင်းက အဲလိုပဲ ဒါအိုက်ပန်ရဲ့မြင်းမဟုတ်လား နောက်တစ်ခါဆိုရင်တော့ အဲဒီမြင်းကို သေနတ်နဲ့ပစ်သတ်ဖို့ပဲ ကောင်းတော့တယ်"

"မဟုတ်ပါဘူး ဒီကောင် ကိုယ့်မြင်းအကြောင်း ကိုပင်သိရဲ့နဲ့ ဘာလို့ပေါက်လွှတ်ပဲစား ထားရတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဝေဖန်သံများအကြားမှပင် မင်းအံ့မှာ မေနှင်းဆီကို တွဲထူလိုက်သည်။ မင်းသမီးက အကြောက်လွန်ပြီး ခြေကုန်လက်ပန်းကျနေပြီဖြစ်၏။

စတိုင်ဘောင်းဘီ ပန်းရောင်လေးမှာ မြေနီမှုန့်တွေ ပေကျံနေသဖြင့် သူကမေနှင်းဆီကို လက်ဖြင့်ရိုက်ခါပေးနေသောအခါ သူမရှက်ရပြန်သည်။

"တော်ပြီ ပြန်ကြစို့"

ကြည့်ကောင်းလှသည့် စုံတွဲလေးအား လူအများ ကြည့်ငေးနေကြဆဲ သူမတို့ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။ မေနှင်းဆီမှာ တော့နဲ့၊ တော့နဲ့နှင့်။

"မဟုတ်ပါဘူး မြင်းနဲ့တိုက်ရ၊ ခိုက်ရတာက ကိုယ်ပါ နှင်းဆီက ဘာဖြစ်တာလဲ"

သူမက မင်းအံ့ကို ချစ်စရာမျက်စောင်းလေး ထိုးပစ်လိုက်ပြီးနောက် အသံတုန်တုန်လေးဖြင့် ဖြေသည်။

"နှင်းဆီက မြင်းနဲ့မတိုက်ရပေမယ့် မြင်းနဲ့လွတ်အောင် ပြေးရတာရှင့်။ ပြီးတော့ သူ့အတွက်ပူရတာနဲ့ဆိုတော့ ချော်လဲပြီး လေဝင်သွားတာပေါ့"

သူမ၏အပြောလေးကြောင့် မင်းအံ့ကြည်နူးသွားပြီး ပေါ့ပါးစွာရယ်မိစဉ် မေနှင်းဆီက သူမတွေးမိသည့် အတွေးတစ်ခုကို ပြောမိသည်။

"ဒါ မတော်တဆလား လုပ်ကြံမှုလား ကျွန်မတို့ လိုက်လံလုပ်ကြံ





နေတာတော့ မဟုတ်နိုင်ပါဘူးနော်"

သူမ၏ စကားကြောင့် မင်းအံ့စိတ်ထဲ ထင့်သွားခဲ့သော်လည်း မေနှင်းဆီ စိတ်ချမ်းသာရန်သာ အားပေးမိခဲ့၏။

"မဟုတ်နိုင်ပါဘူး နှင်းဆီရယ်။ မတော်တဆပဲ ဖြစ်မှာပါ"



www.burmeseclassic.com

အသားညိုညိုစိုစိုမှာ ထောင်မောင်းသောအရပ်ရှိပြီး ရခိုင်တိုင်းရင်းသားတစ်ယောက်နယ် မျက်နှာပေါက်ရှိသည့် ညီညီအောင်အား မေနှင်းဆီတို့ငေးကြည့်နေမိကြသည်။ သူနှင့်မြင်းစီးဝတ်စုံသည် ကြည့်လို့ မကောင်းပေစွ။

သည်ကနေ့ ညီညီအောင် သူ့စိုက်ခင်းများကို လှည့်လည်ကြည့်ရှုမည်။ မင်းအံ့နှင့် မေနှင်းဆီမှာလည်း ကျွဲကူးရေပါး ခရီးသွားဟန်လွှဲသဘောမျိုးဖြင့် လိုက်လံကြည့်ရှုကြမည်။ ရှုခင်းလှလှနှင့် သစ်သီးခြံများကိုလည်း မြင်ရပြီး ကိုယ်ဖေဖေအကြောင်းလည်း သွားရင်းလာရင်း စုံစမ်းလို့ရမည်ဖြစ်သည်။

"ကိုမင်းနဲ့နှင်းဆီ ဒီမှာနေတုန်း မြင်းစီးလေ့ဘာလေး ကျွမ်းကျင်





အောင်သင်သွားဗျ ဘယ်ပညာမဆို တတ်ထားရင် ကောင်းတာပဲ"

ညီညီအောင်လောက် မတုတ်နိုင်သော်လည်း အသားလတ်လတ်အရပ်ရှည်ရှည်နှင့် မင်းအံ့သည်လည်း ကောင်းဘွိုင်မင်းသားတစ်ယောက်လောက်တော့ ကြည့်လို့ကောင်းပါသည်။ ကိုယ်ငါးချဉ် ကိုယ်ချဉ်တယ်ပဲပြောပြော ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်ဝတ်ထားသည့် မင်းအံ့က ပိုလို့ကြည့်ကောင်းနေသည်။

"ရန်ကုန်မြို့လယ်ခေါင်ကြီး ဘယ်အနားသွားပြီး မြင်းစီးရမလဲဗျာ ကျွန်တော့်မှာ ဖေဖေ့ကို ရှာမတွေ့ရသေးတော့ ရင်ထဲမှာလည်း နေလို့မရဘူးဗျ။ အနားမှာရှိတဲ့ ချစ်သူကိုတောင် တစ်ခါ၊ တစ်ခါမေ့နေမိတယ်"

"မေ့နေရင်လည်း အပြီးသာမေ့ထားခဲ့ပေတော့ဗျာ။ ကဲလာ သွားကြစို့ ခင်ဗျားတို့အတွက်တော့ လိမ္မာတဲ့မြင်း၊ ပါးစပ်ထဲလက်ထည့်တောင် မကိုက်တတ်တဲ့ မြင်းတွေပေးမှာပါ"

ညီညီအောင် စကားကို မင်းအံ့သတိမထားမိသော်လည်း မေနှင်းဆီ ထင့်ခနဲ ဖြစ်ရသည်။ သူ့မျက်လုံးတွေကတော်မျိုးပဲ စူးစူးရဲရဲရှိရှိဝေဝေ။ ဒိုလေ မေနှင်းဆီဆိုတာ ယောက်ျားတကာရဲ့ နှလုံးသားကို ကိုင်လှုပ်နိုင်လောက်အောင် ချောမောလှပသူလည်း မဟုတ်ပါဘဲနှင့်။

ဒီနေ့မြင်းစီးရမှာမို့ မေနှင်းဆီလည်း ဂျင်းဘောင်းဘီ အပြာနုနုနှင့်ဂျင်းရှပ်လက်တို အပြာနုကို ဝတ်ထားမိသည်။ ဆံပင်ရှည်ကိုတော့ ထုံးစံအတိုင်း ဆံနိပ်နှင့် နိပ်ရုံပဲပေါ့ . . . နောက် အနားပြန့်ပါသည့်တောဆောင်းဦးထုပ်ဆောင်းထားသည်။ သွယ်လျပြေပြစ်သည့် ကိုယ်ဆီနေ



www.burmeseclassic.com

www.burmeseclassic.com



ဟန်က နိုင်ငံခြားမင်းသမီးနယ်။

သူမတို့ သုံးဦးသားအိမ်နှင့် အနည်းငယ်လှမ်းသည့် မြင်းဇောင်းသို့သွားကြသည်။

"ကျွန်တော်က မြင်းခရေစီခင်ဗျ မြင်းမွေးတာလည်း ဝါသနာပါတယ်။ ကိုယ့်ရဲ့ ဝါသနာပါရာ အပန်းဖြေခြင်းက မြင်းစီးခြင်းနဲ့ စာဖတ်ခြင်းပဲလေ"

"ဪ"

ဒီလိုလူတွေ၊ လူကြမ်းကြီးက စာဖတ်တယ်ဆိုတော့ မေနှင်းဆီ အံ့သြစွာမော့ကြည့်မိစဉ် သူကလည်း ခပ်စိမ်းစိမ်းကြည့်နေသည်ကို တွေ့ရပါ၏။ မင်းအံ့ကတော့ သူ့အတွေးနှင့်သူ ရှေ့မှခပ်စိုက်စိုက် သွားလျှက်။

"အမေ့. . ."

မညီညာသော လမ်းတွေမှာ သူမ ဟပ်ထိုးလဲလုဖြစ်ရတော့ အနားမှာ စောင့်ခေါ်နေသည့် ညီညီအောင်က ဆတ်ခနဲ ဖမ်းထိမ်းထားပါ၏။

"ကျေးဇူးပါ"

သူ့အနားမှာ မနေရဲတော့သဖြင့် မေနှင်းဆီ မင်းအံ့ထံသို့ အပြေးလေးလိုက်ပြီး သူ့လက်ကို ဆွဲကိုင်ခဲ့သည်။ မကြာမီ သူမတို့မြင်းဇောင်းသို့ ရောက်ရှိသွားကြသည်။

"အမေပုရေ ဟိုကောင် ဘယ်သွားလဲ"

မြင်းဇောင်းနှင့် မလှမ်းမကမ်း အိမ်ကလေးထဲမှ အမေပုဆို





သည့် ရှမ်းအမျိုးသမီးကြီး ထွက်လာတာ မေနှင်းဆီတို့ မြင်လိုက်ကြရသည်။

"နားဆိုင်းကို ကိစ္စရှိလို့ သွားတယ်ကော။ ဆရာလေး ဒီနေ့ တောတက်မှာ သူမေ့နေတယ် ထင်တယ်"

"ရတယ် ရတယ် အမေပု ကျွန်တော့်ဘာသာ ဖြစ်တယ်"

မြင်းဇောင်းထဲမှာ ကျန်ခဲ့သည့် မြင်းနှစ်ကောင်ကို ညီညီအောင်ကကိုယ်တိုင်ပင် ကုန်းနှီးတင်ခြင်း၊ တန်ဆာဆင်ခြင်းများ ပြုလုပ်လေသည်။

"မောင် မြင်းက နှစ်ကောင်ထဲရယ် ကျွန်မတို့က သုံးယောက် ဘယ်လိုလုပ်မလဲ ကျွန်မကျန်ခဲ့မယ်လေ မောင်တို့နှစ်ယောက်ပဲ သွားပေါ့နော်"

"နေစမ်းပါဦးကွာ ကိုညီဘယ်လိုစီစဉ်မလဲ ကြည့်ကြသေးတာပေါ့"

"မောင်လေးပါလာရင်လည်း ကောင်းမှာပဲ သူကလည်းလားရှိုးရောက်မှ ဦးညီဆိုင်ကယ်နဲ့ အဆင်ကိုပြေလို့။ စိုင်းဘုန်းနောက်ပဲ လျှောက်လိုက်နေတယ်"

"ဘာဖြစ်လို့လဲ နှင်းဆီရယ် ကိုယ်ရှိသားနဲ့ကွာ"

သည်စဉ် ညီညီအောင်မှာ မြင်းနှစ်ကောင်ကိုဆွဲပြီး သူမတို့အနားသို့ရောက်ရှိလာခဲ့သည်။

"ကဲ ကိုမင်းရေ မြင်းကတော့ နှစ်ကောင်ပဲရှိတယ်။ ဘာဖြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် နှင်းဆီကလည်း မြင်းမစီးတတ်တာနဲ့ အတော်ပါပဲ…ကိုမင်းကမှ ယောက်ျားဆိုတော့ မြင်းကိုချက်ချင်း စီးတတ်ချင် စီးတတ်ဦးမယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ"

မင်းအံ့အမေးကို ညီညီအောင်က အေးဆေးစွာ ဖြေကြား၏။

"နှင်းဆီက ကိုမင်းနဲ့ဖြစ်ဖြစ် ကျွန်တော်နဲ့ဖြစ်ဖြစ် စီးပေါ့။ နောက်နေ့မှ သူ့ကို မြင်းစီးသင်ပေးကြမယ်။ ဒီနေ့ကတော့ တစ်ယောက်ယောက်နဲ့ပဲ စီးပေတော့"

စိမ်းလန်းသော တောင်ဆင်း၊ တောင်တက်လမ်းများကို လှမ်းမျှော်ကြည့်ပြီး မင်းအံ့က ဆုံးဖြတ်ပေးလေသည်။

"ကျွန်တော်က မစီးတတ်၊ စီးတတ်ဆိုတော့ နှင်းဆီကြောက်နေမှာစိုးရတယ်။ ကိုညီကတော့ ကျွမ်းတယ်မဟုတ်လား နှင်းဆီရေ ကိုယ်မောင်နမတွေပဲကွာ ကိုညီနဲ့သာ စီးပေဟော့"

သူ့ဆုံးဖြတ်ချက်ကို မေနှင်းဆီ မျက်မှောင်တွန့်ရင်း နာခံရတော့မည်။ မင်းအံ့မှာ သူ့စိတ်ထဲ ပျောက်ဆုံးနေသည့် ဖခင်ကြီးပဲ မင်းမှူးစိုးမိုးနေသည် ထင်ပါသည်။ သို့မဟုတ် သူ့သူငယ်ချင်းကို ယုံကြည်၍လည်းဖြစ်မည်။

ညီညီအောင် ထိန်းကိုင်ပေးရင်း မြင်းပေါ်သို့ မင်းအံ့လွှားခနဲတက်ပြီးသောအခါ သူကမြင်းကို တင်းပါးပုတ်ပေးလိုက်ပေ၏။ လိမ္မာသော မြင်းကြီးသည် သွားနေကျလမ်းအတိုင်း အသားကျ ခပ်သော့သော့ ပြေးလွှားလျှက်။ မေနှင်းဆီ ဘဝင်မကျဖြစ်နေဆဲ ညီညီအောင်က သူ့အနှန်း





ခွံ့ရောင်မြင်းကြီးပေါ်သို့ ဖျတ်ခနဲ ကျင်လည်စွာ တက်လိုက်သည်။

"လာ…ချာတိတ်"

ရင်းနှီးလွန်းသော သူ့အခေါ်အဝေါ်ကို သူမကျေမနပ် ရှိနေစဉ် သူကမြင်းပေါ်မှကိုင်းပြီး မေနှင်းဆီ၏ ကိုယ်လေးကို ပွေ့ယူတင်လိုက်လေသည်။ ကြံ့ခိုင်သန်စွမ်းလွန်းသည့် ညီညီအောင်ကို သူမထိတ်လန့်နေဆဲ သူ့မြင်းကြီးက ရှေ့မြင်းကိုမီအောင် ကဆုန်စိုင်းနေလေတော့သည်။

"မြင်းအုံးခွံ့…ကျွန်ကုလား…မယားတောသူတဲ့ နိုင်းစားဖို့တော့မဟုတ်ပါဘူး ဒါပေမယ့် တောသူလေးတွေဟာ ရိုးသားဖြူစင်ကြတယ်နော်"

ယခုတော့ မြင်းကို အသားကျစီးနင်းလျှက် ညီညီအောင်က စကားစမြည် ပြောနေပြန်ခဲ့သည်။ မြင်းဇက်ကြိုးကိုင်ထားသည့် သူ့လက်နှစ်ဖက်ကြားမှာ အရုပ်တစ်ရုပ်နှယ် အနေရ ကျပ်နေရဆဲ သူ့စကားအပေါ် မေနှင်းဆီ ဒေါသဖြစ်ရသည်။ သို့သော် သူမခွန်းတုံ့မပြန်မိ။ ရင်ထဲမှသာ ကျိန်ဆဲနေမိသည်။

"ချစ်ပြုံးနှင်းဆီဆိုတဲ့ နာမည်ကိုဘယ်လိုစိတ်ကူးနဲ့ ပေးခဲ့တာလဲနှင်းဆီ ရေနံ့သာစိုးလှိုင်ရဲ့ သီချင်းထဲကလို ချစ်ပြုံးနှင်းဆီကလေးကို စောင့်စားနေရတဲ့သူတွေ များလွန်းလို့များ ပေးထားခဲ့တာလား"

သူ့အသက်ရှူထုတ်သည့်ထွက်သက်၊ ဝင်သက်က သူမ၏နားရွက်မှာ၊ လည်ကုပ်မှာ ထိကပ်ပူနွေးလျှက်။ ဒါတမင်လား မတော်တဆလား မေနှင်းဆီ အတိုင်းအဆမရှိအောင် စိတ်ဆိုးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ ကိုယ့်စိတ်ကိုယ် ချုပ်ထိန်းရပါ၏။ သူ့ကို ပြောချင်တိုင်းပြော၊ ရန်တွေ့ချင်တိုင်းတွေ့လို့ မဖြစ်သေး။ မင်းအံ့ မျက်နှာကို ထောက်ရဦးမည်။ သူ့ခမျာ သူ့ဖေဖေကို ရှာလို့မတွေ့သေး။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေရရှာသည့် ချစ်သူအားတစ်ပူပေါ်နှစ်ပူ မဆင့်ချင်ပါ။ မေနှင်းဆီ လိမ်မာပါးနပ်ရပါမည်။

ထို့ကြောင့် စကားမရှိ စကားရှာနေသူကြီးအား တုံ့ပြန်စကားမဆိုတော့ဘဲ ရေမှမြင်းကိုသာ မေနှင်းဆီ လှမ်းမျှော်ကြည့်နေခဲ့သည်။

"ရေကူးမြင်းကို မှီအောင်လိုက်ပါရင့် တော်ကြာ သူ လမ်းမှားနေတော့မယ် အပြန်ကျရင်တော့ ကျွန်မ သူ့မြင်းနဲ့ပဲလိုက်တော့မယ်"

မေနှင်းဆီ၏စကားကြောင့် ညီညီအောင်မကျေမနပ်ဖြစ်သွားပြီး မြင်းကိုအတင်းဒုန်းစိုင်းနေပြန်သဖြင့် သူ့ရင်ခွင်ထဲမှာ မေနှင်းဆီ ခလောက်ဆန့်နေခဲ့ရပြန်သည်။





ညီညီအောင်၏ စိုက်ခင်း၊ ပျိုးခင်းများမှာ တစ်မျှော်တခေါ်ရှိလှသည် စိမ်းလန်းသော စိုက်ပျိုးခင်းများမှ တစ်လတစ်လ ဝင်ငွေတွေ ဘယ်လောက်ရကြောင်းပြောနေသော်လည်း သူမတို့ စိတ်မဝင်စားကြ။ တစ်ခါက နေအုပ်နှင့်နီနီမင်းဆိုသည့် ချစ်သူနှစ်ဦးသည် ဒီလိုတောင်ယာတဲကလေးများဆီ ထွက်ပြေးကပ်နိုဖူးခဲ့ကြလေသလား လွမ်းမောဖွယ် တောင်ယာတဲကလေးများကို သူမတို့ ငေးကြည့်နေမိကြသည်သာ။

နေ့လည်စာကို သူမတို့ တောင်ယာတဲကလေးတစ်ခုမှာ စားသောက်ကြရသည်။ ပူပူနွေးနွေး ရှမ်းထမင်းဟင်းများအပြင်



www.burmeseclassic.com

www.burmeseclassic.com



ညီညီအောင် ပစ်ခတ်လို့ရသည့် ယုန်သားဟင်းကိုလည်း စားကြရသည်။

ညီညီအောင်နှင့်မျက်လုံးချင်းမဆုံအောင် သတိထားရှောင်လွှဲနေရသည်မို့ မေနှင်းဆီ အနေရကျပ်နေသော်လည်း မင်းအံ့မှာ သတိထားမိပုံမပေါ်။ သူ့ကို သူ့ဖေဖေနှင့် အမြန်ဆုံးတွေ့ပေးပြီး ဒီလားရှိုးမြေမှ အမြန်ဆုံး ပြန်ပြေးချင်စိတ်များ မေနှင်းဆီမှာ တဖွားဖွား ပေါ်နေခဲ့သည်။

မောင်ရယ် ရှင့်ချစ်သူကို သူတစ်ပါး နိုးဝက်သွားလိမ့်မယ်။

"အိမ်အပြန်ကျရင် အမဲတစ်ကောင် လောက်တော့ရအောင်ပစ်ရမယ်ဗျို့ ရှေ့အပတ်ထဲမှာ မိတ်ဆုံစားပွဲလေးတစ်ခုလောက်တော့ ကျင်းပချင်သေးတယ်။ တောဝက်တစ်ကောင်လောက်ဖြစ်ဖြစ်၊ ဂျီတစ်ကောင်လောက်ဖြစ်ဖြစ်။ ကိုမင်း ခင်ဗျားရော အမဲလိုက်သေနတ်ပစ်တတ်ရဲ့လား။ သေနတ်ပစ်ဖူးသလား"

"ကြုံကြုံဖန်ဖန်ဗျာ ကျွန်တော်က တောကောင်ဆိုတာလည်း ခုမှမြင်ဖူးပြီး၊ မြင်တွေ၊ သေနတ်တွေလည်း ခုမှထိတွေ့ရမှာပါ ပစ်တော့ ပစ်ကြည့်ချင်သား"

မင်းအံ့ စကားကြောင့် မေနှင်းဆီ ထိတ်လန့်ရသည်မှာ ဘာကြောင့်မှန်းမသိ။ သူမ မင်းအံ့ကိုတားဆီးမိခဲ့သည်။

"မောင် သေနတ်မပစ်ပါနဲ့ တောမလိုက်ပါနဲ့နော် ကျွန်မကြောက်တယ်"

"ကြောက်ရင် ကြောက်တဲ့သူ ဒီမှာ အလုပ်သမားတွေနဲ့ ကျန်ခဲ့ပေါ့ကွ ကိုမင်းရယ် ကြုံတုန်းပစ်သွားစမ်းပါဗျာ ခင်ဗျားတို့လို





မြို့ကြီးသားတွေအတွက် ဒီလိုအခွင့်အရေးမျိုးကရခဲပါဘိ . . ."

ညီညီအောင်က ဆွယ်စကားပြောသော် မေနှင်းဆီမှာ ပြောင်ကျကျပင် တားဆီးကန့်ကွက်ရပါလေ၏။

"ဦးညီနော် သူ့ကို မြှောက်ပေးမနေနဲ့ အလေ့အကျင့်မရှိဘဲ လျှောက်လုပ်ရင် ဒုက္ခဖြစ်မှာပေါ့ ကျွန်မကန့်ကွက်တယ် သူ အမဲမလိုက်ရဘူး အေးအေးဆေးဆေး ယာခင်းတွေ၊ သစ်သီးတွေလျှောက်ကြည့်ချင်ကြည့်။ ညနေကျစောစောပြန်မယ် ကျွန်မ ကိုယ့်ဘာသာ လမ်းလျှောက်ပြန်မယ် . . ."

"ဒီလောက်အဝေးကြီး လမ်းလျှောက်ပြန်လို့ ဘယ်ဖြစ်မလဲ နှင်းဆီရယ် ကိုမင်း ခင်ဗျားကလည်း ရတောင်မရသေးဘူး ရည်းစားကို ဒီလောက်ကြောက်ရသလားဗျာ အမဲလိုက်ရတာ ဘယ်လောက်ပျော်စရာကောင်းကြောင်း ကျွန်တော်က လက်တွေ့ပြချင်လို့ပါ"

မင်းအံ့ အူကြောင်ကြောင်ဖြစ်နေစဉ် မေနှင်းဆီကလည်းအတိုက်အခံကန့်ကွက်ရသည်။

"ကြောက်တာတွေ၊ မကြောက်တာတွေ ဘေးဖယ်ထား ဦးညီ ကိုယ့်ရည်းစား၊ ကိုယ့်မိန်းမကျမှ အသေရိုက်သတ်သတ် ကျွန်မတို့ကိုတော့ လာမပြောနေနဲ့ ကိုမင်းအံ့ ကျွန်မ စကားနားမထောင်ရင် ကျွန်မတို့ မောင်နှမ မနက်ဖြန်ကျရင် ပြန်မှာပဲ . . ."

ဒီလောက်ပြောနေတော့မှ မင်းအံ့လက်လျှော့လေတော့သည်။

မည်သို့ပင်ဖြစ်စေ အပြန်မှာလည်း မေနှင်းဆီ ညီညီအောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်မှပင်လိုက်ခဲ့ရပါ၏။

အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်းတဲ့။ တော်ပါပြီ နော် နောက်ဆို သူတစ်ပါး ထိကပါး၊ ရိကပါးအလုပ်မခံရအောင် နေပါတော့မယ်။





"ဩော် ဒါ နီနီသားလေးကို အတော်ကြီးနေပါရော့လား သားရယ် အေးလေ နှစ်ပေါင်းများစွာလည်းကြာခဲ့မှကိုး"

ဆွေးဆွေးမြည့်မြည့် ပြောနေသည့် သူနာပြုဆရာမကြီး ဒေါ်ဖြူဖြူမြင့် အနားမှာ သူမနှင့်မင်းအံ့တို့ မျက်ရည်ဝဲနေမိကြသည်။ ဒေါ်ဖြူဖြူမြင့်၏အိမ်က လားရှိုးဆေးရုံနှင့် အတန်ငယ်လှမ်း၏။ သူ့ပတို့ မောင်လေး မင်းဝေအရင် ညီညီအောင်ဆိုင်ကယ်ကို ဆွဲခဲ့ကြခြင်းဖြစ်သည်။

နေအုပ်နဲ့ကြိုက်ကြတော့လည်း အံတီတို့ဝိုင်းဖျက်ကြပါသေးတယ် သူက အပြင်လူမဟုတ်လား ကုန်သည်ယောင်ယောင် ဘာယောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်နဲ့ ဒါပေမယ့်လေ နီနီမင်းဆိုတာလည်း တကယ့်တဇွတ်ထိုးပဲ"

"အန်တီ ဖေဖေ့ကို မြင်ဖူးခဲ့တယ်မဟုတ်လားဟင်" ဒေါ်မြမြမြင့် စကားကိုဖြတ်ပြီး မင်းအုံ့ကဇွ ေဂင်မေးခဲ့၏။

"မြင်ဖူးခဲ့ပါတယ် သားရုပ်မျိုးပါပဲ နေအုပ်ကအသားညိုတယ် သားကဖြူတယ် ရုပ်နဲ့အရုပ်အမောင်းကတော့ တော်တော်ဆင်တူပါတယ် နေအုပ်ရုပ်ကလည်း မျက်နှာကျလုလု နှာတံပေါ်ပေါ်နဲ့ ပဲ···"

"ဒါ ဒါဆို ဖေဖေ အခု ဘယ်မှာနေသလဲဟင်···ဘယ်လမ်း။ ဘယ်ရပ်ကွက်မှာနေသလဲ အန်တီ။ အိမ်ထောင်တွေ၊ ဘာတွေကျပြီး ကလေးတွေလည်းရနေမှာပဲနော် ဖေဖေ ဆင်းရဲများနေမလား ပြောပါ အန်တီ ကျွန်တော် ဖေဖေ့ကို တွေ့ချင်လှပါပြီ···"

မင်းအုံ့စကားအဆုံးမှာ ဒေါ်မြမြမြင့်က လေးတွဲစွာ ခေါင်းခါ၊ သက်ပြင်းချလေ၏။

"ဆောရီးပဲကွယ် နေအုပ် ဘယ်မှာနေတယ်တော့ အန်တီ လုံးဝမသိရိုးအမှန်ပါ။ လားရှိုးနယ်က ကျယ်တဲ့အပြင် အန်တီလည်း သင်တန်းတက်ရ၊ ယောက်ျားသွားရာလိုက်ပြောင်းရနဲ့ အခု ၃-၄နှစ်ကျမှ ကိုယ့်မြို့ကိုယ် ပြန်ဝင်လာရတာမို့ နေအုပ် ဘယ်မှာနေတယ်ဆိုတာ မသိခဲ့ပါဘူးကွယ် အန်တီ မကူညီနိုင်တာဝမ်းနည်းပါတယ် ဒါပေမယ့် သားတို့ကို အန်တီလည်း လက်လှမ်းမီသမျှ စုံစမ်းပေးပါမယ် အကြောင်းထူးရင် ပြောပါ့မယ် သားတို့နေတာ ညီညီအောင်တို့ မောင်နမရဲ့ အိမ်မှာနော်"

"ဟုတ်ပါတယ်ရှင် နှင်းဆီတို့ အဲဒီ အိမ်မှာနေကြပါတယ်





ကျွန်မတော့ ကိုမင်းအုံ့ ဖေဖေ အတွက်စိတ်တောင်နည်းနည်းလျော့ချင် လာပြီ ဒီလားရှိုးရောက်နေတာလည်း တစ်ပတ်တောင်ပြည့်သွားပြီ"

မေနှင်းဆီ ဝင်ရောက်ပြောဆိုသောအခါ မင်းအုံ့မှာ အားငယ် ဆွေးလှသည့်အကြည့်ဖြင့် ကြည့်လေ၏။

"ဘယ်လိုပြောလိုက်တာလဲ နှင်းဆီရယ် ဘာပဲဖြစ်ဖြစ် ဖေဖေဟာ ကိုယ်နဲ့ရုပ်ချင်းတူတဲ့ တစ်ချက်လည်းနောက်ထပ်သိရှိရပြီမို့ ရှာရတာ ပိုလွယ်သွားမှာပါ။ လက်စနဲ့ နောက်ထပ် တစ်ပတ်၊ နှစ်ပတ်တော့ စောင့်ကြည့်၊ ရှာဖွေပါရစေဦးကွာ နှင်းဆီကို ကိုယ်အနူးအညွတ်တောင်း ပန်ပါတယ်"

ဒေါ်မြမြမြင့်၏ တောင်ကုန်းအိမ်ကလေးမှ ပြန်လာခဲ့ကြသော အခါ သူမတို့နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်နေမိကြသည်။ တောင်ပေါ်မြို့ ၏ညနေဆည်းဆာက နှင်းရိပ်၊ မြူရိပ်တွေဖြင့် အုံ့အုံ့ပျပျ။

မောင်ဟာ သွေးဆူလွယ်၊ သွေးအေးလွယ်တတ်သူလားကွယ်။ တစ်ချိန်က မေနှင်းဆီကို အသည်းအသက် ချစ်မြတ်နိုးခဲ့သူက ယခုလို အနည်းငယ်သွေးအေးနေတော့ သူမ ခံစားနေရသည်။

အေးလေ သူ့ဖေဖေကို ရှာမတွေ့သေးလို့လည်း နေမှာပေါ့။ မမြင်ဖူးသေးတဲ့ ဖခင်အတွက် သောက၊ ရတက်တွေဖုံးလွှမ်းနေရလို့ ချစ်သူအပေါ် အနည်းငယ်စိမ်းကားသွားတာလည်း ဟုတ်မှာပေါ့"

ယောက်ျားဆိုတာ ဒီလိုမျိုးချည်းပဲလား ကြည့်စမ်း မမကြီးနဲ့ မမလေးတို့ ယောက်ျားမရခင်ကရော သူတို့ရည်းစားတွေဟာ သူတို့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သဲသဲကိုလုပ်နေတာပဲ မဟုတ်လား။ ရပြီးသွားလို့ ကလေးတစ်ယောက်က နှစ်ယောက်၊ နှစ်ယောက်က သုံးယောက်လည်းဖြစ်သွားရော အချစ်တွေပေါ့၊ ပြယ်သွားကြတာပဲ မဟုတ်ဘူးလား။

"နော် . . . နှင်းဆီ . . ." "ရှင် . . ."

ကိုယ့်အတွေးနှင့်ကို ကြေကွဲနေမိခဲ့သည်မို့ မေနှင်းဆီမှာ မင်းအံ့ပြောတာမကြားလိုက်ပါ။ ဆိုင်ကယ် စက်သံနှင့်နားထဲလေတိုးနေတာနှင့်မို့ သူ့ကျောကုန်းမှာပါးအပ်ရင်း ထပ်မေးရသည်။

"ကျွန်မ အတွေးများနေလို့ ထပ်ပြောပါဦး သူဘာပြောလိုက်တာလဲ"

"ဩော် ရှေ့ကဆိုင်မှာ မောင်တို့ ထမင်းဝင်စားရအောင်လို့ပါ ထမင်းမစားချင်လည်း တစ်ခုခုပေါ့"

"ဘာလဲ သူ အရက်သောက်ချင်လို့မဟုတ်လား အရက်သောက်တာပဲ အိမ်ကျမှသောက်လည်းရသားပဲ။ ဦးညီလည်းနေ့တိုင်း ခွက်ပုန်းချနေတာပဲ နှင်းဆီမြင်ပါတယ် ကောင်းတယ် ခုလို သူ့ကိုအရက်သမားကြီးမှန်းသိရတော့ နှင်းဆီ အချိန်မီသွားတာပေါ့ နော်"

"ဘာ ဘာပြောတယ် နှင်းဆီ ဘာအချိန်မီတာလဲ ကိုယ်အရက်သမားကြီးလည်း မဟုတ်ရပါဘူး နှင်းဆီရယ် ကမ္ဘာလှည့်နေတာတောင် ကိုယ့်ကို ထိန်းသိမ်းနိုင်ခဲ့တဲ့သူပါ တော်ပြီ တော်ပြီ ဖေဖေ့ကိုအမြန်ဆုံးရှာပြီးရင် နှင်းဆီကို အမြန်ဆုံးလက်ထပ်ရမယ် နှင်းဆီရဲ့စိတ်က အစိုးရတာ မဟုတ်ဘူး အနုပညာသမားပီပီ ခံစားထိရှလွယ်တယ် အစွန်း





ရောက်တဲ့စိတ်ရှိတယ်"

"အောင်မယ်မယ် လူကိုများ ဝေဖန်နေလိုက်တာ ရစရာမရှိတော့ဘူး။ ကဲပါ ရှင်ဆင်းချင်တယ်ဆိုရင် ဆင်းပါ ဝင်ပါ မောင်လေးကတော့ အိမ်မှာ တစ်ယောက်ထဲဆောင့်နေရှာမှာပဲ"

"သူလည်း သူ့အပေါင်းအသင်းနဲ့ သူပါကွာ၊ ကဲ ဆင်းစို့ တစ်ခါတလေလည်း ကိုယ့်ချစ်သူလေးနဲ့ကို အေးအေးဆေးဆေး နေချင်မိတာပါ"

"ကျေးဇူးတင်ပါသတဲ့ရှင် . . ."

သူမတို့ နှစ်ယောက်သား သန့်ရှင်းသပ်ရပ်သည့် စားသောက်ဆိုင်လေးထဲသို့ဝင်လိုက်ကြသည်။ စားသောက်ဆိုင်ကလေးမှာ စားပွဲ ဂလုံးခန့်ဆန့်ပြီး စားသောက်နေသူ သိပ်မများလှသေးချေ။

"ကိုယ် နည်းနည်းပါးပါးသောက်မယ် နော်၊ အချမ်းခံနိုင်အောင်လို့ပါ"

"အပိုတွေ ကျွန်မလည်းချမ်းတာပဲ ဒါဖြင့် ကျွန်မရော သောက်ရမှာလား"

"နှင်းဆီကလည်းကွာ ကဲ ဒါဖြင့် မောင် မသောက်တော့ဘူး အစားပဲစားမယ်"

"ကျွန်မကြောင့်ဆိုတော့ တိုင်ပင်တွေအောက်မကျန်ပါနဲ့နော် ကိုယ့်ဘာသာ သောက်ချင်လည်းသောက်ပါ"

စကားအချေအတင်တွေပြောပြီး မင်းအံ့ကစားသောက်စရာများကိုမှာသည်။ မကြာမီ အစားအသောက်များပူပူ နွေးနွေးပင် အငွေ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်းထောင်းနှင့် ရောက်ပါလာချေတော့၏။

"အိမ်မှာဆို အများနဲ့မို့ ခုလိုအေးအေးဆေးဆေး စကားပြောချင်လွန်းလို့၊ အလုကြည့်ချင်လို့ အပြင်မှာစားတာပါ"

"ဒါဆို သူ့ရင်ထဲမှာ ကျွန်မရှိသေးတာပေါ့ တော်သေးတာပေါ့နော်"

"ကြည့် နှင်းဆီကကွာ အလကားနေရင်း ကိုယ့်ကို မကောင်းထင်နေတယ်။ ကိုယ့်ကို နားလည်ပေးစမ်းပါ နှင်းဆီရယ်"

"ကျွန်မ ဘာမှမပြောတော့ပါဘူးနော်"

"ကဲ···စား···မောင်တို့ အေးအေးဆေးဆေး နေကြဦးမယ်"

သူမတို့ စတင်စားသောက်နေကြစဉ် ကောင်တာမှ ရုတ်ရုတ်သဲသဲသံ ကြားလိုက်ရသဖြင့် မင်းအံ့ထရပ်လိုက်၏။

"အဖိုးကြီး လွန်နေပြီ အကြွေးတွေလည်းထပ်လို့ နောက်ဆို ဒီထက်နာမယ်မှတ်"

"အလကား ဆန်ကုန်မြေလေးကြီး အရက်ရဲ့ကျေးကျွန်ကြီး သွားဗျာ သွား ကျုပ်ဆိုင်ထဲမှာရှုပ်တယ်"

အရက်မသောက်ရသဖြင့် တုန်ယင်ညစ်ထေးနေသည့် လူကြီးတစ်ဦးအား လူနှစ်ယောက်က ပိုင်းဝန်းထိုးကြိတ်နေကြ၏။ ရာသီဥတုဒဏ်ခံထားရသဖြင့် နေလောင်အသားတွေ မွဲခြောက်နေသည့် ထိုလူကြီးမှာ အရပ်ကရှည်ရှည်ကိုင်းကိုင်း။ ကုတ်အင်္ကျီအစုတ်ကြီးနှင့် ရှမ်းဘောင်းဘီပင်နီရင့်က နဂိုအရောင်ပျောက်လုလု။ မင်းအံ့···သူတို့အနားသို့





ဖျတ်ခနဲ ရောက်သွားခဲ့သည်။

"နေကြစမ်းပါဦးဗျာ လူကြီးတစ်ယောက်ကို ဒီလောက်လည်း မလုပ်ကြပါနဲ့ သူကြည့်ရတာ အရမ်းလိုနေပုံပဲ။ ဦးလေးလာ ကျွန်တော် ဝယ်တိုက်ပါ့မယ်။ ဟော့ သူသောက်နေကျ အရက်တစ်လုံးလောက် ပေးစမ်းကွာ အမြည်းတစ်ခုခုလည်းလုပ်ခဲ့ လာဦးလေး"

တုန်ယင်နေသည့် လူကြီးကို ကြင်နာစွာဖေးမရင်း မင်းအံ့မှာ သူတို့အနားရှိ လွတ်နေသည့် စားပွဲသို့ခေါ်လာခဲ့၏။ ဆိုင်ရှင်နှင့်ဆိုင်ထဲမှ လူများမှာ သူ့အားအထူးအဆန်းသဖွယ် ကြည့်နေကြလေသည်။

အရပ်ရှည်တာချင်း တူနိုင်သော်လည်း မင်းအံ့က သန်သန်မာမာ နနပျိုပျိုရှိပြီး ထိုလူကြီးကတော့ ပိန်လှီကိုင်းကျနေပါလေ၏။

"ထိုင်ပါဦးလေး ဒီစားပွဲမှာသောက်ပါ"

"ကျေးဇူးပါပဲ ငါ့တူရယ် မင်းဟာသိကြားမင်းတော့ မဖြစ်နိုင်ပါဘူးနော်"

လူကြီးစကားကြောင့် မင်းအံ့နှင့်အတူ မေနှင်းဆီပါ ပြုံးမိကြသည်။

"သိကြားမင်းဆိုရင် ဦးလေးကို အရက်လာတိုက်ပါ့မလားဗျာ။ ကိုင်းပင်တစ်ပင်လို လဲကျတော့မယ်ရပ်နဲ့ ဦးလေးကို ကျွန်တော် သနားသွားမိလို့ပါ။ အရက်ရဲ့ကျေးကျွန် ဖြစ်ရတာတော့ ရင်နာစရာပေါ့ဗျာ။ ဦးလေးလည်း တစ်ခါကတော့ ကျွန်တော်တို့လိုပဲ ကျန်းမာသန်စွမ်းပြီး ဘဝကို ခါးစောင်းတင်ခဲ့ဖူးမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မင်းအံ့အပြောကြောင့် လူကြီးတွေဝေငိုင်တွေနေရာမှ ခေါင်းကို ခါထုတ်ပြီး အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်ချနေလေတော့၏။

နှစ်ခွက်၊ သုံးခွက်လောက်ဝင်ပြီးမှ လူကြီးက စတင်စကားပြော နိုင်ခဲ့သည်။

"ငါ့တူတို့က ဘယ်ကလဲ ဒီလားရှိုးက မဟုတ်တာတော့ သေချာ ပါတယ် ဘာကြောင့်ဆို ဒီလားရှိုးသူ၊ လားရှိုးသားမှန်ရင် ဦးလေးကို စေတနာ မရှိကြဘူးကွဲ့ မိန်းမနဲ့ သမီးလုပ်စာကို ထိုင်စားပြီး အရက်ဆိုင် မှန်မှန်လာတတ်တဲ့ ဦးလေးကို ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ် ချင်ကြဘူး။ တကယ်တော့ ဦးလေးလည်း ဒီအဖြစ်မျိုး ဘယ်ဖြစ်ချင်ပါ့ မလဲ။ ကဲ ငါ့တူတို့အကြောင်းလည်း ပြောပြပါဦး လားရှိုးကို အရောင်း အဝယ်ကိစ္စနဲ့ လာကြတာလား ဦးလေးကူညီနိုင်တာဆိုလည်း ကူညီရ အောင်လေ"

လူကြီးစကားကို ကြားရသော်မင်းအံ့က မေနှင်းဆီကို လှမ်း ကြည့်ပါ၏။ တိုင်ပင်သည့်သဘော . . .

"ပြောပြလိုက်ပါ ဘာပဲဖြစ်ဖြစ် အကူအညီရနိုင်တာပေါ့"

မေနှင်းဆီထံမှ ခွင့်ပြုချက်ရသဖြင့် ကိုယ့်အကြောင်းကို မင်းအံ့ ပြောပြလိုက်သည်။

လူကြီးက မင်းအံ့ပြောသည့် "နေအုပ်နှင့်နီနီမင်း"အကြောင်း ကို စိတ်ဝင်တစား နားထောင်ခဲ့သည်။ ဇာတ်လမ်းပြီးဆုံးသွားလျှင် လူကြီး မောလျှသွားပုံရ၏။





"ငါ့တူရဲ့ အဖေနဲ့အမေ အကြောင်းကြားရတာ ဦးလေးစိတ် မကောင်းဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဦးလေး ငါ့တူကြီးကို အတတ်နိုင် ဆုံးကူညီ စုံစမ်းပေးပါ့မယ်။ အခုလည်း ဦးလေးရဲ့အိမ်ကိုသိအောင် လိုက်ခဲ့ ပါလား။ ဦးလေးစောင့်ခေါ်မယ်"

လူကြီး၏အသွင်က ဝတ်ကျေတန်းကျေမဟုတ်၊ စားကောင်း သောက်ကောင်း ပုံစံမဟုတ်။ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ရှိလှ၏။

"နောက်မှလာပါ့မယ် ဦးလေးရာ အခုတော့ ကျွန်တော်တို့ မအားလို့ပါ ဆွေးနွေးစရာလေးတွေရှိနေလို့"

"အားတဲ့အချိန်မှာတော့ ဆက်ဆက်လာခဲ့ပါနော်။ ဦးဝေဠု၊ အမူးသမားကြီး ဦးဝေဠုအိမ်ဆို ဒီလားရှိုးနယ်တစ်ဝိုက်က သိပါရဲ့ကွာ"

ဦးဝေဠု၏စကားကို မင်းအံ့မနှစ်သက်သလို မေနှင်းဆီကလည်း သဘောမကျချေ။

"ဦးလေးက ဒါကိုဂုဏ်ယူနေသလား လူ့ဘဝမှာ လူဖြစ်ရတာ နည်းနည်းတော့ အဓိပ္ပာယ်ရှိရမယ် မဟုတ်လား။ ဆန်ကုန်မြေလေးလို့ အပြောခံရတာ သတ်မှတ်ခံရတာ ရင်နာစရာကောင်းပါတယ် ဦးလေး ရယ်"

လူကြီး စကားပြန်မပြော နိုင်တော့ချေ။ အတန်ငယ် ငေးငိုင် သွားပြီး နောက် တစ်ပုလင်းလုံးကုန်အောင် တစ်ခွက်ပြီးတစ်ခွက် သောက်နေလေတော့သည်။

"သွားမယ်ငါ့တူရေ ဒီကနေ့ မင်းတိုက်ခဲ့တဲ့အရက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ နှောင့်တမရစေရပါဘူး ဦးလေးစောင့်မျှော်နေပါ့မယ်"

ဦးဝေဠု ဒယီးဒယိုင်နှင့် ထွက်ခွာသွားသောအခါ သူမတို့နှစ်ယောက် ငေးကြည့်နေမိကြသည်။ သက်ပြင်းပြိုင်တူချမိကြသည်။

"ကဲ အဲဒါတွေ ထားလိုက်ကွာ ကိုယ်တို့စားကြ၊ သောက်ကြရအောင် စားသောက်ပြီးမှ စကားလေးဘာလေး ပြောကြရအောင်"

"အချိန်မရှိတော့ဘူး ကိုမင်း အိမ်ပြန်ရောက်မှ ညှော်ခန်းထဲမှာ စကားပြောလည်း ဖြစ်တာပါပဲ စားသောက်ပြီးရင် ပြန်ကြစို့နော်"

"ဟာကွာ နှင်းဆီကလည်း အိမ်မှာက မလွတ်လပ်ပါဘူး ကိုညီတို့ မလီလီတို့နဲ့ ဝိုင်းဖွဲ့စကားပြောနေရတာ"

"ကျွန်မတို့ကလည်း ဘာတွေအထူးအထွေ ပြောစရာရှိတာမှတ်လို့ကွယ်။ နလုံးသားချင်း နားလည်ပြီးပြီလို့ နှင်းဆီတော့ ထင်တာပဲ ကဲစားစို့"

"ဘာပဲဖြစ်ဖြစ်ကွာ ကိုယ့်ရင်ထဲမှာ နှင်းဆီတို့ရွာကလေးကိုပဲ သတိရနေတယ်။ လသာတဲ့ ညကလေးရယ် ပွဲခင်းအုပ်အုပ်ကျက်ကျက်ရယ် နမ်းခဲ့ရတဲ့ အနမ်းချိုလေးတစ်ခု"

သည်စကားများကိုတော့ မေနှင်းဆီ ခေါင်းငုံ့ရင်းနားထောင်နေမိပါ၏။ တုံ့ပြန်စကားမဆိုနိုင်။

နှင်းကလေးပါးပါး လွှမ်းခြုံနေသော လားရှိုးမြေကို ငေးကြည့်ရင်း ဒါဟာအိမ်မက်တစ်ခုဟုပင် သူမထင်နေမိတော့သည်။

✲ ✲ ✲





## အပိုင်း(ဃ)

နေ့လည်က စာတိုက်မှထုတ်ယူလာခဲ့သည့် ကိုးအုပ်မြောက် ဝတ္ထုစာအုပ်လေးများကို မေနှင်းဆီ ငေးကြည့်နေမိသည်။ ဒါဟာလည်း အိမ်မက်တစ်ခုပဲလား။

ဘဝဆိုတာကရော အိမ်မက်များနှင့် ထုဆစ်ဖွဲ့စည်းထားခဲ့ပါသလား။

ချစ်သူတစ်ယောက် ထားခဲ့မိသည့်အတွက် သူမဘဝရဲ့ ကြွေးမြီများတော့ ကင်းစင်သွားခဲ့တယ်။

ချစ်သူတစ်ယောက်က ကြွေးတင်အောင် ပြုလုပ်ခဲ့ပြီး ချစ်သူတစ်ယောက်က ကြွေးမြီးကင်းစင်အောင် ပြုလုပ်ပေးခဲ့သည်။

သူမဟာ မျက်နှာများတတ်သူ တစ်ယောက်မဟုတ်။ မှတ်သိုန်



www.burmeseclassic.com

www.burmeseclassic.com



သည်သူမဘာသာ တိတ်တခိုးချစ်ခဲ့ရသူဖြစ်ပြီး မင်းအံ့ကတော့ နှစ်ဦးသဘောတူ ချစ်သူဖြစ်သည်။ ယခုတော့လည်း အရာအားလုံးသည် ပြီးဆုံးခဲ့ပြီထင်ပါသည်

သူမဘဝ၏ တစ်ဆစ်ချိုးခရီးကြမ်းကြီးကို မေနှင်းဆီပြန်ပြီးသတိမရချင်။ ဘဝဆိုတာ ဖြတ်ညှပ်ကပ်ဖန်းချိုကားချပ် တစ်ချပ်သာဆိုလျှင်ဖြင့် သူမ ကိုယ့်ဘဝထဲမှ မလိုအပ်သည်များ မေ့ထားချင်သည်များကိုဖြတ်ထုတ် ပစ်လိုက်ချင်ပါသည်။

စိမ်းလန်းသော မိုးရနံ့လေးများက မေနှင်းဆီ၏ ရင်ကိုပြန်လည်စိမ်းလန်းစိုပြည်အောင် ကုစားပေးနေကြပြန်သည်။ မိုးတစ်ပြိုက်၊ နှစ်ပြိုက်ရွာသွန်းထားသဖြင့် မေနှင်းဆီတို့ တစ်ခြံလုံး သစ်ပင်ပန်းမန်များမှာရေဆေးထားသည့်နှယ်။ အိမ်ရှေ့ရှိ စပယ်ရုံကြီးမှာလည်း စပယ်ပန်းတွေဖွေးဖွေးလှုပ်လျှက် . . .

ညဦးပိုင်းပေမယ့် စပယ်ပွင့်လေးများ မနိုးတရို ပွင့်အာနေချေပြီ။ ပွင့်အာစ စပယ်လေးများသည် သူမတူအောင် မွှေးနှင့်လွှန်းပေစွ။

စာကြည့်စားပွဲအိုလေးမှသည် လောကကို မေနှင်းဆီ ငေးမျှော်ကြည့်နေမိပြန်သည်။

မိုးရိပ်မကင်းစင်သော ကောင်းကင်မှာ တိမ်လိပ်တွေက အုပ်အုပ်ကျက်ကျက်။ လကလေး ပျရေးရေးသည် လောကတစ်ခွင်ကို တတ်အားသမျှ အလင်းပေးနေပြန်သည်။ သူမဘယ်လိုလုပ်ရမှာလဲ။

နေ့လည်က စာအုပ်ထုပ်ထဲမှ ပါလာသည့် မှတ်သုန်၏စာက





လေးကို မေနှင်းဆီ ပြန်ဖတ်ကြည့်မိပြန်သည်။ ဒါနှင့်ဆို သူမဖတ်တာငါးခေါက်ထက်မနည်း။

သူကတော့ ကျွန်မကို နိုင်းစားဖို့လောက်သာ အသုံးချခဲ့တယ်။

ကျွန်မကတော့ သူ့ကိုကမ္ဘာပေါ်မှာ အမြင့်မြတ်ဆုံး ဆရာဂုရုကြီးတစ်ပါးလို သဘောထားခဲ့ပါတယ်။

ကျွန်မသူ့ကို မြတ်နိုးခဲ့တယ်။ ကိုးကွယ်မိခဲ့တာ အကြိမ်ကြိမ်ဖတ်သဖြင့် အနည်းငယ် နွမ်းဖတ်နေသည့် သူ့စာကလေးသည် ဖယောင်းတိုင်မီးရောင်မှာ ပြက်ပြက်ထင်ထင် . . .

မေနှင်းဆီ

စာအုပ်တွေ၊ ဘာလို့ထပ်မပို့တော့တာလဲ . . .

အခုဆို မေနှင်းဆီရဲ့စာအုပ်တွေ အခြေအနေ ကောင်းလာပါပြီ။ ဘာပဲပြောပြော လူတွေသိလာတာအမြတ်ပေါ့။

စာရေးဆရာ ဖြစ်ချင်တဲ့ မေနှင်းဆီက အခုစာရေးဆရာဖြစ်လာပါပြီ၊ ဒါကို မကျေနပ်သေးဘူးလားကွယ်။ ကိုယ်လည်း အစွမ်းကုန်ကြိုးစားတာပါပဲ။ စောင်ရေက တအိအိတက်နေဟာဆိုတော့ ငွေကြေးအနေနဲ့ သိပ်မဟုတ်သေးပေမယ့် (၁၀)အုပ်မပြည့်ခင်ဘဲ အခြေအနေကောင်းလာမယ်ထင်ပါတယ်။

စာတွေဆက်ရေးပါ။ စာမူတွေပို့ပေးပါ။ တစ်ချို့စာရေးဆရာတွေဆို (၁၀)အုပ် (၁၅)အုပ် ထွက်ပြီးတာတောင် ဘာမှမဟုတ်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေကို အပုံပဲ။ အဲဒီလူတွေနဲ့စာရင် ချစ်ပြုံးနှင်းဆီက အများကြီး အခြေအနေ ကောင်းတာပေါ့။

အောင်မြင်မှု လမ်းကြောင်းပေါ်မှာ ခြေချပြီးတဲ့နောက် ဆက်လက်ကြိုးစား စေချင်ပါတယ် မေနှင်းဆီ။

နစ်နာခဲ့ရတဲ့ ငွေကြေး၊ အချိန်တွေအတွက် အခုအသီးအပွင့်တွေခူးစားဖို့ပဲ ရှိတော့တာမဟုတ်လား။ ရှေ့နံပါတ်(၁၀)စာအုပ်ကစပြီး တစ်အုပ်သုံးသောင်း ပို့နိုင်မယ်ထင်တယ်။

ကိုယ့်ကိုယ်ကို သတ်မပစ်ပါနဲ့ မေနှင်းဆီ စာတွေရေးဖြစ်အောင်ရေးပါ။ ပို့ပေးပါ···

ပိုမိုအောင်မြင်ပါစေ

မှတ်သုန်

(၁၀)အုပ်ယူမယ်ဆိုပြီး ဘာလို့ ကိုးအုပ်ပဲယူတော့တာလဲ။ တစ်အုပ် သုံးသောင်းဆိုတာလည်း မေနှင်းဆီ အံ့သြတာပါပဲ။ ဒါ အညံ့ဆုံးစာရေးဆရာပေါ့···

သုံးသောင်းတန် စာရေးဆရာလောက်ကိုများ ဘတ်ဆဲလား၊ လောက်ပြော၊ အောင်မြင်ပြီတွေ ဘာတွေပြောနေသည့် မှတ်သုန် စကားများအပေါ် မေနှင်းဆီ မကျေနပ်။ မယုံကြည်။ အုပ်ရေ တစ်ထောင်ကျော်နေတာတောင် အရှုံးမကျေသေးဘူးလား။

ဘယ်အရာတွေက လွဲချော်နေတာလဲ···





ဘာစာမှလည်း မရေးချင်တော့ဘူး···

ငွေအတွက် စာရေးတာ မဟုတ်ပေမယ့် သူမဟာ တစ်စုံတစ်ဦးရဲ့ကျေးကျွန်မဟုတ်···

အတ္တမစင်ဘူးဘဲ ပြောပြော ကိုယ်က အသန့်စင်ဆုံးမေတ္တာနှင့် ချစ်မိသူသည် ကိုယ့်ကိုလည်း သန့်စင်စွာ ပြန်လည်စေတနာထားစေချင်တာ သူမ၏ဆန္ဒဖြစ်သည်။ အခုတော့ သူက သူမကို လုပ်စားသွားခဲ့သည်။

သွားစမ်းပါ···သူမ ဘယ်တော့မှ စာမရေးတော့ဘူး။ ဘဝဆိုတာ အရှိန်းဆန်တော့လည်း တစ်မျိုးလှတာပဲ···

ကြည့်စမ်း···

သဇင်ပန်းလေးတွေ၊ နှင်းဆီ၊ သော်က၊ မြတ်လေး၊ စပယ်၊ သစ်ခွ···

တကယ့်တောဝင်ပန်းလေးတွေ နှုရှ မွှေးပျံ့နေတာပဲ လှတာပေါ့၊ သိပ်လှ လောကအပေါ် အဆင်း၊ ရနံ့တန်ဖိုး မဖြတ်နိုင်တဲ့ ပန်းကလေးတွေ···

ထို့အတူ···

တောကြိုအုံကြားမှာ ပျဉ်းမပန်းလေးတွေ၊ ငုဝါပန်းလေးတွေ၊ အင်ကြင်းပန်းလေးတွေ နောက်ဆုံး စိန်ပန်း ပေါက်ပွင့်ကအစ တော်မဝင်တဲ့ ပန်းကလေးတွေကရော တစ်တောလုံးလင်းအောင်အလှဆင်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရန့်မမွှေးသည်ဖြစ်စေ . . .

ပန်ဆင်သူမရှိသည်ဖြစ်စေ . . .

အလှကြည့်မည့်သူ မရှိသည်ဖြစ်စေ . . .

ဖြစ်ရာဘဝ ဖြစ်ရာနေရာမှာ လောကအားလုံးကို သူတို့အလှ သူတို့အားမာန်ဖြင့် အလှဆင်ခဲ့သည်။

တစ်မျိုးတော့ တစ်မျိုးစီပေါ့နော် . . .

ချစ်ပြုံးနှင်းဆီဆိုတာ မကြာခင် သေဆုံးတော့မည့် မေနှင်းဆီ အဖြစ်နဲ့ပဲ တစ်တောလုံး လင်းအောင်သင်းပျံ့ဝေတော့မည်။

တိမ်ရိပ်တွေ အုံ့ဆိုင်းနေသောလသည် ဝေးပျပျ . . . ထို့အတူ မေနှင်းဆီ၏ ရင်ထဲမှာလည်း သွေးပျက် ထိတ်လန့်ခဲ့ရသည့် အိမ်မက်ဆိုးသည် ယခုတိုင် ခြောက်လှန့်နေလေဆဲ . . .





"သေချာရော ရှာကြည့်ပြီးပြီလား အဲဒါကြောင့် ကျွန်မသူ့ကို တောမလိုက်စေချင်တာ ဦးညီသိပ်အတတ်ဆန်းတာပဲ ရန်ကုန်မြို့လယ်ခေါင်က လူကိုများ တောလိုက်သင်လို့သင် မြင်းစီးသင်နိုင်းလို့သင်နိုင်းကဲ့ အခုကျ ဘယ်လိုလုပ်တော့မလဲ"

တတွတ်တွတ် ရေရွတ်ရင်း မေနှင်းဆီ ဒေါပွနေသောအခါ ညီညီအောင် ငုံ့ခံနေခဲ့သည်။ သူစီးတော်မြင်း အာနန်းခွဲ့ရောင်ကြီးကလည်း လေကိုခွင်းတော့မည်နှယ်။

"ကိုယ့်ကိုကပေါ့တာပါကွယ် ကိုမင်းနယ်မြေမကျွမ်းတာတော့ သိပါတယ်။ သိလို့လည်း နှစ်ယောက်အတူ တောပစ်နေရာက တောဝက်တစ်ကောင်ကိုလည်းတွေ့ရော နှစ်ယောက်သား နှစ်နေရာခွဲပြီး ဝိုင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လှုစခဲ့လိုက်မိတာ တောကလည်းနက်တော့ ကိုယ်ရှာနေတာ အကြာကြီးပဲ ဒုက္ခပါပဲကွာ ကိုညီထမင်းလည်း ဆာမှာပဲ မနက်ကတည်းကလေ"

ယခုညနေလေးနာရီ အို…သူ…ထမင်းသိပ်ဆာနေမှာပေါ့။ မေနှင်းဆီ အလိုမကျဖြစ်နေမိသည်။

"အခုဘယ်လိုလုပ် ရှာမလဲ။ ကျွန်မတို့ချည်းပဲ ရှာလို့ရောတွေ့မတဲ့လား"

"ကိုယ့်အလုပ်သမားတွေ ကူရှာလိမ့်မယ်။ သူတို့ကို အကူအညီတောင်းထားတယ်။ မစိုးရိမ်ပါနဲ့ နှင်းဆီရယ် ကိုယ့်အပြစ်ပါ ကိုယ့်မှာတာဝန်ရှိပါတယ်။ နှင်းဆီရဲ့ ချစ်သူကိုမတွေ့တွေ့အောင်ကို ရှာပေးပါ့မယ်ကွာ"

ညီညီအောင်ကမြင်းကို အသားကုန်ဒုန်းစိုင်းသဖြင့် သူမမှာယိုင်လဲလုလု။ မြင်းတစ်ကောင်ထဲ နှစ်ယောက်စီးရသည့်နောက်တော့ ကင်းကင်းကွာကွာလည်း နေလို့မရတော့။ သူမမှာ သူ့ရင်ခွင်ထဲတွင်ကပ်၊ ညှပ်လျှက်…

"ဆောရီးနော် နှင်းဆီ ဟိုကိုမြန်မြန်ရောက်ဖို့က ပိုပြီးအရေးကြီးတယ်။ တော်ကြာနေဝင်တော့မယ်။ နေဝင်ရင် တောကောင်တွေဘာတွေ"

"လုပ်ပါ မြန်မြန်သာစီး"

သူမ၏ခွင့်ပြုချက်ရသည့်နောက် ညီညီအောင်က မေနှင်းဆီ၏ ခါးလေးကို လက်တစ်ဖက်ဖြင့် ခပ်ကျစ်ကျစ်ဖက်ပြီး ဒုန်းစိုင်းလေတော့သည်။





ဒုက္ခပဲ။ မောင်လေးလည်း အိမ်မှာမရှိ။ သူမအတွေးများနေဆဲ မြင်းကတုံ့ခနဲ ရပ်သွားခဲ့သည်။

"ရောက်ပြီ…ဆင်း…"

"ဟင်"

ဟိုတစ်ခါရောက်ဖူးသည့် တောင်ပေါ်ယာခင်းလည်းမဟုတ်။ ဒါဘယ်နေရာလဲ။

လှပသည့် တောင်ကုန်းလေးပေါ်မှာ သစ်သားခြေတံရှည်အိမ်လေးဆောက်ထားပုံက အပန်းဖြေဗိုလ်တဲတစ်ခုနှယ်။ ခြံကလေးထဲမှာလည်း သီးပင်၊ စားပင်တွေနှင့် ဒါတောလိုက်တဲ့ နေရာတဲ့လား…

"အလို…ဘုရားရေ"

အတွေးတစ်ခု တွေးမိပြီး မေနှင်းဆီ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားဆဲ သူကသူမကို ဆတ်ခနဲ ပွေ့ချီချလိုက်သည်။

ရင်ထဲမှာ ခြေမနိုင်လှအောင် ကြောက်လန့်မိသွားပေမယ့် မေနှင်းဆီ ရုပ်မပျက်အောင် ထိန်းလိုက်သည်။

"ဒါ ရှင်တို့ တောလိုက်တဲ့နေရာလား"

အပြာရောင် ဝတ်စုံလှလှလေးဖြင့် လှချင်တိုင်းလှနေသည့် အပြာရောင်ကောင်မလေးကို ညီညီအောင်က ခေါင်းညိတ်ပြခဲ့သည်။

"ဟုတ်တယ် ဒါကိုယ်တို့ တောလိုက်မယ့်နေရာ တောလိုက်တယ်ဆိုတာ ဘယ်လောက်ပျော်စရာ ကောင်းကြောင်း နှင်းဆီကိုလည်း ကိုယ်သင်ပေးဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် သူက မေနှင်းဆီ၏ ကိုယ်လေးကို ကြောင်ကြီးက ကြွက်ကလေးအား ချီသည့်နယ် ပေါ့ပါးသက်သာစွာ ပွေ့ချီလိုက်သည်။

သူ့လူတစ်ယောက်က သူမတို့စီးသွားသည့် မြင်းကြီးကို အိမ်နောက်ဖက်သို့ ခေါ်ဆောင်သွားလေ၏။

"ဟင်…ရှင်…ရှင် ဒါဘာသဘောလဲ ဦးညီညီအောင် ရှင်ရူးနေသလားဟင်…ကျွန်မဟာ ရှင်မိုက်မဲရူးသွပ်သွားလောက်စရာ မိန်းမလှတစ်ဦးလည်း မဟုတ်ဘူး ပြီးတော့ ကိုမင်းအံ့ရဲ့ မျက်နှာကိုလည်း ရှင်ပြန်ထောက်ပါဦး ဒါဖြင့် သူပျောက်နေတယ်ဆိုတာ မဟုတ်ဘူးပေါ့။ သူဘယ်မှာလဲ…ဘုရားရေ…သူ့ကိုများ ရှင်တစ်ခုခု လုပ်ပစ်လိုက်သလား။ ရှင်ကျွန်မကို အောက်ချပေးပါ အို…ကျွန်မတော့ မယုံနိုင်လောက်အောင်ပဲ"

သူမထိတ်လန့်တုန်လှုပ်နေသော်လည်း သူက မေနှင်းဆီကို အိမ်ပေါ်သို့ ပွေ့ချီခေါ်သွားမြဲ…

အိမ်ပေါ်ရောက်မှ ဆက်တီတစ်ခုပေါ်တွင် ညင်သာစွာတင်ပေးခဲ့သည်။ သည်စဉ် သူမတို့ဝင်ခဲ့သည့် ဝင်ပေါက်တံခါးကြီးလည်း ညင်သာစွာ ပိတ်သွားခဲ့သည်။ အပြင်ဖက်မှ သော့ခတ်သံကြားလိုက်ရ၏။

သွားပြီ…

ပူထူ နာကျင်နေသော ဦးခေါင်းကို ခေတ္တအနားပေးရင်း မေနှင်းဆီ မျက်စိမှိတ်ထားမိ၏။ ငါ ဘာဆက်လုပ်ရမလဲ သူ့ကို





ဘယ်လိုဖြားယောင်းအနိုင်ယူရမလဲ အို ကိုမင်းအံ့ကို သူ ဘယ်လိုလုပ်ပစ်ခဲ့ပါလိမ့်…

မျက်ရည်များရွှဲနစ်လာရာမှ သူမ ညီညီအောင်ကို မော့ကြည့်လိုက်သည်။ သူ့ အသွင်က တစ်စုံတစ်ရာသော ဆုံးဖြတ်ချက်ကြောင့် ပိုမိုရူးသွပ်လျှက်။

"မစိုးရိမ်ပါနဲ့ နှင်းဆီ ကိုညီကို ကိုယ်ဘာမှလုပ်မပစ်ခဲ့ပါဘူး နေ့လည်က သူ့ ဖေဖေ ဘယ်မှာရှိတယ်ဆိုပြီး လားရှိုးနားက ရွာလေးတစ်ရွာကို ကိုယ်လမ်းလွှဲပေးလိုက်တယ် ညနေလောက်ဆို သူ အိမ်ပြန်ရောက်နေရော့ပေါ့…

စိတ်မပူပါနဲ့ကွာ နှင်းဆီနဲ့ကိုယ် နှစ်ဦးသဘောတူ နှီးရာလိုက်ပြေးသွားကြောင်း စာရေးပြီး ကလေးတစ်ယောက်ကတဆင့် ပေးခိုင်းခဲ့ပါတယ်"

"ဟင်…ရှင်…ရှင်…ယုတ်မာလိုက်တာ ပစ်စက်လိုက်တာ"

သူမက ဒေါသများဖြင့် တုန်လှုပ်ဆွံ့အနေသလောက် ညီညီအောင်မှာ သွေးအေးလှသည်။ ကြိုတင်ကြံစည်ထားသူပီပီ သူ့အမူအယာက ခပ်အေးအေး။ သူက မေနှင်းဆီနှင့်မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ပြီး စီးကရက်တစ်လိပ်ပင် မီးညှိလိုက်သေးသည်။ သံဟိုင်များတပ်ထားသည့် ပြတင်းများမှလည်း ပန်းရနံ့လေးများ နှီးဝင်မွှေးပျံ့နေကြသည်။

"မတတ်နိုင်ဘူး နှင်းဆီ မင်းကို ကိုယ် တစ်နေ့တခြား ပို ပိုချစ်လာခဲ့တယ် အချစ်နဲ့ စစ်မှာ မတရားတာမရှိဘူး တဲ့။ ကိုယ့်ရင်ကွဲခံရမယ့်အစား ကိုယ်လိုချင်တာ ရအောင်ယူလိုက်တာကမှ အကောင်းဆုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



လမ်းလို့ ကိုယ်တော့တင်တယ်လေ...”

“မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး ရှင့်ကို ကျွန်မ အရမ်းမုန်းတယ် ရှင် ကျွန်မကို အခုလွှတ်ပေးပါ...”

မေနှင်းဆီ အော်ဟစ်လိုက်သော်လည်း သူကမဖြုံ။

“ဒီနေရာက လူတွေနေတဲ့နေရာ မဟုတ်ဘူး နော်...ဒါကိုယ်တို့ စခန်းတစ်ခုပဲ တောသတ္တဝါတွေပဲရှိတယ် နှင်းဆီ ဘယ်လောက်အော်အော် ဘယ်သူမှမကြားဘူး စောစောက နှင်းဆီတွေ့လိုက်ရတဲ့ လူကလည်း ကိုယ့်ရဲ့ တစ်ပါးကျွန်ပဲ ကိုယ့်ကျေးဇူးတွေနဲ့ ပိနေတဲ့ သူ၊ ကိုယ့်ကို အရမ်းချစ်ခင်လေးစားတဲ့ သူမို့ နှင်းဆီ အကူအညီမရနိုင်ဘူး...

စိတ်ချစမ်းပါ အချစ်ရယ် ကိုယ်မင်းကို ကိုယ်မင်းအံ့ ချစ်တာထက် နှစ်ဆပိုပြီး ချစ်ပြပါ့မယ်...”

ပြောရင်းပင် သူက နှင်းဆီကို ထားခဲ့ပြီး အခန်းတစ်ခုထဲမှာ တစ်စုံတစ်ခုသွားယူနေခဲ့သည်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ လင်ဗန်းတစ်ချပ်ပါလာခဲ့သည်။ အရက်ပုလင်း၊ ဖန်ခွက်၊ ဆော်ဒါတွေဘာ တွေနှင့် အမြည်းပန်ကန်။ နောက် အထုပ်နှစ်ထုပ်။

“စား နှင်းဆီ အစောကြီးကတည်းက စားစရာတွေ ဘာတွေပါစီမံ လာခဲ့တာလေ။ လောလောဆည် ခေါက်ဆွဲကြော်နဲ့ အသားလုံးကြော်ပဲ စားကြတာပေါ့ ကိုယ်တော့ အရက်နည်းနည်းလောက်ချလိုက်ဦးမယ် ဖြစ်တယ် မဟုတ်လား...”

တလျှောက်လုံးကူညီလာခဲ့ပြီး ယခုမှ ဖွတ်ထွက်ပြနေသူကြီးအား





ယခုထိ မေနှင်းဆီ မယုံနိုင်သေး။ ဘယ်လိုဖြစ်သွားခဲ့တာလဲ သူဟာ သားသတ်သမားကြီးပေါ့...

“စားလေ နှင်းဆီ ဘာလဲ ကိုယ် ခွံ့ပေးရမလား...”

“ရှင့် ဘာသာရှင်စား ကျွန်မကို လာကျွေးမနေနဲ့ ရန်သူကျွေး တာဘာမှမစားဘူးလို့ ကျွန်မဆုံးဖြတ်ထားပြီးသား...”

“ဒီလောက်လည်း မတင်းမာပါနဲ့ နှင်းဆီရယ်...ကိုယ့်ဖေဖေနဲ့ မေမေတုန်းကလည်း ဒီလိုပဲ ဖေဖေက မေမေ့ကို အလှူပွဲတစ်ခုမှာ တွေ့ဖူးပြီးနောက် သွားခိုးပစ်လိုက်တာပဲ။ နောက်တော့လည်း အဆင်ပြေ သွားတာပါပဲကွာ

တော်တော်ရူးတဲ့လူကြီးပဲ မေနှင်းဆီ မိမိကိုယ်ကို ဆန်းစစ်ကြည့် မိပြန်သည်။ သူဒီလိုလုပ်ရဲအောင် သူမဘာအခွင့်အရေးတွေများ ပေးမိပါ လိမ့်...

“စားနော် ကိုယ်တော့ သောက်ဦးမယ်...နည်းနည်းပါးပါး”

ညီညီအောင်မှာ အရက်ကို စိမ်ပြေနပြေဆွဲသောက်ရင်း မေနှင်းဆီကို အရက်နှင့် မြည်းနေသည့်နှယ်။ တစိမ့်စိမ့်ကြည့်နေလေ၏။

မေနှင်းဆီမှာ ဒေါသတွေက အလိပ်လိုက် တက်လျှက်သူ့ရှေ့မှ ဆတ်ခနဲထပြီး အိမ်ရှေ့ပြတင်းမှ အပြင်သို့ကြည့်လိုက်သည်။

“ကိုယ့်ရှေ့မှာ ကိုယ့်သွေးတွေ ဆူလာအောင် လျှောက်မနေနဲ့ နော်။ လွတ်လမ်းကတော့ မရှိပါဘူးကွာ။ သံတိုင်တွေကြားကလည်း မင်းခုန်ချလို့မရဘူး။ တံခါးမကြီးကလည်း ပိတ်ထားပြီးသား အေးအေးဆေးဆေးနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ အချစ်ရယ်။ ကိုယ်လည်း ပိုက်ဆံရှိပါတယ်။ နှင်းဆီကို တစ်သက်လုံး အရိပ်တကြည့်ကြည့် ချစ်နေမှာပါ။ စိတ်ချမ်းသာအောင် ထားမှာပါ"

သေလိုက်ပါလား အရူး မေနှင်းဆီစိတ်ထဲမှ ကျိန်ဆဲနေမိ၏။ ငွဲကတော့ မလျှော့နိုင်ပါ။ ဒီလိုပဲ တစ်နည်းနည်းနဲ့တော့ လွတ်အောင် ကြံစည်ရမှာပဲ။

သည်စဉ် အိမ်တံခါးမကြီးဖက်မှ ခေါ်သံကြားလိုက်ရ၏။

"ဆရာ ခြံရှေ့မှာ လူရိပ်တွေ့ရတယ်ဆရာ ကျွန်တော်တော့ တယ်ပြီး မသင်္ကာဘူး"

"အေး နေဦး ငါပါလိုက်ကြည့်မယ်- - -နှင်းဆီ ခဏကျန်ခဲ့ဦးနော် ထွက်ပြေးဖို့တော့ ယောင်လို့တောင် စိတ်မကူးနဲ့ မောရုံပဲရှိမယ်"

ညီညီအောင်မှာ အိမ်ပြင်သို့ထွက်ပြီးနောက် မမေ့မလျော့ တံခါးကိုပြန်ပိတ်ခဲ့သည်။ သို့သော် သူတို့ထွက်သွားသည်နှင့် တပြိုင်နက် တစ်အိမ်လုံးသို့ မေနှင်းဆီ နှံ့စပ်အောင် ပြေးလွှားကြည့်မိလိုက်သည်။ ဘယ်နေရာမှာများ လွတ်ကွက်၊ ဟာကွက်ရှိလေမလဲ။

"အဲ"

မီးဖိုဆောင်ဖက်သို့ ကူးသည့်လမ်းကြားမှ အကာအရံမရှိ၊ ခုန်ချလို့ရတာပေါ့။ လက်ခုပ်တစ်ဖောင်လောက် မြင့်သည့်အနေအထားပေမယ့် မေနှင်းဆီမကြောက်။ သူမက သစ်သီးခူးဖူး၊ သစ်ပင်တက်ဖူးသူဖြစ်သည် မဟုတ်ပါလား။





ညီညီအောင် ဘယ်အရပ်မှာရှိနေမလဲ။ မှောင်ရည်သန်း နှင်းငွေ့ပိတ်ဖုံးလာသည့် လောကကြီးထဲ သူမထွက်ပြေးမှာပေါ့။ ကိုယ့်ကို မတရားသိမ်းပိုက်၊ အနိုင်ကျင့်မှာတော့ မေနှင်းဆီ မခံနိုင်။ တော်တော် အတွေးအခေါ်မရှိတဲ့ လူကြီးပဲ။

သည်စဉ် ခြံရှေ့မှ ဆူဆူညံညံအသံများ ကြားလိုက်ရသဖြင့် မေနှင်းဆီ ဒီအခွင့်အရေးကို အရယူဖို့ ဆုံးဖြတ်လိုက်သည်။ သူတို့ခြံရှေ့မှာမဲနေတုန်း သူမခြံနောက်ဖက်မှ ထွက်ပြေးမည်။ ဘယ်အရာကမှ ညီညီအောင်လောက်တော့ ဆိုးမည်မဟုတ်။

လမ်းကူးသစ်သားချောင်းများကို ကိုင်ဆုပ်ပြီး မေနှင်းဆီ ဟီးလေးနှိုချလိုက်၏။ ခြေထောက်များက မြေပြင်နှင့်ထိဖို့ တော်တော်လိုသေးသည်။ ကိစ္စမရှိ သူမခုန်ချလိုက်သည်ပါပဲ။

နာကျင်သွားသည့် ခြေထောက်ကို ခေတ္တကိုင်ဆုပ်ပြီး မေနှင်းဆီ ခြံနောက်ဖက်သို့ ပြေးထွက်လိုက်စဉ် ခါးစောင်းလောက်ရှိသည့် အင်းခွေးညိုကြီးတစ်ကောင် သူမအနားသို့ ပြေးကပ်လာခဲ့၏။

"သွားပြီ"

ညီညီအောင်ကြောင့် ဒုက္ခမရောက်ခင် ခွေးကိုက်တာနှင့်ပင် သေလေမလား။ သို့သော်ခွေးကြီးမှာ မေနှင်းဆီကို မကိုက်ပါ။ သူမအနီးမှာရပ်တန့်နေခဲ့၏။

"ဩော်"

သူမ သေသေချာချာ ကြည့်လိုက်တော့မှ ခွေးကြီးသည် သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးပြီးသည့် အိမ်မှခွေးကြီးဖြစ်သည်။ ကေ့န္တ မေနင်းဆီတို့ အိမ်မှ ထွက်လာကတည်းက လိုက်ပါလာခဲ့တာ ဖြစ်မည်။

"ရန်လုံ"

မေနင်းဆီ အသံတိုးတိုးပေးလိုက်တော့ ရန်လုံက သူမကို ပါးလျက်၊ နားလျက်လုပ်၏။

"လာ...သွားစို့"

ခွေးကြီးကို အဖော်ပြုလျှက် ခြံနောက်ဖက်သို့ မေနင်းဆီပြေး ထွက်ခဲ့သည်။ ထုံးစံအတိုင်း ခြံတွေကလည်း ပိတ်နေအောင် ကာဆီး ထားသည်မဟုတ်။ သစ်ပင်များကြားမှ တိုးဝှေ့ထွက်ရင်း မေနင်းဆီ ထွက် ပြေးသောအခါ ရန်လုံက နောက်မှထပ်ချပ်လိုက်ပါလာခဲ့သည်။

* * *





ညကတစ်ညလုံး နှင်းတောထဲက တောင်ယာတဲလေးတစ်ခုမှာ မေနင်းဆီနှင့် ရန်လုံတို့ ခိုအောင်းခဲ့ရသည်။

လူသူမရှိသည့် တောင်ယာတဲလေးထဲမှာ နှင်းသံတဖျောက် ဖျောက်ကိုနားခံ အားငယ်ရင်း၊ မျက်ရည်တွေတွေကျရင်း မေနင်းဆီ ကျော့ဖြတ်ခဲ့ရသည်။ ကံအားလျော်စွာ တောင်ယာတဲလေးပေါ်မှာ ကောက်ရိုးပုံလေးတော့ရှိပါရဲ့၊ ကောက်ရိုးပုံလေးထဲ ရန်လုံနှင့်အတူ တိုးဝှေ့ ကျောချင်းကပ်ရင်း နွေးထွေးအောင် မနည်းနေခဲ့ရသည်။ ညီညီအောင် လိုက်ရှာကောင်းရှာမည် ဖြစ်ပေမယ့် သူမတို့ကို မတွေ့ရှိခဲ့ချေ။

မနက်လင်းချိန်မှာတော့ လားရှိုးမြို့သို့သွားသည့် လမ်းမကြီးပေါ် သို့ သူတို့ရောက်ရှိနေပြီဖြစ်သည်။ လမ်းမကြီးပေါ်မှာ တိုင်းရင်းသားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ လျှောက်လှမ်းရင်း မြို့ထဲသို့ မေနင်းဆီတို့ ဝင်ခဲ့ကြသည်။

"ရန်လုံ့ရယ် နင့်ကျေးဇူးကို ငါမမေ့ပါဘူး။ နင်သာမပါခဲ့ရင် ငါခုလို ရှင်သန်နိုင်ပါ့မလား"

ချောမွေ့နွေးထွေးသည့် အမွေးရှည်ရှည်အိအိများကို ပွတ်သပ်ပေးရင်း မေနင်းဆီ စကားဆိုစဉ် ရန်လုံ့ကလည်း နားလည်သည့်နှယ် တအိအိ အသံပြန်ပေးလျှက်။

သူမလားရှိုးမှ ညီညီအောင်၏ အိမ်သို့ပဲ ဝင်ရသည်။ မင်းအံ့ကို ဘယ်လိုပြောရမလဲ။ ဒေါ်လီလီအောင်ကို ဘယ်လိုပြောရမလဲ။ မောင်လေး မင်းဝေကို ဘယ်လိုပြောရမလဲ။ သူတို့ဘယ်လိုများ ထင်နေကြမှာပါလိမ့်။

တစ်ညလုံး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် ထွက်ပြေးခဲ့ရ၊ ထိတ်လန့်ခဲ့ရ၊ ခိုအောင်းခဲ့ရသဖြင့် စုတ်ပြတ်ကျိုးကျေနေသည့် ကိုယ်ခန္ဓာကိုအနိုင်နိုင်သယ်ယူရင်း မေနင်းဆီ အိမ်ထဲသို့ လျှောက်လှမ်းလာခဲ့၏။ ညီညီအောင်များ ပြန်ရောက်နေမလား။ ညီညီအောင်မကလို့ သေမင်းနှင့်ပင် တွေ့ပါစေ ပြဿနာများကို သူမအကောင်းဆုံး ရင်ဆိုင်ဖြေရှင်းသွားလိုက်မည်။

ဧည့်ခန်းထဲသို့ ရောက်သောအခါ မေနင်းဆီ ခြေလှမ်းများ တုံ့ခနဲ လန့်ဖျပ်သွားခဲ့သည်။

ဧည့်ခန်းထဲမှာ လူစုံတက်စုံ ရောက်ရှိနေကြပါ၏။ ညီညီအောင်မှအပ ဒေါ်လီလီအောင်၊ မင်းအံ့နှင့် မောင်လေးမင်းဝေ။ မေနင်းဆီ ဝင်လာသည်နှင့် မောင်လေးက ဒေါသတကြီး မတ်တပ်ထရပ်ခဲ့သည်။





"မမ ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ ခင်ဗျားရူးသွားသလား တောက် ရှက်ဖို့ကောင်းလိုက်တာ ခင်ဗျားဗျာ"

"မောင်လေး"

"မခေါ်နဲ့ဗျာ ကျုပ်ရှက်တယ်. . . ကျုပ်အရမ်းရှက်တယ်. . . ခင်ဗျားဘာသာ ယူချင်တဲ့သူကို ယူကျန်ခဲ့။ ကျုပ်ဒီနေ့ပဲ ပြည်မပြန်မယ်"

မင်းဝေက ရက်ရွံ့တကြီး ပေါက်ကွဲနေသလို မင်းအံ့မျက်နှာကလည်း ဒေါသ၊ သောကတို့ ထွေးလိမ်းရက်ရှယ်လျှက်။ သူ့လက်ထဲမှာ စာတစ်စောင်ကိုင်ထား၏။ ညီညီအောင်ရေးခဲ့သည့် နှစ်ဦးသဘောတူ ထွက်ပြေးခိုးရာလိုက်သွားပြီဟူသည့် စာနေမှာပေါ့။

ယုံသလား မောင်ရယ်. . . ကျွန်မဟာ ဒီလိုမိန်းမစားမျိုးတဲ့လား။

"နင်းဆီ ကိုယ်တော့ မယုံနိုင်အောင်ဘဲ ဒီလားရှိုးနယ်မြေဟာ ဖေဖေနဲ့မေမေတို့ အချစ်ဇာတ်လမ်း ပြိုကွဲကျဆုံးခဲ့သလို ကိုယ့်အတွက်လည်း ကျဆုံးတဲ့မြေပဲ. . . ရက်စက်လိုက်တာ နင်းဆီရယ်. . . ဆုံးရှုံးသွားတဲ့ဖခင်ကို လိုက်လံရှာဖွေနေမိတဲ့ ကိုယ်ဟာအခုတော့ ချစ်သူကို ဆုံးရှုံးခဲ့ရပြီ ကိုယ်ဘယ်လိုမှ ဖြေမဆည်နိုင်တော့ဘူး"

ဒေါ်လီလီအောင်ကမူ စီးကရက်ဖွာလျှက် ခပ်ငေးငေးကြည့်နေခဲ့သည်။ ဘာမျှဝင်၍မပြော။

"မဟုတ်ဘူး ကိုမင်းအံ့ ကျွန်မကို ဖြေရှင်းခွင့်ပေးပါဦး အခုဟာက နှစ်ဦးသဘောတူ လိုက်သွားတာမဟုတ်ပါဘူး။ ကျွန်မ အလိမ်အညာခံခဲ့ရတာပါ။ ဖြားယောင်းခံခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်ကွယ့် တို့မောင်နမရဲ့ စေတနာ၊ မေတ္တာတွေကို မစော်ကားချင်ပါနဲ့။ မင်းရဲ့အရိပ်နေနေ အခက်ချိုးချိုး စကားတွေဟာ ငါတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ မင်းကို ငါ့အနေနဲ့ သိပ်ပြီး သဘောမကျပေမယ့်လည်း ကိုယ့်မောင်က နှစ်သက်ရင် သဘောကျ ကြည်ဖြူရမှာပဲလို့ တွေးပေးခဲ့တဲ့ ငါ့စေတနာကိုလည်း အားနာပေးသင့်ပါတယ်"

ဒေါ်လီလီအောင်မှာ ဆတ်ဆတ်ခါနာလျှက် သူ့မောင်လေးကိုတော့ တကယ်ချစ်ပုံရသည့် အစ်မတစ်ယောက်ပါပင်။

"ကျွန်မ အမှန်အတိုင်း ပြောနေတာပဲ ဒေါ်လီလီအောင် ညနေလေးနာရီလောက်မှာ သူက ကိုမင်းအံ့ အမဲလိုက်ရင်း ပျောက်နေလို့ ရှာရအောင်ဆိုပြီး လာခေါ်ခဲ့တယ်။ ကျွန်မလည်း ပူထူစိုးရိမ်စိတ်တွေများပြီး သူ့နောက်လိုက်သွားမိခဲ့တယ်။ နောက်မှ သူကျွန်မကို ခိုးယူလာခဲ့မှန်းသိရလို့ အိမ်ပေါ်က ခုန်ချထွက်ပြေးပြီး ယာတဲလေးတစ်ခုမှာ တစ်ညလုံးဒိုအောင် ပုန်းလျှိုးနေခဲ့ရတယ်။ ရန်လုံနဲ့အတူမို့ ကျွန်မအားရှိရတယ်။ မနက်လင်းတော့ မြို့ထဲကိုရောက်အောင် လာခဲ့တယ်"

"အဟင်း ပုံပြင်လေးကတော့ ကြားလို့ကောင်းသားပဲ မင်းသမီးကတကယ့် လူစွမ်းကောင်းပဲနော်"

"ရှင် မယုံတာတော့ ကျွန်မ မတတ်နိုင်ဘူး ဒေါ်လီလီအောင် ကဲ ကိုမင်းအံ့ ရှင်ကရော ကျွန်မပျောက်သွားတာတောင် လိုက်ရှာပေါ် မရဘူး ရှင့်ဖေဖေကို သွားရှာတာရော တွေ့ရဲ့လား"





"မင်းသားက တစ်ညလုံး အရက်သောက်နေခဲ့တယ်လေ"

ဒေါ်လီလီအောင်၏ စကားက မလိုတမာသံလားပင်မသိ။ သူမကတော့ မင်းအံ့ထံမှ အဖြေကိုသာ စောင့်မျှော်နေခဲ့သည်။

"ကိုယ့်ရည်းစားက သူများနောက်လိုက်သွားတဲ့ကိစ္စကို ကိုယ်က အရှက်မရှိ နောက်ကတကောက်ကောက်လိုက် နေရမှာလား ဒေါ်ချစ်ပြုံး နှင်းဆီကြီးရဲ့ မင်းဟာ တကယ့်ကဝေမပဲ"

သူ့စွပ်စွဲသံကြောင့် သူမနလုံးသားတွေ နာကျင်သွားရသည်။ သူ မယုံဘူးပေါ့ မေနှင်းဆီ ဘာဆက်လုပ်ရမှာလဲ။

ဖြစ်ပျက်နေသည့် အခြေအနေပေါ် မူတည်ပြီးသူမ တဒင်္ဂ စဉ်းစားလိုက်သည်။ ထို့နောက် ခိုင်မာစွာ ဆုံးဖြတ်ချက် ချခဲ့လေ၏။

ရစရာမရှိအောင် ကြေကွဲနာကျင်နေသည့် မောင့်ကို မေနှင်းဆီ မထောက်ထားနိုင်တော့ပါ။ သူ့အချစ်သည် သံသယတွေနှင့် ရှုပ်ထွေး ရောယှက်နေမှတော့ . . .

"ဒါဖြင့် ကိုမင်းအံ့က ကျွန်မအနိုင်ကျင့်ခံရတာ၊ တစ်ဖက်သတ် ခိုးသွားခံရတာကို မယုံဘူးပေါ့ . . . နှစ်ဦးသဘောတူ ခိုးသွားတယ်လို့ပဲ ယူဆတယ်ပေါ့ ဟုတ်လား . . ."

"ကိုယ် ဘယ်လိုဖြေဆည်ရမလဲ နှင်းဆီရယ် ကိုယ့်ကို . . ."

"တော်ပြီ ကိုမင်းအံ့ အပိုစကားတွေမပြောနဲ့တော့ ကျွန်မ ဘာမှ ဆက်မကြားချင်ဘူး။ ရှင်တို့ သူငယ်ချင်း နှစ်ယောက်ရဲ့ကြားမှာ ကျွန်မ မြေစာပင်ဖြစ်ခဲ့ရတယ် လို့ပဲသဘောထားလိုက်ပါတယ် ရှိပါစေတော့



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးဟာ ကျွန်မ အပြစ်တွေလို့ပဲ ကျွန်မခံယူလိုက်ပါတယ် ကျွန်မရဲ့ မိုက်မဲ လော်လီမှုတွေပါပဲ . . .ယောကျ်ားတစ်ယောက်ကို လက်မထပ်ရသေးဘဲနဲ့ ကျွန်မ ခရီးအတူထွက်မိတယ် အန္တရာယ်ဆိုတာ နေရာမရွေး၊ အချိန်မရွေးရှိတတ်ကြောင်း ကျွန်မ သဘောပေါက် နောက်ကျသွားခဲ့တယ် . . .

ဒီနေ့ပဲ ကျွန်မတို့ မောင်နှမ ပြန်တော့မယ် . . .မင်းဝေ သွားစို့။ အထုပ်တွေယူ . . .”

“နှင်းဆီ . . .”

သူ့ခေါ်နေသော်လည်း မေနှင်းဆီ ဂရုမစိုက်နိုင်။ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမှာပဲ . . .

လူဆိုတာ ရှိသင့်၊ ရှိထိုက်သည့် မာနတော့ရှိရမှာပဲ . . .

အားလုံးရှေ့မှာပင် သူမတို့ မောင်နှမထွက်ခဲ့ကြသည်။





(၁၀)အုပ်မြောက် ဝတ္ထုစာအုပ်ထွက်သည့် အခါမှာတော့ မေနှင်းဆီ၏ထံသို့ မထင်မှတ်နိုင်စရာ မှတ်သုန် ရောက်လာခဲ့သည်။

မေနှင်းဆီ မအံ့ဩနိုင်တော့ပါ။ ထို့အတူ ဝမ်းလည်းမသာနိုင်တော့။ သူမ၏စေတနာတွေ အလွဲသုံးစားခံခဲ့ရပြီးပြီပဲ။

နှစ်ခါကွဲပြီးသည့် အသည်းနှလုံးသည် ဝမ်းသာ၊ ဝမ်းနည်းမှုတို့ကို မတုန်လှုပ်ချေပြီထင့်။

ခပ်စပ်စပ် အရိုက်ခံခဲ့ရသည့် ဒဏ်တို့သည် သူမဘဝမှာ နာကျင်ခါးသည်းလှပါပြီ။

“အဲဒီ ကောင်မလေးက ခပ်ရှုပ်ရှုပ်လေးပါ။ သဘော်အရာရှိ တစ်ယောက်နဲ့ တစ်လ၊ ကိုးသီတင်းလောက်ပါ သွားဖူးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးပါတယ်ဆိုပေမယ့် သူ့မောင်လေးက အိပ်ယာထဲထိအောင် လိုက်ကြည့်နိုင်တာမှ မဟုတ်ဘဲ"

"သူ့ထုတ်ဝေသူနဲ့လည်း ဘာလိုလိုလေ ရန်ကုန်မှာ သွားသွားတွေ့ကြတာပေါ့"

ကြည့်စမ်း ဖြူစင်ရိုးသားသူလေးဟာ ချစ်ပြုံးနှင်းဆီ ဖြစ်သွားတာနဲ့ မဖြူစင်မရိုးသားတော့ဘူးတဲ့လား။

"ဟိတ်ကောင်မလေး ကြည့်စမ်း ကိုယ်လာတာတောင် ဝမ်းမသာနိုင်ရအောင် ဘာဖြစ်နေတာလဲ ဘာလဲ စိတ်ကောက်နေတာလား"

သူက သူ့ခရီးဆောင်အိတ်ကို လှမ်းပေးရင်း မေနှင်းဆီ၏ ခေါင်းကိုလက်ဖြင့် ကိုင်လှုပ်ခဲ့ပြန်သည်။ သူမအံ့သြရတာပါပဲ . . .

ဒါ ဟိုးအစကတွေ့တဲ့ လှိုက်လှဲဝမ်းသာမှုမျိုးပေါ့။ ဘယ်လိုဖြစ်တာလဲ ဦးမှတ်သုန်ရယ် ချစ်ပြုံးနှင်းဆီဆိုတာ အရူးမပဲ ငါလှည့်သလိုသင်းရတယ်လို့များ တွေးထင်ခဲ့ရော့သလား။

မေနှင်းဆီတို့ အိမ်ပေါ်သို့ ရောက်သွားခဲ့ကြသည်။ ညနေလေးနာရီနေသည် ဝင်းဝင်းဖန့်ဖန့်ရှိဆဲ။

"ဝမ်းသာစရာစကားတွေ ပြောမလို့သိလား အခု . . . မေနှင်းဆီ ပေါက်သွားပြီ အုပ်ရေ နှစ်ထောင်ဖြစ်သွားပြီ ကိုယ်ထုတ်ဝေရေး လုပ်ငန်းတွေလည်း အခြေအနေကောင်းတယ် တော်တော် အရှိန်ရနေပြီ"

သူက တော်တော်ဝမ်းသာနေသလောက် မေနှင်းဆီမှာ မှတ်သုန်ကိုပြုံးကြောင်ကြောင် ပြန်ကြည့်လျှက်။





ဒီလောက်ဝမ်းသာစရာ မလိုပါဟု သူမထင်ခဲ့သည်။ အိမ်ပေါ်မှာ
မည်သူမျှ မရှိကြသေး။ အဖေရော မောင်လေးပါ လယ်ထဲမှာ အမှိုက်ချ
နေကြသည်။ ကလေးများမှာလည်း ချောင်းထဲမှာ ရေချိုးနေကြလေ၏။

"ဘာဖြစ်နေတာလဲ ပြုံးကြောင်ကြောင်နဲ့ကွာ ကိုယ့်ကိုတာတွေ ဆန္ဒပြနေတာလဲ ခရီးဝေးက လာခဲ့ရသူကို ရင်ခွင်တော့ ဆီးမကန်လိုက်ပါနဲ့နော်"

သူတယ်လိုပဲပြောပြော မေနှင်းဆီမှာ ပြောစရာ စကားရှာမတွေ့
သူနှင့်သူမမှာ ဒီလိုပြောပိုင်ခွင့်လည်းမရှိဟု မေနှင်းဆီထင်ပါသည်။
နောက်ဆုံးတော့ သူမ ညင်သာစွာ ပြုံးပြလိုက်၏။

"အမောဖြေဦးနော် ကျွန်မ ထမင်းချက်လိုက်ဦးမယ်"

မေနှင်းဆီ နေရာမှထတော့ မှတ်သုန် သူမ၏လက်ကို လှမ်းဆွဲထားခဲ့သည်။

"နေစမ်းပါဦး မေနှင်းဆီရယ် ထမင်းက အရေးမကြီးပါဘူး ထိုင်စမ်းပါဦး ဘယ်သူမှမရှိတုန်း အရေးကြီးတဲ့ စကားတွေပြောပါရစေဦးကွာ"

မေနှင်းဆီမှာ မှတ်သုန်နှင့် မလှမ်းမကမ်းတွင် ပြန်ထိုင်ရပြန်သည်။ ဘာတွေများ ပြောစရာ ရှိနေပြန်ပါလိမ့် . . .

"ကိုယ့်မှာမိန်းမနဲ့ ကလေးနှစ်ယောက်ရှိတာတော့ မေနှင်းဆီသိထားတယ် မဟုတ်လား"

သူ့စကားကို မေနှင်းဆီ ခေါင်းညိတ်ပြရသည်။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်။ သူ့ကို သူမကကြိုက်နေတယ် ထင်လို့များ ကာဗာလုပ်နေလေသလား။ ပြီးခဲ့ပါပြီ ရှင်ရယ်။

"အခုမိန်းမရော၊ ဂ-လနှစ်ယောက်ရော နိုင်ငံခြားကို ထွက်သွားကြပြီ။ ကိုယ့်မှာ တားပိုင်ခွင့်လည်းမရှိ ခေါ်ပိုင်ခွင့်လည်းမရှိတော့ ကြည့်နေရတာပါပဲ"

"ဪ"

သာမန်သတင်းတစ်ခုကို နားထောင်နေသည့်နှယ် မေနှင်းဆီ မည်သို့မျှ မခံစားရပါ။ သူ့မိန်းမ၊ သူ့ကလေးများကို သူမမြင်လည်း မမြင်ဘူး။ ကိုယ့်ပယောဂလည်း မပါခဲ့သည်မို့ စိတ်ထဲမှာမခံစားရ။

"စိတ်တော့ မကောင်းဘူးပေါ့ကွာ။ ဒါပေမယ့် သားတွေက နဂိုကတည်းက မအေနဲ့နေနေကျမို့ ဖအေကို မခင်တွယ်ကြဘူး။ အေးလေ ရှစ်နှစ်နဲ့ ခြောက်နှစ်အရွယ်လေးတွေ ဆိုတော့လည်း မအေကိုခင်တွယ်တဲ့အရွယ်ကို"

မတ်သုန်၏စကားများအပေါ် မေနှင်းဆီ နားမလည်နိုင်ပါ။ သူဘာရည်ရွယ်ချက်နှင့် ပြောနေပါသလဲ . . .

"ဟုတ်ကဲ့ အဲဒါ ကျွန်မဘာကူညီ ရပါ့မလဲရှင်"

"ဘာမှ မကူညီရပါဘူး မေနှင်းဆီရယ် ကိုကိုကြီးပြောချင်တာက ကိုယ့်မှာအနှောင်အဖွဲ့တွေ မရှိတော့ဘူး လွတ်လပ်သွားပြီမို့ မေနှင်းဆီကို"

သူ့စကားက ဖျတ်ခနဲရပ်သွားသလို မေနှင်းဆီမှာလည်း ဆတ်ခနဲတုန်သွားခဲ့လေ၏။





"ကျွန်မကို"

သူ ဘာပြောချင်လို့ပါလိမ့်။ သို့သော် မေနှင်းဆီ၏ နှလုံးသားမှာ ရင်ခုန်တတ်သည့် စက်ကလေး ချွတ်ယွင်းသွားပြီ ထင်ပါသည်။ သူမ "ပွင့်ဦး" သီချင်းလေးကို သတိရလိုက်မိပါ၏။

"စပယ်ဖြူတုံးခါမှ ခင်ဖုန်းသက်ဝေရယ် ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ် လှောင်တာလေလားနော်ကွယ်"

ယခုတော့ မေနှင်းဆီရင်တဲမှာ နှလုံးသားမရှိတော့။ ထို့အတူ သူ့အပေါ် ကြည်ညိုစိတ်၊ ချစ်ခင်စိတ်၊ ကိုးကွယ်စိတ်တွေလည်း မရှိတော့ပြီ။

တမြည့်မြည့် လောင်ကျွမ်းခဲ့ရသော ရင်သည်လည်း ပြတ်လုမျှ။

"ဟုတ်တယ် ကိုယ် မေနှင်းဆီကိုချစ်တယ်။ မင်းသိမှာပါ ညီမလေးရယ် မင်းကို စတွေ့တွေ့ချင်း ကိုကိုကြီးရဲ့ အသည်းနှလုံးတွေ ဖျပ်ခနဲ ဖူးပွင့်ဝေခဲ့ပါသေးတယ်။ နောက် အခြေအနေ အရပ်ရပ်အရ ကိုကိုကြီး ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ခဲ့ရတာပါ။ အခုတော့ သူနိုင်ငံခြားကိုအိမ်ထောင်နဲ့ ထွက်ခွာသွားခဲ့ပြီမို့"

"သူ . . . သူ နောက်အိမ်ထောင်ပြုတယ် ဟုတ်လား"

"ဟုတ်တယ် . . . ဘာပဲဖြစ်ဖြစ် ကိုကိုကြီးမှာ အနှောင်အဖွဲ့ မရှိတော့ပါဘူး။ ကိုကိုကြီးမင်းကို လက်ထပ်ပါရစေတော့ သားတွေကိုလည်း ထောက်ပံ့စရာ မလိုတော့ဘူး"

သူကမေနှင်းဆီကို လက်ထပ်ချင်သတဲ့ . . မေနှင်းဆီ မတ်သုန်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြုံးပြမော့ကြည့်မိသည်မှာ ညင်ညင်သာသာ . . .

"ဒါဆို ကိုကိုကြီး ကျွန်မကို ဘယ်တော့မှ စာမူခပေးစရာ မလိုတော့ဘူးပေါ့နော်"

"ဘာ . . . ဘာပြောတယ် . . . နှင်းဆီ"

သူ့အသွင်က အံ့သြထိတ်လန့်နေတော့ တလျှောက်လုံး နာကျင်ကြေမြည့်ခဲ့ရသည့် မေနှင်းဆီက မချိပြုံးဖြင့် အနိုင်ယူလိုက်သည်။

"၁၀အုပ် အလကားယူပြီးတော့ နောက်ထပ်စာအုပ်တွေ ပိုက်ဆံမပေးရတော့မယ့် အကြံအစည်က ဒီတစ်နည်းပဲ ရှိတော့တာကိုး ကိုကိုကြီးရဲ့အကြံပိုင်ပါပေတယ်"

သူမ၏စကားကြောင့် မှတ်သုန် တုန်လှုပ်သွားပုံက မထိန်းနိုင်။ မချုပ်နိုင်။

"မင်း . . . မင်း . . . ဟာကွာ ဒီလောက်တောင် ကိုယ့်အပေါ် အထင်သေးရသလား။ အထင်လွဲရသလား ကိုယ်ကတော့ မင်းအတွက် ကြိုးစားခဲ့လိုက်ရတာ အခုမင်းက "ချစ်ပြုံးနှင်းဆီ"ဆိုတဲ့ အောင်မြင်တဲ့ စာရေးဆရာမကြီး ဖြစ်ပြီဆိုတော့ ကိုယ့်ရင်ဝကို စုန်ကန်ခဲ့ပြီပေါ့ ဟုတ်လား"

သူပြောသော် မေနှင်းဆီ လှောင်ပြုံးပြုံးမိသည်။

"အောင်မြင်တဲ့ စာရေးဆရာမကြီးရယ်လို့တော့ မရှိပါနဲ့ရှင်။ ကျွန်မမှာ စာရေးသားခြင်းနဲ့ ပတ်သက်လို့ တစ်ပြားတစ်ချပ်မှ မရှုံးသေးပါဘူးနော် ကိုယ့်အရင်းတောင် ကိုယ်ကျေအောင် မရသေးပါဘူး"





သူမ မှတ်သုန်ကို အဘယ်ကြောင့် အားမနာမိမှန်းပင်မသိ။ ကိုယ့်ခံစားခဲ့ရတာတွေကလည်း မချိတရိ မဟုတ်ပါလား။

သူမ၏စကားကြောင့် သူကသူ့ခရီးဆောင်အိတ်ကြီးကို ပရမ်းပတာ ဇစ်ဆွဲဖွင့်ပစ်လိုက်ပြီးနောက် အိတ်ထဲမှ ငွေထုပ်ကို ထုတ်ယူကာ မေနှင်းဆီရှေ့သို့ ပစ်ချပစ်လိုက်သည်။

"ဒီလောက် ငွေစကားပြောတဲ့ မိန်းမရော ဒီမှာ ငွေတွေ မေနှင်းဆီ မင်းဆန္ဒတွေ စောလွန်းတယ်။ မင်းကကိုယ်ကို မကောင်းထင်ခဲ့တယ်။ မင်းဘယ်တော့မှ နှောင်တ မရပါစေနဲ့လို့ ကိုယ်ဆုတောင်းလိုက်မယ်"

သူ့စကားက ရင်နင့်စရာ။ သို့သော် မေနှင်းဆီ၏ ထုံကျင်ပဲ့ရွဲ့နေသော နလုံးသားက ထူပြီမခံစားရတော့ချေ။ မျက်ရည်ရိပ်သန်းသော သူမ၏မျက်ဝန်းများက အသေ။

"ကျွန်မ ဘယ်တော့မှ နောင်တမရပါဘူး ကိုကိုကြီး။ ကိုကိုကြီး သဘောပေါက်အောင်လည်း ကျွန်မ ပြောပြလိုက်ပါရစေဦးနော် ဟိုမှာ ကျွန်မအိမ်ရှေ့က စပယ်ရုံလေးနှစ်ရုံ။ တစ်ရုံကို ကျွန်မရေအမြဲလောင်းပေးပြီး တစ်ရုံကိုတော့ ပစ်ထားခဲ့တယ်။ ကြည့်နော် ကျွန်မပစ်ထားခဲ့တဲ့ စပယ်ရုံလေး အခုသေသွားပြီ အခုမှ မိုးရေတွေ ရွာနေအောင်ရလည်း စပယ်ရုံလေး သေသွားခဲ့ပြီ . . .

အချိန်တွေ နောက်ကျသွားခဲ့ပါပြီ ကိုကိုကြီးရယ်။ ကျွန်မ ဒ၀ ကျွန်မနလုံးသားဟာ ဟိုး . . . ရှင်တို့တိုက်ခန်းမှာ လိုက်တည်းမိတည်း



www.burmeseclassic.com

www.burmeseclassic.com



က သေဆုံးသွားခဲ့ပါပြီ။ ကျွန်မဘာကိုမှ စိတ်မဝင်စားတော့ဘူး . . .

ကိုယ်တိုင် ကြေကွဲနာကျင်နေရမှတော့ ကျွန်မက ဘာကိုများ ထူးပြီးခံစားနေရဦးမှာလည်း ကိုကိုကြီးရယ် ရှိပါစေတော့နော် ကျွန်မကို ခွင့်လွှတ်ပါ . . .

ကိုယ့်အိမ်ကို ရောက်ရှိလာတဲ့ ဧည့်သည်ကြီးအတွက် ကျွန်မ အိမ်ရှင်တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေ ထမ်းဆောင်ပါရစေ"

ညင်သာစွာထပြီး မေနှင်းဆီ မီးဖိုထဲသို့ ဝင်သွားသောအခါ မုတ်သုန်ရင်ထဲမှာ ယူကျုံးမရ ထိတ်လန့်မိပါ၏။ သူမပြခဲ့သည့် စပယ်ရုံ လေးနှစ်ရုံကိုလည်း အယောင်ယောင် အမှားမှား ငေးကြည့်နိုင်းယှဉ် နေမိခဲ့သည်။

ပစ်ထားခြင်း ခံခဲ့ရသော စပယ်ရုံလေးသည် ခြောက်သွေ့ နွမ်းရော်ပြီး သေသွားခဲ့ပါချေပြီကော။

ဘုရားရေ အနုပညာသည်လေးတစ်ယောက်ကို သူ့ပယောဂ ဖြင့် သတ်ပစ်မိခဲ့ပါလေသလော။

သူပစ်ချပေးသည့် ငွေထုပ်ကိုလှည့်၍ပင် မကြည့်ဘဲ မေနှင်းဆီ ချက်ပြုတ်နေသည်က သာမန်မိတ်ဆွေတစ်ယောက်ကို ဧည့်ဝတ်ပြုတော့ မည့်နယ်။

သူ့ကလေးခင်းပေးထားသည့် သင်ဖျူးနှင့် ခေါင်းအုံးလေးပေါ်မှာ ပင်ပန်းမောလျစွာ ပစ်လှဲချရင်း အိမ်ကလေးကို မုတ်သုန်အကဲခတ်မိ သည်။





ဆင်းရဲလိုက်တာ ငါမှားတယ်။ ငါ့ကိုယ်ကျိုးအတွက် ငါကြည့်မိ ခဲ့တယ်။ သစ်ကြမ်းလေးပင် အိမ်လေးမှာ သက်ကယ်မိုးတို့က ဟောင်းနွမ်း ဆွေးမြည့်လျှက်။

အဝတ်တန်းတွေမှာ လှမ်းထားသည့် အဝတ်များမှာလည်း အဖာ၊ အစပ်တွေပြည့်မွလျှက်။

သည့်စဉ် ချောင်းထဲမှ ကလေးလေး ဟစ်သိုက်တက်လာကြ ပြန်သည်။

"အန်တီလေးရေ မီးမီးတို့ ချောင်းထဲက ခရကောက်လာကြ တယ်။ ခွေးတောက်ရွက်နဲ့ ဟင်းချိုချက်ပေးနော်"

"အန်တီလေး မနက်ဖြန်ကျရင် ပုစွန်ဆိတ်လေးတွေ ချက်ပေး မယ်ဆို အန်တီလေး မနက်ဖြန်က ဘယ်တော့ရောက်မှာလဲ စာအုပ်က လည်း သမီးတို့သေတောင် ပေါက်မှာမဟုတ်ဘူး"

ပေါက်ပေါက်ဖောက်ရင်း တက်လာကြသည့် မွဲခြောက်ခြောက် ကလေးငယ်များမှာ အိမ်ပေါ်မှ ဧည့်သည်ကြီးကိုမြင်လျှင် ပါးစပ်ပိတ်သွား ကြလေ၏။ မုတ်သုန်အားမှ ငွေထုပ်ကိုတော့ မျက်ခြည်မပြတ် ကြည့်ကြ သည်။ သူတို့မျက်နှာလေးတွေမှာ ဇဝေဇဝါ။

"ကလေးတွေ အဝတ်လဲကြလေ အအေးပတ်ကုန်ကြဦးမယ်"

မီးဖိုထဲမှ မေနှင်းဆီ၏ အသံထွက်လာလျှင် ကလေးများအဝတ် ဝတ်ကြသည်။ လူကြီးအဝတ်ဟောင်းတွေကို ယူဝတ်ထားကြရသဖြင့် ကလေးများအသွင်က မိုသီဗတ်သီ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးယောက်စလုံး မီးဖိုထဲသို့ဝင်သွားပြီး သူတို့အန်တီလေးကို မေးနေကြသည်မှာ တိုးတိုးလေးဖြစ်သော်လည်း မှတ်သုန်ကြားရပါ၏။

"အန်တီလေး သူကဘယ်သူလဲဟင်"

"အန်တီလေး စာအုပ်ပေါက်သွားပြီလား ဒါဆို သမီးတို့ကို ဝက်သားချက်ကျွေးနော်"

"တီဗွီဝယ်ပေးမယ်ဆို အန်တီလေးရဲ့ ဝယ်ပေး"

"နေကြစမ်းပါဦးဟာ ကဲ အခုအကြီးမက ဘဲဥသွားဝယ် ဆီလည်း ငါးကျပ်သားလောက်ဝယ်ခဲ့"

"အကြွေးမယူချင်ပါဘူးဆို အန်တီလေးကလဲ"

"ဟဲ့ လခထုတ်ပေးယူတာပဲ နင့်ကိုဟိုက မပေးလို့လား သွားယူခဲ့ ခေါက်ဆွဲတွေရှင်လည်း တစ်စည်းလောက်ဝယ်ခဲ့ ဆီလည်းတစ်ဆယ်သားသာယူခဲ့ဟာ"

တိုးတိုးသံလေးများ ပြည့်လျှံထွက်လာပြီးနောက် မီးဖိုထဲမှာ တိတ်ဆိတ် ငြိမ်သက်သွား၏။

ထိုအတူ မှတ်သုန်မှာလည်း အသက်မရှိသည့်နယ် တိတ်ဆိတ်ငြိမ်သက်လျှက်။ သူလောဘကြီး မိခဲ့လေသလား။ အလွဲသုံးစားလုပ်မိခဲ့သည်လေ။

စပယ်ရုံလေးရယ် မသေပါနဲ့ဦးကွယ် ကိုယ့်ရဲ့နောင်တမီးတွေကြောင့် ပြန်လည်ရှင်သန် နိုးထပါဦးနော်. . .





နံနက်စောစော ကားဂိတ်သို့သွားချိန်မှာ စောလွန်းသဖြင့် ရောင်နီမလာသေး။ အမှောင်ထုက လွှမ်းမိုးနေလေဆဲ အမှောင်ထုကို ကြည့်ပြီး မှတ်သုန်ရင်ထဲမှာလည်း မည်းမှောင်ပိတ်ဆီးနေခဲ့၏။ သူ နောင်တ ရနေမိခဲ့သည်။

ညဉ်ဦးပိုင်း တလျှောက်လုံး အခြေအနေတွေ ဆွေးနွေးတင်ပြခဲ့သော်လည်း မေနှင်းဆီက မလှုပ်ချေ။ သေဆုံးသွားခဲ့သည့် သူ့စပယ်ရုံလေးကိုသာ အတွင်းသား ငေးမောကြည့်နေလျှက်။ သူ့စကားတွေ သူမ၏ နားထဲသို့ ဝင်ပုံရရဲ့လားပင်မသိ။ မှတ်သုန်၏ ဆွေးနွေးချက်များမှာ အဖြေ မရသေး. . .

ရှာထိပ်က ကုက္ကိုပင်ကြီးမှာထိုင်ပြီး သူကိုကားစောင့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေနှင်းဆီကဒါဖြင့် နောက်ထပ်စာတွေ မရေးတော့ဘူးပေါ့ ဟုတ်လား"

"ဝမ်းနည်းပါတယ်ရှင် ကိုကိုကြီး ဒီအတွက် လာတယ်ဆိုလျှင်ဖြင့် လမ်းစရိတ်ကုန်တာပဲ အဖတ်တင်တာပေါ့"

"ကိုယ့်ကိုမလှောင်ပါနဲ့၊ မရိပါနဲ့ နှင်းဆီ မင်းရင်ထဲက သံသယတွေကို ကိုယ်ဘယ်လို ဖယ်ရှားပေးရမလဲ မင်းဟာစူဠသုဘဒ္ဒါလိုမိန်းမပဲ အငြိုးကြီးတယ် ရက်စက်တယ်"

သူမလုံမလဲ ပြောမိသည်။ မုတ်သုန်စကားကြောင့် မေနှင်းဆီ ဒေါပွသွားမည် ထင်သော်လည်း သူမကခပ်ပြုံးပြုံးပင် . . .

"ကိုကိုကြီး စကားတွေ ဖောင်းဖြစ်ကုန်ပြီ ကျွန်မကို စူဠသုဘဒ္ဒါနဲ့နှိုင်းရအောင် ဘယ်နေရာတွေများ အဖြစ်ချင်းတူလို့လဲ ကျွန်မကို ရှင်ဘယ်တုန်းက ဂရုစိုက်ခဲ့လို့လဲ ဂရုစိုက်ချင်ယောင်ပဲ ဆောင်ခဲ့တာ မဟုတ်လား။ ကျွန်မ စေတနာတွေကို အလွဲသုံးခဲ့တာ မဟုတ်လား။ မဟုတ်သေးပါဘူး။ အခုရှင်ဘာလို့ ဒေါပွနေတာပါလိမ့် ကျွန်မဘာသာ စာရေးလို့မရတော့တာ ရှင်ကအနေသာကြီးပေါ့ ဟိုဒင်း ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုက နွားမကြီးပေါင်ကျိုးဆိုလား ဘာမှမဆိုပါဘူးနော်။ ရှင့်ဝင်ငွေတော့ ထိခိုက်မှာပေါ့လေ"

"ကိုယ်ကို မကျေနပ်တာနဲ့တော့ ကိုယ့်ဘဝကိုယ် သတ်မပစ်ပါနဲ့၊ ရှောင်ထွက်မပြေးပါနဲ့ မေနှင်းဆီ၊ နလုံးသားကို တစ်ကန့်စီထားပြီး ဆက်အလုပ်လုပ်ပါလို့ ကိုယ်တောင်းပန်ပါတယ်။ မင်းအဲဒီလောက် ခံစား





သွားရမယ်လို့ ကိုကိုကြီးမထင်ခဲ့ဘူး။ ကိုယ်တယ်တော့မှ မင်းကိုမပိုင်ဆိုင်ရတော့ဘူးလား မေနှင်းဆီ"

"ကျားကိုက်ပါတယ်ဆိုမှနော် ကိုကိုကြီးကို ကျွန်မကြောက်တယ့်သားရေပင်တစ်ပင်လို လိုသလို ဆွဲဆန့်လို့ရတဲ့ ကိုကိုကြီးနလုံးသားကို ကျွန်မသိပ်ကြောက်သွားပါပြီ။ ကိုကိုကြီးကို တစ်ခါက ကျွန်မသိပ်ချစ်ခဲ့မိတယ်။ မျှော်လင့်ခဲ့မိတယ်။ ဒါတွေ အခုတော့ ပြီးဆုံးသွားပါပြီ စကားတွေအများကြီးပြောရင် အမှားပါမှာစိုးတယ် ဘာပဲဖြစ်ဖြစ် ကျွန်မအိမ်ကစာအုပ်ဘီဒိုအဟောင်းလေးထဲမှာ ချစ်ပြုံးနှင်းဆီလို့ ကမ္ပည်းထိုးထားတဲ့ ဝတ္ထုစာအုပ်လေးတွေကိုမြင်တိုင်း ကျွန်မကိုကိုကြီးကို သတိရနေမိမှာပါ။ နာကျင်စွာ သတိရနေပါ့မယ် . . . ကျွန်မကို ခွင့်လွှတ်ပါ"

ထုံကျင်သော အပြုံးဖြင့် မေနှင်းဆီ သူ့ကိုလက်အုပ်ချီခဲ့သည်။

ကားစောင့်ရင်းနှင့်ပင် မေနှင်းဆီတို့ ကုက္ကိုရိပ်မှာ ရောင်နီသန်းလာခဲ့၏။ သို့သော် သူတို့ရင်ထဲကို အလင်းက ဖေါက်ထွင်းမဝင်သာ။

တစ်ယောက်သောသူက မထုံတက်တေး အေးစက်စက်ဖြင့် လောကကို အပြုံးသား ကြည့်နေချိန်မှာပင် မုတ်သုန်ရင်ထဲ သောကမုန်တိုင်းဝင်မွှေနေခဲ့သည်။ သီးကင်းလေးတစ်ခု ကြွေကျသွားပြီလား။ ရိုးစင်းလွန်းတဲ့ တောစပယ်ရုံလေး တစ်ရုံဟာ ငါ့ကြောင့်သေဆုံးသွားခဲ့ပြီလား . . .

ငါ့ပယောဂကြောင့် သူ့အနုပညာ သစ်ပင်လေးအမြစ်က ခုတ်လှဲခံခဲ့ရလေသလား . . .



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ဝမ်းနည်းနေဟန်လည်းမရှိ။ ဝမ်းသာဟန်လည်း မရှိ။ လောကကို လက်ချည်းဗလာ ရင်ဆိုင်တော့မည့်ပုံ . . .

"ကိုယ့်ကိုခွင့်လွှတ်ပါ မေနင်းဆီ စာမရေးချင်တော့ရင်လည်း နေပါ။ ဒါပေမယ့် မင်းကိုကိုကြီးကို လက်ထပ်သင့်တယ် မင်းဘဝရဲ့ ရှေ့ရေး"

"ကိစ္စမရှိပါဘူး ကိုကိုကြီး ဒီအတွက် နောက်ဆံမတင်းပါနဲ့ အဆိုးဆုံးဆိုတာတွေတောင် ကျွန်မရင်ဆိုင်ပြီးခဲ့ပါပြီ။ ကြွေးပူတွေ ကြွေး အေးတွေ ကားစရာမရှိတဲ့ဘဝတွေကိုတောင် ကျွန်မ ကျော်ဖြတ်ပြီးခဲ့ပြီပဲ ကျွန်မနေလို့ရပါတယ်"

သည်စဉ် သူတို့အနားသို့ ကားရောက်လာခဲ့သည်။ ဆွေးနွေး စရာစကားတို့က လက်စမသတ်သေး။ ဗလောင်ဆူသောရင်ဖြင့် မှတ်သုန် သူမကို ကြည့်နေဖြစ်သည်။

"သွားတော့လေ ကိုကိုကြီးကို ကျွန်မနှုတ်ဆက်လိုက်ပါတယ် တစ်သက်တာအတွက်"

"ဟင် နောက်ဘယ်တော့မှ ကိုယ့်တို့မတွေ့ကြတော့ဘူးလား"

"မလိုအပ်တော့ပါဘူးရှင် ကျွန်မ ကိုကိုကြီးကို အိပ်မက်ထဲမှာပဲ လိုက်ရှာနေတော့မယ်"

"စာအုပ်ကိစ္စ . . . စာမူခကိစ္စ"

"စာတိုက်တွေ ရှိနေတာပဲရှင် ရပါတယ်"

စကားတွေ အဆုံးမသတ်သေးပေမယ့် ကားကြီးက သူ့ကို





တင်ဆောင်သွားခဲ့ချေပြီ။

အဝေးတပျမှာ ငေးကြည့်ကျန်ခဲ့သည့် ခပ်ပါးပါး ကောင်မလေး ကတော့ သူ့မျက်ဝန်းမှာ နောင်တမျက်ရည်ရိပ်တွေ ပြည့်သိပ်အုံ့ခဲ နာကျင် နေခဲ့တာကို မြင်လည်းမမြင်၊ သိလည်းမသိ၊ ယုံလည်းယုံနိုင်လိမ့်မည် မထင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခြံထဲသို့ လိမ့်ဝင်လာသည့် ဆင်စွယ်ရောင်ကားလေးကြောင့် ဘုရားပန်းအတွက် သပြေညွန့်များ ခူးနေမိသည့် မေနှင်းဆီမှာ ထွက်ပြေးမိတော့မတတ် ထိတ်လန့်သွားရ၏။

သို့သော် တဒင်္ဂပါပဲ ဒါမေနှင်းဆီရဲ့ စရိုက်မဟုတ်။ သူမ၏ စရိုက်က ထုံပေပေစရိုက်၊ အေးစက်သည့်စရိုက်၊ မီးဖုတ်ပြီး အထုခံနိုင်လောက်အောင် မာကျောသည့် ဓားတစ်စင်းသည် မေနှင်းဆီဖြစ်သည်။

ကားလေးက သူမကိုတွေ့သဖြင့် ခြံအဝင်လမ်းမှာပင် ရပ်သွားခဲ့သော်လည်း ကားထဲမှ ထွက်လာသူသည် သူမဘယ်လိုမှ မမျှော်လင့်ခဲ့သည့် ဒေါ်လီလီအောင်ဖြစ်နေခဲ့သည်။ သို့သော် သူ့အသွင်က အရင်လို





လှလှပပ တောက်တောက်ရှန်းရှန်းမဟုတ်။ စိတ်သောက ရောက်ရလွန်းသဖြင့် နွမ်းလျှမောပန်းနေသည့်ရုပ် . . .

"ညီမ"

သူမက မေနှင်းဆီထံ လျှောက်သွားပြီး လက်မောင်းနှစ်ဖက်ကို ကိုင်၍ ငိုချလိုက်သောအခါ မေနှင်းဆီနားမလည်နိုင်တော့။ ဘာတွေဖြစ်နေကြတာလဲ။ ဘာတွေ ဖြစ်ကုန်ကြတာလဲ . . .

ကားထဲမှာလူတွေ ကျန်သေးသော်လည်း မေနှင်းဆီ ရှုပ်ခနဲပင် မကြည့်။ ဒေါ်လီလီအောင်ကိုသာ ဖေးမတွဲခေါ်လိုက်သည်။ သူ့အိမ်မှာ ရက်ပေါင်း အတော်ကြာ နီနှားခဲ့ဖူးသည့် ကျေးဇူးအား မေနှင်းဆီမမေ့။

"လာပါ မမ ကျွန်မတို့က ဆင်းတော့ဆင်းရဲတယ် ဒါပေမယ့် တတ်အားသမျှ ပြုစုပါရစေနော်။ မမ ကျွေးမွေးစောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဖူးတွေကို နင်းဆီအမြဲသတိရပါနေပါတယ်

"ညီမလေးရယ်"

ငိုရှိုက်နေသည့် ဒေါ်လီလီအောင်ကိုတွဲပြီး မေနှင်းဆီ အိမ်ပေါ်သို့ခေါ်လာစဉ် အဖေက အိမ်ပေါ်မှဆီးကြို၏။

"လာလာ ဧည့်သည်တွေ အများကြီးပါလား။ ဟိုအားရလို့ ပြောတာနော်။ ကျွေးရမှာလန့်လို့ ပြောတာမဟုတ်ဘူး"

အဖေကတော့ ထုံးစံအတိုင်း ခွကျကျပင် နှုတ်ဆက်စကားပြောလေ၏။

မီးမီးက ဧည့်သည်များအတွက် သင်ဖျူးများခင်းပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်အငယ် သုံးယောက်မှာ မီးဖိုခန်းထဲမှ ပြူတစ်ပြူတစ် ချောင်းကြည့်နေကြသည်။

"ဩော်"

မေနှင်းဆီ လှည့်ကြည့်လျှင် ပိန်ချုံးနေသည့် မင်းအံ့အား မြင်သွားရလေ၏။ သူ့နောက်မှာလည်း မွန်ရည်သည့်လူကြီးတစ်ယောက်နှင့် ရှမ်းအမျိုးသမီးကြီးတစ်ယောက် . . .

"နှင်းဆီ"

သူမ ခပ်ငေးငေး ကြည့်နေမိစဉ် တုန်ယင်လိုက်လှဲသော သူ့အသံထွက်ပေါ်လာခဲ့ပြီး သူ့လက်များက မေနှင်းဆီ၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လာခဲ့သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ နှင်းဆီကို အထင်လွဲမှားမိခဲ့တဲ့အတွက် ခံစားခဲ့ရတဲ့ ကိုယ့်ရဲ့ဝဋ်ကြွေး၊ ဝဋ်ဒုက္ခတွေကို ကုစားပေးပါတော့နော်"

"ဘာတွေ လာပြောနေတာလဲရှင်၊ ဘာတွေဖြစ်လာကြတာလဲ ကျွန်မတော့ ဘာမှနားမလည်နိုင်ဘူး။ စိတ်အေးအေး သက်သာနဲ့ နားပါဦးရှင် ကျွန်မ ထမင်းချက်လိုက်ပါဦးမယ်"

မေနှင်းဆီ သူ့အနားမှာနေရတာ စိတ်ကျဉ်းကျပ်လှသဖြင့် မီးဖိုထဲသို့ သွားဖို့ပြင်လျှင် ဒေါ်လီလီအောင်က ဝင်ရောက်ပြောဆိုခဲ့သည်။

"မမတို့လမ်းကနေ စားစရာတွေ ဝယ်လာခဲ့ပါတယ်ညီမ ဘာမှ ချက်မနေပါနဲ့တော့။ အိမ်သားတွေအတွက်ပါ ပိုပိုလျှံလျှံ ဝယ်လာခဲ့ပါတယ်။ အခုက မမတို့စကားတွေကို နားထောင်၊ ခွင့်လွှတ်ပေးဖို့ပါပဲ ညီမရယ်"





ဆိုတော့လည်း မေနှင်းဆီ နေရာမှာပင် ပြန်ထိုင်ရပါလေ၏။ ညနေလေးနာရီ ထိုးပေပြီ။ ညစာစားဖို့တော့ အချိန်မကျသေး။

"ဒါဖြင့်လည်း နားထောင်ပေးလိုက်ပါ သမီးရယ်။ အဖေခြံထဲ ခဏဆင်းဦးမယ်"

အဖေက အလိုက်သိစွာပင် ခြံထဲသို့ခေတ္တဆင်းသွားခဲ့လျှင် အိမ်ပေါ်မှာ မင်းအံ့တို့လူစုနှင့် မေနှင်းဆီသာ ကျန်ခဲ့လေ၏။

"နေစမ်းပါဦး မမလီလီက လားရှိုးကနေ ဘယ်လိုကဘယ်လို သူနဲ့အတူ ပါလာခဲ့ရတာလဲ ကျွန်မတော့ မျက်စိလည်နေပြီ"

မေနှင်းဆီက နူးညံ့သည့်အပြုံးဖြင့်မေးလျှင် ဒေါ်လီလီအောင် မျက်ရည်ကျပြန်လေ၏။

"လူမိုက်ကြီး . . . ချစ်လူမိုက်ကြီးလေ ခုတော့ဘဝဇာတ်သိမ်းသွားရှာပြီပေါ့ကွယ်"

"ဘယ်လို မမကျွန်မတော့ နားမလည်နိုင်တော့ဘူး ဦးညီညီအောင် ဘာဖြစ်လို့လဲ ကျွန်မတို့ခွဲခွာနေကြရတဲ့ လေး၊ ငါးလအတွင်း ဇာတ်လမ်းတွေ ဘယ်လိုဖြစ်သွားကြသတဲ့လဲ"

ဒေါ်လီလီအောင်မှာ ပြေမဆည်နိုင်အောင် ငိုရှိုက်နေသဖြင့် မင်းအံ့ကပင် ဝင်ရောက်ပြောဆိုရလေသည်။

"ဒီလိုပါ နှင်းဆီ လွန်ခဲ့တဲ့နှစ်လက ကိုညီမြင်းစီးရင်း မြင်းပေါ်က လိမ့်ကျပြီး ခါးဆစ်ရိုးကျိုးသွားခဲ့တယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ယုတ်မာခဲ့သည်ပင်ဖြစ်စေ မေနှင်းဆီ စိတ်မကောင်းဖြစ်မိသည်။

"ခါးကမလှုပ်နိုင်၊ လူကအကြောသေသလို ဖြစ်သွားရတဲ့ကြားထဲ ကျိုးသွားတဲ့ခါးဆစ်ရိုးမှာ ကင်ဆာပိုးတွေ့ရပြန်တယ်။ ဒါနဲ့သူ့ကို ရန်ကုန်ဆင်းပြီး အရိုးဆေးရုံမှာ ကုကြတယ်"

ထိုနေရာအရောက်တွင် ဒေါ်လီလီအောင်က ဆက်လက်ပြောနိုင်ခဲ့သည်။ မွန်ရည်သည့် လူကြီးစုံတွဲမှာ ယခုထိ စကားမပြောဖြစ်သေး။ မေနှင်းဆီကိုသာ ငေးကြည့်နေကြဆဲ . . .

"ကိုမင်းရဲ့ ကျေးဇူး၊ ကြင်နာမှုတွေကို တွေ့ရတဲ့အခါ မောင်လေးဟာ သူပြုမိခဲ့တဲ့ အမှုအတွက် ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။ သူကတော့ သေလူဖြစ်နေပြီဆိုပြီး သူမသေခင် သူ့ရဲ့အပြစ်တွေအားလုံးကို ကိုမင်းနဲ့ လီလီထံမှာ ဝန်ခံသွားခဲ့ပါတယ်"

"သူအခု သေသွားပြီလားဟင်"

"သေသွားခဲ့ပါပြီကွယ် သူသေသွားတာ ငါးရက်ရှိသွားခဲ့ပါပြီ။ မမလီလီ မောင်လေးအစား ညီမကို အနူးအညွတ် တောင်းပန်ပါတယ် ကွယ် မမ မသိလို့ ညီမအပေါ် ပြောမှား၊ ဆိုမှားရှိခဲ့သမျှ . . ."

လက်အုပ်ချီတော့မတတ် တောင်းပန်ခယနေသည့် မမလီလီကို မေနှင်းဆီ ကြင်နာစွာခွင့်လွှတ်ရသည်ပင်။

"ကိစ္စမရှိပါဘူး မမရယ် . . . နှင်းဆီစိတ်ထဲမှာ အငြိုးအတေး၊ အာဃာတတွေ မထားခဲ့ပါဘူး။ ဦးညီညီအောင်ဟာ ကျွန်မရဲ့နှလုံးသားကို





ရော ကိုယ်ခန္ဓာကိုပါ အနာတရဖြစ်အောင် နာကျည်းအောင် မပြုလုပ်နိုင်ခဲ့တဲ့အတွက် နှင်းဆီသူ့အပေါ် ခွင့်လွှတ်နိုင်ပါတယ်"

မေနှင်းဆီ၏စကားကြောင့် မင်းအုံ့တုန်လှုပ်ရပြန်သည်။ သူမက နှလုံးသားမှာ အနာတရဖြစ်လျှင်၊ နာကျည်းလျှင် ခွင့်မလွှတ်ဘူးဆိုသည့် သဘောပြောနေသည်မို့ . . .

"ဒါ . . . ဒါဖြင့် ကိုယ့်ကိုရော နှင်းဆီ"

သူမ ဘာမှုပြန်မပြောရခင်ပင် တလျှောက်လုံး ငြိမ်သက်နေခဲ့သည့် ဦးလေးကြီးက စကားဝင်ပြောခဲ့သည်။

"လူကလေးအပေါ်မှာလည်း ခွင့်လွှတ်လိုက်ပါ သမီးရယ်၊ သမီးအတွက် သူတော်တော်ကြေကွဲ၊ ခံစား၊ နောင်တ ရခဲ့ရပါတယ်။ အကောင်းကိုမကောင်းထင်မိခဲ့တဲ့အတွက် သူတော်တော်လေး ယူကျုံးမရ ဖြစ်ခဲ့ရပါပြီ"

"ဦးလေးက ဘယ်သူလဲဟင်"

"နှင်းဆီ အဲဒါ ကိုယ့်ရဲ့ဖေဖေပဲ"

"ဟင်"

သူမ မင်းအုံ့အတွက် ဝမ်းသာလှိုက်လှဲစွာဖြင့် ဦးလေးကြီးကို ကြည့်မိသည်။

"သေသေချာချာကြည့်ပါဦး နှင်းဆီ . . . နှင်းဆီဖေဖေ့ကို မြင်ဖူးပါတယ်"

မင်းအုံ့အပြောကြောင့် မေနှင်းဆီ ဝေဝေဝါဖြင့် ဦးလေးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရပြန်သည်။ မွန်ရည်သော ရုပ်ရည်ပင်ဖြစ်လင့်ကစား သူ့အသွင်ကလောကဓံ၏ ရိုက်ပုတ်ချက်ကြောင့် မွမွကြေခဲ့ပြီးသည့်ရုပ်ဖြစ်သည်။

"ဟင့်အင်း···ကျွန်မ မသိဘူးထင်တယ်"

"အဲဒါ ကိုယ်တို့ထမင်းဆိုင်ထဲမှာ တွေ့ခဲ့တဲ့ အရက်သမားကြီး ဦးဝေဠုလေ"

"ဩော် အဲဒါ ရှင့်ဖေဖေ ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ့ကို ရှာဖွေဆက်သွယ်ပေးတာကတော့ ကိုညီပါပဲ ကိုယ်လည်း နှင်းဆီတို့မောင်နှမပြန်ပြီး နောက်တစ်နေ့မှာ လားရှိုးကပြန်ခဲ့တော့ ဖေဖေနဲ့ဘယ် ဆက်သွယ်နိုင်ခဲ့မလဲ နောက်ကိုညီကပဲ ဖေဖေနဲ့ ရှာဖွေဆက်သွယ်ပေးခဲ့ပါတယ်···

ဖေဖေဟာ အရက်သမားကြီး အဖြစ်ကနေ အခုတော့ သားနဲ့သမီးအတွက် အရက်ဖြတ်ခဲ့တယ်···ကိုယ် အခု ဖေဖေ့ကိုရောဟောဒီ ဒေါ်လေးနန်းတီကိုရော ညီမလေးနန်းရွှေဦးကိုရော ကိုယ့်ဆီမှာ ခေါ်ထားလိုက်ပြီ နှင်းဆီရဲ့ အဆင်မပြေမှာတော့ မပူပါနဲ့ကွယ်။ ဖေဖေတို့မိသားစုဟာ အလွန်စိတ်သဘောထား ပြည့်ဝကြပါတယ်။ နှင်းဆီ အဖော်တောင်ရဦးမယ်"

"ပြောနေလိုက်တာ အပိုင်ပါလား ရှင်နဲ့ကျွန်မနဲ့ ဘာဆိုင်လို့လဲနော်"

မနှင်းဆီ၏ စကားကြောင့် မင်းအံ့မျက်နှာဖြူဖွေးသွားခဲ့စဉ် ဦးဝေဠုခေါ် ဦးနေအုပ်က မနှင်းဆီ၏ မျက်နှာကို သေချာစွာကြည့်ရင်း





စကားပြောခဲ့သည်။

"သမီးကို ညီညီအောင် မတရားလိမ်လည် ခေါ်လာတဲ့နေ့က ဦးလေး တွေ့လိုက်ပါတယ် ဒါနဲ့ပဲ သူ့ခြံစောင့် အိုက်လူ မသက်အောင် ခြံရှေ့မှာလူရိုပ်ပြပြီး ဦးလေးခေါ်ထုတ်ပေးခဲ့တယ်။ သမီးအတွက် တစ်ခု ကူညီနိုင့်အောင် လူကလေးအတွက် တစ်ခုခုကူညီနိုင်အောင်ပေါ့ ဒါပေမယ့် ဦးလေးက စိတ်ပဲရှိတာမဟုတ်လား။ သူတို့ဆရာတပည့်နှစ် ယောက်လက်က မနည်းဘဲ လွတ်အောင် ပြေးခဲ့ရတယ်···

ဒါတောင် ဒဏ်ရာတွေ ရလာလို့ နောက်တစ်နေ့မှာ ချက်ချင်း သွားပြီး လူကလေးကို သတင်းမပို့နိုင်ခဲ့ဘူး။ ဦးလေး သုံးရက်လောက် ဖျားနေတာနဲ့ လူကလေးကို မတွေ့လိုက်ရတော့ပါဘူးကွယ်"

"ကျေးဇူးတင်ပါတယ် ဦးလေး ကျွန်မထွက်ပြေးနိုင်တာ ဦးလေး ကူညီလို့သာပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူးကွဲ့ သမီးကိုယ်တိုင်ကိုက သတ္တိ လည်းရှိလို့ပါ တော်ရုံတန်ရုံ မိန်းကလေးဆို မှောင်ကြီးမဲမဲ တောကြီး မျက်မည်းထဲ ဘယ်လျှောက်ပြေးနေနိုင်မလဲ"

ဦးနေအုပ်နှင့် မနှင်းဆီတို့၏ အချီအချစကားများကို နာ ထောင်ရင်း မင်းအံ့ယူကျုံးမရ ဖြစ်လာရသလို ဒေါ်လီလီအောင်မှာလည်း အားတုံ့အားနာ ဖြစ်နေရရှာ၏။

"ကဲ··ကဲ ပြီးတာတွေပြီးပါစေတော့နော်။ ကျွန်မရဲ့ အကြောင်း တရားတွေပါပဲ။ ညည်းသည်တွေလည်း ခရီးပန်းလာခဲ့တာမို့ နားနေ



www.burmeseclassic.com

www.burmeseclassic.com



ရေလေးဘာလေးလည်း ချိုးကြရအောင် ရေကရေတွင်းမှာလည်း ချိုးလို့ရတယ်။ အိမ်ရှေ့က ချောင်းကလေးထဲမှာလည်း ချိုးလို့ရပါတယ်"

"အေးပါ သမီးရယ် ပြောစရာရှိတဲ့ စကားတွေ ညကျမှ ဆက်ပြောကြတာပေါ့နော်"

"ကိုယ်တော့ နှင်းဆီနဲ့ အဆင်မပြေသေးလို့ အသက်ရှူရတာတောင် ဘဝင်မကျဘူး"

မင်းအံ့စကားကို မကြားချင်ယောင်ပြုရင်း မေနှင်းဆီ ညှော်သည်များအတွက် ညှော်ဝတ်ကျေပွန်ရန်သာ ပြုလုပ်ပေးနေခဲ့သည်။





## နိဂုံး

ဘဝဆိုတာ ပန်းပင်လယ်မဟုတ်··ဆူးအတိပြီးသော ကန္တာရကြီးသာ ဖြစ်သည်။

ကိုယ်နလုံးသွေးကို မင်လုပ်ပြီး အနုပညာသစ်ပင်လေးတွေ ထွင်းထုရတာလည်း မေနှင်းဆီ မောလှပြီဖြစ်သည်။

သာမန်မိန်းမပျိုလေး တစ်ဦးသာဆိုလျှင်ဖြင့် လွယ်ကူသော ဘဝလမ်းကြောင်းကို ရွေးချယ်ပေလိမ့်မည်။

သို့သော် ချစ်ပြုံးနှင်းဆီဆိုသည့် မေနှင်းဆီကတော့ သာမန်မိန်းကလေး မဟုတ်ဘူးထင်သည်။

သူမဘာကို ရွေးချယ်ရမှာလဲ မည်သူကို ရွေးချယ်ရမည်လဲ။

တိုက်ဆိုင်စွာ ရောက်ရှိနေကြသည့် မုတ်သုန်နှင့်မင်းအံ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာ စကားစမြည်ပြောလျှက်ရှိနေကြ၏။

လူကြီးများကလည်း စကားဝိုင်းတစ်ဝိုင်း . . .

မေနှင်းဆီမှာ သူမ စမ်းသပ်ကြည့်သဖြင့် သေဆုံးသွားခဲ့ရသည့် စံပယ်ရုံခြောက်ကလေးနားမှာ ရပ်ပြီး မိုးကောင်းကင်ကို မော့ကြည့်နေမိခဲ့လေသည်။

ကြည့်စမ်း မိုးနှောင်းရာသီရဲ့ လရိပ်ကောင်းကင်ဟာ တစ်နှစ်လုံးမှာ အလှဆုံးပါပဲ လင်းတစ်ဝက်၊ မှောင်တစ်ကန့်နှင့် စံပယ်ပွင့်လေးတွေအပေါ် လရိပ်ဖြာကျနေပုံကိုက ကဗျာ . . .

ကဗျာဆိုလို့ မေနှင်းဆီ ကဗျာမစပ်ဖြစ်ခဲ့တာ တောင်ကြာပါပြီကော . . .

လယ်တွေ၊ ယာတွေ ပျက်ကော ဖြန်းတီးအောင် အခါမိုးတွေ ရွာသွန်းတဲ့အခါ လူတွေ ဒုက္ခရောက်ခဲ့ရသလို . . .

ကဗျာမရေးနိုင်၊ စာမရေးနိုင်တော့လောက်အောင် မေနှင်းဆီလည်း နှလုံးသား ဒေသို့ရှင်တွေပြတ်ပျက်ထွက်ပြီး အခါမဲ့မိုးတွေ ပရမ်းပတာ ရွာချခံခဲ့ရဖူးပါသည်။

ညနေက မှတ်သုန် ရောက်ရှိလာခဲ့သည်။ အိမ်ပေါ်မှာ ဧည့်သည်များနှင့်၊ အိမ်ရှေ့မှာ ကားဖြူလေး တွေ့လိုက်ရလျှင် သူ့အသွင်က ဆောက်တည်ရာမရ။

ကိုကိုကြီးရယ် အခါမဲ့မိုးတွေ၊ နှောင်တမိုးတွေ ရွာသွန်းမလာပါနဲ့တော့နော် . . .





သို့သော် မှတ်သုန်နှင့်မင်းအုံ့တို့ စကားလက်ဆုံကျနေခဲ့ပါသည်။

သူတို့ဘာတွေပြောသလဲ။ ဘာတွေရယ်မောနေကြသလဲ မည်သူက အသည်းကွဲမှာလဲ . . .

သို့သော် ယောက်ျားတွေ အသည်းကွဲသည်ဆိုတာကိုလည်း မေနှင်းဆီ လက်မခံနိုင်ပါ၊ မယုံကြည်နိုင်ပါ။

အချစ်ဆိုတာ သူတို့ဘဝအတွက် အမွှန်အစက်ကလေးတစ်ခုပါပဲ . . .

မိန်းမဆိုတာ သူတို့အတွက်အတွက် လောင်စာအဖြစ် ထည့်သွင်းလိုက်သည့် ထင်းတစ်ချောင်း၊ မီးသွေးတစ်ခဲမျှသာ။

မေနှင်းဆီ သူတို့နှစ်ယောက်လုံးနှင့် မျက်နှာချင်းမဆိုင်ခဲ့။

သူတို့တာသာ ထုတ်ချင်သည့် အဖြေကိုထုတ်။ သူမ ကလည်း လျှောက်ချင်သည့် လမ်းကိုလျှောက်မည်။

ညဉ့်ဦးလေပြေက မွှေးမွှေးမြမြ . . .

ဩော် . . . စံပယ်ဖြူလေးတွေတောင် ပွင့်အာလာကြပေပြီ ပဲ

ရှင်သန်နေသည့် စံပယ်ရုံကလေးကိုကြည့်ရင်း တစ်ခါက နှလုံးသားနှင့်ကဗျာလေး တစ်ပုဒ်စပ်ဆိုခဲ့မှုတာကို မေနှင်းဆီ သတိရလိုက်မိ၏။

ကြည့်စမ်း သူမကတော့ သူ့ကို နှလုံးသားနှင့်တမျှ ချစ်ခဲ့လိုက်ရတာ . . .

ယခုတော့လည်း အရာအားလုံးသည် ပြီးဆုံးသွားခဲ့သည့်အ အုံ့ညြစရာ . . .



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ တစ်ချစ် ဆိုတာတွေ ဘာတွေအထိ မေနှင်းဆီ နားမလည်ခဲ့ပေမယ့် . . .

သူမ သူ့အပေါ် သိပ်ပြီးချစ်ခဲ့မိတာကတော့ အသေအချာ

သူမ စပ်ခဲ့ဖူးသည့် ကဗျာလေးတစ်စက ရင်ထဲမှာ ရစ်ဝဲ ဖူးပွင့်လာခဲ့ပြန်သည်မှာ သမုဒ္ဒရာထက်က ရေကလေးတစ်ပွင့်ပမာဖြစ်သည်။

လသာရင် လမင်းကြီးကိုလွမ်းတယ် . . .
နေသာတော့လည်း လွမ်းတာပါပဲ . . .
တောင်ဆီမှာ မိုးတွေညို့ရင် . . .
ဖြစ်ရိုး ဖြစ်စဉ် ကမ္ဘာ့နိယာမတစ်ခု . . .
အမေတို့ခေတ် . . .
အဖွားတို့ခေတ်ကတည်းက . . .
မိုင်းငင်ရင်း ရေခပ်ရင်း . . .
ပုလွေသံ မြေသံလေးတွေ . . .
ခြေရာ ထပ်ခဲ့ကြ . . .
ဆာလောင်မွတ်သိပ်ခဲ့ဖူးကြ . . .
အိမ်ရှေ့က စံပယ်ရုံမှာ . . .
သူ့အတွက် စံပယ်တစ်ကုံးသီရင်း . . .
ညစဉ် ညတိုင်း . . .
ညပိုးမွှားသံလေးတွေ တကျီကျီ . . .





ဆွတ်ပျံ့ ရင်နင့် . . .

မေနှင်းဆီ သက်ပြင်းချလိုက်မိသည်။

နှလုံးသာက ထုံထုံကျင်ကျင် . . .

ပွင့်အာ မွှေးပျံ့လာသည့် စံပယ်ဖူးလေးများကို လရောင်နှင့်ပင် စမ်းသပ်ရွေးချယ်ခူးဆွတ်ရင်း အသင့်ပြုလုပ်ထားမြဲ အပ်ချည်ကြိုးလေးနှင့် သီကုံးလိုက်သည်။

မည်သူ့အတွက်မှတော့ မဟုတ် . . .

နှလုံးသား သေဆုံးသွားတာလည်း အတော်ခက်တာပဲ . . .

အလို သူမလို မိန်းမငယ်လေးတစ်ယောက်အဖို့ နှလုံးသားက ရော တကယ်သေဆုံး တတ်ပါသလား . . .

ရေးဖွဲ့ထားခဲ့မိသည့် နေအုပ်နှင့်နီနီမင်း" ဇာတ်လမ်းကရော တကယ် အသက်ပါ ပါ့မလား . . .

သူမက ကိုယ့်နှလုံးသွေးနှင့်သာ မင်တို့ရေးခဲ့ဖူးသူ၊ ရေးဖွဲ့ဖူးသူဖြစ်သဖြင့် သူတစ်ပါးတို့၏ အကြောင်းအရာကို ဇာတ်စင်အောက်မှကြည့်ပြီး မရေးဖွဲ့စဖူးခဲ့။

မေနှင်းဆီ သီကုံးသည့် စံပယ်ကုံးဝေးသည့် လရောက်အောက်မှာပင် ပြီးဆုံးသွားခဲ့၏။ တကယ့်ကိုပဲ ညပိုးမွှားသံလေးတွေ တကျီကျီကြားမှာ ညက အတန်ငယ်အိုရင်ခဲ့ပေပြီ မိုးဖွဲလေးတွေကလည်း ဖျန်းဖျန်းသုန်သုန်။

"နှင်းဆီ အိမ်ပေါ်တက်တော့လေ ပြဿနာတစ်ခုဆိုတာ ရှောင်နေရုံနဲ့လည်း မပြေလည်ပါဘူးကွယ် မိုးတွေရွာလာပြီ အိမ်ပေါ်တက်စို နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမအနားမှ ရပ်လာသည့် မင်းအံ့အသံက ခပ်အက်အက်။ သူက ဘာတွေကိုတွေးပြီး ကြေကွဲနေရတာတဲ့လဲ။ လေလာလျှင်လဲတော့မည်နှယ် မျက်တွင်းဟောက်ပက်၊ အဝတ်အစားတွေမှိုသီ၊ ဗတ်သီနှင့် သူ့ရုပ်ကို မေနှင်းဆီ မှုန်ကုပ်ကုပ်ပင် ကြည့်လိုက်သည်။ “ကျွန်မ စိတ်နဲ့ ကျွန်မကိုပါလာပြီး မချုပ်ချယ်ပါနဲ့နော် ဘယ်သူ့ကိုမှ မရှောင်ပါဘူး ဒါပေမယ့် ရှင်တို့အားလုံးကို ကျွန်မ ကြောက်ပါတယ်...”

“နှင်းဆီ...”

သူ့အသံက အက်ရှရှ။ သူ့အသွင်က တုန်လှုပ်ယိမ်းယိုင်လှသည့်မို့ မေနှင်းဆီ မနေသာတော့။ မိုးဖွဲ့ထဲမှာ ကိုယ်က စိတ်ချမ်းသာနေပေမယ့် သူနှင့်မသင့်လျော်သဖြင့် စံပယ်ကုံးကို လက်တစ်ဖက်မှကိုင်ရင်း။ လက်တစ်ဖက်မှ သူ့ကိုဖေးမ ခေါ်ဆောင်ရသည်။

အိမ်ပေါ်ရောက်တော့ လူအားလုံးက သူမနှင့် သူမ၏ စံပယ်ကုံးကိုငေးကြည့်သည်။

“ဒါ ဘယ်သူ့အတွက်လဲ...”

အသံမထွက်ပေမယ့် အားလုံး၏ မျက်ဝန်းများမှာ အသံတစ်သံတည်းထွက်နေကြ၏။

သူမ ရေးဖွဲ့ခဲ့မှုသည့် “အိမ်ရှေ့က စံပယ်ရုံ” ကဗျာလေးကိုလည်း သူတို့ ဖတ်မှုးပုံရကြသည်။

ဘုရားရေ မှဏ္ဍပ်ပဲ ကိုယ့်ဘာသာ သီထားမိတဲ့ စံပယ်ကုံးလေးခမျာ သနားစရာ။





အဖေတို့ လူကြီးဝိုင်းကလည်း ဘာစကား တွေပြော၊ ဘာအဖြေတွေထွက်ကြသည်မသိ။

ည ၁၁နာရီ ထိုးနေတာတောင် စကားဝိုင်းက မသိမ်းသေး။

အိမ်ကလေးပေါ်မှာလည်း ခြင်ထောင်များကအစီရီ။ ကလေးလေးယောက်ကတော့ သူတို့အန်တီလေးကို စောင့်ရင်း ခြေရင်းဆုံးက ခြင်ထောင်ကြီးထဲမှာ အိပ်ပျော်နေကြပေပြီ။

လှေငယ်ဝိုင်းမှာ မေနှင်းဆီ သိပ်သိပ်သည်းသည်း ဝင်ထိုင်လိုက်ပါ၏။ မမလီလီနှင့် မုတ်သုန်က သူမတို့ကို ပြုံး၍ကြည့်ခဲ့သည်။

ကွန်ဂရက်ကျူးရှင်း ပါ မေနှင်းဆီ မင်းအခုရေးထားတဲ့ ဆူးရစ်ပင်လယ် ပန်းပင်လယ် ကို ကိုကိုကြီး ဖတ်ကြည့်ပြီးပြီ ဝတ္ထုဆိုတာ ကိုယ်တိုင်ခံစားရမှ မဟုတ်ပါဘူး တစ်ပါးသူတို့ရဲ့ ဇာတ်လမ်းတွေကိုလည်း ရင်နဲ့ခံစား။ ပုံတူကူးပြီးတော့ ဖော်ပြလို့ရပါတယ် စာနာမှု၊ နားလည်မှု၊ မေတ္တာ၊ ကရုဏာ တရားတွေနဲ့ မှုန်းခြယ်လိုက်တဲ့အခါ အဲဒီ ပန်းချီကားလေးတွေဟာလည်း တစ်မျိုးလှပသွားတာပါပဲ မင်းဟာ ချစ်ပြုံးနှင်းဆီ အဖြစ်ဆက်လက် ရပ်တည်သွားလို့ရပါပြီ...”

“ကျေးဇူးတင်ပါတယ် ကိုကိုကြီး ကျွန်မကတော့ ကိုယ့်ကိုယ်ကို မရတော့ဘူးလို့ ထင်ထားတာ စံပယ်ရုံကလေး သေသွားသလိုမျိုးလေ”

“စံပယ်ရုံက သက်မဲ့ပဲကွယ် သက်ရှိပန်းကလေးကတော့ ရန့်တွေနဲ့ လောကကို အလင်းပေးနိုင်၊ အလှဆင်နိုင်ရမှာပေါ့ ကဲ မင်းရဲ့ စံပယ်ကုံးလေး ကိုကိုကြီးကို ပေးစမ်း...”



www.burmeseclassic.com

www.burmeseclassic.com



မုတ်သုန် လုမ်းဆွဲတော့ မေနှင်းဆီ၏စံပယ်ကုံးလေး သူ့ထံသို့ ပါသွားခဲ့သည်။ ဒေါ်လီလီအောင်နှင့်မင်းအံ့မှာ မျက်စိမျက်နှာပျက်လျှက်။

သည်စဉ် မင်းအံ့မှာ သူ့အရှိက်ကို လက်ဝါးနှင့်ဖိလျှက် ချွေးသီးချွေးပေါက်များ ပြန်လာခဲ့တော့သည်။

သူ့နှလုံးသားတွေ လည်ဝသို့ ဆန်တက်ကြတော့မတတ်။

“ဟဲ့…ဟဲ့…ကိုမင်း…ကိုမင်း…ဘာဖြစ်တာလဲ”

ဒေါ်လီလီအောင် ပျာယောင်ခတ်နေသဖြင့် လူကြီးပိုင်းမှ ဦးနေအုပ်နှင့် ဒေါ်နန်းတီတို့ပင် သူတို့သားအနီးသို့ ဖျပ်ခနဲ ရောက်လာကြလေ၏။

“လူကလေး လူကလေး ဘာဖြစ်လို့လဲ သူက နေကောင်းတာမဟုတ်သေးဘူးကွဲ့ ခုခေတ်လူငယ်တွေများ ခက်ကိုခက်ပါတယ် အေးလေ ငါ့တုန်းကလည်း ဒီလိုပဲ ခက်ခဲ့တာပဲ…”

ယုယကြင်နာမည့်သူများနှင့် မင်းအံ့မှာ ရှုတ်ယှက်ခတ်နေစဉ် သူ့ခေါင်းပေါ်သို့ စံပယ်ကုံးလေးကျလာခဲ့လေသည်။

မုတ်သုန်က မေနှင်းဆီ၏ စံပယ်ကုံးလေးကိုယူပြီး မင်းအံ့ လည်တိုင်သို့ စွပ်ပေးခဲ့ခြင်းဖြစ်သည်။

“တော်တော်နောက်တဲ့ ကောင်လေးပဲ…ဒီမှာ လူသေမှုဖြစ်တော့ မလို့…”

ဒေါ်လီလီအောင်၏စကားကြောင့် မင်းအံ့ ရှက်ရှက်ပြုံးလာစဉ် မုတ်သုန်က မေနှင်းဆီ၏ လက်ကလေးတစ်ဖက်ကိုယူပြီး မင်းအံ့





လက်ထဲသို့ပင် ထည့်လာခဲ့သည်။

လူမမာကလည်း မေနှင်းဆီ၏လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားသည်မှာ သူမ၏လက်ကလေးပင် မှုန့်ကြေလုလု။

“ကျေး…ကျေးဇူးတင်ပါတယ် ကိုကိုကြီးရယ်…”

“ကျွန်တော် တလျှောက်လုံး စိတ်ဆင်းရဲနေခဲ့ရတာ ခင်ဗျ ကျွန်တော်တို့ မင်္ဂလာဆောင်ကျရင်လည်း ကိုကိုကြီး လာဖြစ်အောင်လာခဲ့ရမယ်နော်…”

မင်းအံ့၏ တုံ့နှိုက်ယင်ယင်စကားကြောင့် မေနှင်းဆီ ကိုယ့်လက်ကိုယ် ရုန်းယူသော်လည်း မရတော့ပါ။

လူကြီးများမှာလည်း ဟိုလိုလို၊ သည်လိုလိုဖြင့် ကိုယ့်ဝိုင်းသို့ ကိုယ်ပြန်ပြေးကြရလေ၏။

မုတ်သုန်၏မျက်နှာက တည်တည်ငြိမ်ငြိမ်။ ကန်ရေပြင်ကြီးနှယ် ငြိမ်သက်နေသည့် သူ့ရင်ထဲမှာ ဘာတွေရှိမလဲ။ မည်သူမျှ မခန့်မှန်းတတ်ကြ။

လာရမှာပေါ့ ညီရယ် မေနှင်းဆီဟာ ကိုကိုကြီး ပြုစုပေးခဲ့တဲ့ ပန်းကလေးတစ်ပွင့်မို့ ကိုယ့်ညီမနဲ့ ညီရဲ့ မင်္ဂလာဆောင်ကို ကိုကိုကြီး လာရောက်ချီးမြှင့်ပေးရမှာပေါ့…

ကိုကိုကြီး အနေနဲ့ မေနှင်းဆီ ဆက်လက်ရှင်သန်၊ အောင်မြင်နိုင်မှာကိုပဲ ဝမ်းသာလှပါပြီ ကိုယ့်ညီမလေးရဲ့ ဘဝလေး ပန်းအတိပြီးတဲ့ ပင်လယ်လို ထာဝရ မွှေးကြိုင်နိုင်ပါစေလို့ ကိုကိုကြီး ဆုတောင်းနေပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွယ်...

ကဲ ညဥ့်နက်လှပြီ အိပ်ကြစို့နော်..."

အိပ်ယာထဲသို့ အသီးသီးဝင်သွားကြသော်လည်း မည်သူတွေ အိမ်ပျော်ပြီး မည်သူတွေ ကြေကွဲနေမည်ဆိုတာတော့ မေနင်းဆီ မသိခဲ့နိုင်ပါ။

ဘဝဆိုတာလည်း တစ်ခါတရံ မသိခြင်းများနှင့်ပဲ ဖွဲ့စည်း တည်ဆောက်ထားခဲ့သည် မဟုတ်ပါလားလေ...။

ဆက်လက်ကြိုးစားပါဦးမည်။

ကြယ်စင်မှူးဝေ

## စာရေးသူ နှင့် ပတ်သက်၍

ဝေဖန်အကြံပြုစာများ

ပေးပို့လိုပါလျှင် အောက်ပါလိပ်စာအတိုင်း

ဆက်သွယ်ပေးပို့နိုင်ပါသည်။

**ကြယ်စင်မှူးဝေ**

အမှတ် (၁၉၀)၊ ၃၁-လမ်း (အထက်ဘလောက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ ရွှေစကားစာပေ ■

---

ရွှေစကားစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

